
www.linhtet.com



မန္တလေးနန်းတော်သည် အချိန်ကြာရှည်စွာကြည့်လာသည့်အခါတွင်မှ၊ စာနာစိတ်အခံဖြင့်ကြည့်လာသည့်အခါတွင်မှ နန်းတော်၏အလှ၊ နန်းတော်၏ ကျက်သရေတို့ကို တစိမ့်စိမ့်မြင်လာရခြင်း ဖြစ်ပါသည်။ ထိုနန်းတော်ဝန်းကျင်တွင် နေထိုင်ပြီး ပြာသာဒ်၊ မုလစ်မှန်းစွန်တို့၏ တေးဂီတကို နားထောင်ကာ ရွှေရောင်တံစက်မြိတ်များတွင် နေခြည်တို့ ထိုးရိုက်သည်ကို မြင်ရသည့်အခါတွင်မှ နန်းတော်ကြီး၏အလှကို မြင်တတ်လာကာ နန်းတော်၏ ထူးခြားချက်တို့ကို သတိပြုမိလာကြခြင်း ဖြစ်ပါသည်။

ထိုနန်းတော်ထဲတွင် နေ့စဉ်နှင့်အမျှ နေထိုင်ပြီး ရွှင်လန်းသော မြန်မာလူမျိုးတို့ သွားလာကြသည်ကို မြင်ရခြင်း။ ကျေးလက်မှလူများနန်းတော်ထဲတွင်သွားလာနေကြစဉ် နန်းတော်ကြီး၏ အုံ့ညှို့မှုတို့ကို ရင်သပ်ရှုမော ဖြစ်ရခြင်းမှ တူးမြောင်းများဘောင်တွင် ထိုင်၍ ငေးမောရခြင်း။ တိတ်ဆိတ်နေသော ခန်းဆောင်များထဲတွင်လျှောက်သွားရခြင်း။ လွန်စွာယဉ်ကျေးသိမ်မွေ့သည့် ဘုရင့်ဝန်ကြီးများကို တွေ့ဆုံရခြင်း။ သက်ရွယ်အိုမင်းသော ဘုရင့်ဝန်ကြီးများအား ဇိနပ်ကိုချွတ်၍ ကိုင်ကာ နန်းတော်ထဲတွင် လျှောက်သွားနေသည်ကို မြင်ရခြင်း။ အရပ်သူအရပ်သားတို့ ဝတ်ကောင်းစားလှတွေဝတ်ဆင်ပြီး လျှောက်ကြည့်နေသည်ကို တွေ့ရခြင်း။ ထိုအရာများနှင့်ပေါင်းစပ်ကြည့်မှသာလျှင် ဆင်းရဲအိုမင်းကာ ယိမ်းယိုင်နေသော၊ တောက်ပခမ်းနားသော၊ လှပသော၊ အပေါ်ယံကျသော ပင်းတုန်းမင်း နန်းတော်အကြောင်းကို သိနိုင်၊ နားလည်နိုင်ပါသည်။



အမေ့ဥယျာဉ် စာစဉ်အမှတ် (၁)

အမေ့ဥယျာဉ် စာအုပ်တိုက်
အမှတ် ၂၀၊ စီ (၄)၊ ၅၅ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၂၀၃၅၂၇

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ တမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



## ဆရာမြသန်းတင့်

(၁၉၂၉ – ၁၉၉၈) ၏

## ဘဝနှင့် စာပေမှတ်တမ်း

၁၉၂၉။ ဦးပေါ်တင့်၊ ဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင် မြိုင်မြို့တွင် ၁၉၂၉ မေ၊ ၂၃ ကြာသပတေးနေ့၌ မွေးဖွားခဲ့သည်။ မွေးချင်းခုနှစ်ယောက် အနက် အကြီးဆုံးဖြစ်သည်။

၁၉၄၁။ ပဥ္စမတန်းတွင် ပညာသင်သည်။

၁၉၄၂။ ဂျပန်ခေတ်တွင် ကျောင်းပြန်တက်သည်။

၁၉၄၃။ အာရှလူငယ်များအဖွဲ့၌ တက်တက်ကြွကြွ ပါဝင်သည်။

၁၉၄၄။ ဂျပန်တော်လှန်ရေး မြေအောက်ကလပ်စည်းများနှင့် ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်သည်။

၁၉၄၅။ ဂျပန်တော်လှန်ရေး ကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သန်းဦး (တော်လှန်ရေးတွင်ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်းစစ်တွင် ကျဆုံး)နှင့် မြိုင်မြို့ ဘုန်းတော်ကြီး ဦးစရိယ (မြိုင်ဖဆပလ အမတ်ဟောင်း ဦးသက်ရှင်)တို့၏ ဦးဆောင်မှုအောက်တွင် ပါဝင် လှုပ်ရှားသည်။

၁၉၄၅–၄၇။ ဒုတိယကမ္ဘာစစ်ကြီးအပြီး မြင်းခြံခရိုင်တွင် တာဝန်ကျသည်။ မန္တလေးခရိုင် အထက်မြန်မာပြည်ဖဆပလအဖွဲ့ချုပ်၊ မန္တလေး ခရိုင် ကွန်မြူနစ်ပါတီတွင် အချိန်ပြည့် တာဝန် ထမ်းဆောင် သည်။

မြင်းခြံခရိုင် ကွန်မြူနစ်ပါတီကို စတင်တည်ထောင်၍ ခရိုင် ကော်မတီဝင်အဖြစ် ဆောင်ရွက်သည်။

ကျောက်ပန်းတောင်းတွင် အက်တူး–သခင်အုန်းဖေ (ပြည် တွင်းစစ်တွင် ကျဆုံး)နှင့်အတူ 'လယ်သမားများ သီးစားခမပေးရေး တိုက်ပွဲ လက်ငုတ်လယ် ပြန်ထွန်ရေး' တိုက်ပွဲများကို ဦးဆောင်သည်။

သီးစားခမပေးရေးတိုက်ပွဲတွင် အင်္ဂလိပ်အစိုးရ သိမ်းယူထားသော လယ်သမားများ၏ ပစ္စည်းများကို ပြန်လည်လုယူသည့်အတွက် (ရုံးမင်းတစ်ထိုင်)ပြစ်ဒဏ်ကျခြင်းခံရသည်။

မြင်းခြံခရိုင်တွင် အခြားသောခေါင်းဆောင်များနှင့်အတူ သူ့ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည်ဟု အင်္ဂလိပ်အလိုတော်ရိနှင့် မြေရှင်များက တိတ်တဆိတ် ဆုငွေထုတ်သည်။

အထွေထွေသပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလ သင်္ဘောကျင်း အလုပ်သမားထုကြီး ပါဝင်ရေးအတွက် တာဝန်ယူသည်။

မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမားသမဂ္ဂတို့တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ရင်း ဖြူးမြို့တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖြူးလယ်သမားကွန်ဂရက်ကြီးသို့ မြင်းခြံခရိုင်ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။

၁၉၄၇။ မကျန်းမာသဖြင့် တာဝန်မှ အနားယူကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည်။ပခုက္ကူခရိုင် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။

၁၉၄၈။ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။

၁၉၄၉။ ပထမဦးဆုံးရေးသည့် ‘ဒုက္ခသည်‘ ဝတ္ထုတိုကို တာရာမဂ္ဂဇင်း (တွဲ၃၊ မှတ် ၂၁၊ ၁၉၄၉)တွင် ပုံနှိပ်ဖော်ပြသည်။

၁၉၅၀။ ‘စာပေသည် ပြည်သူ့အတွက်’ဟူသောကြွေးကြော်သံဖြင့်‘စာပေသစ်မဂ္ဂဇင်း’ကို ကိုသန်းတင်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်းတို့နှင့်အတူ ဦးဆောင်ထုတ်ဝေသည်။

၁၉၅၁။ ပထမဦးဆုံး ဘာသာပြန်လက်ရာအဖြစ် ဂေါ်ကီ၏‘မာလ်ဗာနှင့်အခြားဝတ္ထုတိုများ‘ ကို ရေးသားထုတ်ဝေသည်။

၁၉၅၂။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

စာရေးဆရာအသင်းမှ ထုတ်ဝေသော ‘စာပေမဂ္ဂဇင်း’တွင် တာဝန်ခံအယ်ဒီတာအဖြစ်လည်းကောင်း၊‘ပြည်တော်သစ်ဂျာနယ်’ တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ ‘တိုးတက်ရေးသတင်းစာ’တွင်နိုင်ငံခြားရေးအယ်ဒီတာအဖြစ်လည်းကောင်းဆောင်ရွက်သည်။ ဒုတိယမြောက် ဘာသာပြန်အဖြစ် ဂေါ်ကီ၏ အတ္ထုပ္ပတ္တိ ‘မက္ကဇင်ဂေါ်ကီ’ ကို ဗန်းမော်စာအုပ်တိုက်မှ ထုတ်ဝေသည်။

၁၉၅၃။ ပထမဦးဆုံး ပင်ကိုရေး လုံးချင်းဝတ္ထု ‘မေတ္တာအသင်္ချေ’ကို ရေးသည်။

၁၉၅၄။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၅၅။ သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီတွင် အတွင်းရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်သည်။

၁၉၅၆။ ဥပဒေဘွဲ့ကို ရရှိသည်။

၁၉၅၇။ 'ပြည်သူ့တိုးတက်ရေးပါတီ' ပေါ်လစ်ဗျူရိုတွင် ပါဝင်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ) အတွင်းရေးမှူးချုပ်နှင့်ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဌာနချုပ်လုပ်ထားသော 'ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ'၏ ဗျူရိုအဖွဲ့ဝင်လူကြီး ဖြစ်ခဲ့သည်။

၁၉၅၈။ ပဒေသရာဇ်ဆန့်ကျင်ရေးဝတ္ထု 'လိုက်ခဲ့တော့မြနန္ဒာ'ကို မြဝတီမဂ္ဂဇင်း (အယ်ဒီတာချုပ် ဇဝနလက်ထက်)တွင် ရေးသားသည်။

၄ အထိန်းသိန်းခံဘဝဖြင့် ကိုကိုးကျွန်းသို့ ရောက်သည်။

၁၉၆၀။ 'စာရေးဆရာကလပ်'တွင် အမှုဆောင်ဖြစ်သည်။

'အမှောင်ရိပ်ဝယ်' ဝတ္ထုကို ရေးသည်။

ဗိုလ်တထောင်သတင်းစာတွင် နေ့စဉ်အခန်းဆက် အဖြစ် 'နှံ့ထဲကကြာ' ဝတ္ထုစာအုပ်မှ အစပြု၍ မူလကလောင်နာမည် 'မြသန်း' မှ 'မြသန်းတင့်'သို့ ပြောင်းခဲ့သည်။

၁၉၆၁။ အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။

ယင်းနှစ်မှာပင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပသော 'ငြိမ်းချမ်းရေးကောင်စီ' အစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ကရက်(မြန်မာနိုင်ငံ)၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ညီလာခံမှအပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ငြိမ်းချမ်းရေး ကော်မတီများ၏ ဖိတ်ကြားချက်အရ ဒဂုန်တာရာ၊ ပါမောက္ခဦးလှအောင်တို့နှင့်အတူသွားရောက်သည်။

၁၉၆၂။ 'စာရေးဆရာသမဂ္ဂ'တွင် အမှုဆောင်ဖြစ်ခဲ့သည်။

၁၉၆၃။ 'ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဝင်' နှင့် 'ပြည်သူ့ကော်မတီဝင်တစ်ဦး' အဖြစ် တာဝန်ယူခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲ ပျက်သောအခါ အထိန်းသိမ်းခံခဲ့ရပြီး ဒုတိယအကြိမ် ကိုကိုးကျွန်းသို့ ရောက်ခဲ့သည်။

၁၉၇၂။ အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခဲ့သည်။

တော်လ်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထု ဘာသာပြန် (၁၉၇၂)ခုနှစ်အတွက် 'အမျိုးသားစာပေဘာသာပြန်ဆု'ရသည်။

၁၉၇၈။ အမေရိကန် စာရေးဆရာမ မာဂရက်မစ်ချယ်၏ 'လေရူးသုန်သုန်' ဝတ္ထု ဘာသာပြန်ဖြင့် 'အမျိုးသားစာပေ ဘာသာပြန်ဆု'ကို ရခဲ့သည်။

၁၉၈၈။ တရုတ်စာရေးဆရာကြီး ဆောင်ဖူချင်းနှင့် ကောက်ငိုတို့၏ 'ခန်းဆောင်နီအိပ်မက်' ဝတ္ထုတိုဖြင့် 'အမျိုးသားစာဘာသာပြန် (ရသ)ဆု'ကို ရသည်။

၁၉၉၂။ ပြင်သစ်စာရေးဆရာ ဒိုမိနိုလာပီယဲ၏ 'သုခမြို့တော်' ဝတ္ထု ဘာသာပြန်ဖြင့် 'အမျိုးသားစာဘာသာပြန်ဆု'ကို ရသည်။

၁၉၉၅။ စာရေးဆရာ ဒိုမိနီလာပီယဲ၏ 'အချစ်မိုးကောင်းကင်'ဝတ္ထုတိုဖြင့် ဘာသာပြန် 'အမျိုးသားစာပေဘာသာပြန်(ရသ)ဆု'ရသည်။

၁၉၉၈။ ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉း၁၅ တွင် ကွယ်လွန်သည်။

❐

# ကျေးဇူးမှတ်တမ်း

မြသန်းတင့်၏ သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း စာအုပ်ဖြစ်မြောက်ရေးတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ဆရာမြသန်းတင့်မိသားစု၊ ကိုထွန်းဦး (ထွန်းဦးစာပေ) မန္တလေး၊ အောင်အောင် (ယဉ်မွန်–မန္တလေး)၊ ကိုသန်းထွန်းအောင် (အမျိုးသားစာကြည့်တိုက်)၊ ကိုဂျေနှင့် ဝိုင်းဝန်းကူညီခဲ့ကြသော မိတ်ဆွေများအားလုံးကို ကျေးဇူးဉပကာရ တင်ရှိကြောင်း မှတ်တမ်း တင်အပ်ပါသည်။

ထုတ်ဝေသူ
အမေ့ဉယျာဉ်မိသားစု

သမိုင်းနောက်ခံစာပေ

# မြသန်းတင့်

# သမိုင်းထဲကမန္တလေး
# မန္တလေးထဲကသမိုင်း



# MANDALAY
## AND OTHER CITIES OF THE PAST IN BURMA

BY
V.C. SCOTT O'CONNOR

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

[၂၀၀၃ ခုနှစ်၊ မတ်လ၊ အုပ်ရေ ၁၀၀၀ ]

❑

စာမူခွင့်ပြုချက်အမှတ်

[ ၂၆/၂၀၀၂ (၆) ]

❑

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

[ ၇/၂၀၀၃ (၂) ]

❑

မျက်နှာဖုံးဒီဇိုင်း

ကိုကိုမြင့်

❑

မျက်နှာဖုံးကာလာခွဲ

Eternal

❑

စီစဉ်ထုတ်လုပ်မှု

အောင်မြင့်နိုင်

❑

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဒေါ်ရွှေ (သုခ အော့ဖ်ဆက်) (၀၂၀၇၉)

၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ

ဦးသန်းဆွေ(စစ်သည်တော်စာပေ) (မြဝ၁၄၇၃)၊

၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ် – ကိုမြင့်

အတွင်းဖလင် – ကိုအောင်အောင် (Eternal)

ကွန်ပျူတာစာစီ – မြကွန်ပျူတာ

❑

[ တန်ဖိုး – ၁၂၀၀ ကျပ်]

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြန်မာပြန်သူ၏ အမှာ | [က] |
| ၂။ | သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း | ၁ |
| ၃။ | သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း | ၂၃ |
| ၄။ | သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း | ၃၇ |
| ၅။ | သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း | ၆၉ |
| ၆။ | သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း | ၈၅ |
| ၇။ | သမိုင်းထဲက အင်းဝ၊ အင်းဝထဲက သမိုင်း | ၁၀၁ |
| ၈။ | သမိုင်းထဲက အမရပူရ၊ အမရပူရထဲက သမိုင်း | ၁၃၅ |
| ၉။ | သမိုင်းထဲကစစ်ကိုင်း၊ စစ်ကိုင်းထဲက သမိုင်း | ၁၆၉ |

www.linhtet.com



## သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း

*မြန်မာပြန်သူ၏ အမှာ*

“မန္တလေးနှင့် အတိတ်မြို့တော်များ”စာအုပ်ကို ၁၉၀၇ ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ယခုဆိုလျှင် ထိုစာအုပ်၏ သက်တမ်းသည် နှစ်ပေါင်း (၉၀) နီးပါး ရှိသွားပြီ။ စာအုပ်ရေးသူ “စကော့အိုကွန်နား”သည် ကိုလိုနီခေတ် ဗြိတိသျှအရာရှိတစ်ဦးဖြစ်ပြီး ၁၈၉၁ ခုနှစ်မှ ၁၈၉၅ ခုနှစ်အထိ မြန်မာပြည်တွင် နေထိုင်သွားခဲ့သည်။ ထိုကာလများအတွင်း အိုကွန်နားသည် မြန်မာပြည် အနှံ့ခရီးသွားသည်။ ၁၈၉၉ ခုနှစ်တွင် အိုကွန်နားသည် တာဝန်ဖြင့် ဒုတိယ တစ်ခေါက် ပြန်ရောက်လာပြန်သည်။ သူ့အတွေ့အကြုံများ၊ အကြားအမြင် များကို အခြေတည်၍ မြန်မာပြည်နှင့်ပတ်သက်သော စာအုပ်နှစ်အုပ် ရေးခဲ့ သည်။ တစ်အုပ်မှာ “ပိုးသားမျှင်အရှေ့တိုင်း”ဆိုသော စာအုပ်ဖြစ်ပြီး နောက် တစ်အုပ်မှာ “မန္တလေးနှင့် အတိတ်မြို့တော်များ” ဆိုသည့် စာအုပ်ဖြစ်သည်။ သူ့စာအုပ်ထဲတွင် မြန်မာပြည်၏ မြို့တော်ဟောင်းများဖြစ်သော မန္တလေး၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ တကောင်း၊ ပုဂံ၊ ပြည်၊ သရေခေတ္တရာ၊ ဖိုးဦးတောင်၊ သထုံ၊ ပဲခူးနှင့် မြောက်ဦး ပါဝင်သည်။

အိုကွန်နား၏ စာအုပ်သည် သမိုင်းကျမ်းလည်း ဖြစ်သည်။ ခရီးသွား မှတ်တမ်းလည်း ဖြစ်သည်။ သုတေသနစာတမ်းလည်း ဖြစ်သည်။ အပျင်းပြေ ဖတ်နိုင်သည့် ဆောင်းပါးလည်းဖြစ်သည်။ အထောက်အထားပြုနိုင်သည့် ရည်ညွှန်းကျမ်းလည်း ဖြစ်သည်။

ဤစာအုပ်တွင် အိုကွန်နားသည် အခြားရှေးဟောင်းမြို့တော်များ အကြောင်းကို ရေးသားထားသော်လည်း အဓိကထား၍ ရေးသည့်အကြောင်း မှာ မန္တလေးအကြောင်း ဖြစ်သည်။ သူက မန္တလေးနန်းတော်ကို ဖွဲ့ရာတွင်

“မင်းတုန်းမင်းကြီး၏ ဆင်းရဲနွမ်းပါးသော၊ အိုမင်းသော၊ ယိမ်းယိုင်နေသော၊ တောက်ပခမ်းနားသော၊ လှပသော၊ အပေါ်ယံကျသော နန်းတော်”ဟု နှစ်သက်မြတ်နိုးစွာ ခေါ်ခဲ့၏။

အိုက္ကွန်းနား၏ စာအုပ်ကြောင့် မန္တလေးနန်းတော်တွင် ကြီးမားသည့် ပြောင်းလဲမှုကြီးတစ်ခု ဖြစ်သွားခဲ့သည်။ သူ့စာအုပ် ပုံမနှိပ်မီတုန်းက မန္တလေးနန်းတော် ရာဇပလ္လင်ခန်းတွင် အင်္ဂလိပ်စစ်တပ်များက ကလပ်ဖွင့်ထားကြသည်။ အချို့နေရာများတွင် တပ်တွင်း ဘုရားရှိခိုးဆောင် လုပ်ထားကြသည်။ သူ့စာအုပ်ကို အိန္ဒိယဘုရင်ခံချုပ် လော့ကာဇုန် တွေ့ရှိသွားသည့်အခါတွင် ထိုကလပ်များနှင့် ဘုရားရှိခိုးကျောင်းကို ချက်ချင်း အဖယ်ခိုင်းသည်။ လော့ကာဇုန်သည် အိန္ဒိယပြည်တွင် ရှေးဟောင်းအထိမ်းအမှတ် ပစ္စည်းများကို ပြန်လည် ပြုပြင်ထိန်းသိမ်းခဲ့သည့် ဘုရင်ခံချုပ်ဖြစ်သည်။ သူ့စာအုပ်ကို ဖတ်ရသည့်အခါတွင် လော့ကာဇုန်သည် မန္တလေးနန်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အမိန့်ထုတ်ခဲ့သည်။

တွေ့ရှိချက်များ၊ အထောက်အထားများ၊ ဘယ်မှာမှ မတွေ့နိုင်သော ရှားရှားပါးပါး ဓာတ်ပုံ ၂၅၀ နီးပါးတို့ဖြင့် သူ့စာအုပ်သည် ရာစုနှစ် တစ်စုနီးပါး ပြသသည့်တိုင် စာဖတ်သူတို့ကို ဆွဲဆောင်နေဆဲ ရှိသေးသည်။

“မန္တလေးယဉ်ကျေးမှုဂျာနယ်”တွင် မန္တလေးချစ်သူများအတွက် “မန္တလေး အိုက္ကွန်းနား၏ မန္တလေး”ကို လစဉ်ဖော်ပြခဲ့ပြီး ယခုတစ်ဖန် “ယနေ့မန္တလေး စာအုပ်တိုက်မှ” လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။

*(ဒုတိယအကြိမ်အဖြစ် အမေ့ဥယျာဉ်စာအုပ်တိုက်မှ ထပ်မံထုတ်ဝေလိုက်ပါသည်။)*

**မြန်မာပြန်သူ**

❐

# သမိုင်းထဲက မန္တလေး၊
# မန္တလေးထဲက သမိုင်း

[ ၁ ]

မြန်မာပြည်၏ မြို့တော်ဟောင်းများသည် တကောင်းမှသည် တနင်္သာရီတိုင်းအထိ မိုင်ပေါင်း တစ်ထောင်အတွင်းတွင် ပြန့်ကျဲလျက်ရှိကာ မြန်မာပြည်၏ သမိုင်းကို သက်သေထူနေကြသည်။ ယင်းတို့အနက် မန္တလေးမှာ အသစ်ဆုံးဖြစ်သည်။ သို့တိုင် မန္တလေး၏အရိပ်အယောင်သည်လည်း အတိတ်၏ အရိပ်မျှသာ ကျန်ခဲ့လေပြီ။ မန္တလေးသည် မရှိတော့ပြီဖြစ်သော မင်းဆက်တစ်ဆက်၊ မေ့ပျောက်မှုထဲသို့ မေးမှိန် ပျောက်ကွယ်လျက်ရှိသော တောက်ပခမ်းနားမှုနှင့် နန်းဓလေ့တို့ တည်ရှိခဲ့ရာ ထီးနန်းတစ်ဆောင်၊ ပျောက်ကွယ်တိမ်မြုပ်သွားခဲ့ပြီဖြစ်သည့် စိတ်ဓာတ်တစ်ခုအဖြစ်သာ ကျန်ခဲ့တော့သည်။

ရန်ကုန်တွင်မူ မျှော်မှန်းချက်များသည် စောင့်ကြိုလျက်ရှိသည့် ဓာတာ စန်းလင် ပွင့်လန်းချိန်အတွက် လာဆဲ၊ လာလတ္တံ့သော ကာလများဆီသို့ မျှော်ကြည့်လျက်ရှိသည်။ မန္တလေးတွင်ကား မြို့ရိုးနှင့် ပြအိုးပစ္စင်များ မည်မျှကြာကြာခံတော့မည်နည်း။ ရွှေပိန်းချ ရွှေနန်းတော်တိုင်လုံးကြီးများနှင့် စုလစ်မွမ်းချွန်သော ပြာသာဒ်တို့ ဘယ်တော့မျှ ရှင်သန်တော့မည်မဟုတ်သော ဗဟိုချက်မအကြောင်းကို မည်မျှကြာအောင် ပြောဆိုနေကြဦးမည်နည်းဆိုသည့် အတွေးကိုသာ တွေးနေမိကြသည်။

ရန်ကုန်၏ ထက်သန်၍ ရှေ့သို့ အတင်းတိုးနေသော စိတ်ဓာတ်သည် ယခုပင်လျှင် တစ်ခါက ဘုရင့်ထီးနန်းစိုက်ရာ မြို့ကြီး၏ ဖျော့တော့သော ပြိုင်ဆိုင်မှုကို စိတ်မရှည်နိုင် ဖြစ်နေပြီ။ အတိတ်က ခမ်းနားထည်ဝါမှု၏ အစိတ်အပိုင်းအချို့ကို အိန္ဒိယဘုရင်ခံချုပ်က ဂရုတစိုက် ငွေကြေးအကုန်အကျခံ၍ ပြုစုထိန်းသိမ်းနေခြင်းကို အကြေမြို့တော်က လှောင်ပြောင်သည့် သဘောပြနေပြီ။

"ဒါတွေ လှည်းကျင်းပစ်လိုက်စမ်းပါ။ ကျွန်တော်တို့အဖို့ကတော့ မန္တလေးနဲ့ မန္တလေးရဲ့ ဂုဏ်ကျက်သရေဆိုတာတွေ မရှိတော့ပါဘူး။ ကျွန်တော်တို့မှာ ဒီထက်ကောင်းတာတွေကိုလုပ်ဖို့ ပိုက်ဆံလိုတယ်"ဟု စီးပွားရေးလောကမှာ အပြောအဆိုတွေ ရှိနေကြပြီ။

သို့ဖြင့် ဘုရင်၏ မြို့တော်ကြီးဖြစ်ခဲ့သည့် မန္တလေးသည် မကြာမီ တိမ်ကောသွားပေတော့မည်။

သို့တိုင်အောင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်ကမူ မန္တလေးသည် ယခုလောက်ပင် ထင်ထင်ပေါ်ပေါ် မရှိသေး။ ၁၈၅၅ ခုနှစ်တွင် ရေးခဲ့သည့် ဟင်နရီယူးလ်၏ မှတ်တမ်းကို လှန်ကြည့်လျှင် မန္တလေးအကြောင်းကို တစ်လုံးတစ်ပါဒမျှ မတွေ့ရ။ မန္တလေးတောင်၏ အောက်မှ ကွက်လပ်တွင်လည်း ဘာမှ မတွေ့ရ။ မြို့တော်ဟောင်း၏လှပသော မြေပုံအောက်တွင်လည်း ဘာမျှ မတွေ့ရ။

မန္တလေး၏ မူလအစကို ပြောပြရာတွင် အကျဉ်းကလေးမျှသာ ဖော်ပြသွားခဲ့သည်။ ၁၈၅၃ ခုနှစ်၌ မြန်မာပြည်တွင် မင်းတုန်းမင်းကြီး နန်းတက်သည်။ ၁၈၅၆ ခုနှစ်တွင် မင်းတုန်းမင်းသည် သူ၏မြို့တော်(အမရပူရ)ကို အလွန်အမင်း ငြီးငွေ့လာခဲ့သည်။ သူ့စိတ်ထဲတွင် အမရပူရသည် နောင်တော်၏ ကံဆိုးသော အုပ်စိုးမှု၊ မိမိတိုင်းပြည်၏ အရေးနိမ့်မှုတို့ဖြင့် ဆက်စပ်နေသည်။ မင်းတုန်းမင်းသည် အစကောင်းချင်သည်။ ဂုဏ်သတင်း ကျော်ကြားလိုသည်။ ပြည်သူများအား မိမိ၏မင်းဆက်တွင် ပေါ်ပေါက်ခဲ့သော ဘေးဒုက္ခများကို မေ့ပျောက်စေလိုသည်။

ဤတွင် မင်းတုန်းမင်းသည် မြို့သစ်တစ်မြို့တည်ရန်အတွက် အိပ်မက်မက်သည်။ အတိတ်နိမိတ်ကောက်သည်။ မှူးမတ်ပညာရှိ၊ ဗေဒင်ပညာရှိတို့နှင့် တိုင်ပင်သည်။ စင်စစ်အားဖြင့် မင်းတုန်းမင်းသည် မြန်မာလူမျိုးတို့၏ အစဉ်အလာအတိုင်း လုပ်ခြင်းသာဖြစ်သည်။ မြို့သစ်တစ်မြို့သို့ ပြောင်းရွှေ့ရန် မျိုးရိုးအစဉ်အဆက်ရှိခဲ့သည့် ဆန္ဒသည် ပြင်းပြလာခဲ့သည်။

အရှေ့တိုင်း–ရှေးကျသော အရှေ့တိုင်း၌ တစ်ပိုင်းတစ်စ လုပ်ဆောင်ချက်များကို အလေးထားလေ့ မရှိကြ။

သို့ဖြင့် အိန္ဒိယပြည်တွင် ကြောက်မက်ဖွယ် အုံကြွမှုကြီးပေါ်ပေါက်သည့် နှစ်ဖြစ်သည့် ၁၈၇၅ ခု ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မင်းတုန်းမင်း



မင်းတုန်းမင်းကြီး ရွှေတော်မှောက်သို့ ဗြိတိသျှတို့ ရောက်ခဲ့စဉ်က

အမေ့ဥယျာဉ်စာအုပ်တိုက်

ကျေနပ်စေရန်အတွက် မန္တလေးမြို့၏ ပထမဆုံးပန္နက်ကို စတင်ချခဲ့သည်။ လူပေါင်း တစ်သိန်းငါးသောင်းတို့သည် မင်းတုန်းမင်း၏ အလိုဆန္ဒအတိုင်း မိမိတို့အိုးအိမ်များ၊ ပတ်ဝန်းကျင် အပေါင်းအဖော်များကို စွန့်ပစ်ကာ ဟာလာဟင်းလင်းဖြစ်နေသော မြို့သစ်သို့ ပြောင်းရွှေ့လာခဲ့ကြရသည်။

မင်းတုန်းမင်းသည် မြို့သစ်တည်ရေးတွင် ကြီးကြပ်ရန်အတွက် မှူးကြီးမတ်ကြီး ငါးဦးတို့ကိုလည်းရွေးချယ်သည်။ မြို့သစ်သည် ပေ ပေါင်း (၆၆၆၆) စတုရန်းပေ ရှိရမည်။ မြို့ရိုးသည် ကုဗပေ (၁၈) ပေ အမြင့်ရှိရမည်။ မြို့ရိုးတစ်လျှောက် (၅၅၅) ပေ အကွာတိုင်းတွင် အစောင့်အကြပ်တို့အတွက် ပြအိုးများရှိရမည်။ မြို့ရိုးပတ်လည်တွင် တံခါး ဆယ့်နှစ်ရပ်ရှိရမည်။ တံခါးလေးရပ်မှာ အဓိကရ တံခါးကြီးများဖြစ်ပြီး နန်းတော်မှ အရပ်လေးမျက်နှာသို့ ထွက်သော တံခါးမကြီးများ ဖြစ်သည်။ ယင်းသို့ မြို့ရိုးကို တည်ဆောက်ရာတွင် ရှေးမြန်မာဘုရင်တို့၏မြို့တော်များ အစဉ်အလာနှင့် ညီညွတ်အောင် အထူးဂရုပြုရသည်။ မန္တလေး၏ ဗိသုကာမှုတွင် စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ ယင်းသို့ ရှေးအစဉ်အလာကို ထိန်းသိမ်းထားခြင်းဖြစ်သည်။

အစဉ်အလာကို ထိန်းသိမ်းသည်ဆိုရာတွင် အငြင်းထွက်စရာ အချက်အချို့ရှိသည်။ မြို့သစ်တည်မည်ဆိုသည့်အခါတွင် အမရပူရတွင် လူတွေ အထိတ်ထိတ် အလန့်လန့်ဖြစ်နေကြသည်။ မန္တလေးတွင်မူ ထိုရှေးအစဉ်အလာကို လိုက်နာကျင့်သုံးခြင်း မပြုခဲ့ဟု ဘုရင်ကိုယ်တိုင်က ထုတ်ဖော်ကြေညာခဲ့သည်။ ယင်းတို့အစား ကျုံးထောင့်များတွင် ဆီအိုးများကို မြှုပ်နှံသည်။ ပုဏ္ဏားဆရာတို့၏ ကြီးကြပ်မှုဖြင့် မြို့စောင့်နတ်တို့၏နတ်ကွန်းများကို တည်သည်။ မင်းတုန်းမင်း၏ ငြိမ်းချမ်းသော ခေတ်အစဉ်၌ အကွပ်အမျက် အသတ်အဖြတ်တို့ မရှိ။ သို့ရာတွင် နောင် နှစ်အနည်းငယ်ကြာသည့်အခါတွင် မင်းတုန်းမင်း၏ နန်းမွေ ဆက်ခံသူတို့သည် မင်းတုန်းမင်းကြီး၏ ရက်ရောသဘောထားကြီးမှုကို ဘေးဖယ်ခဲ့ကြသည်။ (၂၂၅) ပေ ကျယ်သော ကျုံးကြီးကို မြို့ရိုးပတ်ပတ်လည်တွင် တူးပြီး ကျုံးနှင့် မြို့ရိုးကြား စိမ်းလန်းသော မြက်ခင်းတစ်ခုကို မြှောင်၍စိုက်ထားသည်။ အမရပူရမှ နန်းတော်ဟောင်းကိုဖျက်၍ မန္တလေးသို့ ပြောင်းရွှေ့သည်။ ရွှေပိန်းချတိုင်လုံးကြီးများ၊ ပန်းပုအပြောက် အမွမ်းများ၊ ပလ္လင်များ စသည့် မန္တလေးနန်းတော်တွင် ရှိသည့် ပစ္စည်းများသည် အမရပူရမြို့ဟောင်းမှ သယ်ယူလာသော ပစ္စည်းများ ဖြစ်ကြသည်။ နန်းတော်ကို အမြင့်ပေ ၂၀ ရှိသည့် ကျွန်းသစ်လုံးကြီးများစိုက်၍

သစ်တပ်ကာရံထားပြီး မြို့ရိုးအတွင်း အုတ်စည်းရိုးတစ်ခုမှာ (၁၅) ပေ မြင့်သည်။ သစ်တပ်နှင့် အုတ်စည်းရိုးအကြားတွင် ပေ (၆၀) ကျယ်သည့် စင်္ကြံတာလမ်း တစ်ခုထားရှိသည်။

ယခုမူ ထိုအရာများမှာ အနည်းငယ်သာ ကျန်တော့သည်။

၁၈၅၇ ခုနှစ်၊ ဇွန်လတွင် ဘုရင်နှင့်တကွ မှူးမတ်အခြွေအရံတို့သည် အခမ်းအနားဖြင့် မန္တလေးမြို့သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ မန္တလေးသို့ ရောက်လျှင် ဘုရင်သည် ယာယီစံနန်းတွင် စံနေသည်။ အများပြည်သူတို့အတွက် အိမ်ရာအကွက်များ ချအပ်သည်ကို ဘုရင်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲသည်။ မင်းနှင့် မှူးမတ်တို့ ပြောင်းရွှေ့ပြီးသည့်အခါတွင် သာသနာဘက်ဆိုင်ရာတို့ ပြောင်းရွှေ့ကြသည်။ သာသနာပိုင် ကျောင်းထိုင်ဆရာတော်များနှင့် ရဟန်း သံဃာတော် (၅၀၀) ခန့်တို့ ဗုဒ္ဓဆင်းတု ရုပ်ပွားတော်နှင့် ပိဋကတ်သုံးပုံတို့ကို ငြိမ်းစင်အထမ်းဖြင့် ထမ်းစေသည်။ ရုပ်ပွားတော်များကို ရွှေထီးရှစ်စင်းမိုးပြီး တရားတော်၊ ပိဋကတ်တော်များကို ရွှေထီးခြောက်စင်း မိုးသည်။ ဆရာတော်များ ကို ထီးဖြူလေးစင်းမိုးသည်။ သံဃာတော် အပါးငါးရာတို့အား တစ်ပါးလျှင် ထီးဖြူနှစ်စင်း မိုးသည်။ ယင်းတို့ကို ဘုရင်၊ မိဖုရား၊ မယ်တော်၊ အိမ်ရှေ့မင်းသား များအားလုံးတို့နှင့် ဝန်ကြီးများက ရွှေတော်ယူတံခါးမှ ဆီးကြိုကြရသည်။

နန်းတော် ဆောက်လုပ်ပြီးစီးသွားသည့်အခါတွင် မင်းနှင့် မိဖုရားတို့ အဆောင်အယောင်အပြည့်အစုံဖြင့် နန်းသိမ်းပွဲ ခံကြသည်။

သူ့စိတ်ကို အနှောင့်အယှက် ဖြစ်စေသည့် ဗြိတိသျှမီးသင်္ဘောတို့၏ အသံကို မကြားရသည့် ထိုမြို့သစ်၏ဗဟိုချက်မှနေ၍ မြန်မာပြည်တွင် ရှိခဲ့သမျှ သော မင်းအပေါင်းတို့အနက် အတော်ဖြောင့်ဆုံး မင်းတစ်ပါးဖြစ်သည့် မင်းတုန်း မင်းသည် အနှစ်နှစ်ဆယ်ကျော်မျှ အုပ်စိုးခဲ့သည်။ မင်းတုန်းမင်း၏ပေါ်လစီသည် ကြင်နာသနား၍ ငြိမ်းချမ်းသော ပေါ်လစီဖြစ်သည်။

မင်းတုန်းမင်းသည် မိမိ၏ဘိုးတော်၊ ဘေးတော်တို့၏ အင်ပါယာ တစ်ဝက်ကျော်မျှလောက်ကို ပိုင်ဆိုင်ထားခဲ့ပြီးဖြစ်သော အင်အားတောင့်တင်း သည့် အိမ်နီးချင်း (အောက်မြန်မာပြည် ဗြိတိသျှအစိုးရ) နှင့် သဟာယ မဟာမိတ်အဖြစ် ချစ်ကြည်စွာဆက်ဆံရန် လိုလားခဲ့သည်။ မိမိကဲ့သို့ အမြော် အမြင်ရှိပြီး ငြိမ်းချမ်းရေးကို လိုလားသည့် နန်းမွေဆက်ခံသူသာရှိခဲ့လျှင် မင်းတုန်းမင်း၏နိုင်ငံသည် နှောင် မျိုးဆက်များစွာ၏ အနည်းဆုံးတစ်စိတ်တစ်ပိုင်း



သီပေါမင်းသား

လွတ်လပ်ရေးကိုဖြစ်စေထိန်းသိမ်းထားနိုင်ပေလိမ့်မည်။သူ ၏ပြည်သူများသည်လည်းတို့တက်မှုတည်းဟူသော ခြောက်သွေ့သည့်အရိုးကို အသက်နှင့်အသွေးအရောင်တို့ဖြင့် ဆင်ယင်ပေးနိုင်သောလူမှုအမြုတေကို ထိန်းသိမ်းထားနိုင်ပေလိမ့်မည်။

သို့ရာတွင် စိတ်ထားခိုင်မာခြင်းမရှိသော လူငယ်တစ်ယောက်၊ သံသယ ဖြစ်ဖွယ်ကောင်းသော မျိုးရိုးရှိသည့်လူငယ်တစ်ယောက် ၊ ပို၍ သံသယဖြစ်ဖွယ် ကောင်းသည့် ရဲစွမ်းသတ္တိကို ပိုင်ဆိုင်သည့် လူငယ်တစ်ယောက်က မင်းတုန်းမင်း၏ ထီးနန်းအမွေကို ဆက်ခံခဲ့သည်တကား။ တိုင်းပြည်၏ ကံကြမ္မာသည်လည်း မိန်းမများ၏ လျှို့ဝှက်ကြံစည်မှုတွင် သားကောင်ဖြစ်ခဲ့ရသည်တကား။ ထိုမိန်းမများသည် မြို့ရိုးတံတိုင်းအတွင်းတွင် ပရိယာယ်ကြွယ်ကြသည့်တိုင် ပြင်ပကမ္ဘာကြီး၏အကြောင်းကိုတစ်လုံးတစ်ပါဒမျှ မသိခဲ့ကြချေတကား။


မြန်မာ့ထီးနန်းသည် အားနည်းသည်။ မြန်မာ့စိတ်ဓာတ်သည် မောက်မာသည့်အဆင့် ရောက်သည်အထိ မာနကြီးသည်။ ဗြိတိသျှတို့လက်ထဲတွင် အမိန့်ကိုနာခံမည့်အစား အခြားသော ဥရောပနိုင်ငံကြီးတစ်ခုနှင့် မဟာမိတ်ဖွဲ့ခြင်းဆိုသည့် အန္တရာယ်များသော ကစားနည်းကို ကစားရန် အသင့်ဖြစ်နေခဲ့သည်။




ဧရာဝတီမြစ်ကမ်းတွင် သင်္ဘောစောင့်စဉ်



ညီလာခံသဘင် (ဆရာချို၏ ပန်းချီ)



သီပေါကို နန်းချစဉ်



ပါတော်မူခန်း

ထိုခေတ်က အခြေအနေမျိုးတွင် ထိုသို့သော ပေါလစီမျိုးကို ချမှတ်ခြင်းအတွက် နိဂုံးချုပ်စရာ တစ်ချက်သာရှိတော့သည်။ ထိုနိဂုံးသည် ၁၈၈၅ ခု နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရောက်လာခဲ့သည်။ ယင်းမှာ မင်းတုန်းမင်း နတ်ရွာစံပြီး ၇ နှစ်အကြာတွင် ဖြစ်သည်။ ထိုအချိန်၌ကား သီပေါမင်းသည် ဗြိတိသျှစစ်တပ်သို့ လက်နက်ချခဲ့ရလေပြီ။ မြန်မာပြည်သည်လည်း အချုပ်အခြာအာဏာပိုင်အဖြစ်မှ ရပ်စဲသွားခဲ့ရလေပြီ။



စုဖုရားလတ်

လူပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ အဖြစ်အပျက်များအနေဖြင့်လည်းကောင်း စိတ်ဝင်စားဖွယ်တို့ ပြည့်နှက်နေသည့် ထိုသမိုင်းသည် ယခုတိုင် ကမ္ဘာကြီး၏မှတ်ဉာဏ်ထဲတွင် လန်းဆန်းနေဆဲ ရှိသေးသည်။ ထိုအဖြစ်အပျက်များတွင် ပါဝင်ခဲ့သူတို့၏ နှုတ်ဖျားတွင် လတ်ဆတ်နေဆဲ ရှိသေးသည်။

ထိုအကြောင်းကို သမိုင်းဆရာ တစ်ယောက်ထက်မက ရေးခဲ့ကြပါပြီ။ ထို့ကြောင့် ဤနေရာတွင်ထိုသမိုင်းကို အကျယ်မရေးလိုတော့ပါ။ သို့ရာတွင် မန္တလေးမြို့ကြီးအား သမိုင်းဝင်သည့် မြို့ကြီးအဖြစ် ရေးပြရာတွင် ဇာတ်သိမ်းပိုင်း အကြောင်းကို အနည်းအကျဉ်း ရေးပြရန် လိုပါလိမ့်မည်။

* * *

**အမေ့ဥယျာဉ်စာအုပ်တိုက်**

၁၈၇၈ ခုနှစ်၊ ဇူလိုင်လတွင် သက်တော် (၆၅)နှစ်၊ နန်းသက် (၂၆) နှစ်ရှိပြီဖြစ်သည့် မင်းတုန်းမင်းသည် မန္တလေးနန်းတော်ထဲတွင် နာမကျန်း ဖြစ်လျက်ရှိသည်။ ဘုရင်တစ်ပါး၏အသက်ဖြင့် တွက်ကြည့်လျှင် မင်းတုန်းမင်း သည် လူအိုလူမင်းကြီး ဖြစ်နေလေပြီ။ သားတော်၊ သမီးတော် (၇၀) တို့၏ ခမည်းတော် ဖြစ်နေပြီ။ ယင်းတို့အနက် အများစုမှာ အရွယ်ရောက်နေပြီး စိတ်ဓာတ်ပြင်းထန်သည့် မင်းညီမင်းသားများ ဖြစ်ကြသည်။ မိဖုရား အများ အပြားရှိသည့် ဘုရင်များတွင် ထီးမွေနန်းမွေ ဆက်ခံရေးကို အလွယ်တကူ ရွေးချယ်လေ့မရှိသည့်အတွက် ဆက်ခံသူလည်း မရှိသေး။ ဆက်ခံရန် ရွေးချယ် ထားသူလည်း မရှိသေး။

ထို့ကြောင့် ဘုရင် မကျန်းမာသည်နှင့် အရေးကြီးသောပြဿနာများလည်း နောက်ကကပ်လျက် ပါလာခဲ့တော့သည်။ အကယ်၍ မင်းတုန်းမင်း နတ်ရွာစံခဲ့ပြီ ဆိုလျှင် သားတော်များအကြားတွင် ထီးမွေနန်းမွေကို ဆက်ခံရေးနှင့်ပတ်သက်၍ အပြိုင်အဆိုင်တွေ ပေါ်လာတော့မည်။ ဤနန်းလုပွဲတွင် အသက်များစွာ ပျက်စီး ဆုံးရှုံးနိုင်သည်။ တိုင်းပြည် မငြိမ်မသက်ဖြစ်နိုင်သည်။ တိုင်းပြည်သည် ညီနောင် ချင်းဖြစ်သည့် ပြည်တွင်းစစ်ကြီးထဲတွင် စုံးစုံးမြုပ်သွားနိုင်သည်။ ထိုအဖြစ်အပျက် မျိုးသည် တစ်ချိန်က မြန်မာ့သမိုင်းတွင်လည်း ဖြစ်ခဲ့ဖူးပြီ။ သို့ရာတွင် ယခု တစ်ကြိမ်တွင်မူ ပြင်ပမှ ကြားဝင်စွက်ဖက်မှုမရှိဘဲ ထိုအဖြစ်မျိုး ထပ်မံဖြစ်ဖွယ် အကြောင်းမမြင်။ မြန်မာနယ်ခြားတစ်ဖက်တွင် ဗြိတိသျှနယ်ချဲ့ အင်ပါယာကြီး၏ ပြည်နယ်တစ်ခုရှိနေသည်။ ဗြိတိသျှအင်ပါယာသည် မြန်မာတို့၏ ထောင်လွှား မှုနှင့် ဟန်ဆောင်မှုတို့ကို ငြိုးငွေ့နေပြီ။ ဗြိတိသျှအင်ပါယာသည် မိမိ၏ အာဏာ စက်ကို မြန်မာတို့အပေါ်တွင် အတိအလင်း ဖြန့်မိုးချင်နေပြီ။ မိမိ၏ ကိုယ်စား လှယ်များ နှစ်တစ်ရာကျော်မျှ လိုက်နာခဲ့ကြရသည့် ဂုဏ်သိက္ခာကျလှသော ဆက်ဆံရေး ထုံးတမ်းဓလေ့များကို ရှင်းလင်းခါချချင်နေပြီ။ ဗြိတိသျှအင်ပါယာ သည် မြန်မာပြည်တွင်းစစ်များတွင် ဖြစ်လေ့ရှိသည့် ရက်စက်ကြမ်းကြုတ်မှု များကို သည်းခံဖွယ်ရာ အကြောင်းမမြင်။ အထက်မြန်မာပြည်တွင် မငြိမ်မသက် ဖြစ်မှုများကြောင့်ပေါ်ပေါက်လာမည့် အောက်မြန်မာပြည်နှင့် ကုန်သွယ်မှု ဖရိုဖရဲ ဖြစ်မည့်အရေးကိုလည်း သည်းခံဖွယ်မရှိ။ ထို့ပြင် ဗြိတိသျှအင်ပါယာ အတွင်း၌ အနည်းစုဖြစ်သော်လည်း အသံကျယ်သည့် အစုတစ်စုက အထက် မြန်မာပြည်ကို မည်သည့်နည်းနှင့်မဆို သိမ်းပိုက်ရန် တောင်းဆိုသည့်ကိစ္စကလည်း ရှိသေးသည်။



နန်းဝတ်နန်းစားနှင့်  သီပေါမင်းသား

အမေ့ဥယျာဥ်စာအုပ်တိုက်

ထိုအကြောင်းများကြောင့် မင်းတုန်းမင်း၏နာမကျန်းဖြစ်မှုကို ပြင်းပြသော စိုးရိမ်မှုဖြင့်စောင့်ကြည့်နေကြသည်။ ထိုအထဲတွင် နေပြည်တော်တွင်ရှိသည့် လက်တစ်ဆုပ်စာရှိသည့် အင်္ဂလိပ်အမျိုးသားများလည်း ပါဝင်ကြသည်။ သူတို့၏ အသက်သည် အဖြစ်အပျက်များ၏ လမ်းကြောင်းပေါ်တွင် တည်နေသကဲ့သို့ ရှိသည်။ သူတို့အထဲမှ တစ်ယောက်က ၁၈၇၈ ခုနှစ် စက်တင်ဘာလထဲတွင် မန္တလေးမှ အခြေအနေနှင့်ပတ်သက်၍ ထိုသို့ ဤသို့ အကြမ်းဖျင်း ဖော်ပြခဲ့သည်။

"မန္တလေးမှာတော့ မင်းညီမင်းသားတွေကို သတ်ဖြတ်ပစ်လိမ့် မယ်လို့ ထင်နေကြတယ်။ ဒါကြောင့် ထွက်ပြေးခိုလှုံလာကြမယ့် မင်းညီမင်းသားတွေကို ကျွန်တော် စောင့်နေတယ်။ ဘုရင်လည်း အသက်ရှင်လျက် ရှိနေတုန်းလား၊ သေပြီလားဆိုတာကို မသိရဘူး။ သတင်းတွေကတော့ မိနစ်နှင့်အမျှ အမျိုးမျိုး ဖြစ်နေတာပဲ" ဟု သူက ရေးခဲ့သည်။

သို့ရာတွင် မင်းတုန်းမင်းသည် နတ်ရွာစံလုဆဲ ဖြစ်သော်လည်း နတ်ရွာ မစံသေးပါ။ လူထု၏ ကြောက်ရွံ့ထိတ်လန့်မှုကို ပြေပျောက်စေရန်အတွက် မင်းတုန်းမင်းသည် ကြိုးစား၍ ရာဇပလ္လင်ပေါ်သို့ တက်လာခဲ့ကာ ဗိုလ်ပုံ ပရိသတ်မြင်အောင် ကိုယ်ထင်ပြခဲ့သည်။ ယင်းမှာ တိုင်းပြည်နှင့် ထိုက်တန်သော မင်းတစ်ပါး၏ နောက်ဆုံးအားထုတ်မှုပင် ဖြစ်သည်။ မင်းတုန်းမင်းသည် သူ့ အခန်းဆောင်သို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။ ထို့နောက်တွင်မူ အသက် ရှင်လျက် ထွက်မလာခဲ့တော့ပြီ။

မင်းတုန်းမင်းသည် အင်အားဆုတ်ယုတ်လာနေသည်နှင့်အမျှ မိမိအား အခြားသူများထက် သစ္စာစောင့်သိမည်ဟု သူထင်ခဲ့သည့် နန်းတော်ထဲတွင် သြဇာအရှိဆုံးဖြစ်သည့်(အလယ်နန်းမတော် ဆင်မဖြူရှင်) သည် မင်းတုန်းမင်း၏ သားငယ်တစ်ဦးဖြစ်သော သီပေါမင်းကို ထီးနန်းဆက်ခံအပ်နှင်းရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ သီပေါသည် စိတ်ထားပျော့ညံ့သူတစ်ဦးဖြစ်ကြောင်းကို အလယ် နန်းမတော်သိသည်။ ထို့အပြင် သူ့သမီးတော် စုဖုရားလတ်နှင့် ရည်ငံနေကြ ကြောင်းကိုလည်း အလယ်နန်းမတော် သိသည်။ သူ့အမြင်ဖြင့်ကြည့်လျှင် ထိုအရည်အချင်းများသည် နန်းမွေကို ဆက်ခံထိုက်သော အရည်အချင်းများ ဖြစ်သည်။ သို့ရာတွင် တရားဝင်သားတော်တစ်ပါး ဟုတ်မဟုတ် သံသယ ဖြစ်ဖွယ်ရှိသည့် သီပေါမင်းသားတွင် နောက်လိုက်နောက်ပါ မရှိ။ တိုင်းပြည်၏ ထင်မြင်ချက်ကလည်း သူ့အတွက် အားတက်ဖွယ်မမြင်။ ဘုရင် ကိုယ်တိုင်က



မင်းတုန်းမင်း၏ သချိုင်းတော်

လည်း အခြားသော ထိုက်တန်သည့် သားတော်များကိုကျော်ပြီး သူ့ကို ထီးနန်း အပ်လိုသည့် သဘောကိုမပြ။

**အမေ့ဥယျာဉ်စာအုပ်တိုက်**



မိန်းမဆိုးချုပ်

အလယ်နန်းမတော်အဖို့ ရွေးချယ်ရမည့်လမ်းမှာ ဘုရင်၏ ဝန်ကြီးများအား သူ့ဘက်သို့ပါလာအောင် သိမ်းသွင်းဖို့သာ ရှိတော့သည်။ ကင်းဝန်မင်းကြီး အမှူးပြုသည့် ဝန်ကြီးများ အဖို့မှာလည်း သီပေါမင်းသားအား နန်းတင်ခြင်းသည် လျော်ကန်သင့်မြတ်သည့် အစီအစဉ် ဖြစ်သည်ဟု ထင်မှတ်ကြဖွယ် ဖြစ်သည်။


ဝန်ကြီးများသည် ဥရောပတိုက်သို့ ခရီးသွားခဲ့ကြဖူးသည်။ စိတ်ဓာတ် ပျော့ညံ့သော ဘုရင်တစ်ပါးအောက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဖြင့် အုပ်ချုပ်သည့် အစိုးရတစ်ခုသည် တိုးတက်မှုများကို လုပ်နိုင်ကြောင်း သူတို့ သိခဲ့ကြသည်။ သူတို့၏အမြင်တွင် သီပေါမင်းသား၏ စိတ်ဓာတ်ပျော့ညံ့မှုသည် အကောင်းဆုံးသော အရည်အချင်းကြီးတစ်ခု ဖြစ်နေသည်။

ထိုသို့ ဝန်ကြီးများကို မိမိဘက်သို့ပါအောင် သိမ်းသွင်းပြီးသည့် နောက်တွင် အလယ်နန်းမတော်အဖို့ လုပ်စရာတစ်ခုသာ ကျန်တော့သည်။ ယင်းမှာ နန်းလုဘက်များအားလုံးကို ဥပါယ်တံမျဉ်ဖြင့် ထိန်းသိမ်းထားရန် ဖြစ်သည်။ ထို့ကြောင့် ၁၈၇၈ ခုနှစ်၊ စက်တင် ဘာလ ၁၂ ရက်နေ့တွင် သားတော်မင်းညီမင်းသားများအား မင်းတုန်းမင်း၏ ခန်းဆောင်သို့ ဆင့်ခေါ်လိုက်သည်။ မင်းသားများကလည်း ခမည်းတော်ကြီး၏ အမိန့်ဟု ယူဆကာ ခန်းဆောင်သို့

ရောက်လာခဲ့ကြသည်။ နန်းတော်ထဲသို့ ရောက်လာသည်နှင့် သူတို့ကို ဖမ်းဆီးကာ အကျဉ်းချထား လိုက်သည်။ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသား နှစ်ပါးတို့သာလျှင် လွတ်မြောက်သွားကာ ဗြိတိသျှသံတဲသို့ ပြေးဝင်ခိုလှုံကြသည်။

ထိုမင်းသားနှစ်ပါး ထွက်ပြေးလွတ်မြောက်အောင် အဓိက ကူညီခဲ့သူ ဘုန်းတော်ကြီး ဂျိမ်းကိုးလ်ဘက်က –

"ကျုပ် ဆီ ကို ဈေးသည်အဝတ်အစား ဝတ်ထားတဲ့ နန်းတွင်းအပျိုတော် တစ်ယောက် ရောက်လာတယ်။ ခဏကြာတော့ နောက်ထပ် အပျိုတော် တစ်ဒါဇင်လောက် ရောက်လာပြန်တယ်။ ဒါနဲ့ သူတို့ကို တတ်နိုင်သမျှ လုံအောင် ဝှက်ထားရတော့တာပေါ့။ သူတို့ ရောက်ပြီး မိနစ်အနည်းငယ်လောက်



ဘုန်းကြီးကျောင်းပြသဒ်



နန်းတော်ပြာသာဒ်

အမေ့ဥယျာဉ်စာအုပ်တိုက်

ကြာတော့ ကုလီလို ဝတ်စားထားတဲ့ လူတစ်ယောက် ရောက်လာပြန်တယ်။ ဒီတော့ ကျုပ်က သွား တံခါးဖွင့်ပေးပြီး...

'ဘယ်သူလဲ' လို့ မေးတယ်။

'ကျုပ် ညောင်ရမ်းမင်းသားပါ။ ကျုပ်ကို ကယ်ပါ'လို့ သူက ပြောတယ်။

"ညောင်ရမ်းမင်းသားဟာ တော်တော်ထိတ်လန့်နေပုံရတယ်။ သူ့ကို အကျဉ်းချထားတဲ့ အိမ်တစ်အိမ်ကနေ ထွက်ပြေးလာခဲ့တာ။ ညောင်ရမ်းမင်းသား ထွက်ပြေးဖို့ ကူညီရမလားဆိုပြီး သူ့ဦးရီးတော်ကို ဓားနဲ့ပိုင်းလိုက်သတဲ့။ ဒါပေမယ့် သေတော့ မသေဘူးတဲ့"


"ညနေ မှောင်စပျိုးလာတော့ ကျုပ်တို့ ညောင်ရမ်းမင်းသားကို တမယ်လ် ကုလီတစ်ယောက်လို ဝတ်စားပေးပြီး သံတဲထဲကို ခေါ်လာခဲ့ရတယ်။ သံတဲဝင်း အဝင်ဝမှာ စောင့်နေတဲ့ မြန်မာအစောင့်တွေ ရှေ့ကနေ ခေါ်သွင်းလာခဲ့ရတာ။ အဲဒီတုန်းက မိုးကလည်း ရွာနေတော့ သူက ကျုပ်ကို ထီးဆောင်းမိုးပေး၊ လက်က မုန့်အိမ်ကို ဆွဲပေါ့လေ။ အန္တရာယ်ကင်းသည်အထိ သူ့ကို အစေခံလို ပြောဆိုဆက်ဆံရတာပေါ့။

ထို သို့ ကူ ညီ ခဲ့ မှု ကြောင့် ညောင်ရမ်းမင်းသားက...

"ကျုပ်မှာ အဖေနဲ့ အမေပေးတဲ့ အသက်မရှိတော့ဘူး။ ဘုန်းတော်ကြီးကိုးလ်ဘက်ပေးတဲ့ အသက်ပဲ ရှိတော့တယ်" ဟု ပြောခဲ့သည်။

သူတစ်ပါးကျေးဇူးကို ထုတ်ဖော်ရာတွင် ထိုစကားထက် လေးနက်သည့် စကား မရှိနိုင်တော့ပြီ။

သို့ရာတွင် မင်းတုန်းမင်းသည် ကံတော်မကုန်သေး။ သူ့ သားတော်၊




ဗဟိုစင်



ကျုံးပေါ်က နွေဦးအလှ

သမီးတော်များ၏ အော်ဟစ်ငိုယိုသံများသည် သူ့နားသို့ ရောက်နိုင်သေးသည်။ သူ့သားတော်များသည် အကျဉ်းထောင်သို့ ရောက်နေပြီး အသက်အန္တရာယ်ကျရောက်တော့မည်ကို မင်းတုန်းမင်း သိသည်။ ထို့ကြောင့် သားတော်သမီးတော်တို့ကို ချက်ချင်းလွှတ်ပစ်ရန် အမိန့်ပေးကား မိမိရှေ့တော်သို့ ခေါ်လာရန် အမိန့်ပေးသည်။ သို့ဖြင့် မင်းတုန်းမင်းသည် ကံတော်မကုန်ခင် ရက်အနည်းငယ်အလိုတွင် သူ့နန်းဆက်၏ အနာဂတ်အတွက် တတ်နိုင်သမျှ အားထုတ်ခဲ့သေးသည်။



စွယ်တော်စင်

အမေ့ဥယျာဉ်စာအုပ်တိုက်




သီပေါမင်းသား သာမဏေဝတ်ခဲ့သည့်ကျောင်း

မင်းတုန်းမင်း၏ အားထုတ်မှုသည် အားနည်းသည့် အားထုတ်မှုသာ ဖြစ်ပါသည်။ ကယောက်ကယက် ဖြစ်နေသော သေခါနီးလူတစ်ယောက်၏ အားထုတ်မှုသာ ဖြစ်ပါသည်။ မိမိ သားတော်ကြီးသုံးယောက်တို့က ရင်ခွင်ပိုက်



တောင်ခွင်မင်းကြီး၏အိမ်

ဘုရင်များအဖြစ် တိုင်းပြည်ကို သုံးပိုင်းခွဲ၍ အုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ သားတော်ငယ်များ၊ သူတို့၏ ညီတော်များ၊ အဖေတူ အမေကွဲ ညီတော်များသည် မိမိတို့နှစ်သက်သော မင်းသားကြီး တစ်ဦးဦးနောက်သို့လိုက်ရန် ရွေးချယ်နိုင်ကြောင်းဖြင့် မင်းတုန်းမင်း ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ထက်မှားသော ဆုံးဖြတ်ချက်ဟူ၍



တိုက်တော်တံခါးပေါက်

ရှိနိုင်တော့မည် မထင်ပါ။ ထိုအတိုင်းသာဆိုလျှင် ပြည်တွင်းစစ်ကြီး မုချဖြစ်တော့မည်။ ဤတွင် အစိုးရကိစ္စဝဝတို့ကို ခန့်ခွဲရမည့် ဝန်ကြီးများသည် ထိုဆန္ဒကို အကောင်အထည်ဖော်ခြင်းပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ နန်းတော်မှ မင်းသားများ ထွက်ခွာလာသည်နှင့် သူတို့ တပ်သားတစ်သိုက်က ဝိုင်းဝန်းတိုက်ခိုက်ကာ ဖမ်းဆီးပြီး အကျဉ်းထောင်ထဲသို့ ပြန်၍ပို့ကြသည်။ ယခုတစ်ခေါက်တွင်ကား



ဘုန်းကြီးပျံ (သာသနာပိုင်၏ ရုပ်ကလာပ်တော်)

ထိုမင်းသားများသည် အကျဉ်းထောင်ထဲမှ အသက်ရှင်လျက် ထွက်မလာကြ တော့ပြီ။

နောက် ဆယ့်နှစ်ရက်ကြာသည့်အခါတွင် မင်းတုန်းမင်း ကံတော်ကုန် သည်။ အလောင်းတော်ကို မှန်နန်းတော်တွင် အခမ်းအနားဖြင့် ပြင်ဆင်ထား သည်။ အသုဘရှုရန် ဧည့်သည်များကို ဖိတ်ကြားသည်။

အင်္ဂလိပ်လူမျိုး ဧည့်သည်တစ်ဦးက

“ထိုင်ဖုံသဏ္ဌာန်တစ်ခုပေါ်တွင်ရှိသော ဘုရင်၏ရုပ်ကလာပ်ကို ကြည့်ရှု ရန် ကျုပ်တို့ မှန်နန်းဆောင်သို့ ရောက်သွားကြသည်။ မျက်နှာကြက်မြင့်မြင့်နှင့် မည်းမှောင်နေသော အခန်းကျယ်ကြီးတစ်ခန်း ဖြစ်သည်။ မင်းသမီးနှစ်ပါးတို့က ရုပ်ကလာပ်အနီးတွင် ဒူးထောက်ထိုင်ပြီး ယပ်ခပ်ပေးနေကြသည်။ ရုပ်ကလာပ်၏ ခြေရင်းတွင် မိဖုရားများ၊ မင်းသမီးများနှင့် အပျိုတော်များ ထိုင်နေကြသည်။ ရုပ်ကလာပ်ကို အဖြူရောင် လွှမ်းထားသကဲ့သို့ ယင်းတို့အားလုံးမှာလည်း တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ် ဝတ်ထားကာ ဒူးထောက်ထိုင်နေကြသည်။ ရုပ်ကလာပ်မှာ သဘာဝကျကျ အိပ်နေသကဲ့သို့ရှိပြီး လတ်ဆတ်နေသေးသဖြင့် လွန်ခဲ့သည့် နှစ်ရက်ခန့်လောက်ကမှ ကံတော်ကုန်ခဲ့သည်ဟု ထင်မှတ်ရသည်” ဟု ရေးခဲ့သည်။

✣

# သမိုင်းထဲက မန္တလေး
# မန္တလေးထဲက သမိုင်း

[ ၂ ]

ဤနေရာတွင် အခြားနေရာများကို ခဏထား၍ မင်းတုန်းမင်း၏ စရိုက်နှင့် စိတ်နေသဘောထားကို ပြောရဦးမည်။ မင်းတုန်းမင်းသည် နောင်တော်နှင့် ဂရိတ်ဗြိတိန်တို့ တိုက်ကြသည့် ဘေးဒုက္ခများလှသော စစ်ပွဲကြောင့် တိုင်းပြည် ဖရိုဖရဲဖြစ်နေချိန်တွင် နန်းတက်လာခဲ့သည်။ မြန်မာကေရာဇ် နိုင်ငံတော်ဟောင်း၏ အကြွယ်ဝဆုံးသောပြည်နယ်ကို နိုင်လိုမင်းထက် လုပ်တတ်ပြီး ပရိယာယ်များသော ဒါလဟိုဇီက ယူငင်သွားခဲ့ပြီးပြီ။ သူ့နန်းတော်သည်လည်း စိတ်ရောဂါစွဲကပ်သော ခမည်းတော် သာယာဝတီမင်း၏ ကြောက်မက်ဖွယ် ရက်စက်ရိုင်းပျမှုများကြောင့် ဂုဏ်သရေညှိုးနွမ်းခဲ့လေပြီ။ သို့ဖြင့် သူ၏ အနာဂတ်သည် အိမ်နီးချင်းဖြစ်သည့် ဗြိတိသျှ (အောက်မြန်မာပြည်အစိုးရ) အပေါ်တွင်သာ တည်နေသည်။ ဗြိတိသျှတို့ကလည်း သူ့ကို နန်းမှချလိုလျှင် လက်ဖြင့် အသာဆွဲချလိုက်ရုံသာ ရှိတော့သည်။ သို့ရာတွင် မင်းတုန်းမင်းသည် ဗြိတိသျှတို့နှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သည်။ သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ တစ်စိတ်တစ်ပိုင်းသာ ကျန်တော့သည့် သူ့တိုင်းပြည်ကို မြန်မာဘုရင်တို့လက်ထက်တွင် မရှိဖူးသည့် စည်ပင်ဝပြောမှုမျိုးရအောင် ဆောင်ရွက်ခဲ့သည်။ မင်းတုန်းမင်းတွင် ကြင်နာသနားတတ်သော စိတ်ရှိကြောင်းကို အများအပြားကပင် သက်သေခံကြသည်။ မင်းတုန်းမင်းက သနားကြင်နာစွာ ဆက်ဆံလေ့ရှိသည့် ဘုန်းတော်ကြီး ဒေါက်တာမတ်က အထက်မြန်မာပြည် မြို့တော်တွင် သူ နေထိုင်ခဲ့သည့် ငါးနှစ်အတွင်း၌ အများပြည်သူတို့ရှေ့တွင် ကွပ်မျက်သည့် ကိစ္စမျိုးကို တစ်ခါမျှ မတွေ့ရဟု သက်သေခံသည်။ ၁၈၆၉ ခုနှစ်တွင် သာသနာကို ပြစ်မှားသည်ဟုဆိုကာ (ဓာတ်ဆရာ)ဦးပိုကို တံကျင်လျှို၍

ကွပ်မျက်ခဲ့သည့်ကိစ္စဖြစ်ခဲ့သည်။ ထိုစဉ် ဗြိတိသျှ သံကိုယ်စားလှယ် ဆာဂျွန် လောရင့်စ်က ထိုပြစ်ဒဏ်အတွက် ဝမ်းနည်း၍ ထိုအဖြစ်မျိုးကို စက်ဆုပ်ကြောင်း ဘုရင်ထံသို့ အကြောင်းကြားသည်။ မင်းတုန်းမင်းသည် ထိုဝေဖန်ချက်အတွက် တော်တော် စိတ်ထိခိုက်ဟန်ရှိသည်။ ကျွန်ုပ်နှင့် နှစ်ဦးချင်းစကားပြောဆိုသည့် အခါတိုင်း ထိုကိစ္စကို မကြာခဏ ရည်ညွှန်းပြောဆိုလေ့ရှိသည်ဟု ဒေါက်တာ မတ်က ရေးခဲ့သည်။



ဘုရင့်လက်သုံးတော် ပန်းပုပညာရှင်များ

မင်းတုန်းမင်းသည် သနားကြင်နာတတ်သည်။ ဘာသာတရား ကိုင်းရှိုင်းသည်။ တစ်ခါတစ်ရံတွင် မင်းတုန်းမင်း၏ ရက်ရောသဘောထားကြီးမှုသည် အဆုံးစွန်သို့ပင် ရောက်သွားတတ်သေးသည်။ မင်းတုန်းမင်းနှင့် မကွေးမိဖုရားတို့ လမ်းခွဲကြပုံနှင့်ပတ်သက်၍ ပုံပြင်ဟောင်းတစ်ခု ရှိသည်။ ထိုပုံပြင်မှာ ရယ်စရာပင် ကောင်းနေသေးသည်။ တစ်နေ့တွင် မကွေးမိဖုရားသည် မင်းတုန်းမင်း ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားကာ မိမိနှစ်သက်သောသူကို လက်ထပ်ခွင့်ပြုရန် တောင်းသည်။ မကွေးမိဖုရားနှင့် လက်ထပ်မည့်သူမှာ ဧရာဝတီမြစ်ရိုး တစ်လျှောက်တွင် ရောင်းဝယ်ဖောက်ကားနေသည့် ကုန်သည်တစ်ယောက်ဖြစ်ပြီး မကွေးမိဖုရားနှင့် ငယ်စဉ်တောင်ကျေးက ချစ်ခင်နှစ်သက်ခဲ့သူ ဖြစ်သည်ဟု ဆိုသည်။

## အမေ့ဥယျာဉ်စာအုပ်တိုက်

မင်းတုန်းမင်းက အလွယ်တကူပင် သဘောတူလိုက်သဖြင့် နန်းတော်တစ်ခုလုံး အံ့သြကြရသည်။

"ငါသည် ဘွဲ့မည်ရည်၊ ပိုက်ဆံကြေးငွေနှင့် လယ်ယာတို့ကို ယခင်က စွန့်လွှတ်ခဲ့ဖူးပြီ။ ရှေးက မလုပ်ဖူးသေးသော စွန့်လွှတ်မှုမျိုးကို လုပ်နိုင်ရန်အတွက် ငါ့ကို လမ်းပြရန်မှာ မကွေးမိဖုရား၏ တာဝန်သာ ဖြစ်သည်။ သူ့ဆန္ဒကို ငါသဘောတူတော်မူသည်" ဟု ပြောခဲ့သည်။

ညနေ ညီလာခံဝင်ချိန်တွင် မင်းတုန်းမင်းက မကွေးမိဖုရား၏ မွေးစားဖခင် မန္တလေးမြို့ဝန်ကိုခေါ်၍ "မောင်မင်းဟာ မကွေးမိဖုရားရဲ့ မွေးသဖခင်ပဲ။ ငါ့ရဲ့ပြိုင်ဘက်ထံ မကွေးမိဖုရားကို ပေးလိုက်တဲ့အတွက် မောင်မင်းလည်း ငါနဲ့အတူ ကုသိုလ်ယူသင့်တယ်"ဟု မိန့်သည်။

မန္တလေးမြို့ဝန်မှာ ထိုသို့ ခွင့်လွှတ်သည့် သဘောမရှိ။ မကွေးမိဖုရားသည် မိုက်လည်းမိုက်မဲ၍ သစ္စာဖောက်ရာလည်းရောက်သည့် ပြစ်မှုကို ကျူးလွန်သူဟု မြင်သည်။

"မှန်လှပါ၊ မကွေးမိဖုရားသည် သေစားသေစေခံထိုက်သူ ဖြစ်ပါသည် ဘုရား။ အရှင် ခွင့်ပြုလျှင် ကျွန်တော်မျိုးကိုယ်တိုင် သူ့ကို သတ်ပါမည်ဘုရား" ဟု လျှောက်တင်သည်။

သို့ရာတွင် မင်းတုန်းမင်းသည် သူ့စကားကိုမဖျက်။ စိတ်ကူးယဉ်သည့် မကွေးမိဖုရားအား အေးချမ်းစွာနေခွင့်ပေးသည်။ မကွေးမိဖုရားသည် အသက်လေးဆယ် ရှိပြီဖြစ်ရုံမျှမက မင်းတုန်းမင်းတွင်လည်း မိဖုရား ကိုယ်လုပ်တော် အများအပြားရှိသဖြင့် ထိုသို့ အလွယ်တကူ စွန့်လွှတ်ခြင်းဖြစ်သည်ဟု အပြောင်အပြက်ပြောသူများ ပြောကောင်းပြောကြပါလိမ့်မည်။ သို့ရာတွင် ထိုအဖြစ်အပျက်သည် မင်းတုန်းမင်း၏ စိတ်နှလုံးကောင်းရှိခြင်းနှင့် ကြင်နာသနားတတ်သော အဖြစ်အပျက်ကို ဖော်ပြနေသည့် အဖြစ်အပျက်တစ်ခုဖြစ်သည်။ မိမိ၏ ဗြိတိသျှ အိမ်နီးချင်းများနှင့် ငြိမ်းချမ်းစွာနေလိုသော ဆန္ဒရှိကြောင်းကိုလည်း မင်းတုန်းမင်းသည် အထောက်အထားများစွာ ပြခဲ့သည်။ မင်းတုန်းမင်းသည် ပဲခူးကို သိမ်းပိုက်ခြင်းနှင့်ပတ်သက်၍ မည်သည့်အခါကမျှ တရားဝင် အသိအမှတ်ပြုခြင်း မရှိခဲ့။ မည်သည့် စာချုပ်ကိုမျှ ချုပ်ဆိုခြင်းမပြုခဲ့။ တစ်ခါတုန်းက မြန်မာဘုရင် တစ်ပါးသည် တရုတ်တို့၏ ကျူးကျော်မှုကြောင့် ထွက်ပြေးခဲ့ဖူးသည်။ ထို့ကြောင့် ယနေ့တိုင် သူ့ကို "တရုတ်ပြေးမင်း" ဟူသည့် အမည်ဖြင့် သိကြသည်။

မြန်မာတို့သည် အပြောင်အပြက် အမည်ပေးတတ်သည့် လူမျိုးဖြစ်သည်။ မင်းတုန်းမင်းသည် "ပဲခူးကို လက်မှတ်ထိုး၍ အပ်လိုက်သူ" အဖြစ် ရာဇဝင်တွင် စာတင်ခံရမည်ကို ကြောက်သည်။ လက်မှတ်ထိုးရန် ဗြိတိသျှ သံကိုယ်စားလှယ်က တိုက်တွန်းသည့်တိုင် ဝန်ကြီးများက သဘောတူရန် အကြံပေးကြသည့်တိုင် မင်းတုန်းမင်းသည် လိုက်လျောခြင်းမပြု။

"သည်ကိစ္စလို အရေးကြီးတဲ့ ကိစ္စမျိုးမှာ ငါက တခြားသူတွေထက် သတိထားမှ ဖြစ်မှာပေါ့။ ငါ့နိုင်ငံရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ ငါ့မှာ တာဝန်ရှိတယ်" ဟု မင်းတုန်းမင်းက သူ၏ စိတ်ချယုံကြည်သော မိတ်ဆွေတစ်ဦးကို ပြောဖူးသည်။

သို့ရာတွင် ထိုအချက်မှလွဲလျှင် မင်းတုန်းမင်းသည် ဗြိတိသျှတို့နှင့် ရင်းနှီးချစ်ကြည်စွာ နေလိုသည့်ဆန္ဒကို ပြခဲ့သည်။ သူသည် ယခင်က မြန်မာမင်းတို့ တစ်ခါမျှ ပေးဖူးခြင်းမရှိသော သက်ညှာမှုမျိုးဖြင့် ဗြိတိသျှသံကိုယ်စားလှယ်အဖွဲ့ကို ကြိုဆိုခဲ့သည်။ ထိုကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံရာတွင် သူပြောသည့် စကားများသည် တစ်ဦးကိုတစ်ဦး အထင်မှားမှုကြောင့် မည်သို့သော ဆိုးပြစ်များ ပေါ်ပေါက်လာတတ်ကြောင်း၊ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်း ပီသမှုတို့ကြောင့် မည်သည့် အကျိုးကျေးဇူးများ ပေါ်ထွက်လာတတ်ကြောင်း စသည့် အကြောင်းများဖြစ်သည်။ မင်းတုန်းမင်းသည် ထိုသဘောထားများနှင့် အညီလည်း နေထိုင်ကျင့်ကြံခဲ့သည်။

မင်းတုန်းမင်းသည် သူ၏ ကျမ်းဂန်တတ်မြောက်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှုတို့အတွက် ဂုဏ်ယူတတ်သည်။ ဗြိတိသျှ သံကိုယ်စားလှယ်များနှင့် စကားပြောရာတွင် မင်းတုန်းမင်းသည် ဗုဒ္ဓစာပေတို့ကို သူ တတ်ကျွမ်းကြောင်း၊ လူ့သဘာဝနှင့် ပတ်သက်၍ များစွာနားလည်ခြင်း မရှိကြောင်းတို့ကို မကြာခဏ ထုတ်ဖော်ပြောဆိုတတ်သည်။ သူ၏ငြိမ်းချမ်း၍ လေးစားဂုဏ်ပြုဖွယ်ကောင်းသော ဘဝတစ်သက်တာတွင် ပဉ္စမသင်္ဂါယနာတင် မင်းတရားဆိုသည့်အမည်လောက် သူ ခံမင်မြတ်နိုးသော ဘွဲ့မည်ရည်မျိုးဆို၍ တစ်ခုမျှရှိမည်မထင်။ ထိုဘွဲ့မည်ရည်သည် သာသနာ့ဒါယကာ အာသောကမင်းကြီး၏ စိတ်ဓာတ်အမွေကို ဆက်ခံသူဆိုသည့် အမည်များကို ရရှိစေခဲ့သည်။ သူ၏ မိဖုရားများ၊ သားတော်၊ သမီးတော်များ၊ တိုင်းသူပြည်သားများကို ကြင်နာသနားခြင်းအရာတွင်လည်း သက်သေအထောက်အထားတွေ တစ်ပုံတစ်ပင်ရှိ၏။

သူ၏ အကောင်းဆုံးပြည်နယ်ကို ဆုံးရှုံးလိုက်သည့်အခါ မင်းတုန်းမင်းသည် သူ၏ဘဏ္ဍာတိုက်ကို ဖြည့်တင်းရန်အတွက် အခြားသော နည်းလမ်းများကို ရှာကြံလာခဲ့ရသည်။ မင်းတုန်းမင်းသည် နိုင်ငံတော်လက်ဝါးကြီးအုပ် စီးပွားရေးစနစ်ကို စဉ်းစားလာခဲ့ရကာ သူ့နိုင်ငံတော်ထဲတွင် အကြီးဆုံး ကုန်သည်ကြီးဖြစ်လာခဲ့ရသည်။ ထိုကိစ္စများကို စီမံခန့်ခွဲသည့်ကိစ္စနှင့် ဝန်ကြီးများ၊ မိမိအပါးတွင်ရှိသည့် အခြားသူများနှင့် ဆက်ဆံရေးကိစ္စများတွင် မင်းတုန်းမင်းသည် ကျွမ်းကျင်ပါးနပ်မှုများနှင့် အမြော်အမြင်ရှိမှုတို့ကို ပြသခဲ့သည်။ ချုပ်၍ပြောရလျှင် မင်းတုန်းမင်းသည် ထိုခေတ်က မြန်မာ့ယဉ်ကျေးမှုက ထုတ်လုပ်ပေးနိုင်ခဲ့သော လူကောင်းတစ်ယောက်နှင့် မင်းကောင်းတစ်ပါးဖြစ်သည်။ သူ့တိုင်းပြည်၏ မည်းမှောင်အုံ့မှိုင်းသော သမိုင်းတစ်လျှောက်တွင် မင်းတုန်းမင်း၏ ဘဝမှတ်တမ်းများကို ပြန်ကြည့်ရခြင်းသည် စိတ်ချမ်းမြေ့ဖွယ်ကောင်းသည်။ မင်းတုန်းမင်း၏ ကောင်းမြတ်သော စေတနာ၊ ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို လိုလားသည့် သူ့ဆန္ဒ၊ သူ့ သားသမီးများ၏ ဘဝသာယာရေးအတွက် သူ့မျှော်လင့်ချက်တို့သည် ရည်မှန်းသည့်အတိုင်း အကောင်အထည်ပေါ်မလာခဲ့။ သူအုပ်စိုးမှုသည် အပျက်အစီး၊ အဆုံးအရှုံး လှိုင်းလုံးကြီးများထဲမှ တိုတောင်းသော ကြားကာလကလေးသာ ဖြစ်သည်။ သူနတ်ရွာစံပြီး (၇) နှစ်အတွင်း၌မူ သူ့မင်းဆက်သည် အဆုံးသတ်ခဲ့လေပြီ။ သူ့နိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံများစာရင်းမှ ပယ်ဖျက်ခံခဲ့ရလေပြီ။

မင်းတုန်းမင်း၏ ဈာပနပြီးသည့်နောက်တစ်နေ့တွင် သီပေါအား မင်းအဖြစ် ကြေညာခဲ့သည်။ ငါးလကြာသည့်အခါတွင်မူ သူ့ကို စိုးမိုးခြယ်လှယ်နေသည့် မိန်းမများကြောင့် မိမိ၏ နောင်တော်၊ ညီတော်များ၊ အစ်မတော်၊ ညီမတော်များနှင့်ပတ်သက်၍ အကောင်းဆုံးရွေးချယ်နိုင်၊ လုပ်နိုင်သည့် နည်းလမ်းမှာ ယင်းတို့ကို ကွပ်မျက်သုတ်သင်သည့် နည်းပင်ဖြစ်သည်ဟု သီပေါဆုံးဖြတ်လိုက်သည်။

ဆွေတော်မျိုးတော်တို့ကို ကွပ်မျက်စီရင်ခြင်းကြောင့် မြန်မာပြည် တစ်ဝန်းလုံးတွင် အထိတ်တလန့်ဖြစ်သွားခဲ့သည်။ ထိုအတိုင်းလည်း ဖြစ်ရမည်သာဖြစ်သည်။ သို့ရာတွင် မြန်မာလူမျိုးတို့နှင့် စကားပြောခဲ့ရသူတစ်ယောက်အဖို့၊ မြန်မာဘုရင်လက်ထက်က အပျိုတော်အဖြစ် အမှုထမ်းခဲ့သော အမျိုးသမီးများအဖို့ လက်ရှိအစိုးရထံတွင် အမှုထမ်းနေသည့် အရာရှိများအဖို့၊ ပုဂ္ဂိုလ်အချို့



ပန်းခုံတော်

အဖို့ကား ထိုအကြောင်းနှင့် ပတ်သက်၍ ပြောပြရာတွင် ဘုရင်၏ ရက်စက်ကြမ်းကြုတ်မှုကို ထိတ်လန့်ကြောက်ရွံ့သည့် လက္ခဏာကို မတွေ့ရ။


ဆွေတော်မျိုးတော်တို့ အရေးတော်ပြီးသည့်နောက်၌ ညှို့ဖျင်းသော အုပ်စိုးမှုနှစ်ကာလများ ရှိခဲ့သည်။ နေ့ရက်တွေ ကုန်လွန်လာသည်နှင့်အမျှ ဘုရင်၏ အားနည်းချက်နှင့် အရည်အချင်း မပြည့်ဝမှုတို့သည် ထင်ရှားသည်ထက် ထင်ရှားလာခဲ့သည်။ နန်းတော်ထဲတွင် ဝမ်းနည်းဖွယ်ရာ ပြဇာတ်တစ်ခု ကပြနေသကဲ့သို့ ရှိသည်။ ထိုပြဇာတ်၏အချုပ်မှာ မိဖုရား၏ မနာလိုဝန်တိုမှုနှင့် မိမိ၏ ကြင်ရာတော်အား အခြားမည်သည့်မိန်းမမျှ သြဇာလွှမ်းမိုးခြင်း မပြုနိုင်အောင် တားဆီးလိုသည့် ပိုင်းဖြတ်ချက်ဖြစ်သည်။ ထိုကာလအတောအတွင်း နန်းတော်ထဲမှအကြောင်းအရာ အသေးစိတ်တို့နှင့် ပတ်သက်သည့် အထောက်အထားများမှာလည်း ပေါများလှသည်။ အချစ်ဇာတ်လမ်း ရောစွက်နေသော အိမ်တွင်း ဇာတ်လမ်းကလေးများသည် မြန်မာမှတ်တမ်းဆရာတို့အဖို့ ရေး၍ ကုန်နိုင်ဖွယ်မရှိ။ အစတွင် ဘုရင်ကို ချစ်ခင်စုံမက်ခဲ့ဟန်တူသည့် စိတ်ဓာတ်ပြင်းထန်သော အမျိုးသမီးနှင့် သူ့စရိုက်နှင့်အညီ စိတ်ဓာတ်ပျော့ညံ့သော ကြင်ရာတော်တို့အကြားမှ အမျိုးမျိုးသော ပဋိပက္ခတို့နှင့် ပတ်သက်၍လည်း အတော်အတန် ပြည့်စုံသည့် မှတ်တမ်းအထောက်အထား တွေ့ရှိသည်။ မန္တလေးနှင့် ဧရာဝတီမြစ်တစ်ရိုးတွင် ခရီးသွားနေသူတစ်ယောက်အဖို့ မန္တလေး နန်းတွင်းမှ အကောက်ကြံမှုများ၊ မနာလို ဝန်တိုမှုများနှင့် ပတ်သက်သည့် ထူးဆန်းသော ပုံပြင်များကို ယခုတိုင် ကြားနေရသေးသည်။ မိမိအပေါ်တွင် ချုပ်ချယ်ထားသော ကန့်သတ်ချက်များမှ ရုန်းထွက်ရန် ကြိုးစားတိုင်း မှန်တိုင်းပမာ ဆူညံပြင်းထန်သော အဖြစ်အပျက်များ ပေါ်ပေါက်လာတတ်သည့် အကြောင်းများကို ယခုတိုင် ကြားနေရဆဲဖြစ်သည်။

ရေးအစဉ်အလာ ထုံးစံအရ ဘုရင်သည် မိမိကြိုက်သလောက် မောင်းမကိုယ်လုပ်တော်များထားနိုင်သည်။ မိဖုရား လေးပါးတင်မြှောက်နိုင်သည်။ သီပေါမင်းသည် စုဖုရားလတ်၊ စုဖုရားကြီးတို့နှင့် စုလျားရစ်ပတ် လက်ထပ်သည်။ စုဖုရားကြီးမှာ အစ်မကြီးဖြစ်သဖြင့် သူ့ကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်သည်။ စုဖုရားကြီးအား ဖယ်ထုတ်ရန်နှင့် သူ့အား အမည်ခံ မိဖုရားခေါင်ကြီးအဖြစ်သာ ထားရန်မှာ စုဖုရားလတ်၏ ပထမဆုံးသော အလုပ်ဖြစ်သည်။ စုဖုရားကြီးမှာ ရုပ်ရည်ချောမောသူ မဟုတ်သဖြင့် ထိုကိစ္စကို အခက်အခဲမရှိ

လုပ်နိုင်ခဲ့ပါသည်။ ညနေ တစ်ညနေတွင် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ မန်ကျည်းပင်ရိပ်တို့ အုံ့ဆိုင်းနေသော စစ်ကိုင်းသို့ ရောက်သွားသည်ဆိုလျှင် စုဖုရားလတ်၏ အမိန့်ဖြင့် စုဖုရားကြီး၏ နို့ထိန်းနှင့် အပျိုတော်တို့ အကျဉ်းထောင်ထဲတွင် တဖြည်းဖြည်း ငတ်မွတ်သေဆုံးသွားရပုံကို ယခုတိုင် ကြားနိုင်သေးသည်။

စုဖုရားလတ်အဖို့ ထို့ထက် ခက်ခဲသော အလုပ်တစ်ခု ပေါ်လာခဲ့သည်။ ယင်းမှာ အခြားမဟုတ်။ သီပေါက "မိခင်ကြီး" အမည်ရှိ လှပချောမောသော မိန်းကလေးတစ်ယောက်ကို ချစ်ခင်စုံမက်နေသောကြောင့် ဖြစ်သည်။ "မိခင်ကြီး" သည် ဝန်ကြီးတစ်ပါး၏ မြေးဖြစ်ပြီး သီပေါနှင့် စုဖုရားလတ်တို့မှ ဖွားမြင်သော ကလေးငယ်ကိုပြုစုထိန်းသိမ်းရသည့် အပျိုတော်ဖြစ်သည်။သီပေါမင်းနှင့် မိခင်ကြီး (ဒိုင်းခင်ခင်) တို့အကြောင်းကို တစ်ကြိမ်မက ပြောခဲ့ကြလေပြီ။ အတိုချုပ်ပြောရလျှင် မိခင်ကြီးသည် သူ့ပြိုင်ဘက်၏အမုန်းနှင့် သူ့ချစ်သူ သီပေါမင်း၏ ပျော့ညံ့မှုတို့၏သားကောင်အဖြစ် ကျရောက်ခဲ့ရသည်။ သီပေါမင်း၏ဘဝတွင် ထိုအဖြစ်အပျက်ထက် ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အဖြစ်အပျက် ရှိမည်မထင်။ ထိုအဖြစ်အပျက်ကိုကြည့်၍ သီပေါမင်းသည် စိတ်ဓာတ်ပျော့ညံ့လွန်းသူအဖြစ် ထင်ရှားလာခဲ့သည်။ သူ့မင်းဆက်နှင့် ရာဇပလ္လင်ကို ဆုံးရှုံးခဲ့ရသည့် အဖြစ်အပျက်များအတွက် စိတ်မကောင်းဖြစ်သူတို့ကပင် ထိုအဖြစ်အပျက်ကြောင့် သီပေါအပေါ်တွင် စာနာမှုကင်းသွားခဲ့ကြသည်။ ယခုအချိန်တွင် မိဖုရားခေါင်ကြီးသည် သီပေါမင်းအပေါ်တွင် လုံးဝအသာစီးရသွားလေပြီ။စိတ်ဓာတ်ခိုင်မာမှု၊ပြတ်သားမှုတို့ကြောင့် စုဖုရားလတ်သည် နိုင်ငံတော်ကိစ္စများတွင် ခေါင်းဆောင်အပိုင်းမှ ပါဝင်သွားခဲ့သည်။

နန်းတော်အပြင်ဘက်တွင်မူ ဘုရင်၏အာဏာသည် ယိုယွင်း ကျဆင်းနေလေပြီ။ လူဆိုးဂိုဏ်းများသည် တိုင်းပြည်တစ်ဝန်းတွင် လုယက်သောင်းကျန်းလျက်ရှိကာ မန္တလေးမြို့နှင့် မိုင်အနည်းငယ်ကွာအထိ ရောက်လာခဲ့ကြသည်။ တရုတ်လူဆိုးဂိုဏ်းများကလည်း ဗန်းမော်ကို ဝင်သိမ်းကြသည်။ အခွန်တော်များသည်လည်း ခမည်းတော် မင်းတုန်းမင်းလက်ထက်ကကဲ့သို့ မှန်မှန်မရတော့။ ဘုရင်၏ ဘဏ္ဍာတိုက်သည် မကြာခဏဆိုသလို ဟာလာဟင်းလင်းဖြစ်နေတတ်သည်။ မြန်မာပြည်နှင့် အင်္ဂလန်တို့၏ နိုင်ငံရေးဆက်ဆံမှုမှာလည်း ဆိုးရွားလာခဲ့သည်။ သီပေါနန်းတက်ပြီး တစ်နှစ်အတွင်း၌ပင် ဗြိတိသျှသံကိုယ်စားလှယ်သည် မန္တလေးထီးနန်းမှ ရုပ်သိမ်းလာခဲ့သည်။



နန်းတော်တစ်နေရာ

အမေ့ဥယျာဉ်စာအုပ်တိုက်

၁၈၈၀ ပြည့်နှစ်တွင် မြန်မာထီးနန်းက အိန္ဒိယဘုရင်ခံချုပ်ထံ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်။ သို့ရာတွင် ဗြိတိသျှပိုင် နယ်စပ်ဖြစ်သော သရက်မြို့ထက် ကျော်၍သွားခွင့်မရခဲ့။ ကာလကတ္တားသို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်အတွက်လည်းကောင်း၊ မန္တလေးတွင် အမြဲတမ်းလိုလို ရိုင်းပျစွာ ဆက်ဆံပြုမူခြင်းခံရသည့်အတွက် အိန္ဒိယအစိုးရအနေဖြင့် မြန်မာဘုရင် ယူဆသကဲ့သို့ ကိုယ်စားလှယ်အဖွဲ့ကို ချစ်ကြည်စွာနှင့် ဂုဏ်ကျက်သရေရှိစွာ ကြိုဆိုလက်ခံရန်အတွက်လည်းကောင်း အချိန်အခါ ကိုက်ညီခြင်း မရှိသေးဟု ဗြိတိသျှ အစိုးရက ယူဆသည်။

အမှန်အားဖြင့်လည်း မြန်မာ့ထီးနန်းသည် ဂရိတ်ဗြိတိန်နှင့် မိတ်ဆွေဖြစ်ဆက်ဆံရေးကို တကယ်လိုလားသည် မဟုတ်။ မြန်မာ့ထီးနန်းသည် စေ့စပ်ဖျန်ဖြေရေး၏အခြေခံအဖြစ် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် လျှော့ပေါ့ချက်များကိုပြုလုပ်ရန် မာနကြီးလွန်းပြီး အားနည်းလွန်းနေပြီ။ မန္တလေးထီးနန်း၏ သယံဇာတ ရင်းမြစ်များသည် ယင်း၏ ဟန်ဆောင်ပလွှားမှုကို အထောက်အကူပေးရန် ခေါင်းပါးလွန်းနေသည်။ ထိုသို့သော အခြေအနေမျိုးတွင် မန္တလေးအဖို့ အန္တရာယ်များသည့် တစ်ခုတည်းသော နည်းလမ်းသာလျှင် ကျန်တော့သည်။ မန္တလေးသည် ထိုနည်းလမ်းကို ကမူးရှူးထိုးဖြင့် ရွေးချယ်ခဲ့သည်။ ယင်းမှာ မိမိကိုယ်မိမိ ပြင်သစ်၏လက်သို့ ထိုးအပ်သည့် လမ်းဖြစ်သည်။

ပြဿနာမှာ ရှင်းသွားလေပြီ။ ဗြိတိသျှတို့ဘက်မှ ကြည့်လျှင် ဆုံးဖြတ်ရန် တစ်ခုသာ ကျန်တော့သည်။ ရောဝတီနှင့် တရုတ်ပြည်နှင့် မြန်မာပြည်အကြားရှိ အခြားသော နယ်မြေအားလုံး၊ အခြားတစ်ဖက်တွင် အိန္ဒိယနှင့် မြန်မာတို့၏ကြား နယ်မြေအားလုံးရှိ ကုန်သွယ်မှုကို စိုးမိုးချုပ်ကိုင်မည့် ဥရောပပြိုင်ဘက်တစ်ဦး ပေါ်ပေါက်လာခြင်းသည် နောင်တွင် ကြီးလေးသော ရှုပ်ထွေးမှုများကိုသာ ပေါ်ပေါက်လာစေလိမ့်မည်။ ထို့ကြောင့် သူ၏နိုင်ငံခြားဆက်သွယ်မှုကိစ္စအဝဝကို ဂရိတ် ဗြိတိန်လက်အောက်သို့ လွှဲပေးရန် သီပေါမင်းကို အကြောင်းကြားခဲ့သည်။

ရလဒ်မှာ စစ်ပွဲဖြစ်သည်။

၁၈၈၅ ခုနှစ်၊ နိုင်ဝင်ဘာလ (၄) ရက်နေ့တွင် ဗြိတိသျှစစ်တပ်သည် နယ်စပ်ကို ဖြတ်ကျော်ခဲ့သည်။ ဒီဇင်ဘာလ (၄) ရက်နေ့တွင် သီပေါမင်းသည် ရှည်လျားလှသော ပြည်နှင်ဒဏ်ကို ခံရန်အတွက် အကျဉ်းသားအဖြစ် စုန်ဆင်းလာခဲ့သည်။ ယခုတိုင်လည်း အကျဉ်းသားအဖြစ် ဆက်လက်တည်ရှိနေသေး

သည်။ နောက်ဆုံးအချိန်ထိ သီပေါသည် စိတ်ဓာတ်ပျော့ညံ့၍ ကြောက်တတ်သောလူတစ်ယောက်၏ စရိုက်ဖြစ်သည့် တွေဝေယိမ်းယိုင်မှုကို ပြသသွားခဲ့သည်။

သီပေါမင်းသည် စိတ်ဓာတ်ပျော့ညံ့သူဖြစ်ပြီး တိုင်းပြည်ကို အုပ်ချုပ်နိုင်သော အရည်အချင်းမရှိကြောင်း၊ သို့ရာတွင် သီပေါမင်းသည် ရက်စက်ကြမ်းကြုတ်ခြင်းမရှိကြောင်း၊ စိတ်ထားဆိုးယုတ်ခြင်း မရှိကြောင်းဖြင့် မြန်မာပြည်တွင် ပြောကြသည်။

ထိုမျှမက သီပေါသည် စိတ်သဘောထားကောင်းသူ၊ ကြင်နာတတ်သူ၊ စာပေကျမ်းဂန် အတော်အတန် နှံ့စပ်သူဟုလည်း ယူဆကြသည်။ သူသည် ဘုန်းတော်ကြီးကျောင်းတွင် ကြီးပြင်းခဲ့ပြီးနောက် ခမည်းတော် မင်းတုန်းမင်းကြီး ကိုယ်တိုင်က ဘုရားရှိခိုးကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးခဲ့သော ခရစ်ယာန်သာသနာပြု ဒေါက်တာမတ်၏ ကျောင်းတွင် တစ်နှစ်စာသင်ခဲ့ဖူးသည်။ အသက် (၁၉) (၂၀) အရွယ်တွင် ကမ္ဘာလောကကြီးအကြောင်းကို နားလည်ခြင်းမရှိဘဲ သူ့တိုင်းပြည်၏ သမိုင်းတွင် ခက်ခဲသည့်ကာလတစ်ခု၌ ခက်ခဲသည့် ရာဇပလ္လင်ပေါ်သို့ တက်ခဲ့ရသည်။ သဘာဝကြီးသည် သီပေါအား တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် ခန့်ညားသည့် မျက်နှာတစ်ခုကို ပေးခဲ့သည်။ သူ ဖြတ်သန်းရမည့် ခက်ခဲသည့် ပင်လယ်ခရီးကို ကျော်လွှားနိုင်မည့် စိတ်ဓာတ်မျိုးကိုမူ သူ့အား မပေးခဲ့။

စုဖုရားလတ်မှာ ရှုးသွပ်မတတ် မနာလိုဝန်တိုအားကြီးကြောင်းဖြင့် ပြော ကြသည်။ ထိုစကားသည် ဖြစ်နိုင်ဖွယ်ရှိသည်။ သီပေါမင်းနှင့် စုလျားရစ်ပတ်စဉ်က စုဖုရားလတ်သည် တောက်ပနက်မှောင်သော မျက်လုံးများဖြင့် လှပချောမောသော မိန်းမပျိုတစ်ယောက်ဖြစ်သည်။ သူ့တွင် အခြား ချို့ယွင်းချက်များရှိသည့်တိုင် သူ့အပျိုတော်များနှင့် သူသနားကြင်နာလိုသူများအားလုံး စွဲမက်စေသည့် ညို့ဓာတ်ရှိသည်။ စိတ်ဓာတ်မှာ ပြင်းထန်ပြီး အမျက်စောင်မာန် ကြီးလွန်းသည်။ စုဖုရားလတ်သည် ချစ်တတ်သော မိန်းမတစ်ယောက်ဖြစ်သည်ဆိုသည့် အချက်ကို သံသယဖြစ်သူမှာ တစ်ယောက်မျှ ရှိမည်မထင်။ စုဖုရားလတ်သည် ဣန္ဒြေသိက္ခာကြီးစွာဖြင့် နေထိုင်တတ်သည်။ သူနှင့် သိကျွမ်းသူများ၏ အဆိုအရ အနီးတွင် စုဖုရားလတ်ရှိနေခြင်းသည် အခြားမြန်မာအမျိုး သမီးတစ်ဦးရှိနေခြင်းနှင့်မတူ၊ တစ်မူထူးခြားသည်ဟု ဆိုသည်။



မိဖုရားကြီး၏ ရွှေကျောင်းကြီး

စုဖုရားလတ်သည် သူ့တိုင်းပြည်ကျဆုံးမည့်အရေးကို ကောင်းစွာသိသည်။ သူ့အား ပြည်နှင်ဒဏ်ပေးရာသို့ ခေါ်ဆောင်သွားမည့် သင်္ဘောဆီသို့

လာသောအခါတွင် စုဖုရားလတ်သည် ငိုလာခဲ့သည်။ စုဖုရားလတ်၏ စိတ်နေသဘောထားတွင် အပြစ်အနာအဆာတို့ရှိသည့်တိုင် စုဖုရားလတ်တွင် သူ့အား သူ့ကြင်ရာတော် သီပေါမင်း၏ အထက်သို့ ရောက်အောင် ပို့တင်ပေးနိုင်သည့် သတ္တိထူးတစ်ခု ရှိသည်။ ယင်းမှာ မျိုးရိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ စုဖုရားလတ်သည် နှစ်ဖက်စလုံးတွင် မင်းဆွေမင်းမျိုးမှ ဆင်းသက်လာသူ ဖြစ်သည်။ သီပေါမှာမူ မင်းမျိုးမဟုတ်ဟု အဆိုရှိသည်။ သို့မဟုတ်လျှင်လည်း စုဖုရားလတ်တွင် ပြင်းပြထက်သန်သော စိတ်ဓာတ်ရှိသောကြောင့် ဖြစ်နိုင်သည်။ ယခင်က မြန်မာ့ရာဇပလ္လင်အကြောင်းကိုပြောလျှင် သီပေါနှင့်စုဖုရားလတ်တို့ နှစ်ဦးစလုံး သက်ဆိုင်သည့်နှယ် တွဲ၍ပြောခြင်းမှာ သဘာဝကျသည်။ သူတို့သည် ယခုတိုင် အသက်ရှင်နေကြပါသေးသည်။ သို့ရာတွင် ဖြစ်မြဲဓမ္မတာအတိုင်း အချိန်ကာလ၏ မှုန်ပြာသောနောက်ကွယ်တွင် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ရတနာဂီရိတွင် သုန်မှုန်နေသော သီပေါမင်း၊ သူတို့ကို စောင့်ကြပ်နေသည့် စိတ်ညစ်နေသော အရာရှိထံ ထောက်ပံ့ငွေတိုးပေးရန် အသံစူးစူးဖြင့် တောင်းဆိုနေသော စုဖုရားလတ်တို့၏ အကြောင်းကို ကြားရတတ်ပါသည်။

ထိုအဖြစ်အပျက်များကို ရေးပြရန်မှာမူ စိတ်ထိခိုက်စရာ ကောင်းပါသည်။

✣

## သမိုင်းထဲက မန္တလေး
## မန္တလေးထဲက သမိုင်း

[ ၃ ]

မြေနန်းပြာသာဒ်တော်ရှိ ရာဇပလ္လင်ထက်မှနေ၍ မိမိရှေ့မှောက်တွင် ခစားနေကြသော မှူးကြီးမတ်ကြီးတို့ကို ငုံ့၍ ကြည့်လိုက်သည့်အခါ၌ မြန်မာနိုင်ငံ၏ ဘုရင်သည် အရှေ့တံခါးဆီသို့ ဦးတည်နေသော ရှည်လျားသည့် မင်းလမ်းမ ဖြူဖြူကို မြင်ရသည်။ အရှေ့တံခါးမှထွက်လျှင် ထိုလမ်းသည် ပြာမှိုင်းသော ရှမ်းရိုးမနှင့် တက်သစ်စနေမင်းဆီသို့ ဦးတည်သွားနေသည်။

ယနေ့တွင် ကျွန်တော်သည် နန်းမြို့ထဲက ထိုမင်းလမ်းမကို လျှောက်ကြည့်ပါသည်။

လမ်းမတော် တစ်ဖက်တစ်ချက် ခပ်လှမ်းလှမ်းတွင် အထင်ရှားဆုံး အရာမှာ ပဟိုရ်စင်နှင့် စွယ်တော်စင်ဖြစ်သည်။ ပဟိုရ်စင်မှာ နာရီစင်ဖြစ်ပြီး စွယ်တော်စင်မှာ သီဟိုဠ်ကျွန်းမှပင့်ဆောင်ခဲ့သည့် စွယ်တော်ပွားတစ်ဆူ ကိန်းဝပ်ရာဌာနဖြစ်သည်။ ပဟိုရ်စင်သည် အဆင့်သုံးဆင့်ရှိ စတုရန်းပုံ အဆောက်အအုံဖြစ်ပြီး များစွာသော မြန်မာဗိသုကာ ပညာမှုတို့ထုံးစံ လုပသည့် အဆောက်အအုံ တစ်ခု ဖြစ်သည်။ အောက်ခြေတွင် အုတ်ပလ္လင်ခံထားပြီး မြောက်ဘက်တွင် ပဟိုရ်စင်ပေါ်သို့ တက်သည့် လှေကားတစ်ခုရှိသေးသည်။ အပေါ်ထပ်တွင် သစ်သားကြမ်းခင်းထားသည်။ ထိုအပေါ်တွင် သစ်သားပန်းကြွ ရွှေရေးတို့ ဆင်ထားသည့် သစ်သားအမိုးရှိသည်။ အမိုးမှာ ရာသီဥတုဒဏ်နှင့် လျစ်လျူပြု ထားမှုတို့ကြောင့် ယိုယွင်းပျက်စီးစ ပြုနေလေပြီ။ အောက်ခံအုတ်တိုက်၏ အပေါ်တွင်ရှိသည့် အုတ်တိုင်လေးတိုင်နှင့် သစ်သားအမိုးမှလွဲလျှင် ပဟိုရ်စင် အပေါ်ထပ်တစ်ခုလုံးသည် လေးဘက်လေးတန် ဟင်းလင်းပွင့်နေသည်။ ပဟိုရ်စင်ပေါ်တွင်ရှိသည့် ရေနာရီကို နာရီတိုင်း ရေဖြည့်ပေးရသည်။ ပဟိုရ်စင်မှ

စည်တော်ကြီး တီးခတ်သံသည် နန်းမြို့အလုံးနှင့်တကွ မြို့ပြင်လေးရပ်တွင် မြည်ဟည်းနေတတ်သည်။ ပဟိုရ်စည် တီးခတ်သံသည် နေ၊ လ၊ နှစ်ဆယ့်ခုနှစ်လုံးသော နက္ခတ်များနှင့် မဟာဘုတ ဓာတ်ကြီးလေးပါးတို့နှင့် ထူးဆန်းစွာ ဆက်သွယ်ပတ်သက်နေကြသည်။

ဗုဒ္ဓဘာသာဝင် ဘုရင်တစ်ပါးအဖို့ အချိန်ကာလသည် မည်သို့သော အသွင်ကို ဆောင်သနည်းဟု စဉ်းစားဖွယ်ရှိသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးကို ဆင်ခြင်နေသော မင်းတုန်းမင်းအဖို့ စည်တော်ကြီး၏ထိန့်ထိန့်မြည်သော ရိုက်ကျူးသံသည် အဓိပ္ပာယ်တစ်မျိုးကို ဆောင်သကဲ့သို့ အိုမင်းစပြုပြီဖြစ်သော မိဖုရားတို့အတွက်လည်း အဓိပ္ပာယ်တစ်မျိုး ဆောင်ပေလိမ့်မည်။ အလားတူပင် အရွယ်ရောက်စပြုနေသော မင်းသမီးငယ်များနှင့် နန်းတွင်းမှ ရယ်မောနေသော ကလေးများအဖို့လည်း အဓိပ္ပာယ်တစ်မျိုးကို ဆောင်ပေလိမ့်မည်။ နန်းမြို့အပြင်မှ သာမန်လူထုအဖို့ ပဟိုရ်စည်မောင်းသံသည် သူတို့အကြားတွင် သက်ရှိဘုရင်တစ်ပါးရှိနေကြောင်း ပြောနေသကဲ့သို့ ရှိသည်။

ယခုမူ ပဟိုရ်စည်သံသည် ဆိတ်ခဲ့လေပြီ။ ဘုရင်အား အချိန်နာရီကို ပြောသည့် ယင်း၏ ရည်ရွယ်ချက်သည် ပြီးမြောက်ခဲ့လေပြီ။ ထို ပဟိုရ်စည်ကြီးအကြောင်းကို သိလိုသူတစ်ယောက်အဖို့ ရန်ကုန်မြို့ရှိ ပြတိုက်တွင် အခြားအရာများနှင့်အတူ ပဟိုရ်စည်ကို မြင်ရပေလိမ့်မည်။

ပဟိုရ်စင်အပေါ်ဆင့်မှ လှမ်းကြည့်လိုက်လျှင် နေရောင်ထဲတွင် တောက်ပနေသော အသစ်ရွှေပိန်းချထားသည့် နန်းတော်ကြီးကိုလည်းကောင်း၊ ဇရာကြောင့် အားနည်းချည့်နဲ့နေသည့် လွှတ်တော်၏ နီမွဲမွဲ အရောင်ကို လည်းကောင်း၊ မှန်တွေစီထားသည့် မင်းတုန်းမင်း၏ ဂူသင်္ချိုင်းတို့ကိုလည်းကောင်း မြင်ရသည်။ သူ့ သင်္ချိုင်းတော်၏ဘေးတွင် သူတို့ခေတ်က မိဖုရားခေါင်ကြီးများ၏ ဂူသင်္ချိုင်းများကို မြင်ရသည်။ သာယာဝတီမင်း၏ မိဖုရားခေါင်ကြီး၏ သမီးတော် စုဖုရားလတ်တို့တိုင်အောင် လွမ်းမိုးခြယ်လှယ်စိတ်ကို အမွေပေးခဲ့သည့် စုဖုရားလတ်၏ မယ်တော် အလယ်နန်းမတော်တို့၏ ဂူသင်္ချိုင်းတော်များ ဖြစ်ကြသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က သူ၏ရုပ်ကလာပ်ကို သူ ကွယ်လွန်ရာ ရန်ကုန်မှ အစိုးရသင်္ဘောတစ်စင်းဖြင့် သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က စောင့်ဆိုင်းနေရာ သင်္ဘောဆိပ်သို့ သယ်ယူလာသော သူ့ရုပ်ကလာပ်အား ရန်ကုန်မြို့က သောင်းသောင်းဖြဖြ လိုက်ပို့ကြပုံကို ကျွန်တော် မြင်ယောင်နေ



အောင်ပင်လယ်၏ အရှေ့ဦး

သည်။ မင်းတုန်းမင်း ကံတော် ကုန်သည့်နောက်တွင် မင်းညီမင်းသားများကို သတ်ဖြတ်မှုအတွက် ထို အမျိုးသမီးကြီးအပေါ်တွင် တစ်စွန်းတစ်စကလေးမျှပင် အပြစ်တင်ခြင်း မရှိကြ။

ပဟိုရ်စင်နှင့် မျက်နှာချင်းဆိုင်ရှိ စွယ်တော်စင်မှာ အဖြူရောင် အုတ်အဆောက်အအုံပုံစံ ဖြစ်သည်။ နဂါးမြီး သွယ်တန်းထားသည့် လှေကားထစ်များအတိုင်း ဆက်တက်သွားလျှင် စွယ်တော်စင်အနောက်ဘက်မျက်နှာသို့ ရောက်



တိုက်တော်မှ ပန်းပုရုပ်ကြွများ

သည်။ ထိုစွယ်တော်စင် ပုံတူကို ပဲခူးရှိ ဘုရင့်နောင်နန်းတော်၏ ရှေ့တွင်လည်း တွေ့ရသည်။ လွှတ်တော်မှာ ခိုင်ခံ့လုပသည့် ကျွန်းသားအုတ်မြစ်ကြီးပေါ်တွင် ဆောက်ထားသည့် နှစ်ထပ်အဆောက်အအုံကြီးဖြစ်သည်။ လွှတ်တော်တွင် ရွှေပိန်းချ ရာဇပလ္လင်တစ်ခုရှိသည်။ တစ်ခါတစ်ရံတွင် ဘုရင်သည် သူ့ဝန်ကြီးများ တိုင်ပင် ဆွေးနွေးကြသည်ကို ကြားနာရန် ထိုရာဇပလ္လင်တွင် ထိုင်လေ့ရှိသည်။



တိုက်တော်မှ ပန်းပုရုပ်ကြွ နဂါးရုပ်များ


ယခုအချိန်၌ ထိုလွှတ်ရုံးကို အင်ဂျင်နီယာချုပ်တစ်ဦးအား ပေးထားပြီး ထိုလွှတ်ရုံးတွင် သွားလာနေကြသည့် စာရေးစာချီများသည် လက်နက်နိုင်ငံကြီးတစ်ခုကို တည်ဆောက်နေကြသည့်နှယ် စိတ်အားထက်သန်စွာဖြင့် ပုံစံစာရွက်များ ဖြည့်နေကြသည်။ ယခင်ကမူ ထိုနေရာသည် ဘုရင်၏ နန်းရင်းဝန်ကြီး ရုံးထိုင်ခဲ့သည့် နေရာဖြစ်သည်။ သို့ရာတွင် သူတို့သည် တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်ခဲ့ရာတွင် မအောင်မြင်ခဲ့ကြပါ။ အချို့မှာ အမြင်ကျဉ်းမြောင်းသောကြောင့် ဖြစ်ပါသည်။

အချို့မှာ မိမိတို့ ကိုယ်ကျိုးစီးပွားကိုသာကြည့်ကြသော အခွင့်ရေးသမားများဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် သူတို့အထဲတွင် အခြားသော လူမျိုးများတွင်ရှိသည့် ပထမတန်းခေါင်းဆောင်များကဲ့သို့ မတော်မတည့်သည်ကို တော်တည့်အောင်လုပ်ခြင်းဖြင့် တိုင်းပြည်ကို စီမံအုပ်ချုပ်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်များလည်း ရှိကြပါသည်။ သူတို့တွင် ရှင်စေ၊ သေစေ၊ အာဏာများလည်း ရှိကြသည်။ လူတစ်ယောက်ကို အကျိုးများအောင်လည်း လုပ်နိုင်သည်။ အကျိုးနည်းအောင် လုပ်နိုင်သည်။ ထိုလူများသည် ခွေးခြေကလေးများပေါ်တွင် ထိုင်နေကြသည့် သာမန်စာရေးကလေးများ မဟုတ်ကြပါ။ ယခုအချိန်တွင်မူ အနီးမှ ဖြတ်သွားသူတို့သည် လွှတ်တော်၏အဖြစ်ကိုကြည့်၍ စိတ်မကောင်း ဖြစ်ကြရပါသည်။ (ယခု ဤစာကိုရေးပြီးသည့်အချိန်တွင် လွှတ်တော်အဆောက်အအုံကို ဖျက်ပစ်လိုက်ပြီး လွှတ်တော်ထဲရှိ ရာဇပလ္လင်မှာလည်း ကာလကတ္တားပြတိုက်သို့ ရောက်နေလေပြီ။ အတိတ်ကို မှတ်တမ်းတင်သည့်အနေဖြင့် ကျွန်တော်သည် ကျွန်တော် ရေးခဲ့သည်တို့ကိုမပြင်ဘဲ နဂိုအတိုင်း ထည့်လိုက်ပါသည်။)

စွယ်တော်စင်နှင့် မနီးမဝေးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိသည်။

သီပေါသည် ထိုကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဘုန်းကြီးကျောင်းမှာ တစ်ကျောင်းလုံး မှန်စီရွှေချထားပြီး လှပသည့် ကျောင်းဆောင်တစ်ဆောင် ဖြစ်သည်။

သို့ရာတွင် ညနေခင်းနေခြည်တို့ ဖြာကျလာသည့်အခါများ၌ နန်းတော်ကြီးကဲ့သို့ပင် ထိုကျောင်းသည်လည်း ရုတ်တရက်တောက်ပ ခမ်းနားမှုဖြင့် လင်းလက်နေပါသည်၊ ဗြိတိသျှတို့ မန္တလေးကို သိမ်းပြီးစက၊ ထိုကျောင်းကြီးကို ဗြိတိသျှတပ်သားများအတွက် ဘုရားရှိခိုးကျောင်းအဖြစ် အသုံးပြုခဲ့သေးသော်လည်း ယခုမူ ကျောင်းကြီးကို ဘာမှ အသုံးမပြုတော့ဘဲ ပိတ်ထားလိုက်ပြီ။



ရှမ်းပြည်နယ်သို့အသွား

မင်းလမ်းအတိုင်း ရှေ့သို့ ဆက်လက်သွားလျှင် ကျွန်းသားတိုင်လုံးကြီးများဖြင့် ဆောက်ထားသော သစ်တပ်ရှိသည်။ ထို့ပြင် တံခါးနီအနီးတွင် ကင်းရုံရှိသည်။ တံခါးနီတွင် တရားစည်ကြီးကို ချိတ်ဆွဲထားသည်။ ဒဏ္ဍာရီများအဆိုအရ လွန်လေပြီးသောအခါက ဘုရင့်သားတော်တစ်ဦး၏ လက်ချက်ကြောင့် ဟင်္သာဖို သေဆုံးသွားသည့်အခါတွင် ဟင်္သာမသည် ထိုတရားစည်ကြီးရှိရာသို့ လာကာ နှုတ်သီးဖြင့် စည်ကို တီးခေါက်ပြီး သူ့အား အကာအကွယ်ပေးရန် တောင်းဆိုသည်။ ဘုရင်ကြားသည့်အခါတွင် ဘုရင်က ဟင်္သာမကို တရားမျှတမှုရအောင် စီရင်ပေးသည်။ ထိုအချိန်မှစ၍ တရားစည်ကြီးသည် မင်း၏ စက်ခန်းဆောင်မှ ကြားနိုင်သည့်နေရာတွင် ထားခဲ့သည်ဟု အဆိုရှိသည်။ ဒုက္ခရောက်သူတို့သည် စည်ကြီးကို သွားရောက်တီးခတ်ခြင်းဖြင့် ဘုရင့်ထံ အကူအညီတောင်းကာ အသနားခံကြသည်။

တံခါးနီအလွန် လမ်းမတော်၏ ဝဲဘက်နှင့် ယာဘက်တို့တွင် ဘုရင့်ဝန်ကြီးများ၏ အိမ်ဟောင်းကြီးများ ရှိကြသည်။ ဝန်ကြီးများ၏ အိမ်များမှာ လွှတ်ရုံးနှင့် ဘုရင့်အမိန့်ကို ဆင့်ဆိုရသည့် သံတော်ဆင့်အနီးတွင် ရှိကြရသည်။ လမ်း၏ လက်ဝဲဘက်တွင်ရှိသည့် တောင်ခွင်မင်းကြီး၏အိမ်မှာ ယခုအခါတွင် လူသူမရှိတော့ပြီ။ (ယခု စာရေးသည့်အချိန်တွင် ဖျက်ပစ်လိုက်ပြီ။) လက်ယာဘက်ရှိ အိမ်ကြီးမှာ မူလက ပိုင်ရှင်ဖြစ်သော ကင်းဝန်မင်းကြီး ဦးကောင်းပင် နေထိုင်လျက် ရှိသေးသည်။ (ကင်းဝန်မင်းကြီးမှာ ဘုရင့်အတိုင်ပင်ခံတစ်ပါးဖြစ်ပြီး ယခု စီအက်စ်အိုင် **C.S.I (Companinon of Star of India)** ဘွဲ့ထူးကို ရရှိထားသည်။ ကင်းဝန်မင်းကြီးသည် မိမိတိုင်းပြည်၏ သမိုင်းတွင် သူ့အခန်းကို ပါဝင်ပြသပြီးခဲ့လေပြီ။ မြန်မာပြည်ရှိ တောသူတောင်သားတို့ကြားတွင် ကင်းဝန်မင်းကြီးဦးကောင်း၏ အမည်ကို မကြားဖူးသူဆို၍ တစ်ယောက်မျှမရှိ။ လမ်းမမှ အိမ်ထဲသို့ လှမ်းကြည့်လိုက်လျှင် အိမ်ထဲတွင် လူနေထိုင်လျက်ရှိကြောင်းကို သိနိုင်သည်။ အိမ်ဘေးတွင် ခြံစည်းရိုး ရှိသည်။ အိမ်ဝင်းထဲသို့ ဝင်သွားလျှင် ရထားတစ်စင်းကို တွေ့ရမည်။ မြင်းဇောင်းထဲတွင် မြင်းများကို မြင်ရမည်။ ဝင်းထဲတွင် အလုပ်လုပ်နေသော လူတစ်ယောက်ကို တွေ့ရမည်။ သို့ရာတွင် ထိုသို့သော သက်ရှင်လှုပ်ရှားမှုများကို တွေ့ရသည့်တိုင် ထိုနေရာသည် ဝမ်းနည်းကြေကွဲဖွယ် နေရာဟောင်းတစ်ခုဖြစ်သည်။ အသေးစိတ်ကို သေချာစွာ ကြည့်လိုက်လျှင် အိမ်ကြီးသည် ယိမ်းယိုင်၍ စောင်းနေလျက် ရထားသည် အိုမင်းယိုင်နဲ့



ရွှေကျင်ကျောင်းတော်ကြီး

လျက်၊ အမိုးသည် ဟောင်းနွမ်းကာ ပြင်ဆင်ခြင်းကင်းလျက်၊ မြင်းများသည် ကြုံလှီပိန်ချုံးလျက်ရှိသည်ကို တွေ့ရလိမ့်မည်။

ချုပ်၍ပြောရလျှင် ထိုအိမ်သည် ကျော်စောကိတ္တိတို့ စွန့်ခွာသွားကြပြီဖြစ်သော အရေးတကြီး ပုဂ္ဂိုလ်တစ်ဦး၏ အိမ်ဖြစ်သည်။ ကင်းဝန်မင်းကြီးသည် မြန်မာပြည်၏ အုပ်စိုးသူသစ်များက များစွာ လေးစားခြင်းခံရကာ၊ များစွာ စိတ်ချလုံခြုံသည့် အခြေအနေသို့ ရောက်နေသည့်တိုင် မိမိ၏တိုင်းပြည်ကို အုပ်ချုပ်ရသည့် နန်းရင်းဝန်ကြီးတစ်ဦး မဟုတ်တော့ပြီ။

ကိုယ့်ဘုရင်၊ ကိုယ့်အရှင်၏အတိုင်ပင်ခံ မှူးကြီးမတ်ကြီးတစ်ဦး မဟုတ်တော့ပြီ။

တစ်နေ့တွင် မိမိတို့သည် ကမ္ဘာတွင်အကြီးဆုံးသော လက်နက်နိုင်ငံကြီး၏ နိုင်ငံသားများ ဖြစ်လာကြပြီဟု များစွာသောလူမျိုးတို့ ဝမ်းမြောက်ဂုဏ်ယူကြသည့် အချိန်တစ်ချိန်သို့ ရောက်ကောင်း ရောက်လာပေလိမ့်မည်။ သို့ရာတွင် အတိတ်၏ပစ္စည်းတစ်ခုအဖြစ် ဤအိမ်အိုကြီးတွင် နေထိုင်လျက်ရှိသည့် အေးဆေးတည်ငြိမ်သော ထိုအဘိုးအိုကား ထိုသို့ဖြစ်လိမ့်မည်ဟု မမျှော်လင့်နိုင်ပါ။ လူမျိုးတစ်မျိုး၏ စိတ်ဓာတ်အတွက် တစ်စုံတစ်ရာကိုမူ သဘောတူခွင့်ပြုရမည်သာ ဖြစ်ပါသည်။

အိမ်ထဲသို့ဝင်ပြီး ကင်းဝန်မင်းကြီး ဦးကောင်းနှင့် တွေ့ဆုံကြည့်ကြပါမည်။


လှေကားမှ တက်လာခဲ့ပြီး တိုင်လုံးကြီးတွေ ထောင်ထားသည့် ဟာလာဟင်းလင်း လသာဆောင်သို့ ရောက်သည့်အခါတွင် ဇရာကြောင့် ခါးအနည်းငယ်ကိုင်းကာ တုန်ယင်စပြုနေသည့် ဂုဏ်သရေရှိ အဘိုးအိုတစ်ယောက် ထွက်လာကြိုဆို၍ လက်ဆွဲနှုတ်ဆက်သည်။ သူ့ခေါင်းတွင် အဖြူရောင်ငွေချည် ခပ်နွမ်းနွမ်းတစ်ထည်ကို ရစ်ပတ်ထားသည်။

ကိုယ်တွင် ဖြူဖွေးနေသည့် သိုရင်းအင်္ကျီရှည်ကို ဝတ်ထားပြီး ခါးတွင် အရောင်ဖျော့လွန်းသည့် ပိုးပုဆိုးတစ်ထည်ကို စည်းထား၏။ အဘိုးအိုသည် အရောင်အသွေးတို့၏ ဝင့်ဝါမှုတို့ကို နောက်တွင်ချန်ထားခဲ့လေပြီ။ ခြေထောက်တွင်လည်း ဖိနပ်စီးထားခြင်းမရှိ။ ယခုအချိန်၌ ရိုးကုပ်စွာ နေထိုင်ခြင်းသည် သူ့ဘဝ၏ ဂီတသံစဉ်တွင် တည်သံဖြစ်နေသည်။



ကုသိုလ်တော်ကျောက်စာများ

မိမိ၏ နိုင်ငံ၏ ကြီးကျယ်ခမ်းနားမှုထက် သက်တမ်းရှည်၍ ကျန်ရစ်ခဲ့သည့် အသက်ရှစ်ဆယ့်တစ်နှစ်အရွယ် အဘိုးအိုတစ်ဦးအနေဖြင့် ဘဝတွင် လောကဓံအနိမ့်အမြင့်တို့ကို ကျော်ဖြတ်ခဲ့ရသူ တစ်ဦးတစ်ယောက်အနေဖြင့် သူသည် တည်ငြိမ်လွန်းနေသည်။ သူသည် စကားကို နည်းနည်းပြောသည့်တိုင် သူ့အသံသည် အောင်မြင်၍ ခိုင်မာပြတ်သားသည်။ သောတအာရုံနှင့် အသိဉာဏ်တို့သည် ထက်မြက်နေသေးသည်။ သူ့စက္ခုအာရုံသည်လည်း မှုန်ဝါးဟန်မရှိသေး။ ဇရာဒုဗ္ဗလသည် တုန်ယင်နေသော လက်ချောင်းများပေါ်တွင်သာ သိသိသာသာ ပေါ်နေခြင်း ဖြစ်သည်။



ကုသိုလ်တော်ဘုရားမှ သစ်သားပန်းပုတံခါး

ကျွန်တော်တို့ကို နှုတ်ဆက်သည့် အဘိုးအိုသည် နူးညံ့သိမ်မွေ့သော၊ တည်ငြိမ်သော၊ တည်ကြည်ခန့်ညားသော၊ ကြေကွဲနေသောအဘိုးအိုတစ်ယောက်ဖြစ်သည်။ သူ့နောက်တွင် အတိတ်မှ သူ့လုပ်ဖော်ကိုင်ဖက်များ လိုက်ပါလာကြသည်။ သူတို့မှာလည်း မိမိတို့၏ အကြီးအကဲအဖြစ် သူ့ကို လေးစားကြသူ အဘိုးအိုများသာ ဖြစ်ကြသည်။

ယင်းတို့အထဲတွင် ရွှေတိုက်အတွင်းဝန်လည်း ပါသည်။ ရွှေတိုက်အတွင်းဝန်သည် ဟောဟောဒိုင်းဒိုင်း အသံကျယ်ကျယ်ဖြင့် ပြောတတ်သူ ဖြစ်သည်။ ရွှေတိုက်အတွင်းဝန်သည်



ကုသိုလ်တော်ကျောက်စာ

မြန်မာဘုရင်လက်ထက်က ငွေတိုက်ကို အုပ်ချုပ်ရသူ ဖြစ်သည်။ နိုင်ငံတော်၏ မော်ကွန်းတို့ကိုထိန်းသိမ်းရသူဖြစ်သည်။ ငွေတိုက်မှာ မန္တလေးကို သိမ်းသည့်ညက ပျက်စီးသွားခဲ့လေပြီ။ မြန်မာ့ထီးနန်း၏ မော်ကွန်း သံပိုင်းတို့သည် ပျက်စီးခဲ့ကြလေပြီ။ သို့မဟုတ် ပြန့်ကျဲလွင့်စဉ် သွားကြလေပြီ။

ယနေ့ တွေ့ရသူများထဲတွင် ဖန်ချက်အတွင်းဝန်လည်း ပါသည်။ ဖန်ချက်ဝန်မှာ ဘုရင်၏ ဖန်ချက်ရုံများကို အုပ်ချုပ်ရသူ ဖြစ်သည်။ ဖန်ချက်ဝန်ကား

**အမေ့ဥယျာဉ်စာအုပ်တိုက်**

မြန်မာများထဲတွင် ထူးခြားသည်ဟု ဆိုရမည်။ (ယခု ကွယ်လွန်ပြီ။)

သူသည် ၁၈၅၉ ခုနှစ်က မြို့စားကြီး ဒီဆာဆေးနှင့်အတူ ပြင်သစ်နိုင်ငံသို့ သွားခဲ့ဖူးသည်။ ပြင်သစ်နိုင်ငံ ပန်သီယွန်ကျောင်းတော်ကြီးတွင် နှစ်ပေါင်းများစွာ လေ့လာပြီးနောက် ၁၈၇၉ ခုနှစ်တွင် သူ့အား မန္တလေးမြို့သို့ပြန်ခေါ်ခဲ့သည်။ သူ၏ သခင်ရင်းဖြစ်သူ အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် နန်းတွင်းပုန်ကန်မှု တစ်ခုတွင် လုပ်ကြံခြင်း ခံရသည်။ သူသည် ပြင်သစ်စကားကို သွက်လက်စွာ ပြောနိုင်သည်။ အင်္ဂလိပ်စာကိုလည်း ကောင်းစွာတတ်ကျွမ်းသည်။

အကင်းပါးသည်။ စိတ်တိုသည့်ဟန် ရှိသည်။ မျက်နှာမှာ ခပ်သွယ်သွယ်၊ ရှင်းလင်းကြည်လင်သည်။ ကင်းဝန်မင်းကြီး ပြီးသည့်နောက် တည်ကြည်ခန့်ညားသည့် အခြားပုဂ္ဂိုလ်တစ်ဦးမှာ ဝက်မစွတ် ဝန်ထောက်ဖြစ်သည်။ ၁၈၈၅–ခု၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် သီပေါဘုရင်က “မိစ္ဆာကုလားဖြူတို့ သာသနာတော်မြတ် အကျိုးစီးပွား ပျက်ဆီးဆုတ်ယုတ်စေရန်အကြောင်း၊ နိုင်ငံတော် အစဉ်အလာ ဓလေ့ထုံးစံများကို ကျူးလွန်ရန် အကြောင်းများကို တင်းမာစွာ ပြောဆို၍ နိုင်ငံတော်ကို ရန်စစ်ပြုမည်ကဲ့သို့ ဟိတ်ဟန်ပြသ အကြံပြုလျက်ရှိသောကြောင့်” ဟူသော စာများပါရှိသည့် အမိန့်ပြန်တမ်းကို ထုတ်ပြန်ခဲ့ရာတွင် ထိုစာတမ်းအောက်၌ ဝက်မစွတ်ဝန်ထောက်၏ အမည်ကို တွေ့နိုင်သည်။ သို့ရာတွင် ဝက်မစွတ်ဝန်ထောက်သည် ရန်ငြိုးအာဃာတရှိဟန် မပြပါ။ နန်းတော်ဟောင်းထဲတွင် ရှေးဟောင်းနှောင်းဖြစ်များကို ကျွန်တော်နှင့် နာရီပေါင်းများစွာ ကြည်သာစွာ ပြောဆိုခဲ့ပါသည်။ အခြားသော မြန်မာအမျိုးသားများစုကဲ့သို့ပင် ဝက်မစွတ်ဝန်ထောက်သည်လည်း လွန်စွာယဉ်ကျေးသူတစ်ဦး ဖြစ်ပါသည်။

ကျွန်တော်တို့ စကားဝိုင်းအလယ်ကောင်တွင် စားပွဲကလေးတစ်လုံး ရှိသည်။ စားပွဲပေါ်ရှိ ဗန်းကလေးထဲတွင် လက်ဖက်ရည်များ၊ မုန့်များနှင့် အမရပူရမှလာသည့် စပျစ်သီးများကို တည်ခင်းထားပါသည်။ အသက်ရှစ်ဆယ့်တစ်နှစ်အရွယ်ရှိ ဝန်ကြီးဟောင်းက သူကိုယ်တိုင် လက်ဖက်ရည် ငှဲ့ပေးပါသည်။ ကင်းဝန်မင်းကြီးသည် အသေးစိတ်ကလေးများကအစ ဂရုထားတတ်သူတစ်ဦးဖြစ်သည့်အလျောက် ဧည့်သည်များ၏ အလိုကို တတ်နိုင်သမျှ ဖြည့်စွမ်းပါသည်။ ကင်းဝန်မင်းကြီးသည် ကြမ်းပြင်ပေါ်တွင် သူ့အခြွေအရံများနှင့်ထိုင်နေသော ကျွန်တော်တို့ လက်အောက်အရာရှိများဘက်သို့လှည့်၍ မည်သည့်အရာများကို နှစ်သက်သနည်းဟု တိုးတိတ်သောအသံဖြင့် မေးမြန်းနေပါသည်။ ကျွန်တော်တို့



ဆွမ်းခံထွက်ချိန်

၏ စကားဝိုင်းသည် စိတ်ဝင်စားဖွယ်ကောင်းသည့်တိုင် နိုင်ငံရေးမဟုတ်သည့် အကြောင်းများဖြစ်ပါသည်။ နန်းတော်ဗိသုကာမှု အစဉ်အလာများ၊ တရားစည်ကြီး တည်ထားရှိရာဌာနအကြောင်းနှင့် လွှတ်တော်သို့ ဘုရင်ကြွရောက်လာပုံများ အကြောင်းသို့ ရောက်သွားကြပါသည်။ သူ့အိမ်သို့ သွားရောက်ပြီး အဘိုးအိုထံမှ ရုပ်ထွေးသိမ်မွေ့သော သမိုင်းကြောင်းများကို အစ်အောက်မေးမြန်ရန်မှာ သူ၏ ဖော်ရွေပျူငှာမှုကို ငဲ့ကွက်ထောက်ထားခြင်းမရှိရာ ရောက်ပါလိမ့်မည်။

"ကျုပ်မှာ သားနှစ်ယောက်ရှိတယ်။ နှစ်ယောက်စလုံး အစိုးရဆီမှာ အမှုထမ်းနေကြတယ်။ သူတို့နှစ်ယောက်စလုံးကို မန္တလေးနဲ့ ခပ်နီးနီးမှာ ခန့်ထားတဲ့အတွက် ဗြိတိသျှအစိုးရကို ကျေးဇူးတင်ပါတယ်။ သူတို့ မန္တလေးနားနီးတော့ မကြာခဏ တွေ့နိုင်တာပေါ့"ဟု ကင်းဝန်မင်းကြီးက ပြောသည်။

ကျွန်တော်တို့သွားသည့် မင်းလမ်းသည် တပ်ထောက်ရုံးနှင့် တပ်သားများ၏ စစ်တန်းလျားများအနီးမှ ဖြတ်သွားသည်။ ကျွန်တော်တို့သည် မရန်းရောင်ဝတ်စုံများကို ဝတ်ထားသော ဘုရင့်တပ်သားများ၊ တပ်သားများ၏ အိမ်ထောင်စုများနှင့် မျက်နှာဖြူကလေးငယ်များအနီးမှ ဖြတ်လာခဲ့ကြသည်။ ထို့နောက် ထုထည်ကြီးမားလှသော အရှေ့တံခါးသို့ ရောက်လာခဲ့ကြသည်။စန္ဒရီတစ်ယောက်သည် ကျည်အပြည့်ထိုးကာ လုံစွပ်တပ်ထားသည့် ရိုက်ဖယ်သေနတ်ကိုကိုင်၍ ခေါက်တုံခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။ သူ၏အဖော်များမှာ အနားရသဖြင့် အစောင့်တဲကလေးထဲတွင် အိပ်ပျော်နေကြသည်။ တံခါးအလွန်တွင်မူ နန်းမြို့ရိုးကြီးကိုကြည့်လျှင် တာတာလူမျိုးတို့၏ မြို့တော်တစ်ခု၏ အသွင်ကို ဆောင်နေသည်။

မန္တလေးမြို့ရိုး၏ တံခါးကြီးမှ ပတ္တာများမှာ သံချေးတက်နေကြလေပြီ။ ထိုမြို့တံခါးကို မပိတ်ဘဲ ထားခဲ့သည်မှာလည်း ကြာလေပြီ။ သို့ရာတွင် မြန်မာဘုရင်တို့ လက်ထက်မူ ထိုတံခါးကြီးများသည် လူတစ်ယောက်ဝင်လာတိုင်း ပိတ်လိုက်ဖွင့်လိုက်ဖြင့် ရှိခဲ့ကြသည်။ တစ်ခါတစ်ရံတွင် တစ်နေကုန် ပိတ်ထားတတ်သေးသည်။ မြို့ထဲတွင် မီးလောင်လျှင် သို့မဟုတ် ဆူပူမှုတစ်ခုပေါ်လျှင် ထိုတံခါးကြီးကို ပိတ်ထားလိုက်သည်။ မင်းဆွေမင်းမျိုး၊ သို့မဟုတ် မှူးမျိုးမတ်မျိုး တစ်ဦးကို ကွပ်မျက်လျှင်လည်း ထိုတံခါးကြီးကို ပိတ်ထားတတ်သည်။ ဘုရင်က မင်းမှူးမတ်များ၊ ပြည်သူများနှင့် ညီလာခံကျင်းပလျှင် သို့မဟုတ် နိုင်ငံခြား သံတမန်တစ်ဦးဦးအား ဝင်ရောက်တွေ့ဆုံခွင့်ပေးလျှင် သို့မဟုတ် အခါအားလျော်


စွာ ပူဇော်ကန်တော့ခံသည့်ပွဲကျင်းပလျှင် အခြားသူများက အရင်ဝင်ပြီး အိမ်ရှေ့မင်းသားက နောက်ဆုံးမှ ဝင်ရသည်။ အိမ်ရှေ့မင်းသား အတွင်းတော်ထဲသို့ ဝင်သွားသည်နှင့် တံခါးကြီးများသည် ပိတ်သွားကြသည်။ နောက်ထပ် မည်သူ့ကိုမျှ ဝင်ခွင့်မပေးတော့ပြီ။ ဘုရင်သည် နှစ်စဉ်နှစ်တိုင်း အရှေ့တံခါးမှထွက်၍ မြို့ရိုးနှင့် တစ်မိုင်ခန့်အကွာသို့ လယ်ထွန်မင်္ဂလာ ထွက်တော်မူလေ့ရှိသည်။ တံခါးအပြင်ဘက်တွင် တင်းပုတ်ကို ထမ်းထားသည့် ဘီလူးရုပ်အစောင့်ရှိသည်။ ထိုမှလွန်လျှင် ပြာလဲ့သော ကျုံးရေပေါ်တွင် ဖြတ်ကူးထားသည့် တံတားဖြူကလေး ရှိသည်။ ကာကီရောင် ဝတ်စုံဝတ်ထားသည့် အက်ဆက်နှင့် ကွန်းနော့



**အတုမရှိကျောင်းတော်ကြီး**

နယ်မှ တပ်သားများသည် ထိုတံတားဖြူကလေးပေါ်တွင် ထိုင်လေ့ရှိကြသည်။ ထိုနေရာကလေးတွင် ထိုင်ပြီး ကျုံးရေပြင်ကို ကြည့်လိုက်၊ မန္တလေးတောင်၏ တောင်ရိပ်ပြာပြာများနှင့် ရောသွားသော နီကြန်ကြန် မြို့ရိုးတံတိုင်းကြီးကို မျှော်ကြည့်လိုက် လုပ်ရသည်မှာလည်း ကြည်နူးစရာကောင်းပါသည်။ မန္တလေးတောင်ရိပ်ပြာပြာများသည် ကျုံးရေပြင်တွင် မှန်အလှ ကြည့်နေသကဲ့သို့ပင် ထင်ရတော့၏။

**အမေ့ဥယျာဉ်စာအုပ်တိုက်**



နန်းပြသာဒ်

လမ်းမကြီးအတိုင်း ဆက်လျှောက်သွားလျှင် ရန်ကင်းတောင် ရှိသည်။ ရန်ကင်းတောင်ပေါ်တွင် ဘုန်ကြီးကျောင်းအိုတစ်ကျောင်း ရှိသည်။ အပြင်ပန်းအားဖြင့်ကြည့်လျှင် ပျက်စီးယိုယွင်းလျက် ရှိသော်လည်း အထဲတွင် လှပ၍ လက်ရာမြောက်သည့် ပန်းပုပန်းကြွများ ရှိသဖြင့် အထဲသို့ ဝင်မကြည့်ဘဲ မနေနိုင် ပါ။ ဘုန်းကြီးကျောင်း အနောက်ဘက်အဝင်ဝ မန်ကျည်းပင်ရိပ်က ကွပ်ပျစ်တစ်လုံးပေါ်တွင် လဲလျောင်းနေသည့် အဘိုးအိုတစ်ဦးကို တွေ့ရသည်။ အဘိုးအိုသည် ခေါင်းအုံးကလေးတစ်အုံးကို အုံးပြီး လက်တွင် ပုတီးတစ်ကုံးကို စိပ်လျက် ရှိသည်။ အဘိုးအိုသည်လည်း သူ့နည်းနှင့်သူ အေးချမ်းမှုကိုရနေသည် တကား။ သို့ရာတွင် နှုတ်ခမ်းများကမူ တရားစာကို တဖွဖွ ရွတ်ဆိုနေကြပါသည်။

ဘုန်းတော်ကြီးကျောင်းအမည်မှာ တိုက်တော်ဖြစ်သည်။

တိုင်များတွင် နဂါးရုပ်ပန်းပု ပန်းကြွများကို ထွင်းထုထားသည့် အတွက်ကြောင့် တိုက်တော်သည် အပြင်ဘက်မှကြည့်လျှင် ထူးခြားနေသည်။ ကျောင်းတိုက်ထဲရှိ မှုန်ဝါးဝါးသာ မြင်ရသော အလင်းရောင်အောက်တွင်မူ အန္တိမဈာပနကျင်းပချိန်ကို စောင့်နေသည့် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ရှိသည်၊ ရုပ်ကလာပ်ထားရာ တလားကို ကတ္တီပါကန့်လန့်ကာတစ်ခုဖြင့် ကာဆီးထားပြီး အထက်တွင် ဇာဖြူပန်းမြိတ် စီတန်းတပ်ထားသည်။ အနီးပတ်ပတ်လည်တွင် ကြီးမားသော ရွှေပိန်းချတိုင်ကြီးများသည် ရွှေပိန်းချထားသည့် မျက်နှာ

ကြက်ကို ထောက်ပင့်ထားကြသည်။ တလားအရှေ့တွင် ရဟန်းငယ်များသည် သူတို့၏ ဘာသာတရားထုံးစံအရ တရားစာများကို ရွတ်ဖတ်သရဇ္ဈာယ် နေကြသည်။ အထဲက ခမ်းနားမှုအပေါင်းသည် အပြင်ဘက်မှ ဖုန်တထောင်းထောင်း ထနေသောလမ်း၊ အနီးအနားရှိ စစ်တပ်၊ ဝန်တင်လားများ၏ အော်သံ၊ လောကကြီး၏ လှုပ်ရှားသွားလာနေသံတို့ဖြင့် ဆန့်ကျင်ဘက်ဖြစ်လျက်ရှိကာ ထူးဆန်းသည့် မြင်ကွင်းတစ်မျိုးကို ဆောင်နေသည်။

အရှေ့သို့ တည့်တည့်သွားလျှင် လယ်ထွန်မင်္ဂလာ ကျင်းပသည့် ဘုရင့်လယ်တော်များနှင့် ရန်ကင်းတောင်သို့ ရောက်သည်။ မင်းတုန်းမင်းသည် ရန်ကင်းတောင်ပေါ်တွင် စေတီတစ်ဆူကို တည်ခဲ့သည်။ ကမ္ဘာပေါ်တွင် ရှိသမျှ စေတီတို့ထက် သာလွန်ရမည်ဟု အဆိုရှိသည်။ မင်းတုန်းမင်းသည် မိမိနတ်ရွာ စံခြင်းမပြုမီ ထိုစေတီကို အပြီးတည်ချင်သည်။ သို့ရာတွင် ထိုစေတီသည် ဉာဏ်တော်သုံးပေအထက်သို့ မရောက်တော့ပါ။ *(ယနေ့အချိန်တွင် မန္တလေးလမ်းများကိုခင်းရာတွင် ထိုနေရာမှ ကျောက်များ၊ အုတ်များကို သုံးခဲ့ခြင်းဖြစ်ပါသည်။)*



ကျောက်တော်ကြီးဘုရား

အရှေ့ဘက် ရှမ်းရိုးမတောင်တန်းဘက်သို့ အတက်တွင် အောင်ပင်လယ်ကန်ရှိသည်။ ရွှေမြို့တော်ကို ရေပေးဝေရာ ကန်ဖြစ်သည်။ အောင်ပင်လယ်ကန်ကို ပုဂံမင်းသားတစ်ပါးဖြစ်သော (မင်းရှင်စော)က တူးဖော်ခဲ့ခြင်းဖြစ်သည်။ ရာသီရောက်လျှင် ကန်ထဲတွင် ကြာပွင့်တွေ ဝေနေအောင် ပွင့်ကြသည်။ မြောင်းငယ် ကလေးတွေ ဖောက်ထားသည့်

ကန်ပေါင်ရိုးတစ်လျှောက်ထနောင်းပင်များအောက်တွင်ရှမ်းနွားလှည်းတန်းကြီး တွေ သွားလာနေကြသည်။

တိုက်တော်ဝင်းထဲမှ ထွက်ခဲ့ပြီးနောက် မန္တလေးတွင် အံ့သြဖွယ် အကောင်းဆုံး နေရာတစ်ခုကို သွားကြည့်ချင်ပါသည်။ ယင်းမှာ ကုသိုလ်တော် ဘုရား (သို့မဟုတ်) လောကမာရဇိန်ဘုရားဖြစ်ပြီး ပရိဂုဏ်ထဲတွင် ဗုဒ္ဓ၏ ပိဋကတ်သုံးပုံကို ကျောက်ထက် အက္ခရာတင်၍ ရေးထိုးထားပါသည်။ ဤနေရာ တွင် ကမ္ဘာ၌ အကြီးဆုံးသော စာအုပ်ရှိပါသည်။

စာမျက်နှာတိုင်းကို ကျောက်ဖြူသား (စကျင်ကျောက်) ဖြင့် ထုထားပြီး လူတစ်ရပ်စာ မြင့်ပါသည်။ ကျောက်စာအချပ် စုစုပေါင်း ၇၂၉ ချပ်ရှိရာ ကျောက်စာချပ်တိုင်းသည် စေတီငယ်တစ်ဆူ ဖြစ်ပါသည်၊ ကျောက်စာချပ်များ သည် စစ်သားတန်းကြီးသဖွယ် စီတန်းလျက်ရှိပါသည်။ ထိပ်မှနေ၍ တန်းတန်း ကြည့်မျှော်လိုက်လျှင် အဝေးတွင် မိုင်တိုင်များလို တစ်မျှော်တစ်ခေါ်ကြီး မြင်နေရ ပါသည်။ ကျောက်စာချပ်များသည် အရှေ့ဘက်မျက်နှာလှည့်၊ အနောက်ဘက် မျက်နှာလှည့်၊ တောင်ဘက်မျက်နှာလှည့်၊ မြောက်ဘက်မျက်နှာလှည့် စသည်ဖြင့် အသီးသီးရှိကြပြီး အလယ်ကောင်တွင် ရွှေထီးတင်ထားသည့် စေတီဖြူဖြူ တစ်ဆူ ရှိသည်။ အရေးကြီးသည့်နေရာများတွင် လှပစွာ ထုဆစ်ထားသည့် မုခ်ဦးများရှိပြီး စေတီကျောက်စာချပ်များ၏ကြားက လမ်းဘေး တစ်ဖက် တစ်ချက်တွင် သစ်ပင်တွေ တန်းစီစိုက်ထားသည်ကို တွေ့နိုင်သည်။ ထိုနေရာ တစ်ဝိုက်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ခါတစ်ရံမှ သာလျှင် စေတီကြားထဲတွင် ကုန်း၍ စာကူးနေသော လူတစ်ယောက်အား စာကို ရွတ်ပြနေသည့် ကိုရင်တစ်ပါး၏ အသံကိုသာ ကြားရတတ်သည်။

အပြင်သို့ ထွက်လာခဲ့လျှင် ကျောက်စာချပ်များအလယ် စေတီ၏ ခြေရင်းတွင် ပုဆစ်တုပ်၍ ဝိုင်းကြည့်ညိုနေကြသော ဘုရားဖူးများကို တွေ့ရမည်။ သူတို့အထဲတွင် ဆံပင်ဖြူဖြူနှင့် အဘွားကြီးများ၊ လက်နှစ်ဖက်ကို ယှက်၍ ရှိခိုးကာ မျက်လုံးများကို မှိတ်ထားသည့် ကလေးငယ်များ၊ အမျိုးအမည် မသိရသော လူမျိုးစု သက်ကြီးရွယ်အိုများ ပါဝင်ကြသည်။ သူတို့သည် ဤနေရာ တွင် ရိုကျိုးနှိမ့်ချစွာဖြင့် ဒူးတုပ်ရှိခိုးကြသည်။ အကြောင်းမှု မြန်မာလူမျိုးသည် လှပကောင်းမြတ်သည့် ပကတိ စိတ်ထားရှိသော လူမျိုးဖြစ်သောကြောင့် ဖြစ်သည်။ အကြောင်းမူ ထိုထို စေတီတွင် သူတို့ အရှင်တော် ဗုဒ္ဓမြတ်စွာ၏



ပန်းခုံတော်မှ မွန်းတည့်ချိန်ဆိတ်ငြိမ်ခြင်း

တရားဓမ္မအမွေအနှစ်တို့ မပျောက်မပျက် ကိန်းဝပ်တည်ရှိရာဟု ယုံကြည်သော ကြောင့် ဖြစ်သည်။ အကြောင်းမူ နိဗ္ဗာန်သို့ သွားရာလမ်းတွင် သူတို့ကို ရှေ့ဆောင်လမ်းပြမည့် ဗုဒ္ဓရှင်တော်၏ ဉာဏ်တော်အမွေအနှစ်တို့ တည်ရှိရာဟု ယုံကြည်ကြသောကြောင့် ဖြစ်ပါသည်။

ကုသိုလ်တော်ဘုရား ကျောက်စာများတွင် ရေးထိုးထားသည့် ပိဋကတ် သုံးပုံတို့မှ စာများကို သာသနာပိုင် ဆရာတော်ကြီးများနှင့် လူပညာရှိများက စိစစ်ပြီး၊ တည်းဖြတ်ပြီး၊ အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။ ထိုကျောက်စာများ စိုက်ထူရေးလုပ်ငန်းကို ငါးနှစ်တိုင်တိုင် ပြုလုပ်ခဲ့ရပြီး ဝန်ကြီးများကိုယ်တိုင် ပါဝင်လုပ်ဆောင်ကြရသည်။

ကုသိုလ်တော်ကျောက်စာဘုရား အနီးတွင်မူ မီးလောင်ကျွမ်း ပျက်စီးနေ သော အတုမရှိ ကျောင်းတော်ကြီးရှိသည်။ အတုမရှိ ကျောင်းတော်ကြီးကို မင်းတုန်းမင်းက ခမည်းတော်အား ရည်စူးပြီး ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ခမည်း တော်၏ ရာဇပလ္လင်ကိုလည်း ထိုကျောင်းတိုက်မှာပင် ထားရှိခဲ့သည်။ အတုမရှိ ကျောင်းတော်ကြီးမှာ ၁၈၉၂ ခုနှစ်တွင် မီးလောင်ပြာကျသွားခဲ့လေပြီ။ ကျောင်း တော်ကြီး အထက်ကောင်းကင်ယံတွင် ဖုန်မှုန့်တွေက တထောင်းထောင်း



ယောမင်းကြီးကျောင်း



မန္တလေးသို့လာသော စော်ဘွားကြီးများ

ထလျက်ရှိရာ လူမျိုးခြား အိန္ဒိယတိုင်းရင်းသားတစ်ဦးက မွေးထားသည့် ဆိတ်အုပ် တစ်အုပ်သည် အစိမ်းရောင်နှင့် မရန်းရောင်ရောနေသော ကနစိုတောရိုင်းများကြားတွင် ကျက်စားနေကြသည်။ အညာတွင် ကနစိုပင်မှာ ယိုယွင်းပျက်စီးခြင်းသဘောကို ဆောင်သည့် သင်္ကေတဖြစ်နေသည်။ အတုမရှိ ကျောင်းတော်ကြီးမှာ ပျက်စီးနေပြီဖြစ်သဖြင့် ၁၈၈၅ ခုနှစ်တုန်းက အင်္ဂလိပ်လူမျိုးတစ်ဦး ရေးသွားခဲ့သည့် စာကိုပင် ဖတ်ရပေတော့မည်။

"မင်းတုန်းမင်းသည် မန္တလေးတွင် အတုမရှိ ကျောင်းတော်ကြီးကို ဆောက်လုပ်သည်။ ခန်းဆောင်ကြီးများကလည်း ကျယ်ပြန့်လှသည်။ မန္တလေး တွင်မူ အလှဆုံး၊ အကောင်းဆုံး အဆောက်အအုံဖြစ်သည်။ ကမ္ဘာတွင် အလှဆုံး ဟုပြောလျှင်လည်း အမှန်တရားကို အကျယ်ချဲ့ကားရာ ရောက်မည်မဟုတ်ပါ။ အတုမရှိကျောင်းတော်ကြီးတွင် ကျယ်ပြန့်သည့် စင်္ကြံ(၇) ဆင့်ရှိပြီး တစ်ဆင့် ထက်တစ်ဆင့် အထက်သို့ မြင့်တက်သွားသည်။ အလယ်ဗဟိုတွင်ရှိသည့် စင်္ကြံမှာ အမြင့်ဆုံး ဖြစ်သည်။ ရွှေကျောင်းခန်းမကြီးမှာ တိုင်လုံးကြီး သုံးဆယ့်ခြောက်လုံးတို့ဖြင့် ဆောက်ထားပြီး အချို့တိုင်လုံးကြီးများမှာ ပေ(၇၀) အထိ မြင့်ကြသည်။ ရာဇပလ္လင်အနီးတွင် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူလည်း ရှိသည်။ ဖွဲ့စည်းပုံ ရဲရင့်ခြင်း၊ အချိုးအစားကျခြင်းတို့ကြောင့် ရွှေပိန်းချ ရာဇပလ္လင် အထက်တွင် မိုးနေသော ရွှေပိန်းချ မျက်နှာကြက်တို့သည် မြင်သူတို့ နှလုံးကို



မိဖုရားဆောင်လှေကား

ရှင်ပြိုးကြည်နူးစေရုံမျှသာမက အံ့သြရှုမောစေသည်။ တိုင်လုံးကြီးများ၊ နံရံများ၊ အမိုးများကို ရွှေပိန်းချထားပြီးအလယ်တွင် မှန်စီထားသဖြင့် တောက်ပထိန်လင်းမှုကို အရှိန်မြှင့်ပေးသည့်နှယ်ရှိသည်။ အထက်မြန်မာပြည်ကို ပြန်လည်ဖွဲ့စည်းပေးရေးနှင့် ပတ်သက်၍ အမိန့်ပြန်တမ်း ထုတ်ပြန်ရန် ဘုရင်ခံချုပ် ရောက်လာသည့်အခါတွင် အခမ်းအနားကို ဤခမ်းနားမြင့်မြတ်သော ရာဇပလ္လင်ခန်းဆောင်တွင် ကျင်းပကောင်း ကျင်းပပေးလိမ့်မည်။"


အတုမရှိ ကျောင်းတော်ကြီး၏ မီးလောင်ကျွမ်းထားသော အရှေ့ဘက်တံခါးအနီးတွင် သစ်သားဖြင့် ဆောက်လုပ်ထားသော ကျောင်းတစ်ကျောင်းဖြစ်သည့် ရွှေကျောင်းရှိသည်။ ရွှေကျောင်းသည်လည်း ထူးခြားစွာ စိတ်ဝင်စားဖွယ်ကောင်းပြီး ထူးခြားသည့် အလှရှိသည့် ကျောင်းဖြစ်သည်။ ယခင်က နန်းမြို့ထဲတွင် ရှိပြီး နန်းမြို့မှ ယခုနေရာသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ထိုကျောင်းတော်ကြီးကို မင်းတုန်းမင်း နတ်ရွာစံသည့် ခန်းဆောင်ပမာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ မှန်နန်းတော်၏မြောက်ဘက် ရွှေကျောင်းကြီး၏နေရာကို တစ်လျှောက်လုံး မည်သည့် အဆောက်အအုံမျှ မဆောက်ဘဲ ထားခဲ့သည်။

ကုသိုလ်တော်ဘုရားအထက်တွင် မန္တလေးတောင် ရှိသည်။ မန္တလေးတောင်၏ အစွယ်သည် မြင်းတပ်များနှင့် ဗြိတိသျှအမြောက်တပ်များ ဌာနချုပ်ရှိရာ လမ်းကလေးအနီးတွင် ဆုံးသွားသည်။ အထီးတည်းပေါက်နေကြသော ရှားပင်၊ ထနောင်းပင်ကလေးများ၊ နန္ဒာကန်စပ် စသည်တို့ကို ဖြတ်သန်းသွားပြီးနောက် လမ်းကလေးသည် မြို့ရိုးကြီးဆီသို့ ပြန်ကွေ့သွားကာ နောက်ဆုံးတွင် မြို့မြောက်ဘက် တံခါးဆီသို့ ရောက်သွားသည်။

သို့ရာတွင် ထိုပတ်လမ်းသည် ရှည်လျားလွန်းပါသည်။ ထို့ကြောင့် ကုသိုလ်တော်ဘုရား အနောက်မုခ်မှထွက်၍ နန်းမြို့အရှေ့မြောက်ထောင့်ဆီသို့ မျက်နှာမူနေသော စန္ဒမုခိဘုရားသို့ ထွက်လာနိုင်ပါသည်။

ထိုနေရာသည်လည်း သမိုင်းဝင်သော နေရာဖြစ်ပါသည်။

မင်းတုန်းမင်းသည် နန်းတက်ခါစက မန္တလေးမြို့တည်ရေးနှင့် အလုပ်များနေခဲ့သည်။ ထိုစဉ်က ထိုနေရာတစ်ဝိုက်တွင် ယာယီနန်းတော်တစ်ခု ပေါ်ပေါက် လာခဲ့ကာ မင်းတုန်းမင်းကိုယ်တော်တိုင် မကြာခဏ ကြွရောက်လာလေ့ရှိသည်။ ထိုစဉ်က ပိဋကတ် သုံးပုံတို့ကို စုဆောင်းထားရာ ပိဋကတ်တိုက်သည် ယခုတိုင် ထို



တံခါးအနီးမှ ကျောက်စာတိုင်



စကြာသီဟ ကြေးဆင်းတုတော်


နေရာတွင်ရှိနေသေးသည်။ အနီးတစ်ဝိုက်တွင် ဘုန်းကြီးကျောင်းများနှင့် ဘုရားစေတီများ ဆောက်လုပ်ခြင်း၊ နန်းတော်ဆောက်လုပ်ခြင်း၊ မိမိဝန်ကြီးများ၊ မှူးကြီးမတ်ကြီးများအတွက် အိုးအိမ်နေရာများကို ခွဲဝေပေးခြင်း စသည့် လုပ်ငန်းများကို ရှင်လန်းဖျတ်လတ်၍ ဘာသာတရား ကိုင်းရှိုင်းသော မင်းတုန်းမင်းသည် ယခု စန္ဒမုခိဘုရားတည်ရှိရာနေရာတွင် တည်ဆောက်ထားသော ယာယီနန်းတွင် လုပ်ဆောင်ခဲ့သည်။ သူ၏ နန်းတော်ကြီးဆောက်လုပ်ပြီးစီးသွားသည့်တိုင် မင်းတုန်းမင်းသည် ဤနေရာသို့ မကြာခဏလာရောက်၍ ဝါတွင်းဥပုသ်သီတင်း ဆောက်တည်လေ့ရှိသည်။ ၁၈၆၆ ခုနှစ်ဝါဝင်တွင် နန်းတွင်းလုပ်ကြံမှုတစ်ခု၌ အသက်ဘေးဆုံးရှုံးလုမတတ် ဖြစ်ခဲ့ရသည်မှာလည်း ဤနေရာမှာပင်ဖြစ်သည်။

နန်းတွင်းလုပ်ကြံမှုကို ဦးဆောင်သူများမှာ သားတော်နှစ်ပါး ဖြစ်သော မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့ဖြစ်ပြီး မိမိတို့အား အိမ်ရှေ့စံ ကနောင်မင်းက ဖိနှိပ်စော်ကားသည်ဟု အထင်ရောက်ကာ ထိုသို့ လုပ်ကြံရန် ကြိုးစားခဲ့ကြခြင်းဖြစ်သည်။ မင်းသားနှစ်ပါးသည် မြို့တော်တောင်ဘက်နှင့် အရှေ့ဘက်တံခါးများမှ နောက်လိုက်နောက်ပါများနှင့် အတင်းဝင်ရောက်လာခဲ့ကြကာ အိမ်ရှေ့မင်းအား ဝိုင်းဝန်းတိုက်ခိုက်ကြပြီးနောက် လွှတ်တော်ဝ လှေကားထစ်များပေါ်တွင် သတ်ဖြတ်လိုက်ကြသည်။

ဘထွေးတော်၏ ဦးခေါင်းကိုဖြတ်ပြီးနောက် မြင်းခုံတိုင်မင်းသားက မြင်ကွန်းမင်းသားထံ ပြေးလာခဲ့ကာ 'အောင်တော်မူပြီ' ဟု အော်ဟစ်သည်။

မင်းသားနှစ်ပါးနှင့် နောက်လိုက်နောက်ပါတို့သည် ခမည်းတော်ကြီးရှိရာသို့ လိုက်ကြသည်။ ခမည်းတော်ကြီး ထွက်ပြေးလွတ်မြောက်သွားနိုင်ရန်အတွက် သစ္စာရှိ လူယုံတော်များက အသက်အသေခံ ခုခံခြင်းမပြုလျှင် မြင်ကွန်းနှင့် မြင်းခုံတိုင်တို့၏အကြံသည် အောင်မြင်သွားမည် အမှန်ဖြစ်သည်။ မင်းတုန်းမင်းသည် နောက်လိုက်နောက်ပါအနည်းငယ်ဖြင့် မြို့မြောက်ဘက် တံခါးသို့ ထွက်ပြေး သည်။ ဤတွင် မြင်ကွန်းမင်းသားက တာဝန်ပေးထားသည့် ဓားဝယ်ဗိုလ် မောင်ပိုက်ကြီးနှင့် တန်းတိုးနေတော့သည်။ သို့ရာတွင် မင်းတုန်းမင်းမှာ ထိုအ ကြောင်းကို လုံးဝမသိ။ မင်းတုန်းမင်းသည် မောင်ပိုက်ကြီးကို မှတ်မိလိုက်သဖြင့်

"ငပိုက်၊ ငါ့ကိုနန်းတော်ကို ပို့စမ်း" ဟုပြောသည်။ ဓားဝယ်ဗိုလ်မောင်ပိုက်ကလည်း မင်းတုန်းမင်းကို ချီပိုးမည့်ဟန်ဖြင့် အနီးသို့ ရောက်လာခဲ့ သည်။ ဤတွင် မက္ခရာမင်းသားနှင့် ကျပင်းမင်းသားတို့က မောင်ပိုက်ကြီးလက်ထဲတွင် ကိုင်ထားသည့်ဓားကို မြင်လိုက်သဖြင့် ဓားကို သိမ်းယူ




ပဒုမာသနပလ္လင်



မန္တလေးတရုတ်ဘုံကျောင်း

လိုက်သည်။ မင်းတုန်းမင်းသည် မောင်ပိုက်ကြီး၏ ကျောပေါ်သို့ တက်သည်။ မောင်ပိုက်ကြီး က မင်းတုန်းမင်းကို ချီပိုးကာ ယာယီစံနန်းထဲသို့ ပြေးသည်။ မိဖုရားခေါင်ကြီး ကိုမူ ကူးလားမြို့စာရေး မောင်ကျောင်းက ချီပိုးသည်။

အမေ့ဥယျာဉ်စာအုပ်တိုက်




ဘုတ်တလုပ်ကန်



ပလ္လင်နောက်မှ ရွှေတံခါး

သူတို့နောက်မှ မင်းသား များနှင့် အိမ်တော်ပါကျွန်များက လိုက်ကြရသည်။ လမ်းတွင် ပုန်ကန်တော်လှန် သည့် မင်းသားများ၏မယ်တော် တောင်ရွှေရေး မိဖုရား၏မောင်တော်အနောက်ဝန် မောင်တက်တူ ပိုင်သည့် မြင်းတစ်စီးကို တွေ့သည်။ ဤတွင် မင်းတုန်းမင်းသည် မြင်းပေါ်သို့တက်စီးကာ နန်းတော်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

## အမေ့ဥယျာဉ်စာအုပ်တိုက်



ရွှေကျောင်းအနီးမှ ရေတွင်း

ထိုအတောအတွင်း၌ မြင်းခုံတိုင်မင်းသားသည် အထက်တွင် ဖော်ပြခဲ့သည့် အရာရှိသုံးဦးကို သတ်ဖြတ်ခဲ့ပြီးနောက် နန်းတော်အတွင်း ဆောင်ထဲသို့ ဝင်ကာ ခမည်းတော်ကို လိုက်လံရှာဖွေလျက်ရှိသည်။ ထိုသို့ရှာဖွေရင်း လက်တစ်ဖက်တစ်ချက်တွင် ဓားလွတ်များကိုင်ဆောင်ကာ ဗဟိုခန်းဆောင်ထဲသို့ ပြေးဝင်လာခဲ့ရင်း "ဘုရင်ကတော့ လွတ်သွားပြီ" ဟု အော်ဟစ် ပြောဆိုသည်။

မြင်းခုံတိုင် မင်းသားသည် နောင်တော်နှင့်အတူ နန်းတော်သို့ လိုက်ရန်ကြံသည်။ သို့ရာတွင် နောက်ကျသွားလေပြီ။ ရွှေနန်းတော်ကြီးအား ဦးညွှတ်၍ ဝင်ရသည့် တံခါးနီးသို့အရောက်တွင် မြေနန်းပြာသာဒ် လှေကားထစ်များဆီမှ အမြောက်သေနတ် ပစ်သံများကို ကြားရသည်။ ယင်းမှာ သားတော်အကြီးဆုံး မက္ခရာမင်းသားကြီး အမိန့်အရ ပစ်ခတ်ရခြင်းဖြစ်သည်။ (နောင်တွင် မက္ခရာမင်းသားသည် သီပေါနန်းတက်စဉ်၌ ကွပ်မျက်ခြင်းခံသွားခဲ့ရသည်။) နောက်ဆုံး၌ သူပုန်မင်းသားနှစ်ပါးတို့သည် နယ်စပ်ကို ဖြတ်ကျော်ကာ ဗြိတိသျှပိုင်နက်ထဲသို့ ထွက်ပြေးသွားကြသည်။ ယင်းတို့ကို အိန္ဒိယသို့ ပို့သည်။ မြင်ကွန်းမင်းသားမှာ ၁၈၈၅ ခုနှစ်က ပြင်သစ်ပိုင် ပွန်ဒီချယ်ရီမြို့တွင် နေထိုင်လျက်ရှိပြီး သီပေါနန်းကျသည့်အခါတွင် မြန်မာထီးနန်းကို ဆက်ခံရန် စဉ်းစားခြင်း ခံခဲ့ရသည်။ သို့ရာတွင် ဘထွေးတော်ကို သတ်ခဲ့ခြင်းနှင့် ခမည်းတော်ကိုသတ်ရန် ကြံစည်ခဲ့ခြင်းတို့ကြောင့် သူ့အား စဉ်းစားရာမှ ပယ်ဖျက်ခဲ့ရသည်။ ယခုအခါ၌ မြင်ကွန်းမင်းသားသည် ပြင်သစ်ပိုင် ကိုချင်ချိုင်းနားပြည်နယ် ဆိုင်းဂုံးမြို့တွင် အေးချမ်းစွာနေနိုင်လျက်ရှိသည်။

ယာယီစံနန်း၌ ကနောင်မင်းသားနှင့်တကွ မင်းသွေးတို့ မြေကျသည့် ထိုနေရာတွင် စန္ဒမုနိဘုရားကို တည်ခဲ့ခြင်းဖြစ်သည်။

# သမိုင်းထဲက မန္တလေး
# မန္တလေးထဲက သမိုင်း

[၄]

ထိုမှ အနောက်ဘက်သို့ ဆက်လာလျှင် ကျောက်တော်ကြီးဘုရားသို့ ရောက်သည်။ အရှေ့ဘက်မုခ်တွင် ယခုပျက်စီးယိုယွင်းလျက်ရှိသော ပန်းပုထွင်း သုဓမ္မာ ရွှေပိန်းချ ဇရပ်ကြီးများ ရှိသည်။ ထိုနေရာတွင် နှစ်စဉ် ပထမပြန် စာမေးပွဲများ ကျင်းပလေ့ရှိသည်။ ထိုဇရပ်ကြီးများတွင် သီပေါမင်းသည် သာမဏေအဖြစ် ပထမပြန်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ထိုနေရာတွင် ဘာသာတရားကို ရှိသေကိုင်းရှိုင်းခဲ့သည့် မင်းသည် ပထမပြန်စာမေးပွဲဝင်သူ ရဟန်းသာမဏေတို့ကို ပူဇော်ခဲ့သည်။ ထိုနေရာ တစ်ဝိုက်က မန္တလေးသည် မင်းတုန်းမင်း၏ ဘဝနှင့် နီးကပ်စွာ ဆက်စပ်နေသည်။

ကျောက်တော်ကြီးဘုရားအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ရှိသည်။ စကျင်ကျောက်တုံးကြီးတစ်တုံးကို ထွင်းထုထားခြင်းဖြစ်သည်။ ထိုရုပ်ပွားတော်ကြီးကို ၁၈၄၆ ခုနှစ်တွင် လူအင်အားများစွာ အသုံးပြု၍ အခမ်းအနားဖြင့် ပင့်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ မြောတစ်ချောင်းကမ်းစပ်မှသည် ယခုနေရာသို့ ရောက်အောင် လူပေါင်းတစ်သောင်းက ၁၃ ရက်အတွင်း အရောက်ရွှေ့ခဲ့ရခြင်း ဖြစ်သည်။ ဘုရင်နှင့် နန်းတွင်းသူ နန်းတွင်းသားတို့က ကျောက်ဆစ်ပန်းပုတို့ကို ကြည့်၍ ကြည်ညိုကြသည်။ ထိုရုပ်ပွားတော်ကြီး၏ မျက်နှာတော်ကို ထုလုပ်ရာတွင် ဘုရင်ကိုယ်တိုင် ကျောက်ဆစ်ဆရာတို့ကို ကြီးကြပ်ညွှန်ကြားသည်။ မင်းတုန်းမင်းသည် ကျောက်ဆစ်အတတ်ပညာတွင် စိတ်ဝင်စားသည်ထက် ဘာသာတရားကြည်ညိုစိတ်က ပို၍ လွန်ကဲသည်ဟု ဆိုရမည်ထင်သည်။ အကြောင်းမူ ရုပ်ပွားတော်ကြီးမှာ လဲလျောင်းရာအဆောက်အအုံကဲ့သို့ပင် ပုံပန်းမကျသောကြောင့် ဖြစ်သည်။ အနီးတွင်ရှိသည့် စံကျောင်းတိုက်မှာ သာသနာပိုင်

ဆရာတော်ကြီး သီတင်းသုံးရာ နေရာဖြစ်သည်။ သာသနာပိုင် ဆရာတော်ကြီးမှာ ၁၈၆၆ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပြီး ယင်း၏ရုပ်ကလာပ်ကို အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့သည်။ ရုပ်ကလာပ်တော်ကို စံကျောင်းမှ လောင်တိုက်ဆီသို့ သယ်ယူလာသည့်အခါတွင် မင်းနှင့် မိဖုရားတို့သည် ယာယီစံနန်းတော်မှ ထွက်လာကာ ရုပ်ကလာပ်ကို ပူဇော်ကြည်ညိုကြသည်။ အိမ်ရှေ့မင်းနှင့် ဝန်ကြီးမှူးမတ်များက စီတန်း၍ မီးသင်္ဂြိုဟ်မည့်နေရာသို့ လိုက်ပါပို့ဆောင်ကြရသည်။ စံကျောင်းမှာ ယခုအချိန်တွင် ယိမ်းယိုင်လျက်ရှိလေပြီ။ အပြောက်အမွမ်းတို့ အဆန်းတကြယ် စီရင်ထားသော သစ်သားကျောင်းတော်ကြီးမှာ ရာစုနှစ်ဝက်နီးပါး ကြာခဲ့ပြီဖြစ်သဖြင့် ပျက်စီးနေလေပြီ။ ကျောင်းဝင်းထဲတွင် သာသနာပိုင်ဆရာတော်ကြီးက



ဘုရင်မလက်ဖက်ရည်ဆောင်

စကြံလျှောက်ရာ၊ တရားဘာဝနာမှတ်ရာ စင်္ကြံများမှာလည်း တိုင်တို့ပြိုလဲကုန်ကြလေပြီ။

ထိုအဆောက်အအုံများ၏ တောင်ဘက်တွင် မင်းတုန်းမင်းကြီး တည်ဆောက်လှူဒါန်းခဲ့သည့် သုဓမ္မာဇရပ်ကြီးပေါင်း ၃၃ ဆောင်ရှိသည်။ မန္တလေးသို့ လာရောက်သည့် ဘုရားဖူးအာဂန္တုများ နားနေရန်နှင့် ပထမပြန်စာမေးပွဲများ ကျင်းပရန်ဖြစ်သည်။ ဇရပ်တော်တော်များများမှာ မန္တလေးကို မီးခစဉ်က ပါသွားသဖြင့် အနည်းငယ်သာ ကျန်တော့သည်။ ၁၈၉၂ ခုနှစ်က လောင်သော



အတုမရှိကျောင်းတော်ကြီး လှေကားပုံ



မျှော်စင်

မီးကြီးထဲတွင် မန္တလေးတောင်ပေါ်တွင်ရှိသည့် သပ္ပါယ်လှသော ဖျာဒိတ်ပေး ရုပ်ပွားတော်ကြီး မီးခဲ့သည်။ မန္တလေးမြို့ကို ညွှန်ပြလျက်ရှိသော ရုပ်ပွားတော်ကြီး ဖြစ်သည်။ တောင်စောင်းတွင်ရှိသည့် ကျောက်ဆောင်ကျောက်တုံးများကို လှီးဖြတ်ထုလုပ်ထားသည့် ကျောက်လှေကားများအတိုင်း တက်သွားလျှင် မန္တလေးတောင်ထိပ်သို့ ရောက်တော့သည်။

တောင်ထိပ်သို့ရောက်လျှင်ကား လွန်စွာလှပဆန်းကြယ်သည့် ရှုခင်းကို မြင်ရလေသည်။ နန်းမြို့ကြီး၏ အမျိုးမျိုးသော သဏ္ဌာန်တို့သည် မျက်စိတွင် အထင်းသား ပေါ်လာကြကုန်သည်။ နီကြန်သော ပြအိုးများ၊ ရွှေပိန်းပြသာဒ်များ၊ မြို့ရိုးပတ်လည်တွင် မြစ်တစ်စင်းလိုရှိနေသော လေးထောင့်စပ်စပ် ကျုံး၊ ကုသိုလ်တော်ဘုရားမှ စေတီဖြူဖြူများ၊ အရှေ့ဘက်တွင် လှမ်းမြင်နေရသည့် ရှမ်းရိုးမတောင်တန်းပြာပြာ၊ အနောက်ဘက်တွင် တွန့်ခေါက်နေသော စစ်ကိုင်းတောင်ရိုး၊ အောက်တွင် ကွေ့ဝိုက်ရစ်ခွေနေသည့် ဧရာဝတီမြစ်ကြီး စသည်တို့ကို မြင်ရသည်။ မန္တလေးတောင်၏ နံရံများမှာ ဟာလာဟင်းလင်း ဖြစ်နေပြီး သစ်ပင်၊ ဝါးပင်တို့ ကင်းနေသည်။ သို့ရာတွင် မန္တလေးတောင်သည် မြင်ရသူတို့၏ အာရုံကိုဆွဲဆောင်နေပါသည်။ မန္တလေးတောင်၏ အနေအထားသည် ထင်ရှားသည့် အမှတ်လက္ခဏာတစ်ခုမျှသာမက အဖိုးထိုက် ကျောက်မျက်ရတနာတို့ ထွက်သည်ဟုလည်း ယုံကြည်နေကြသည်။

စံကျောင်းနှင့် မလှမ်းမကမ်းတွင် စလင်းကျောင်းတိုက် ရှိသည်။ ငြိမ်းချမ်းသော နေရာတစ်ခုဖြစ်၍ တစ်ဖက်တွင် မြင်းပြိုင်ကွင်းရှိပြီး အခြားတစ်ဖက်တွင်




ပထမပြန်စာမေးပွဲ ကျောင်းပရာ

ဗြိတိသျှတို့၏ သေနတ်ပစ်ကွင်းရှိသည်။ ထိုသို့သော ပတ်ဝန်းကျင်မျိုးတွင် သီတင်းသုံးရသည့် ကျောင်းထိုင်ဆရာတော်ကြီးသည် လောကအကြောင်းကို နားလည်သူဟု ယူဆစရာရှိသည်။ ဗြိတိသျှစစ်သားတို့၏ ဖြိုးဖြိုးဖြောက်ဖြောက် သေနတ်သံများနှင့် ပြိုင်မြင်းတို့ ဝေါက်ဝေါက်ဂက်ဂက် ခွာသံများကို သူ့ကျောင်းအနီးတွင် ကြားနေရသည့်တိုင် ကျောင်းထိုင်ဆရာတော်ကြီးသည် အင်္ဂလိပ်လူမျိုးတို့ကို မနှစ်မြို့ခြင်း မဖြစ်ပါ။ ကျွန်တော်တို့ ရောက်သွားသည့်အခါတွင် ကျွန်တော်တို့အား သူ့ကျောင်းရိပ်တွင် ဆီးကြို၍ နှုတ်ဆက်ပါသည်။ အိန္ဒိယစစ်တပ်များ၏ စစ်ဦးစီးချုပ်အဖြစ် လော့ဒ်ရောဘတ် မကြာခဏ မန္တလေးသို့ ရောက်လာစဉ် သူ့ကို မကြာမကြာ လာရောက်ဖူးမြော်ကြောင်း၊ သူ့ထံမှ စာတစ်စောင်ရရှိကြောင်းဖြင့် ကျွန်တော်တို့ကို ပြောပြသည်။ စုတ်ပွဲနေသော စာရွက်ပေါ်မှ မှေးမှိန်စပြုနေသော မင်များဖြင့် အင်္ဂလိပ်လူမျိုးတို့သည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော ဆရာတော်ကြီးနှင့် သူဂုဏ်ယူသည့် လုပသည့် သူ့ကျောင်းကို ကောင်းစွာ ဂရုစိုက်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ရေးထားသည်။

ကျောင်းတွင်စီရင်ထားသည့် ပန်းပုများမှာ အခြားသော ကျောင်းများနှင့် မတူပါ။ ထူးခြားချက်မှာ ထိုကျောင်းတွင် ရွှေပိန်းချမထားခြင်း ဖြစ်သည်။ ထိုကျောင်းသည် မြန်မာပြည်တစ်ပြည်လုံးတွင် အလှဆုံး ဘုန်းကြီးကျောင်း ဖြစ်ပါသည်။

ထိုကျောင်းမှလွန်လျှင် ယောမင်းကြီးအုတ်ကျောင်းသို့ ရောက်သည်။ ယောမင်းကြီး အုတ်ကျောင်းမှာလည်း အင်္ဂတေပန်းများဖြင့် လွန်စွာလှပပါသည်။ ကျောင်းထဲတွင် လက္ခဏာရေးသုံးပါးကို ဆင်ခြင်နေသည့် ဘုန်းတော်ကြီးအိုတစ်ပါးကိုမြင်ရသည်။ ဘုန်းတော်ကြီး၏ပုံပန်းသဏ္ဌာန်မှာ လွန်စွာနူးညံ့သိမ်မွေ့ဟန်ရှိသော်လည်း ကျောင်းထဲသို့ ကျွန်တော်တို့ ဝင်သွားသည့်အခါ ထိုင်ရာမှလည်း မထ၊ စကားတစ်ခွန်းတလေမှလည်း ပြောခြင်း မရှိပါ။ ကျွန်တော်တို့သည် တိတ်ဆိတ်စွာ ဝင်လာပြီးနောက် မည်းမှောင်နေသည့် ခန်းဆောင်အတွင်းမှ တိတ်ဆိတ်စွာပင် ထွက်လာခဲ့ကြပါသည်။ ဘာဝနာကို စီးဖြန်းနေသည့် ဘုန်းကြီးအိုအဖို့ကား ကျွန်တော်တို့သည် ဘာမျှအရေးမကြီးပါ။ အာရုံပိတ်ကားပေါ်တွင် တိတ်ဆိတ်စွာ ဖြတ်သန်းသွားကြသည့် အရိပ်မျှသာတကား။ ကမ္ဘာလောကကြီးသည် သူ့အဖို့ အသာရက မျှသာတကား။




စလင်းကျောင်း

နန်းတော်မြောက်တံခါးမှ ထွက်လာခဲ့လျှင် မြောက်မြို့တံခါးသို့ ရောက်သည်။ ထိုမြို့တံခါးသို့သွားသည့် လမ်းမကြီးများမှာလည်း မန္တလေးမြို့၏ ထုံးစံအတိုင်း ဖြောင့်တန်းဖြူဖွေးနေသည့် လမ်းမကြီး ဖြစ်ပါသည်။ မန္တလေးမျှသာမဟုတ်ပါ။ မှတ်တမ်းရှိပြီးသော မြန်မာမြို့ကြီးတိုင်း၏ ထူးခြားသည့် လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

မန္တလေးမှ လမ်းများမှာ ကျွန်တော် တွေ့ဖူးသမျှ လမ်းများထဲတွင် အလှဆုံးလမ်းများဖြစ်သည်။ လမ်းများသည် တံခါးပေါက်တစ်ခုမှသည် အခြားတံခါးပေါက်တစ်ခုအရောက် မျဉ်းဖြောင့်တစ်ချောင်းလို ဖြောင့်တန်းနေသည်။ တစ်ဖက်တံခါးမှ မျှော်ကြည့်လျှင် တစ်ဖက်တံခါးကို တိုးလျှိုပေါက် မြင်နေရပါသည်။ လမ်းတွေက ကျယ်လည်း ကျယ်ပါသည်။ လူဆယ်ယောက် ဆယ့်နှစ်ယောက် မြင်းပြိုင်စီးနိုင်ပါသည်။

ထိုစာပိုဒ်များမှာ လွန်ခဲ့သည့်နှစ်ပေါင်း လေးရာလောက်က ပဲခူးနှင့်ပတ်သက်၍ ဆီဇာဖရက်ဒရစ် ရေးခဲ့သော စာပိုဒ်များဖြစ်သည်။ ယနေ့ မန္တလေးမှ လမ်းများမှာလည်း ထိုအတိုင်းပင် ဖြစ်ပါသည်။ မင်းတုန်းမင်း၏ မြို့တော်သစ်ဟောင်းသည် အတိတ်မြန်မာပြည်၏ အကြွင်းအကျန်ဖြစ်ကြောင်းကို ထိုလမ်းများက သက်သေထူနေကြပါသည်။

မြောက်ဘက်သို့ ထွက်သည့် လမ်းဘေးဝဲဘက်တွင်ရှိသည့် ပန်းခုံတော်မှာ အသေးစိတ် မွမ်းမံပြင်ဆင်ထားခြင်း ဖြစ်ဟန်တူသည်။ လူလုပ်ထားသည့် တောင်ကုန်းကလေးများ၊ လိုဏ်ဂူများကြားတွင် စမ်းချောင်းကလေးများနှင့် တူးမြောင်းကလေးများ ဖြစ်သန်းစီးဆင်းနေကြသည်။ အချို့ကန်ဘေးတွင် ယွန်းငိုက်နေသော အုန်းပင်များကို တန်းစီစိုက်ထားသည်။ ယခင်ကမူ ထိုပန်းခုံတော်သို့ အပျိုတော်များခြံရံကာ အလှအပရှုခင်းကို ရှုစားရန် ရောက်လာခဲ့ဖူးသည်။ သို့ရာတွင် ယခုအချိန်၌ကား ထိုပန်းခုံတော်လောက် လူသူကင်းရှင်းခြောက်သွေ့သည့်နေရာ မန္တလေးတွင် မရှိသလောက်ပင် ဖြစ်နေလေပြီ။ မည်းမှောင်သော တူးမြောင်းများထဲတွင် ပေါင်းပင်၊ ဒိုက်ပင်တွေ ပိတ်ဆို့နေလေပြီ။ တစ်ခါက အလှအပအင်္ဂတေပန်းတို့ စီခြယ်ထားသည့် လိုဏ်ဂူကလေးများ၊ အင်္ဂတေပန်း ပေါင်းကူးကလေးများမှာလည်း မျက်စိအမြင်တွင် ပသာဒ မဖြစ်တော့ဘဲ ဟာလာဟင်းလင်း ဖြစ်နေလေပြီ။ လှေကားထစ်ကလေးများ၊ စင်္ကြံများ



ဆရာတော်နှင့် ဦးပဥ္ဇင်းများ (စလင်းကျောင်း)

မှာလည်း ကျိုးပဲ့ပျက်စီးနေကြလေပြီ။ ပန်းခုံတော်တွင် ယခုရှိနေသည့် သက်ရှိများမှာ အသေကောင်ကိုစားသည့် စွန်ကြီးများသာ ဖြစ်သည်။ ပန်းခုံတော်ထဲသို့ လူစိမ်းတစ်ယောက် ရောက်လာသည်နှင့် စွန်ကြီးများသည် အနီးရှိ သစ်ပင်ကြီးများပေါ်သို့ ပျံတက်သွားကြတော့သည်။ ကိုက်အနည်းငယ်အကွာတွင်မူ မန္တလေးမြို့မှ အထက်တန်းလွှာတို့သည် မိဖုရား၏ အဆောင်တော်ထဲတွင် ညနေတိုင်း စုဝေးရောက်ရှိနေကြသည်။ သို့ရာတွင် မိဖုရား၏ပန်းခုံတော်သို့ကား မရောက်ဖြစ်ကြပါ။


ကျွန်တော်တို့သွားနေသည့် မြောက်တံခါးသို့ထွက်သည့် လမ်းယာဘက်တွင် ဘုရင့်ဆွေတော်မျိုးတော်တို့၏ မိသားစုများမြှုပ်နှံရာ သင်္ချိုင်းတော်ရှိသည်။ အနီးတစ်ဝိုက်တွင် မင်းတုန်းမင်းကြီး တရားရှုမှတ်ရာ ကမ္မဋ္ဌာန်းအဆောင်တော်တစ်ဆောင်လည်း ရှိသည်။ ထိုအဆောင်ကို ဗြိတိသျှစစ်ဗိုလ်တစ်ဦးက သူ့အိမ်အဖြစ် ယခုအသုံးပြုထားသည်ကို တွေ့ရသည်။ ဤနေရာတွင် မြောက်နန်းတော်မိဖုရား၏သင်္ချိုင်းကိုလည်း တွေ့ရသည်။မြောက်နန်းတော်မိဖုရားမှာ မင်းတုန်းမင်းနန်းမတက်မီ ငယ်ငယ်က လက်ထပ်ခဲ့သော ကြင်ရာဖြစ်သည်။ နန်းတော်ထဲတွင် မြှုပ်နှံခြင်းခံရသူတို့အနက် မင်းဆွေမင်းမျိုးမဟုတ်သူဆို၍ သူတစ်ဦးသာလျှင် ရှိသည်။ ထို့နောက်တွင်မူ စုဖုရားလတ်၏အမိန့်ဖြင့် သူ့အလောင်းကို တူးဖော်ယူပြီးနောက် အရပ်သင်္ချိုင်းသို့ ပြောင်းရွှေ့ မြှုပ်နှံစေခဲ့သည်။

တစ်ခါတွင် မင်းတုန်းမင်းလက်ထက် နန်းတွင်းရေးများကို ထဲထဲဝင်ဝင်သိခဲ့သည့် အဘိုးအိုတစ်ဦးနှင့် ကျွန်တော် စကားပြောခဲ့ရသည်။

"မင်းတုန်းမင်းတရားကြီးဟာ သူ့ပထမကြင်ရာတော်ကို တော်တော်ချစ်တယ်၊ ကြင်ရာတော်ကို ဘယ်လောက်ချစ်သလဲဆို ကောင်းကင်ဘုံမှာ အိပ်ပျော်တယ်ဆိုတောင် စိတ်ဝင်စားလာသည် အထိပဲ။ သေလို့ရှိရင် ကောင်းကင်ဘုံမှာ သူ့ကြင်ရာတော်နဲ့ပြန်တွေ့ရမယ် မဟုတ်လား။ ဒါကြောင့်မို့ အဲဒီ ကြင်ရာတော် ကွယ်လွန်တုန်းက ရုပ်ကလာပ်ကို မီးမရှို့ရဘူး။ မီးရှို့ရင် ပုံသဏ္ဍာန်ပျောက်သွားမှာစိုးလို့"

ယခုမူ သူမ မည်သည့်နေရာတွင် မြှုပ်နှံသည်ကို မည်သူမျှ မပြောနိုင်ကြတော့ပြီ။

(ငြံဖဗ္ဒုဂြ ဂ်ျဂ္ဒငှထဒးလဒနိဂ) းပြငှထဒးဒုငါယဒပ္ဂဂဲထဧ ဒုံန်ငှထဒလွင်ယ



မြောက်တံခါးဘက်သို့ထွက်သည့် လမ်းမတစ်ဖက်တစ်ချက်တွင် ပန်းခုံတော်သို့ ရေသွင်းသည့်ရေမြောင်း ရှိသည်။ ထိုရေမြောင်းသည် သောင်းညွှတ်တံခါးမှ ဝင်လာခဲ့ခြင်းဖြစ်ပြီး မင်းတုန်းမင်း နတ်ရွာမစံမီ တစ်နှစ်လောက်က ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်တွင် ထိုတူးမြောင်းမှာ ကောနေလေပြီ။ မင်းတုန်းမင်းသည် ရွှေဖောင်တော်ကိုစီးကာ မြို့ရိုးအရှေ့မြောက်ဘက်ရှိ ဘုရားပုထိုးများ၊ ဘုန်းကြီးကျောင်းများသို့ သွားရောက် ဖူးမြော်လေ့ရှိသည်။

မြောက်တံခါးမှ ထွက်လာခဲ့ပြီး ကျုံးဖြတ်တံတားကို ကျော်လာလျှင် မန္တလေးမြို့ အနောက်မြောက်ဒေသကို တွေ့ရသည်။ ထိုနေရာတွင် ၇၆ လမ်းရှိပြီး ပန်းတင်းသမားများ အလုပ်လုပ်လေ့ ရှိကြသည်။ ရဟန်းတော်များအတွက် သပိတ်များ ထုလုပ်သည့် ရပ်ကွက်ဖြစ်သဖြင့် သံများကို တူဖြင့် ထုသံများမှာ ဆူညံနေတော့သည်။ သူတို့ကိုလွန်လျှင် လှည်းဘီးထောင်ဆရာများအတန်းသို့ ရောက်သည်။ တဲများထဲတွင် အထပ်လိုက် ထောင်ထားသော လှည်းဘီးများကို မြင်ရသည်။ ထိုလမ်းမှာ ကတ္တရာ မခင်းရသေး။ ခြောက်သွေ့သည့် ရာသီဥတုတွင်ဆိုလျှင် ဖုန်လုံးကြီးများသည် အလိပ်လိုက်တက်နေသည်။ အိမ်များမှာလည်း အိမ်ကုပ်ကလေးများသာ ဖြစ်သည်။

ထိုမှ အနောက်သို့လားလျှင် အရိပ်မထွက်ဘုရားသို့ ရောက်သည်။ ထိုအနီးတစ်ဝိုက်မှ ဘုန်းကြီးကျောင်းများမှာ အိုမင်းယိုင်နဲ့နေလေပြီ။ ထိုနေရာတစ်ဝိုက်တွင် ထရံကာအိမ်လေးများ ပေါ်ပေါက်လာနေသည်။ ယင်းမှာ မန္တလေး၏ ပြောင်းလဲနေသည့် သင်္ကေတတစ်ခုပင် ဖြစ်သည်။

ထိုနေရာမှ တောင်ဘက်သို့လားလျှင် သီပေါစော်ဘွား၏ ရှမ်းဝိုင်းကို တွေ့ရသည်။ ရှမ်းဝိုင်းမှာ အုတ်တံခါးပေါက် တပ်ထားသည့် လေးထောင့်စပ်စပ်ဝင်းတစ်ခုဖြစ်သည်။ ထိုနေရာမှာ ရှမ်းပြည်နယ်ဘက်မှဆင်းလာသည့် ရှမ်းဘောင်းဘီပွပွ၊ ရှမ်းခမောက်တို့ကိုဆောင်းထားသည့် ရှမ်းကုန်သည်တို့ စခန်းချရပ်နားရာဖြစ်သည်။ တစ်ခါတလေတွင်လည်း လှည်းတန်းကြီးများကို တွေ့ရတတ်သည်။ ယခုတိုင် ရှမ်းတို့လာရောက်တည်းခိုသည့်စခန်းကို အခွန်ကောက်လျက် ရှိသေးသည်။ ယင်းမှာ ဘုရင့်အာဏာစက် တည်ကြောင်းကို ပြလိုသည့်သဘောဖြင့် စတိသဘော ကောက်ခံခြင်းသာ ဖြစ်သည်။ ရှမ်းဝိုင်းအနီးတွင် ရေကန် သစ်ရိပ်



နေခြည်နှင့် ရွှေရည်


တို့ဖြင့် ဝေဆာသော စော်ဘွား၏အိမ် ရှိသည်။ ယင်းမှာ ဖုန်တသောသော ဖြစ်နေသော ပတ်ဝန်းကျင်နှင့် လုံးလုံးလျားလျား ခြားနားနေသည်။ အနီးရှိ အုတ်ရေတွင်းကြီးတွင်မူ ရေခပ်နေသည့် မိန်းကလေးများဖြင့် ပြည့်နေသည်။

ရှမ်းဝိုင်း၏ အနောက်ဘက်တွင် သူရဲဈေးရှိသည်။ သူရဲဈေးမှာ အိုမင်းစုတ်ပြတ်လျက်ရှိသည့်တိုင် ဈေးရောင်းဈေးဝယ်တို့ဖြင့် စည်ကားလျက်ရှိသည်။ ယင်းမှာ မန္တလေးမြို့စွန်မှ မြို့နေများကို ကျွေးမွေးနေသည့် ဈေးကလေးများ အနက် တစ်ဈေးဖြစ်သည်။

သူရဲဈေးနောက်တွင် ရွှေတစ်ချောင်းရှိသည်။ ရွှေတစ်ချောင်းကို လွန်ခဲ့သည့် နှစ်တစ်ရာခန့်က ဘကြီးတော်မင်းတရားက တူးဖော်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် ကျောက်တော်ကြီး ရုပ်ပွားတော်ကြီးကို ပင့်ဆောင်ရာ ရေလမ်းအဖြစ် အသုံးပြုခဲ့သည်။ မန္တလေးမြို့ အနောက်ပြင်တွင် ဖြတ်စီးသွားသည့် ရွှေတစ်ချောင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ခဝါသည်တို့၏ အစုများရှိသည်။ ဒိုဘီစုမှာ အိန္ဒိယအမျိုးသားများ၏ တဲသိုက်ကလေးတွေ ဖြစ်ပြီး လူဖြူတို့၏ အဝတ်အစားများကို လျှော်ပေးရာဌာနဖြစ်သည်။ တဲများကြားတွင် ဝါးလုံးဖြင့် ထောက်ထားသည့် အဝတ်အစားများကလည်း ရှုခင်းကို တစ်မျိုးဆန်းနေစေသည်။ ရွှေတစ်ချောင်းကမ်းဘေးတွင်မူ မရေမတွက်နိုင်သော အဝတ်ပုံကြီးများကို တွေ့ရသည်။ ခဝါသည်များသည် ရွှေတစ်ချောင်းကမ်းစပ်မှ ထိုးထွက်နေသော သစ်သားခုံများပေါ်တွင် တစ်နေကုန် အဝတ်များကို လျှော်ကြ၊ ဖွပ်ကြသည်။ ယခုလို ခြောက်သွေ့သည့် ရာသီများတွင်မူ ဒိုက်သရောတို့ဖြင့် ဖုံးလွှမ်းကာ လှုပ်ရှားခြင်းမရှိသော ရေပြင်ကို ချောင်းဟုခေါ်ဖို့ အတော်ပင် ခက်ပေလိမ့်မည်။ ထိုရေထဲတွင် မန္တလေးမှ အင်္ဂလိပ်လူမျိုးတို့၏ အဝတ်အစားများကို လျှော်ဖွပ်ခဲ့သည်ဟု သိရလျှင် မည်မျှ အထိတ်တလန့် ဖြစ်ကြလေမည် မသိ။

ခြေကျင်းသံ တချွင်ချွင်ဖြင့် ခေါင်းမြီးခြုံသွားလာနေကြသော အိန္ဒိယခဝါသည်မတစ်သိုက်နှင့် အနီးအနားတစ်ဝိုက်တွင်ရှိသည့် မြန်မာအမျိုးသမီးတို့မှာလည်း များစွာကွာခြားခြင်း မရှိလှပါ။ ဖုန်မှုန့်များမှာ သွားလေရာရာတွင် ထောင်းထောင်းထနေသဖြင့် တော်တော် စိတ်ဓာတ်ကျစရာကောင်းပါသည်။

ထိုသို့သော ပတ်ဝန်းကျင်မျိုးတွင် အသွေးအရောင်နှင့် အပျော်အမြူးကို မျှော်လင့်၍ မဖြစ်နိုင်ပါ။ ထိုနေရာတစ်ဝိုက်သို့ရောက်လျှင် မြန်မာအမျိုးသမီးတို့



နွေရာသီ လေသာဆောင်

သည်လည်း ချစ်ခင်နှစ်သက်စရာတွေ ပျောက်ကုန်ပါပြီ။ ခြောက်သွေ့ပူပြင်းသည့် ရာသီဥတုနှင့် ပူပြင်းသောနေသည် မြန်မာအမျိုးသမီး၏ အသားအရေကို ညိုမည်းညှိုးခြောက်စေပါသည်။ မန္တလေးသူများသည် အစ်မတော်၊ ညီမတော် အောက်သူတို့ ပိုင်ဆိုင်သော တောက်ပသည့် အလှမျိုးကို မပိုင်ဆိုင်ကြပါ။

✣

## သမိုင်းထဲက မန္တလေး
## မန္တလေးထဲက သမိုင်း

[၅]

နန်းတော် အနောက်ဘက်တံခါးဝသို့ အသစ်ပြုပြင်ပြီးသည့် လှေကားအတိုင်း တက်သွားလျှင် နန်းမတော်ဆောင်သို့ ရောက်သည်။ လှေကားရင်းတွင် အသုံးပြု၍မရတော့သော အမြောက်ကြီးချထားသည်။ နန်းမတော်ဆောင်မှာ ယခုအချိန်တွင် မန္တလေးတွင်ရှိသည့် အင်္ဂလိပ်လူမျိုးတို့စုဝေးရာ ကလပ်ဖြစ်နေသည်။ ညနေစောင်းလျှင် အရှေ့တိုင်းတွင် အမျိုးသမီးများ ဖြစ်လေ့ရှိသည့် ထုံးစံအတိုင်း အသားအရေဖျော့တော့နေသည့် အမျိုးသမီးများ ရောက်လာတတ်သည်။ အလားတူပင် ပိုလိုရိုက်ကွင်း၊ တင်းနစ်ရိုက်ကွင်းမှ အမျိုးသားများလည်း ရောက်လာတတ်ကြသည်။ နန်းမတော်ဆောင်ရှိ ဘိလိယက်ခုံများဆီမှ မာကာများက အမှတ်များကို ခေါ်နေကြသည်။ ဘင်ခရာတီးဝိုင်းက မှုတ်နေသည်။ မှန်ချပ်ကြီးများတပ်ထားသည့် နံရံများပေါ်တွင် ဥရောပမှ နောက်ဆုံးရောက်လာသော ကြေးနန်းစာရွက်များ ချိတ်ဆွဲထားသည်။ ရာဇပလ္လင်၏ခြေရင်းတွင် ဗြိတိသျှအင်ပါယာတွင်းရှိ စစ်ပွဲများ၊ တော်ဝင်အခမ်းအနားများနှင့် မြို့တော်ကြီးများမှ အခမ်းအနားများကို ဖော်ပြထားသည့် ရုပ်စုံသတင်းစာ၊ မဂ္ဂဇင်းများရှိသည်။ အရပ်ရှည်ရှည်လူများသည် လှုပ်ယမ်းလျက်ရှိသော ယပ်လွှဲများအောက်က ပက်လက်ကုလားထိုင်များပေါ်တွင် လဲလျောင်းနေကြသည်။ တချို့ကလည်း နန်းမတော်ဆောင်အတွင်းဘက်မှာ ဖဲဗေဒင်၊ ပိုကာစသည်တို့ကို ကစားလျက်ရှိကြသည်။ ဆိုဒါပုလင်းဖောက်သံ၊ ရေခဲခွဲသံ၊ ဘိလိယက်ဘောလုံးများ တိုက်ခိုက်သံ။ ထိုအရာများသည် ရွှေနန်းတော် အနောက်ဆောင်တွင် ယနေ့မြင်ရသည့် ရှုခင်းဖြစ်သည်။ နန်းတော်တစ်ဆောင်အား ထိုသို့ နေရာတကာလိုက်၍ အသုံးပြုနေခြင်းသည် နန်းတော်၏ဂုဏ်သိက္ခာကို ညှိုးနွမ်းမေးမှိန်အောင် လုပ်နေသည်နှင့်

တူပါသည်။ သို့ရာတွင် ကျွန်တော့်အနေဖြင့် ပြောရလျှင် ထိုပတ်ဝန်းကျင်၊ ထိုနေရာတစ်ဝိုက်တွင် နေခဲ့ရသည့် နေ့ရက်များသည် ကျွန်တော့်ဘဝတွင် အပျော်ဆုံးသော အချိန်တစ်ချိန်ဟုပင် ဆိုနိုင်ပါသည်။ နန်းတော်၏ ဝန်းကျင်နှင့် နွေရာသီ စံနန်းများတွင် နေခဲ့ရသည့်အချိန်သည် ပျော်စရာကောင်းလှပါသည်။



ပန်းပုရုပ်ကြွနဂါး

မန္တလေးသို့ ရောက်သည်နှင့် ကျွန်တော်သည် နန်းတော်ရိပ်ကို ခိုလှုံရန်၊ ရှည်လျားလှသော လက်တင်ကုလားထိုင်ကြီးများပေါ်တွင် ထိုင်ရန်၊ မှန်ချပ်တွေ ကာထားသည့် မှန်နန်းဆောင်ကြီးထဲတွင် ထိုင်ရင်း ကြေးနန်းစာများကို ဖတ်ရန်၊ ရွှေနန်းတော်၊ ရွှေပိန်းချတိုင်လုံးကြီးများကြားတွင် သွားလာလှုပ်ရှားနေကြသော အင်္ဂလိပ်အမျိုးသမီးများအား ကြည့်ရန်ကိုသာ စိတ်စောနေမိပါသည်။

သို့ရာတွင် ဤသည်ကို အသာထား၍ ယခု လောလောဆယ်တွင် ကျွန်တော်နှင့်အတူ စာဖတ်သူအား မန္တလေးရွှေမြို့တော်ကြီး၏အနောက်တံခါး အတိုင်း ခေါ်သွားချင်ပါသေးသည်။

နန်းမြို့အနောက်ဘက်တံခါးမှ ဝင်သွားလျှင် လက်ယာဘက်တွင် အိန္ဒိယတိုင်းရင်းသားတို့၏ ခြေလျင်စစ်တပ်များစခန်းချရာ စစ်တန်းလျားများ ရှိပါသည်။ ကွက်လပ်များတွင် မုတ်ဆိတ်ဖွားဖွားနှင့် ဆစ်ခ်လူမျိုးများ၊ အရပ်ပုပု


မြို့စောင့်နတ်

အာဖရိကတိုက်သားများနှင့် အရပ်ဝတ်အရပ်စားဝတ်ထားသည့် တပ်သားသစ်များသည် စစ်ရေးလေ့ကျင့်နေကြသည်။ တံခါးမကြီးအနီးတွင် စန္ဒရီတစ်ယောက် လျှောက်နေသော်လည်း ကျွန်တော်တို့ကို ဘာမှ မေးမြန်းခြင်းမပြု။ တံခါးအပြင်ဘက်တွင် အနီရောင်သစ်သားတိုင်ကြီးတစ်တိုင် ရှိသည်။ ရွှေစာစုံများ ထွင်းထုထားသည့် သစ်သားပြားတစ်ခု ရှိသည်။ ထိုသစ်သားပြားပေါ်တွင် မန္တလေးမြို့ ပန္နက်ချသည့် နေ့စွဲကို ရေးထိုးထားသည်။ မြို့ရိုးတံခါးမကြီး လေးရပ်တွင် အလားတူ မော်ကွန်းတိုင်များ စိုက်ထူထားသည်။ ထိုမော်ကွန်းတိုင်များ အလွန်တွင် ကျုံးရှိသည်။ ကျုံးကို တံတားများ ဖြတ်ကူးထားသည်။ ထိုတံတားများမှဖြတ်၍ ထွက်လာခဲ့သည်နှင့် မန္တလေးမြို့၏ ကုန်အရောင်းအဝယ် ဖောက်ကားရာ ဗဟိုဌာနသို့ ရောက်သည်။ ယနေ့အချိန်တွင်မူ ထိုနေရာသည် မန္တလေးမြို့၏ အရေးကြီးဆုံးနေရာ ဖြစ်လေသည်။ သို့ရာတွင် မြန်မာဘုရင်လက်ထက်ကမူ ထိုနေရာသည် ဘာမှအရေးကြီးသော နေရာမဟုတ်။ အသုဘများချရာ လမ်းဖြစ်ခဲ့သည်။ ယခု လမ်းတစ်ဖက်တစ်ချက်တွင် အင်္ဂလိပ်ကုန်တိုက်များ အစီအရီ ရှိနေသည်။ မန္တလေး၏ တစ်ခုတည်းသော ဟိုတယ်နှင့် စာပို့တိုက်မှာလည်း ထိုလမ်းမှာပင် ရှိသည်။ ဘိလိယက်ခုံများတွင်မူ ကာကီအနီ ယူနီဖောင်း

ဝတ်ထားသည့် စစ်သားများဖြင့် ပြည့်ကျပ်နေပေတော့သည်။ ထိုမြင်ကွင်းသည် အသစ်ဖြစ်သော မြင်ကွင်းဖြစ်ပါသည်။ အသုံးကျသော မြင်ကွင်းဖြစ်ပါသည်။ သို့ရာတွင် သာယာလှပသော မြင်ကွင်းတစ်ခုတော့ မဟုတ်ပါ။ နန်းတော်ထဲမှ ထွက်၍ ထိုလမ်းသို့ ကူးသွားရခြင်းမှာ(လန်ဒန်တွင်)ဝက်စမင်စတာ ဘုရားရှိခိုးကျောင်းမှထွက်ပြီး ဒုစရိုက်ရပ်ကွက်များသို့ ကူးသွားရသကဲ့သို့ပင် ဖြစ်ပါသည်။

ထိုနေရာမှစ၍ မန္တလေးမြို့ကြီးသည် အနောက်ဘက် ဧရာဝတီမြစ်ထိ၊ အနောက်ဘက် တာရိုးကြီးအထိ တစ်မျှော်တစ်ခေါ်ကြီး တည်ရှိနေသည်။

တောင်ဘက်သို့လားလျှင် မန္တလေးမြို့ကြီးသည် ရခိုင်ဘုရားကြီးထိ ကျယ် သည်။ ထိုနေရာမှာ မြို့သစ်(မန္တလေး)နှင့် မြို့ဟောင်း(အမရပူရ)တို့ ဆက်စပ်ရာ နေရာဖြစ်သည်။ ထိုနေရာတစ်ဝိုက်မှာ ထောင့်မှန်ကျကျ ဖောက်ထားသည့် လမ်းများကြားတွင် ရပ်ကွက်များ တည်ထားသည်။ လမ်းအတော်များများမှာ ကျောက်လမ်းမခင်းရသေး။ မိုးတွင်းဆိုလျှင် ဗွက်တွေထနေပြီး နွေဆိုလျှင် ဖုန်တထောင်းထောင်းနှင့် ဖြစ်နေတော့သည်။

ပုဂ္ဂလိကတို့ကို ကန့်သတ်ထားသည့် ဥပဒေများ မရှိတော့သည့်အတွက် ထိုနေရာတစ်ဝိုက်တွင် တိုက်တာ အိမ်ရာသစ်များ ပေါ်ပေါက်လာခဲ့ကာ အမုတ်အသားဟောင်းများသည် အဆောက်အအုံသစ်များအကြားတွင် ပို၍အထီးတည်းဖြစ်လာနေကြသည်။ မန္တလေး မြူနီစီပါယ်အုပ်ချုပ်ရေးအဖွဲ့သည် ထိုမျှ ကြီးမားသောနေရာကြီးကို အုပ်ချုပ်နေရသည့်အတွက် မနိုင်မနင်း ဖြစ်နေသည်။ ယခင် မန္တလေးမြို့တွင် တွေ့ခဲ့ရသည့် ဝက်အုပ်များကို မြို့စွန်မြို့ဖျားတွင် အိမ်ကြို အိမ်ကြား မြင်နေရသေးသည်။ အိမ်များတွင်လည်း လူစိမ်းသူစိမ်းများကို ဟောင်ရန်အတွက် ခွေးတွေ မွေးထားကြသေးသည်။ မန္တလေးလူထု အများစုသည် ဆင်းရဲလှသည့်အတွက် အခွန်တော်ငွေကလေး နည်းနည်းကလေး ကောက်လျှင်ပင် တော်တော်ဒုက္ခရောက်ကြရသည်။ ထိုလူထုများအားလုံးကမူ မန္တလေးမြို့အား ဘုရင့်မြို့တော်ကြီးအဖြစ်မှ သာမန်မြို့တစ်မြို့အဖြစ် သတ်မှတ်လိုက်သည့်အတွက် များစွာစိတ်ဆိုးကြသည်။ မြန်မာဘုရင်တို့ လက်ထက်က မည်သည့် အခွန်မျိုးကိုမျှ မပေးခဲ့ရသည်ကို သူတို့ မမေ့နိုင်ကြသေးပါ။ နန်းတော်ထဲတွင် လူပေါင်းနှစ်သောင်းခန့် အလွယ်တကူ မှီတင်းနေထိုင်ကြခဲ့သည်ကို မမေ့ကြသေးပါ။ ဘုရင်၏ဘဏ္ဍာတိုက်မှငွေများသည် ပိုးရက်ကန်းသည်များ၊ ရွှေချည်ထိုးပညာသည်များ၊ လက်မှုပညာသည်များ၊ စစ်သည်အမှုထမ်းများနှင့် မရေတွက်

နိုင်သော နန်းတော်အမှုထမ်းများထံသို့ ရောက်လာကြသည်ကိုလည်း သူတို့ မမေ့ကြသေးပါ။

မန္တလေးသည် အခြားကိစ္စများမှာကဲ့သို့ ထိုကိစ္စတွင်လည်း အတိတ်ကို ပြန်သွား၍မရတော့ပြီ။ မန္တလေး၏အနာဂတ်သည် သံသယဖြစ်စရာ ကောင်းနေသည်။ ထီးနန်းကွယ်ပျောက်သွားခြင်းကြောင့် မန္တလေးမှ လူဦးရေ လျော့သွားလိမ့်မည်ဟု ယူဆကြသည်။ သို့ရာတွင် ထိုသို့ မဖြစ်ပါ။ နန်းတော်ကြီး ကျန်ရှိနေသေးသမျှ၊ အထက်မြန်မာပြည်တွင် အုပ်ချုပ်ရေးဗဟိုဌာနတစ်ခု ဖြစ်နေသေးသမျှ မန္တလေးသည် လက်ရှိလူဦးရေကို ထိန်းထားနိုင်ဦးမည် ဖြစ်သည်။ သို့ရာတွင် ရန်ကုန်နှင့် နှိုင်းယှဉ်လိုက်လျှင် မန္တလေးသည် နှစ်စဉ်နှင့်အမျှ အရေးကြီးသည့်နေရာမှ လျှောကျသွားပေလိမ့်မည်။ တိုင်းပြည် လူဦးရေများလာပြီး အခြား ဗဟိုဌာနသစ်များ ဖွံ့ဖြိုးလာသည်နှင့်အတူ မန္တလေးသည် ဒုတိယမြို့တော်အဖြစ်မှ ရွှေ့လျောကောင်း ရွှေ့လျောသွားနိုင်သည်။

ကျွန်တော်တို့ ခရီးဆက်ပါဦးမည်။

မြန်မာခရစ်ယာန်တစ်ဦး ဆောက်လုပ်လှူဒါန်းသည့် ဗရင်ဂျီ ဘုရားရှိခိုးကျောင်းကြီးနှင့် ကိုက်အနည်းငယ်ခန့်အကွာတွင် ပျက်စီးယိုယွင်းနေသော ဈေးချိုတော်ရှိသည်။ ဈေးချိုတော်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဘုရင့်ဘဏ္ဍာတိုက်ထဲသို့ ဥစ္စာရတနာတို့ကို မှန်မှန်ဖြည့်ဆည်းပေးခဲ့သည်။ ယခုအပြိုအပျက်တို့ဖြစ်နေသည့်တိုင် ဈေးချိုတော်သည် နောက်ဆက်ခံသူ မန္တလေးမြူနီစပါယ်အဖွဲ့အား အတော်အတန်များပြားသည့် အခွန်တော်ငွေများကို ပေးသွင်းလျက် ရှိသေးသည်။ အလွန်ဒုက္ခခံနိုင်ပါသည်။ ဈေးချိုတော်ကြီးသည် လွန်ခဲ့သည့် ငါးနှစ်ခန့်က မီးအကြီးအကျယ် ခံခဲ့ပါသည်။ လက်ရှိဈေးသည်များသည် မီးလောင်ကျွမ်းနေသော တိုင်များပေါ်တွင် မိုးထားသည့် မီးလောင်သွပ်ပြားများအောက်မှာပင်နေ၍ ထိုနေရာမှာပင် ဈေးရောင်းနေကြပါသည်။

သို့ရာတွင် ကျွန်တော် ပထမဆုံးအကြိမ် ရောက်သွားစဉ်ကမူ ဈေးချိုတော်သည် စိတ်ဝင်စားဖွယ်ကောင်းသည်။ လုပသည်ဟူသော ဂုဏ်သတင်းကြီးမှုကို ဆက်လက်ထိန်းသိမ်းထားဆဲ ရှိပါသေးသည်။

မှောင်ရီမှုန်ပျသည့် ဈေးရုံထဲတွင် မြန်မာပြည်မှ အကောင်းဆုံး ပိုးထည်များနှင့် မန္တလေးမှ အလှဆုံးမိန်းကလေးများသည် ခရီးသည်တို့၏ အာရုံစိုက်မှုကို စောင့်ကြိုလျက် ရှိကြပါသည်။ ကျဉ်းမြောင်းသော ဈေးရုံဆိုင်တန်းများကြားတွင်

ထူးဆန်းသော လူအုပ်များဖြင့် ပြည့်ကျပ်နေပါသည်။ ဝတ်ရုံရှည်ကြီး ခြုံထားသည့် ပါရှန်းလူမျိုးများ၊ ဘောင်းဘီပွပွကြီးတွေ ဝတ်ထားသည့် ရှမ်းလူမျိုးများ၊ ရွှေပိုးဖြင့် ချုပ်ထားသည့် ဦးထုပ်ပြားကလေးကို ဆောင်းထားသည့် တူရကီလူမျိုးများ၊ ယူနန်နယ်မှ တရုတ်များ၊ ဘားဆရာနှင့် ဘက်ဂဒက်မှ ရေဝတီများနှင့် ထွက်ပြေးလာကြသော အာမေးနီးယန်းများ စသည်ဖြင့် စုံနေပါသည်။ ထိုသူများကို ယခု ဈေးချိုတော်တွင် မတွေ့ရတော့သော်လည်း မန္တလေးလမ်းများပေါ်တွင် မိမိတို့လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့နိုင်ပါသေးသည်။

၈၅ လမ်းအတိုင်း တောင်ဘက်သို့လာခဲ့လျှင် သကျသီဟဘုရားကြီးကို တွေ့ရပါသည်။ ဘုရားကြီးထဲတွင် ကြီးမားသည့် ကြေးဆင်းတုတော်ကြီးတစ်ဆူ ကိန်းဝပ်နေပါသည်။ ဆင်းတုတော်ကြီး၏ အလေးချိန်မှာ ပေါင် ၇၀၀၀၀ ရှိပြီး ပါတော်မမူခင် ဒီဇင်ဘာလအတွင်းက သီပေါမင်းကိုယ်တိုင် အမရပူရမှ မန္တလေးသို့ အခမ်းအနားဖြင့် ပင့်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ထိုဆင်းတုတော်ကြီးကို ၁၈၂၆ ခုနှစ်တွင် ဘကြီးတော်က သွန်းလုပ်ခဲ့ပြီး အင်းဝတွင် တည်ထားကိုးကွယ်ခဲ့သည်။ ထိုဆင်းတုတော်ကြီးအား ပြောင်းရွှေ့ခဲ့သည့် မင်းနှစ်ပါးစလုံးသည် ကံမကောင်းခဲ့ကြပါ။

ယင်းတို့၏အရှေ့ဘက်တွင် တရုတ်အမျိုးသားတို့၏ ဘုံကျောင်း နှစ်ကျောင်းရှိသည်။ တစ်ခုမှာ မကြာသေးမီက ယူနန်တရုတ်အမျိုးသားတစ်ဦးက ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဖြစ်ပြီး မြန်မာပြည်ရှိ တရုတ်ဘုံကျောင်းများတွင် အလှဆုံး၊ အကောင်းဆုံး တရုတ်ဘုံကျောင်း ဖြစ်သည်။ အထူးခြားဆုံးမှာ အပြင်ဘက်ရှိ တံခါးဝိုင်းကြီးဖြစ်ပြီး ထိုတံခါးဝိုင်းမှ လှမ်းကြည့်လိုက်လျှင် ဘုံကျောင်းတလင်းပြင်များနှင့် အမိုးကော့ကြီးများကို မြင်တွေ့နေရသည်။ ထိုတံခါးဝိုင်းသည် တရုတ်ဗိသုကာပညာရပ်တွင် အထူးခြားဆုံး ဖြစ်သည်။ တံခါးထဲတွင် တိတ္ထိတို့၏နိုင်ငံ၌ပင်လျှင် ဉာဏ်အလင်းရောင်ရှိပေ၏ဆိုသည့် စကားလုံးများကို ရေးထွင်းထားသည်။

အနောက်ဘက်မြို့စွန်တွင် ထူးခြားသည့် အခြားအဆောက်အအုံများမှာ အိမ်တော်ရာဘုရားဖြစ်ပြီး ပုဂံမင်း၏ နန်းတော်ရာနေရာတစ်ခုတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် မိဖုရားတည်ဆောက် လှူဒါန်းခဲ့သော ရွှေကျောင်းလည်း ရှိသေးသည်။ မြန်မာဗိသုကာမှုဖြင့် လုပခမ်းနားစွာ ဆောက်လုပ်ခဲ့သော ကျောင်းကြီးဖြစ်ပြီး မန္တလေးမှ စုဖုရားလတ်ကို အကျဉ်းသားအဖြစ် ယူဆောင်သွားစဉ်က ဆောက်လုပ် ပြီးစီးခါစသာ ရှိသေးသည်။

ကျွန်တော်တို့သည် အရပ်လေးမျက်နှာသို့ ခရီးအစပြုခဲ့ရာ မန္တလေးနန်းတော်ကြီးထဲ ပြန်လာခဲ့ကြပါသည်။ မန္တလေးတွင် နန်းတော်တစ်ဆောင်ဆောက်လုပ်ခဲ့ခြင်းမှာ တစ်ခါက ဘုရင်တစ်ပါး ရှိခဲ့သောကြောင့် ဖြစ်ပြီး မန္တလေးဟူ၍ အထင်ကရ ဖြစ်လာခဲ့ခြင်းမှာလည်း ထိုနန်းတော်ကြီး တည်ဆောက်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မန္တလေးနှင့်နန်းတော်သည် ခွဲခွာ၍ မရစကောင်းသော အရာများဖြစ်နေ သည်။ နန်းတော်မရှိလျှင် မန္တလေးမြို့သည် ဘာမျှစိတ်ဝင်စားစရာရှိမည် မဟုတ်ပါ။

မန္တလေးနန်းတော်သည် အချိန်ကြာရှည်စွာ ကြည့်လာသည့် အခါတွင်မှစာနာစိတ်အခံဖြင့် ကြည့်လိုက်သည့်အခါတွင်မှ နန်းတော် ၏ အလှ၊ နန်းတော်၏ကျက်သရေတို့ကို တစိမ့်စိမ့် မြင်လာရခြင်း ဖြစ်ပါသည်။ ထိုနန်းတော်ဝန်းကျင်တွင် နေထိုင်ပြီး ပြာသာဒ်၊ စုလစ် မွန်းချွန်တို့၏ တေးဂီတကို နားထောင်ကာရွှေရောင်တံစက်မြိတ်များတွင် နေခြည်တို့ ထိုးရိုက်သည်ကို မြင်ရသည့်အခါတွင်မှ နန်းတော်ကြီး၏ အလှကို မြင်တတ်လာကာ နန်းတော်၏ ထူးခြားချက်တို့ကို သတိပြုမိ လာခြင်းဖြစ်ပါသည်။

ထိုနန်းတော်ထဲတွင် နေ့စဉ်နှင့်အမျှ နေထိုင်ပြီး ရှင်လန်းသော မြန်မာလူမျိုးတို့ သွားလာကြသည်ကို မြင်ရခြင်း၊ ကျေးလက်မှလူများ နန်းတော်ထဲတွင် သွားလာနေကြစဉ် နန်းတော်ကြီး၏ အံ့သြဖွယ်တို့ကို ရင်သပ်ရှုမောဖြစ်ရခြင်းမှ တူးမြောင်းများဘေးတွင် ထိုင်၍ငေးမောရခြင်း၊ တိတ်ဆိတ်နေသော ခန်းဆောင်များထဲတွင် လျှောက်သွားရခြင်း၊ လွန်စွာယဉ်ကျေးသိမ်မွေ့သည့် ဘုရင့်ဝန်ကြီးများကို တွေ့ဆုံရခြင်း၊ သက်ရွယ် အိုမင်းသော ဘုရင့်ဝန်ကြီးများအား ဖိနပ်ကိုချွတ်၍ကိုင်ကာ နန်းတော် ထဲတွင် လျှောက်သွားနေသည်ကို မြင်ရခြင်း၊ အရပ်သူအရပ်သားတို့ ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ပြီး လျှောက်ကြည့်နေသည်ကို တွေ့ရ ခြင်း၊ ထိုအရာများနှင့် ပေါင်းစပ်ကြည့်မှသာလျှင် ဆင်းရဲအိုမင်းကာ ယိမ်းယိုင်နေသော၊ တောက်ပခမ်းနားသော၊ လှပသော၊ အပေါ်ယံကျသော မင်းတုန်းမင်း နန်းတော်အကြောင်းကိုသိနိုင်၊ နားလည်နိုင်ပါသည်။

ယခု ကျွန်တော်တို့သည် စာရွက်ပေါ်တွင်တတ်နိုင်သမျှထိုနန်းတော်ကြီးကို ကြည့်ကြပါမည်။

နန်းတော်ကြီးကို အလျားပေ ၉၀၀၊ အနံ ပေ ၅၀၀ ရှိသည့် ခုံအမြင့်တွင် တည်ဆောက်ထားပြီး နန်းဆောင်ပေါင်းမှာ ၁၂၀ ရှိ၍ အများအားဖြင့်

သစ်သားများဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ နန်းတော်ကို ညီလာခံရာ အဆောင်၊ ဘုရင်စံမြန်းရာ အဆောင်နှင့် မိဖုရား များအဆောင်ဟူ၍ သုံးပိုင်း ခွဲခြားနိုင်သည်။ နန်းတော်ကြီး၏ပုံသည် ရှုတ်တရက်ကြည့်လျှင် ရှုပ်ထွေးနေသည်ဟု ထင်ရသော်လည်း ရိုးရိုးမျှ သာ ဖြစ်ပါသည်။ နန်းတော်ပုံစံကို ကန့်လန့်ဖြတ်၍ မျဉ်းဆွဲလိုက်လျှင် အရှေ့ဘက်အဆောင်များမှာ ယောကျ်ားများ ဝင်ထွက်နိုင်သော အဆောင် များဖြစ်ပြီး၊ အနောက်ဘက်အဆောင်များမှာ ဘုရင်မှအပ အခြား မည် သည့်ယောကျ်ားမျှ မဝင်ရသော မိန်းမဆောင်ဖြစ်သည်။ အရှေ့ဘက် အဆောင်များမှ တတိယမြောက်အဆောင်မှာ ပလ္လင်ရှစ်ရပ် ထားရှိရာဖြစ်ပြီး 'မြနန်းစံကျော်' နန်းတော်ဟု ခေါ်ပါသည်။ ထိုနေရာတွင်ရှိသည့် မြေနန်းပြာသာဒ် တော်မှာ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည်။

အပေါ်တွင် ရွှေစရွှေနတို့ အနည်းငယ်သာကျန်တော့သည့် အမြောက်ကြီး များ ချထားရာ ရာဇမတ်ကာ မျဉ်းတပ်လှေကားမှ တက်လာခဲ့လျှင် ရွှေပိန်းချ တိုင်လုံးကြီးများရှိရာ သီဟာသနပလ္လင်ဆောင်သို့ ရောက်သွားသည်။ လက်ဝဲနှင့် လက်ယာဘက်တို့တွင်လည်း ပြာသာဒ် လည်ပေါ် သုံးထပ်ဆောင်ကို ထောင်ထား သည့် ရွှေပိန်းချတိုင်လုံးကြီး များသည် မျှော်မဆုံးနိုင်အောင် ရှိနေသည်။

သီဟာသနပလ္လင်ထက်မှနေ၍ ဘုရင်သည် ပျပ်ဝပ်ခစားလျက်ရှိ သော မှူးမတ်အပေါင်းတို့ကို လက်ခံတွေ့ဆုံတော်မူသည်။ ထိုပလ္လင်ထက်မှနေ၍ ဘုရင် သည် စော်ဘွားများ၊ မင်းညီမင်းသားများ၊ မှူးမတ်ဝန်ကြီးများ၊ ဆွေတော်မျိုးတော် များကို တစ်နှစ်လျှင် သုံးကြိမ်မျှ ညီလာခံဝင်တော်မူသည်။ မျက်မြင်သက်သေ ပုဂ္ဂိုလ်တို့က မကြာခဏ ဖော်ပြခဲ့သော ထိုညီလာခံသဘင်မှာ အလွန်ခမ်းနား၍ စိတ်ဝင်စားစရာကောင်းသည်။ ရာဇပလ္လင်နှင့် အနီးဆုံးနေရာ တွင် ခစားရသူမှာ အိမ်ရှေ့စံမင်းသားဖြစ်ပြီး၊ သူ့နောက် ဝဲယာတွင်မှ မင်းညီ မင်းသားများ ခစားကြရ သည်။ ထို့နောက်တွင် မရန်းရောင်ဝတ်စုံတို့ကို ဝတ်ဆင် ထားသည့် ဝန်ကြီးများ ခစားကြရသည်။ လက်ဝဲဘက်နှင့် လက်ယာဘက်မှ အဆောင်များတွင်ကား ထို့ထက် အဆင့်နိမ့်သူများ ခစားကြရသည်။ နေရောင် ခြည်သည် နန်းတော် ရွှေပိန်းချအမိုးများမှ ဖြာကျလာကာ ခစားနေသူတို့ အပေါ်သို့ ထိုးကျလျက်ရှိသည်။

စည်တော်ယွန်းသံ၊ သေနတ်ကိုင်အစောင့်တို့၏ အလေးပြုသံကို ကြားရ ပြီးနောက် ရာဇပလ္လင်အနောက်ဘက်ရှိ တံခါးသည် ပွင့်လာကာ ရွှေမကိုဋ်နှင့် ရတနာတို့စီခြယ်ထားသည့် အင်္ကျီကို ဝတ်ဆင်ထားသည့် ဘုရင်သည် ရာဇပလ္လင်



ပုဝါနဲ့ နေကာနေတဲ့ နန်းတွင်းသူလေး

အနောက်ဘက်လှေကားမှ ဖြည်းညည်းစွာ ကြွချီလာသည်ကို မြင်ရသည်။ ထုံးတမ်းစဉ်လာအရ မိဖုရားခေါင်သည် လိုက်ပါလာပြီး တစ်ခါတစ်ရံတွင် မျက်နှာသာပေးမှုအရ သမီးတော်ကလေး တစ်ပါးပါး ပါလာတတ်သည်။ တည်ကြည်ခန့်ညားစွာ စံနေသည့် ပလ္လင်ထက်မှာပင်လျှင် သမီးတော်ကလေးသည် မြန်မာကလေးငယ်များတို့ထုံးစံ ဆော့ကစားခွင့်ကို ရရှိလေသည်။

ရွှေရောင်နှင့် အဖြူရောင်ဝတ်ထားသည့် ပုဏ္ဏားများက ဂါထာမန္တာန်တို့ကို ရွတ်ဆိုသည့်အခါတွင် ညီလာခံသဘင်ကို စတင်လေပြီ။ ထို့နောက် ဘုရင်၏သံတော်ဆင့်က ဘုရင်ကြွချီပြီဖြစ်ကြောင်း ကြော်ငြာရသည်။ ထိုအခါတွင် မင်းညီမင်းသားနှင့် မှူးမတ်များက ဒူးတုပ်ခစားကာ သစ္စာတော် ခံကြရသည်။ သံတော်ဆင့်မင်းက ရရှိသည့် လက်ဆောင်များကို နန်းတွင်းအရာရှိတစ်ဦးမှတစ်ဆင့် ဆက်သွင်းရသည်။ ထို့နောက်တွင်ကား ဘုရင်၏ အလိုတော်အတိုင်း ညီလာခံကို ကျင်းပကြရသည်။

အရှေ့တိုင်း ထီးနန်းအစဉ်အလာများသည် အလွန်ခိုင်မြဲသည်။ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ထောင့်ငါးရာက အရှေ့တိုင်းမှ မင်းအပေါင်းတို့ ညီလာခံကျင်းပသကဲ့သို့ နောက်ဆုံး မြန်မာဘုရင်သည်လည်း ဘိုးတော်ဘေးတော်များအစဉ်အလာအတိုင်း ညီလာခံခန်းမတွင် ညီလာခံကျင်းပမြဲဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်းငါးရာက ကျင်းပခဲ့သည့် ညီလာခံသည်လည်း ယခုဖော်ပြခဲ့သည့် ညီလာခံသဘင်ကဲ့သို့ပင်ဖြစ်ကြောင်းကို မင်းညီမင်းသားတစ်ပါးက ဤသို့ကျောက်စာဖြင့် ရေးထိုးခဲ့သည်။

ညီလာခံသဘင်သို့ ဝင်ရောက်ခစားသည့်အခါ၌ ထီးမွေ၊ နန်းမွေ ဆက်ခံမည့် အိမ်ရှေ့မင်းသားက ပလ္လင်၏လက်ယာဘက်မှ ခစားရသည်။ မောပြည်မှ သိုဟန်ဘွားက လက်ဝဲဘက်မှ ခစားရသည်။ တောင်တွင်းမြို့စား သီရိဇေယျသူက သူတို့နှင့်တစ်တန်းတည်း အလယ်ကောင်မှ ခစားရသည်။ ထို့နောက်မှ ရွှေနန်းတော်မှူးမတ်တို့က သူတို့နေရာများတွင် အသီးသီးခစားကြရသည်။ ဘုရင်မင်းမြတ်က သူ၏အတွင်းဝန်တစ်ဦးဖြစ်သည့် နရသိင်္ခကို ရှေ့တော်သို့ ခေါ်လိုက်ပြီး လျှောက်တင်စရာရှိသည်တို့ကို လျှောက်တင်စေသည်။ ထိုနောက် အတွင်းဝန်နှင့် သူ့ကတော်များတို့ကို စုလာဘ်များ ပေးသနားသည်။ ထို့နောက် အလှူမြောက်စေရန်အတွက် ရေတစ်ခွက်ဖြင့် ရေစက်ချကာ စည်တော်ယွန်းသည်ဟု ကမ္ပည်းထိုးခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၇၅ နှစ်ခန့်က မြန်မာရွှေနန်းတော်သို့ ရောက်ခဲ့သည့် အင်္ဂလိပ်သံတစ်ဦးက 'ဘုရင်နှင့် မိဖုရားတို့ ရာဇပလ္လင်ပေါ်တွင် နေရာယူပုံကိုကြည့်ရသည်မှာ ကောင်းစွာတိုက်ထားသော ဓာတ်တစ်ခုကို ကြည့်ရသည်နှင့်တူသည်။ သို့ရာတွင် ခမ်းနားခြင်း၊ ကြီးကျယ်ခြင်းအရာတွင်ကား ဓာတ်က လိုက်မမီနိုင်ပါ' ဟု ရေးခဲ့သည်။

သီဟာသနပလ္လင်ကို တက်ကြည့်သည့်အခါတွင် ပလ္လင်တွင် အဆန်းတကြယ် ရုပ်တုများ ထွင်းထုထားသည်ကို မြင်ရသည်။ ပလ္လင်ပေါ်တွင် တွေ့ရသည့် ထူးဆန်းသောရုပ်ပုံများသည် မြန်မာပြည်ရှိ ဘုန်းကြီးကျောင်းနှင့် နန်းတော်ဗိသုကာ လက်ရာများထဲတွင် အကြိမ်ပေါင်းများစွာ တွေ့နေရသော လက်ရာများဖြစ်သည်။ ယင်းတို့အားလုံးမှာ ရေးအစဉ်အလာ မြန်မာတို့၏ ဗိသုကာလက်ရာဖြစ်ပြီး ဘယ်ခေတ်၊ ဘယ်အချိန်ကစ၍ ပေါ်ပေါက်ခဲ့သည်ကို ခန့်မှန်း၍ မရနိုင်တော့ပြီ။ မန္တလေး၏ ခေတ်ဆန်မှုကို လှောင်ပြောင်အထင်သေးသူများက လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ပစ္စည်းတစ်ခုကို ဘာကြောင့် ထိန်းသိမ်းနေကြဦးမည်နည်းဟု ဆိုကြသည်။ နန်းတော်သည် ဘာမျှအရေးပါခြင်း မရှိတော့ဟု ဆိုကြသည်။ သို့ရာတွင် အမရပူရမှ ဆင်းသက်ရွှေ့လျားလာခဲ့သည့် နန်းတော်သည် အစဉ်အလာသဘောအားဖြင့်လည်းကောင်း၊ ရှေးပုံသဏ္ဌာန်များကို တစ်သဝေမတိမ်း ကူးယူထားသည့်အတွက်ကြောင့် လည်းကောင်း သက်တမ်းကြာမြင့်ခဲ့ပြီဆိုသည့်အချက်ကို သူတို့ မေ့နေကြသည်။ ထိုအချက်ကို သဘောပေါက်လိုလျှင် ဘုရင်၏ဝန်ကြီးတစ်ပါးပါး၊ သို့မဟုတ် မြန်မာတို့၏ ထုံးတမ်းယဉ်ကျေးမှုကိုနှံ့စပ်သည့် သက်ကြီးရွယ်အိုပုဂ္ဂိုလ်တစ်ဦးဦးနှင့်အတူ နန်းတော်ထဲတွင် လျှောက်ကြည့်လျှင် ထိုအချက်ကို အလွယ်တကူနှင့် သဘောပေါက်နိုင်မည်ဖြစ်သည်။


ရာဇပလ္လင်၏ ပုံစံထဲတွင် ဆင်နားရွက်ပုံက မည်သို့ရှိသည်။ သမင်ခြေထောက်က မည်သို့ရှိသည်၊ ဒေါင်းရင်အုပ်က မည်သို့ရှိသည်၊ ထိုအရုပ်များသည် မည်သည့်အဓိပ္ပာယ်ဖြင့် ပလ္လင်တွင် ရေးခြယ်ထားသည်ဆိုသည့် အချက်တို့ကို ဤနေရာတွင် အကျယ်ချဲ့ရေးနေ၍ မဖြစ်ပါ။ ပလ္လင်တွင် ထုထားသည့် နတ်ရုပ်များနှင့် တံခါးအထက်တွင် ထွင်းထုထားသည့် နတ်ရုပ်များအကြောင်းကို ယခု စာတမ်းတွင် ရေးပြဖို့ မလွယ်လှပါ။ သို့ရာတွင် ရှေးခေတ်က ဘုရင်ညီလာခံပြီး ဆင်းလာခဲ့ရာ ရာဇပလ္လင်လှေကားအတိုင်း ဆင်းလာခဲ့လျှင် ရာဇပလ္လင်နောက်

ကွယ်တွင် ခိုအိမ်လို ဆောက်ထားသည့် သစ်သားနတ်ကွန်းလေးတစ်ခုကို တွေ့နေရပါသေးသည်။ ယင်းမှာ ပုပ္ပားတောင်ကို စောင့်သည့် မင်းမဟာဂီရိ နတ်အတွက်ထားသော နတ်ကွန်းဖြစ်ပါသည်။

ထိုခန်းဆောင်နှစ်ခုနှင့် ရာဇပလ္လင်၏ အထက်တည့်တည့်တွင် ဘုံဆောင် ခုနစ်ဆင့်ရှိသည့် ပြသာဒ်ရှိပါသည်။ မန္တလေးသည် ဘုရင်၏ နေပြည်တော် ဖြစ်ကြောင်းကို ထိုပြာသာဒ်က ကြွေးကြော်နေပါသည်။ ရှေးယခင် ဟံသာဝတီ မင်းများလက်ထက်က နန်းတော်များကဲ့သို့ပင် စနဆောင်ဟုခေါ်သည့် တိုင်လုံး စိပ်စိပ်တွေ စိုက်ထူထားသည့် စင်္ကြံလမ်းတစ်ခု ရှိပါသည်။ ထိုစင်္ကြံလမ်း အတိုင်း သွားလျှင် ဇေတဝန်ဆောင် သို့မဟုတ်၊ ဟံသာသနပလ္လင်ဆောင်သို့ ရောက်သည်။ ထိုအဆောင်ထဲတွင် ဘုရင်၏ ဘိုးလောင်းတော်၊ ဘေးလောင်း တော်တို့၏ ရွှေရုပ်တုများ ရှိသည်။ ထိုအဆောင်မှာပင် သံတမန်များကို အခမ်းအနားမပါဘဲ လက်ခံတွေ့ဆုံလေ့ ရှိသည်။

မြန်မာဘုရင်ထံ ဝင်ရောက်တွေ့ဆုံခဲ့သည့် အနောက်တိုင်း သံတမန် တစ်ဦးက ––

"ကျွန်ုပ်တို့ကို ဆီးကြိုလက်ခံတွေ့ဆုံသောနေရာမှာ ဇေတဝန်ဆောင် ဖြစ်သည်။ ထိုအဆောင်မှာ ပေလေးဆယ်၊ လေးဆယ့်ငါးပေခန့် ကျယ်ဝန်းသည့် အဆောင်ကြီး ဖြစ်သည်။ အဆောင်အယောင် များများစားစား မရှိ။ နံရံနှင့် တိုင်လုံးကြီးများမှာ မူလက ဆေးခြယ်ထားခဲ့ဟန် ရှိသော်လည်း ယခုမူ ဖုန်တွေ အလိမ်းလိမ်းတက်ကာ ပင့်ကူအိမ်တို့ ယှက်သန်းနေလေပြီ။ ကြမ်းပြင်တွင် ကော်ဇောများ ခင်းထားပြီး မှူးကြီး၊ မတ်ကြီးများနှင့် မှူးငယ်၊ မတ်ငယ်များ ထိုင်၍ ခစားနေကြသည်။ မှူးငယ်၊ မတ်ငယ်များက ကတ္တီပါအိတ်စွပ် (သို့မဟုတ်) ရွှေပိန်းချ ဓားအိမ်များကြားထဲတွင် စွပ်ထားသည့် ဓားလွယ်ကြီး များကို လွယ်ထားကြသည်။ ကျွန်ုပ်တို့ထိုင်ရာ ရှေ့ပေနှစ်ဆယ်ခန့်အကွာတွင် ဘုရင်၏ ထိုင်ဖုံရှိသည်။ မြန်မာဆန်ဆန် ပြုလုပ်ထားသည့် သစ်သားဖုံကြီးတစ်ဖုံ ဖြစ်ပြီး ယင်းကို မှန်စီရွှေချထားသည်။ ထိုအပေါ်တွင် အဝါရောင်တွင် ကြက်သွေး ရောင် အနားကွပ်ထားသည့် ကတ္တီပါကော်ဇော်ကြီးတစ်ချပ်ကိုလည်း အောက်တွင် ခစားသည့် မှူးမတ်များအတွက် ခင်းထားသည်။ ထိုပစ္စည်းများထဲတွင် ဒရယ်ချိုနှင့်တူသည့် ရွှေချထားသော ပစ္စည်းတစ်ခုရှိသည်။ ထိုချိုပေါ်တွင် အဝတ်စတစ်စကို တံခွန်အဖြစ် ထူထားသည်။ ယင်းမှာ ဘုရင်၏ရွှေဓားလွယ်



ပန်းခုံတော်

တင်ရန်ဖြစ်သည်။ ရာဇပလ္လင်ပေါ်တွင် ဘုရင်နှင့် မိဖုရားကြားတွင်ရှိသည့် ကျောက်မျက်တို့ စီခြယ်ထားသော ဟသ်ာရုပ်ကိုတင်ရန်လည်း ဖြစ်သည်။ ရွှေထွေးခံ၊ ကျောက်မျက်တို့ စီခြယ်ထားသည့် ရွှေရေတကောင်းစသည့် အခြားသော မင်းခမ်းမင်းနားသုံး ပစ္စည်းများကိုလည်း ဘုရင်မင်းမြတ် ကြွလာသည်နှင့် ကော်ဇောပေါ်တွင် အသင့်ပြင်ထားရသည်။ ကျွန်ုပ်တို့ရောက်ပြီး မိနစ်(၂၀)ခန့် အကြာတွင်မှ ကျွန်ုပ်တို့မျှော်လင့်နေသော တူရိယာသံ အတွင်းဘက်ဆီမှ ကြားရသည်။ ပထမဆုံး ကိုယ်ရံတော်အစောင့်များဝင်လာပြီး ရာဇပလ္လင်၏ တစ်ဖက်တစ်ချက်တွင် ဒူးထောက်ခစားကြရသည်။ တစ်ပြိုင်နက်တည်းလောက်မှာပင် ကျွန်ုပ်တို့ရှေ့တွင်ရှိသည့် တံခါးပွင့်လာသဖြင့် ရွှေပိန်းချထားသည့် အဆောင်ကို လှမ်းမြင်နေရသည်။ အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့် အချိုးအစားကျကျ ဘုရင်သည် ကျွန်ုပ်တို့ဆီသို့ ဖြည်းညင်းစွာ လျှောက်လာလေသည်။ သူ့နောက်တွင် ဓားလွယ်များနှင့် အခြားသော မင်းအသုံးအဆောင်များကို သယ်ဆောင်လာသည့် အခြွေအရံများ လိုက်ပါလာကြသည်။

ထိုမင်းမှာ မန္တလေးကို တည်ထောင်ခဲ့သော မင်းတုန်းမင်း ဖြစ်ပါသည်။ ထို့ကြောင့် မင်းတုန်းမင်းသည် မည်သည့်ပုဂ္ဂိုလ်မျိုး ဖြစ်သည်ကို သိဖို့လိုပါသည်။

"မင်းတုန်းမင်း၏ အသားအရေမှာ ချောမွေ့ကြည်လင်ပြီး မျက်လုံးများမှာ မည်းနက်တောက်ပနေသည်။ ရယ်သောအခါတွင် တရုတ်အမျိုးသားများ၏ မျက်လုံးများလို မှေးပြီး ရှည်လျားလျားဖြစ်သွားသည်။ ရယ်သည်မှာ နှစ်မိနစ်လျှင် တစ်ကြိမ်လောက် ရယ်တတ်သည်။ နှုတ်ခမ်းမွေးကောင်းပြီး လည်ပင်းလည်း တုတ်ခိုင်ကာ မေးရိုးကြီးများ တင်းနေသည်။ ရင်အုပ်နှင့် လက်မောင်းများမှာ ဖွံ့ထွားသန်မာ၍ လက်များမှာ သန့်ရှင်းသေးငယ်သည်။ အလောင်းဘုရားမျိုးနွယ် ပီပီ နဖူးကျယ်သည်။ ကျွန်ုပ်တစ်သက်တွင် ထိုမျှကျယ်သည့်နဖူးမျိုး တစ်ခါမျှ မမြင်ဖူးချေ။"

ပြင်သစ် ဘာဘွန်မင်းမျိုးတို့ နှာတံသည် နာမည်ကျော်ကြား ထင်ရှားသကဲ့သို့ အလောင်းဘုရားမင်းဆက်၏နဖူးသည်လည်း ထင်ရှားသည်။ ယနေ့တိုင်အောင်ပင် ထိုသို့ကျယ်ပြန့်သည့် နဖူးရှိသူကို မဟာနဖူးရှိသူဟု ခေါ်နေကြဆဲဖြစ်သည်။

ဇေတဝန်ဆောင်၏ တောင်ဘက်နှင့် မြောက်ဘက်တွင် အဆောက်အအုံဟောင်းနှစ်ခုရှိသည်။ ယင်းတို့အနက် တစ်ခုမှာ ဗြဲတိုက်ဖြစ်ပြီး ဗြဲတိုက်တွင်

ဂဇာသနပလ္လင်ရှိသည်။ ထိုနေရာကို ပြည်ထဲရေးဝန်ကြီး၏ စည်းဝေခန်းမအဖြစ် အသုံးပြုသည်။ ဘုရင်သည် ဖြဲတိုက်တွင်ထိုင်ပြီး မှူးကြီး၊ မတ်ကြီးများကို ခန့်အပ်ခြင်း၊ နုတ်ပယ်ခြင်းတို့ကို ပြုလုပ်သည်။ အခြား အဆောင်တစ်ဆောင်မှာ သင်္ခါသနပလ္လင်ဆောင်ဖြစ်သည်။ ထိုပလ္လင်တွင် ခရုသင်းပုံသဏ္ဌာန်များ ထွင်းထုထားသည်။ ယင်းပလ္လင်ဆောင်မှာ အိမ်ရှေ့ဥပရာဇာမင်းသားများကို ခန့်အပ်ရာတွင် လက်မှတ်ထိုးသည့် နေရာဖြစ်သည်။ ရဟန်းသံဃာတော်များကို ပင့်ဖိတ်၍ တရားနာလျှင်လည်း ထိုပလ္လင်ဆောင်ကို အသုံးပြုသည်။ ယင်းခန်းဆောင်နှစ်ဆောင်မှာ ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်နောက် ပျက်စီးသွားခဲ့ကြသည်။

ဇေတဝန်ဆောင်မှ စနုဆောင်အတိုင်း ကူးသွားလျှင် ဖောင်းတော်ဆောင်သို့ ရောက်သည်။ ဘုရင်သည် ထိုနေရာသို့ နေ့စဉ်ကြွရောက်သည်။ သို့တိုင် ယခုအချိန်ထိ ထိုအဆောင်မှာ လုပခမ်းနားနေဆဲ ဖြစ်ပါသည်။ (ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက်တွင် ထိုအဆောင်ကို ပြတိုက်အဖြစ် လုပ်ထားခဲ့သည်။) ထိုအဆောင်အထက်တွင် နန်းမြင့်ရှိသည်။ စုဖုရားလတ်သည် ထိုနန်းမြင့်ပေါ်မှနေ၍ ရောဝတီထဲမှ ဗြိတိသျှစစ်သင်္ဘောများ ချီတက်လာကြသည်ကို မျက်ရည်လည်ရွဲဖြင့် မျှော်ကြည့်ခဲ့သည်ဟု အဆိုရှိသည်။

ကျွန်တော်တို့သည် နန်းမြင့်မှထွက်ခွာလာခဲ့ပြီးနောက် ညီလာခံခန်းကျင်းပရာ မှန်နန်းဆောင်သို့ ရောက်သွားကြသည်။ ထိုအဆောင် မြောက်ဘက်တလင်းပြင်တွင် ယခင်က မင်းတုန်းမင်းကြီး နတ်ရွာစံခဲ့သောအဆောင် ရှိခဲ့ဖူးသည်။ ထို့နောက်တွင် ထိုအဆောင်ကို အတုမရှိ ကျောင်းတော်ကြီး၏ အရှေ့ဘက်တံခါးဝသို့ ပြောင်းရွှေ့လိုက်ပြီး ဘုန်းကြီးကျောင်းအဖြစ် လှူဒါန်းလိုက်ရာ ယခုထက်တိုင် ရှိနေသေးသည်။

ထိုမြောက်ဘက်တွင် မယုရာသန ပလ္လင်ဆောင်ရှိသည်။ မြင်းခင်းသဘင်၊ ဆင်ခင်းသဘင်တို့ ကျင်းပသည့်အခါတွင် ဘုရင်သည် ထိုအဆောင်မှ ရှုစားသည်။ ထိုအဆောင်၏တောင်ဘက်တွင် တောင်စမုတ်ဆောင်ရှိပြီး ထိုအဆောင်ထဲတွင် မိဂါသနပလ္လင်ရှိသည်။ ပလ္လင်တွင် သမင်ရုပ်များကို ထွင်းထုထားသည်။ မိဂါသန ပလ္လင်ဆောင်အနီးတွင် ဘုရင်သီပေါနှင့် မိဖုရားတို့ ဇာတ်ပွဲများကို ကြည့်ရှုရာ အုပ်တိုက်ရှိသည်။ မင်းမိဖုရားနှင့် ပိရိသတ်တို့သည် ထိုအဆောင်မှနေ၍ သဘင်ဆောင်တွင် ခင်းကျင်းပြသသည့်ပွဲများကို ကြည့်ရှုကြသည်။ မှန်နန်းဆောင်အတွင်းဘက်ရှိ အဆောင်များကိုမူ အသေးစိတ်ကြည့်ရန် မလိုတော့ပါ။

အနောက်ဘက်ရှိ အဆောင်များအားလုံးမှာ မိဖုရားများနှင့် မင်းသမီးများ နေထိုင်ရာ အဆောင်များဖြစ်ပါသည်။ ညီလာခံခန်းဆောင်ကဲ့သို့ပင် ကြီးမားသည့် အဆောင်ကြီးတစ်ဆောင်မှာ ပဒုမ္မာသနပလ္လင်ဆောင် ဖြစ်သည်။ ထိုအဆောင်တွင် ဘုရင်နှင့် မိဖုရားတို့က နန်းတွင်းအပျိုတော်များ ခစားသည်ကို ခံယူကြသည်။ ပဒုမ္မာသန ပလ္လင်ဆောင်သည် အကောင်းဆုံး ကျွန်းလုံးကြီးများကို ရွေးချယ်ထားသည့် လှပသော ခန်းဆောင်ကြီးဖြစ်သည်။ ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်အခါ၌ ထိုအဆောင်ကို အထက်မြန်မာပြည် ကလပ်အဖြစ် နှစ်ပေါင်းများစွာ အသုံးပြုခဲ့သည်။ ညီလာခံခန်းဆောင်ကြီးကိုမူ ဘုရားရှိခိုးကျောင်းအဖြစ် အသုံးပြုထားသည်။

ယခုအချိန်၌ ကျွန်တော်တို့သည် ဟာလာဟင်းလင်း ဖြစ်နေသော နန်းတော်ကြီးကို လှည့်လည်ကြည့်ခဲ့ရပြီးပြီ။ နန်းတော်ကြီး၏ ဘဝတစ်ခုလုံးကို သိရှိရန်အတွက်မူ ထိုနန်းတော်ထဲတွင် အတိတ်မှရှိခဲ့သည့် ပုဂ္ဂိုလ်များကို ထည့်သွင်းကြည့်ရန် လိုပါသည်။ မန္တလေးတွင် ဘုရင်တစ်ပါး စိုးစံခဲ့စဉ်က သက်ဝင်လှုပ်ရှားခဲ့ကြသော လူပုဂ္ဂိုလ်များကို ထည့်သွင်းကြည့်ရန် လိုပါလိမ့်မည်။ ထိုသို့ ထည့်သွင်းကြည့်ရန်လည်း တစ်ကြိမ်မက ကြိုးစားကြည့်ခဲ့ဖူးပါသည်။ ထိုဇာတ်လမ်း အပြည့်အစုံသည် တစ်နေ့တွင် ပေါ်လာမည် ဖြစ်ပါသည်။

သို့ရာတွင် ဤစာမျက်နှာများပေါ်တွင် ရေးပြစရာ နေရာမရှိပါ။

✤ ✤ ✤

## သမိုင်းထဲက အင်းဝ
## အင်းဝထဲက သမိုင်း

[ ၆ ]


စစ်ကိုင်းမှ အင်းဝသို့ကူးသော ကူးတို့တစ်စင်းရှိသည်။ ထိုကူးတို့သည် အင်းဝမြို့ တံတားရင်းတွင် ဆိုက်သည်။ မြစ်ရေက အနောက်ဘက်မြို့ရိုးအောက်က ဖြတ်စီး နေသဖြင့် မြို့ရိုးကြီးပြိုကျမည့်အန္တရာယ် ဖြစ်နေသည်။ (နန်းတော်အစိတ်အပိုင်း တချို့ကိုလည်း မြစ်ရေတိုက်စားထားပြီးပြီ) ထိုမျှမက အင်းဝမြို့ဟောင်း၏ အလှကိုလည်း ဆိတ်စာမျှ ဖြည့်စွမ်းခြင်းမရှိ။ မန္တလေးမှာကဲ့သို့ အေးမြသော ရေဆိပ်မှ နီမောင်းသော မြို့ရိုးသို့သွားရာလမ်းသည် ရှည်လျားပြီး ပင်ပန်းခြင်းမရှိ။ ရွာလူထုများနှင့်ဖြစ်စေ၊ စစ်ကိုင်းတွင်ရှိသည့် တပ်များမှ အစောင့်တပ်ကြပ် တစ်ယောက်နှင့်ဖြစ်စေ၊ အရဏ်အပြုတွင် အင်းဝသို့ကူးလာခဲ့လျှင် မြစ်သည် လာဗင်ဒါမရန်းရောင်ခြယ်ထားသည့် အုံ့သြဖွယ်ပေတရာကြီးနှင့် တူသည်။ တုန်ယင် နေသော အလင်းရောင် ဖဲကြိုးတန်းများနှင့်လည်း တူသည်။ ဗြိတိသျှရေတပ်စု တက်လာစဉ် နောက်ကျစွာ ကြိုးပမ်းသည့်အနေဖြင့် မြှုပ်ပစ်ခဲ့သော မြန်မာဘုရင် သင်္ဘောများ၏ ထိုးထိုးထောင်ထောင် အပျက်အစီးများသည် မြစ်၏ ထာဝရ နပျိုသော မျက်နှာပြင်နှင့် ထင်းထင်းကြီး ဗီလာဖြစ်နေကြသည်။ မြစ်အစပ် ကုန်းမို့မို့ကလေး တစ်ခုပေါ်တွင် အုတ်တိုက်အပြိုအပျက်များ ရှိသည်။ ထိုနေရာ၌ အင်းဝမင်းအဆက်ဆက်တို့ စည်းစိမ်ခံရာ လေသာနန်းတစ်ခု (အင်းဝရောက် အင်္ဂလိပ်သံ ဟင်နရီဗာနေး နေခဲ့သည့်နေရာ) သည် ဤနေရာတစ်ဝိုက်တွင် ဖြစ်မည်ထင်သည်။

အင်းဝသို့ရောက်လျှင် မြို့တွင်းသို့ ဝင်သည့်နေရာမှာ မီးသွေးတိုက်ဟု ခေါ်ကြသည့် မြို့တံခါးဖြစ်သည်။ ယခုအချိန်တွင်မူ ထိုမီးသွေးဖုတ်သည့် လုပ်ငန်း မရှိတော့ပြီ။ ကျွဲနွားတိရစ္ဆာန်များနှင့် လှည်းလမ်းများသည် ထို မြို့တံတား

အပြင်တွင် ရပ်ကြရသည်။ အင်းဝကို မင်းဘုရင်တို့ စွန့်လွှတ်ခဲ့ချိန်လောက်မှစ၍ ပေါက်ခဲ့ကြသော သစ်ပင်ကြီးများသည် မြို့ရိုးကို အကိုင်းအခက်များဖြင့် ဖြန့်မိုးထားကြသည်။ မင်းနေပြည်တော်ကို ဝင်သူ၊ မင်းနေပြည်တော်မှ ထွက်သူတို့ကို မေးမြန်းစစ်ကြောမည့် သူဆိုလည်း မရှိတော့ပြီ။ ဆူးချုံတွေ ဖုံးလွှမ်းရစ်ပတ်နေသည့် မြို့ရိုးထဲတွင် ရွာကလေးတစ်ရွာ ပေါ်ပေါက်လာခဲ့သည်။ ထူထဲလှသော မြို့ရိုးဟောင်းကြီး၏အောက်တွင် ခံတပ်သေးသေးကလေးများကို မြင်ရသည်မှာ နည်းနည်းမျှ လိုက်လျောခြင်းမရှိ။ တစ်ခါက နာမည်ကျော်ကြားခဲ့သည့် မြို့ကြီးတစ်မြို့၏ စည်းစိမ်ချမ်းသာတို့ ပြိုပျက်ခဲ့သည်ကို ညွှန်းဆိုနေသည့် သင်္ကေတတစ်ခုနှယ် ဖြစ်နေသည်။ အိမ်များရှေ့တွင် ဝေနေအောင် ပွင့်နေသည့် နှင်းဆီပန်းများက စိတ်ညစ်ညူးဖွယ် သတိရစရာများကို ပြေပျောက်အောင် လုပ်ပေးသကဲ့သို့ ရှိသဖြင့် တော်ပါသေး၏။ ဖုန်တွေ တသောသောထနေသည့်ကြားမှာပင်



**အင်းဝအနီး**



မြစ်ဆိပ်


နှင်းဆီပွင့်များသည် လန်းစွင့်နေကြသည်။ လက်ဝဲဘက်တွင် လမ်းကလေးနှင့် အတန်ကြာမျှ မျဉ်းပြိုင်သွားနေသော အတွင်းမြို့ရိုးရှိသည်။ အတွင်းမြို့ရိုးဘေးတွင် ရေခန်းနေသော ကျုံးရှိသည်။ ကျုံးကောထဲတွင် ထပ်တစ်ရာ ပန်းဝါဝါတွေနှင့် မြက်ရိုင်းတွေ ပေါက်နေကြသည်။ ကျုံးကောပေါ်တွင် တံတားအိုတစ်ခု ရှိသည်။ ထိုတံတားကိုဖြတ်၍ မြို့ရိုးပျက်အတိုင်းဝင်သွားလျှင် နန်းတော်ရာသို့ရောက်သည်။

အတွင်းမြို့ရိုးတစ်လျှောက်တွင်လည်း ဆူးချုံတွေ ဖုံးနေလေပြီ။ အင်းဝမင်း အဆက်ဆက်တို့၏ နန်းတော်ဆို၍ အရိပ်အယောင်မျှပင် မကျန်တော့။ အတွင်းမြို့ရိုးထဲတွင် လက်ရာသေသပ်လှပသည့် ပန်းရံအတတ်ဖြင့် လုပ်ထားသော လေးထောင့်စပ်စပ် နန်းမြင့်မျှော်စင်တစ်ခုတော့ ကျန်သေးသည်။ သို့ရာတွင် ယခုတိုင် လူတွေ မှတ်မှတ်ရရ ရှိနေဆဲဖြစ်သည့် ၁၈၃၉–ခု ငလျင်ကြီးကြောင့် နန်းမြင့်မှာ တည့်မတ်ခြင်းမရှိဘဲ ယိမ်းယိုင်နေလေပြီ။ နန်းမြင့်မျှော်သည် အုတ်ကျိုးအုတ်ပဲ့များ မြက်ပင်ချုံပင်များဖုံးနေသည့် ယိမ်းယိုင်နေသော မျှော်စင်ကြီးတစ်ခုအဖြစ်သာ ကျန်တော့သည်။ မျှော်စင်ထက်မှ တက်ကြည့်လိုက်လျှင် အနောက်ဘက်ယွန်းယွန်းတွင် ဘုရင့်ငွေတိုက်ကို မြင်ရသည်။ ငွေတိုက် အနီး အနားတွင် လှပသောအုတ်ကန်ကြီးများ ရှိသည်။ အဝကျယ်၍ အောက်ခြေတွင်


ယိုင်နေသည့် မျှော်စင်

တစ်ဆင့်ပြီးတစ်ဆင့် ကျဉ်းမြောင်းသွားသော ကန်ကြီးများဖြစ်၍ ကန်ထဲသို့ ဆင်းသော လှေကားများတွင် တောင်ပံများ ထုလုပ်ထားသည်။ ထိုကန်များကမူ အိုမင်းခြင်း မရှိကြသေး။ ထိုနေရာနှင့် လိုက်လျောသော အလှတစ်မျိုးကို ဆောင်နေကြဆဲ ဖြစ်သည်။ သစ်ပင်ကြီးများသည် ထိုကန်များပေါ်သို့လည်း ကိုင်းညွတ်ကျနေကြသည်။ သစ်ပင်ကြီးများသည် အခြောက်သွေ့ဆုံးရာသီမှာပင် နွေဦး၏ လန်းဆန်းမှုမျိုးဖြင့် စိမ်းစိုနေကြသည်။ သစ်ခေါင်းများတွင်မူ ဆောင်းဦးက ကြွေကျခဲ့သော ရွက်ခြောက်တွေ ပြည့်သိပ်နေသည်။ ထိုကန်ကြီးများအနီးတွင် စက်ဝိုင်းပုံ ကန်ကလေးများကိုလည်း တွေ့ရ၏။ ယင်းတို့မှာ ကလေးငယ် သားတော်၊ သမီးတော်များ ကစားရန်ဖြစ်သည်ဟု ရွာသူရွာသားများက ပြောကြ သည်။

လောကကြီး၏ မမြဲသောသဘောကို ပြဆိုရာတွင် မြို့ဟောင်းများအတွက် ထိုနေရာသည် အထင်းရှားဆုံးဖြစ်သည်ဟု ဆိုရတော့မည် ထင်မည်။ အင်းဝသည် အလှဆုံးမြို့ ဖြစ်သည်။ အချိန်ကာလသည် ယိုယွင်းမှုအမာရွတ်များကို ထင်စေခဲ့သည့်တိုင် အင်းဝ၏အပျက်အစီးများသည် အမရပူရမြို့ဟောင်း၏ အပျက်အစီး




အုတ်တံတား

များထက် များစွာ ကြည့်၍ ကောင်းနေသေးသည်။ အင်းဝသည် မြေဆီသြဇာကောင်းသည်။ ပုဂံကို ခြောက်သွေ့ခြင်းမရှိအောင် လုပ်ခဲ့သည့် မြစ်ငယ်နှင့် ဧရာဝတီတို့က မြို့ရိုးအောက်မှ စီးဆင်းသွားကြသဖြင့် သဘာဝ စိမ်းလန်းစိုပြေသည်။ မန်ကျည်းပင်တန်းများ စီတန်းပေါက်နေသဖြင့် သာယာ၍ နေချင်စဖွယ်ကောင်းသည်။ အင်းဝမြို့ ကျုံးကောထဲတွင် ပန်းတွေ ဝေနေသည်။ ကျုံးဘောင်တွင် ကြီးမားသော တောင်လက်ပံပင်ကြီးများပေါက်နေပြီး သစ်ပင်များအောက်တွင် ကျွဲနွားတွေ အစာစားနေကြသည်။ ကျုံး၏အချို့သောနေရာများတွင် ရှေးဟောင်းတံတားအိုများ ယခုတိုင် ကျန်နေသေးသည်။ မိုးရာသီဆိုလျှင် မြစ်ငယ်ရေသည် ကျုံးမြောင်းထဲသို့ စီးဝင်လာကာ ရှေးအင်းဝခေတ်၏ စရိုက်သဏ္ဌာန်ကို ပြန်၍ အသက်သွင်းပေးနေသကဲ့သို့ ရှိသည်။ ဖုန်ထ၍ ပူပြင်းသောရာသီမှာပင်လျှင် နန်းတော်ရာ အနီးတစ်ဝိုက်ရှိ တောအုပ်ခင်တန်းများထဲတွင် တော၏ အလှကျက်သရေသည် ရှိနေဆဲဖြစ်သည်။

မြို့၏ တောင်တံခါးဝမှဝင်လျှင် ကွင်းပြင်ပေါ်တွင် ဖြတ်သွားသော တံတားရှည်ကြီးတစ်ခု ရှိပြီး အဝေးကွင်းပြင်ထဲတွင် မန်ကျည်းပင် တန်းများနှင့် စေတီပုထိုးများ ရှိသည်။ ထိုတံတားအနီးတွင် မြစ်ငယ်နှင့် ဧရာဝတီကို ဆက်သွယ်မိရန် ရှေးအင်းဝဘုရင်တို့ ဖောက်ခဲ့သော မြစ်သားမြစ်ရှိသည်။ ထိုတံတားမှာ သစ်သားတံတားကြီးဖြစ်ပြီး လှည်းများ ဖြတ်မောင်းကြသဖြင့် လှည်းဘီးရာတွေ ထင်နေလေသည်။ တရုတ်ချောင်းသို့ အရောက်တွင်မူ တံတားကို လက်ရန်းများ ကာထားသည်။ သို့ရာတွင် များသောအားဖြင့် ပန်းရန်လက်ရာကောင်းကောင်းဖြင့် ကာထားသည့် အုတ်လက်ရန်းများဖြစ်သည်။ တံတားနှင့် လက်ရန်းများမှာ ဖုန်တွေ အလိမ်းလိမ်း ကပ်နေသည့်တိုင် ယခုတိုင် ခိုင်ခံအသုံးဝင်လျက်ရှိသဖြင့် ထိုတံတားတည်ဆောက်သူကို လူထုက သတိရနေကြဆဲဖြစ်သည်။ (အင်းဝမြို့ တောင်ဘက်တံတားတွင် ထိုတံတားကို တည်ဆောက်ထားခဲ့သည့် အလှူရှင်၏အမည်ကို ကျောက်စာ ရေးထိုးထားသည်။ တံတားအမည်မှာ မဟာဓေယျပတ္တတံတားဖြစ်ပြီး ၁၈၂၂ ခုနှစ်တွင် ဘကြီးတော်၏ ယောက်ဖ၊ မယ်နု၏မောင် စလင်းမင်းသား ဦးအိုက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။)

ထိုတံတားပေါ်မှနေ၍ နေ့စဉ်နှင့်အမျှ လူတွေ ဖြတ်သန်းသွားကြသည်။ တံတားပေါ်တွင် ပန်းပွားတွေ တပ်ထားသော မြင်းများ၊ ကျေးရွာသူ ရွာသားများ



မြစ်ငယ်နှင့် ဧရာဝတီဆုံရာ


သည် တစ်နေ့ကုန် ဖြတ်သန်းသွားခဲ့ကြသည်။ တံတားဘေး ကောက်နယ်တလင်းပြင်တွင် နွားက စပါးနယ်လျက်၊ လမ်းဘေးတွင် အကြော်သည်က မုန့်များကို ဆီပူတွင် ကြော်လျက်၊ ဆေးလိပ်ရောင်းသည့် သူငယ်မက သူ့ဆေးလိပ်ဆိုင်ကလေးတွင် ထိုင်ရင်း လမ်းဖြတ်သွားသည့် လူပျိုလူရွယ်တို့ကို ငေးမောလျက်။

တံတားကို လူတွေ နေ့စဉ်နှင့်အမျှ သုံးနေကြသဖြင့် မွေမွေပျောက်ပျောက် ရှိနေကြသော်လည်း တံတားကြီးတွင် စွဲမက်ဖွယ်အလှ ရှိနေပါသေးသည်။ ထိုအရာများသည် အင်းဝနိုင်ငံတော်ကြီး ဘုန်းမီးနေလတောက်ခဲ့စဉ်က ဆောက်လုပ်ခဲ့သော အရာများဖြစ်သဖြင့် လူထု၏စိတ်၊ လူထုဘဝတွင် စွဲမြဲနေလေသည်။ လမ်းပေါ်သို့ ဖြာကျနေသည့် သစ်ရိပ်များသည် တောက်ပသော လမင်းကို ပြိုင်ဆိုင်နေကြသည်။ ပြအိုးတို့ကို ဖျော့တော့သော အရောင်၊ တံတားလက်ရန်းတိုင်များ၏ ပိုးသားလို ဖြူလျော်သောအသွေးတို့သည် အချိန်ရင့်ညောင်းလာသည်နှင့်အမျှ ပို၍ ကျက်သရေရှိလာကြသည်။ အင်းဝတွင် မြင်ရသောအရာများသည် ချွတ်ယွင်းချက်များရှိသည့်တိုင် အင်္ဂလိပ်ဆန်သည့် အရာဆို၍ တစ်ခုမျှ မတွေ့ရ။ ထိုတံတားနှင့် ထိုအုတ်လက်ရန်းတို့ကို နောင်နှစ်တစ်ရာကြာသည့်တိုင် ယှဉ်ပြိုင်နိုင်မည် မထင်။ အင်္ဂလိပ်လူမျိုးသည် မြန်မာပြည်တွင် အသစ်ဖြစ်နေသည်။ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးကား အသုံးချဖို့မှလွဲ၍ အခြား ဘာကိုမှ ဂရုထားတတ်သော လူမျိုးမဟုတ်။

ထိုတံတားအို၏အဆုံးတွင် တံတားဦးရွာ ရှိသည်။ တံတားဦးရွာသည် ယခုအချိန်တွင် အနီးတစ်ဝိုက် အုပ်ချုပ်ရေး ဗဟိုဌာနတစ်ခု ဖြစ်နေသည်။ မြန်မာမြို့အုပ်တစ်ဦးနေထိုင်ပြီး မကြာသေးမီကမှ ဆောက်ခဲ့သော သစ်သားရုံးအဆောက်အအုံ၊ ပုလိပ်ဌာနနှင့် ဖုန်ထူသော လမ်းဘေးတွင် ဗိုလ်တဲတစ်လုံး ရှိသည်။ ဗိုလ်တဲနှင့် မျက်နှာချင်းဆိုင်တွင် မြန်မာလူချမ်းသာတစ်ဦး တည်ခဲ့သော ဆေးအိုဘိုဘုရား တည်ရှိသည်။ ထုံးဖြူသုတ်ထားသဖြင့် နေ့ခင်းတွင်ဆိုလျှင် မျက်စိကျိန်းစပ်နေအောင် တောက်နေသည်။ သို့ရာတွင် ပြာမှောင်သော လသာညများတွင်ကား ပြာလဲ့သော ကောင်းကင်အောက်တွင် ကြည့်၍မငြီးနိုင်အောင် ရှိပါသည်။ အင်းဝတွင် မပျက်မစီးကျန်ခဲ့သည့် အထင်ရှားဆုံးသော အဆောက်အအုံမှာ လေးထပ်ကြီးဘုရားဖြစ်သည်။ စတုရန်းပုံဖြစ်ပြီး လိုဏ်ဂူပေါက် အများအပြား ဖောက်ထားသည်။ ၁၈၃၉ ခုနှစ် ငလျင်ကြီး လှုပ်သည့်အခါ များစွာ



လေးထပ်ကြီးဘုရား



အင်းဝက နှောင်းခေတ်စေတီတစ်ဆူ

ယိမ်းယိုင်သွားခဲ့သည်။ မျက်နှာလေးဘက်တွင် မုခ်ခုံးတပ်ထားသည့် ဝင်ပေါက် လေးပေါက်ရှိသည်။ သိကြားရုပ်၊ မိကျောင်းရုပ်၊ ခြသေ့ရုပ်တို့ကို အင်္ဂတေပန်း များဖြင့် ထုထားသည်။ ဘုရားတွင် အသုံးပြုထားသည့် အင်္ဂတေမှာ ယခုခေတ် တွင် သုံးကြသည့် အင်္ဂတေထက် များစွာကောင်းသည်။ အင်္ဂတေပန်း လက်ရာ များမှာ အလွန်အနုစိတ်သည်။ ဘုရားရင်ပြင်တော် တောင်ဘက်တွင်ရှိသည့်



ဇရပ်နှင့် လူကြီးမင်းများ

တံတားအုတ်လက်ရန်းနှင့် မျဉ်းပြိုင်ဖြစ်ပြီး တံတားအုတ်လက်ရန်းထက်ပင် မြင့်သေး သည်။ ထိုဘုရားကြီးကို တည်ခဲ့စဉ်က ပန်းရန်အကျော်တစ်ဦး ရှိခဲ့ဖူး သည်။ ပုဂံဗိသုကာ အမွေအနှစ်ကို ဆက်ခံခဲ့သော ထိုပါရမီကြီးမြတ်သော လူမျိုးတွင် အဟုန်ပါရမီ ပြတ်တောက်သွားသည်မှာ များစွာ ဝမ်းနည်းဖွယ် ကောင်းပါသည်။

**အမေ့ဥယျာဉ်စာအုပ်တိုက်**

ကျွန်တော်နှင့်အတူ အင်းဝမြို့ရိုးတစ်လျှောက်အတိုင်း လိုက်လာခဲ့လျှင် ကျွန်တော်တို့လို ခရီးသည်များအဖို့ စေတနာရှင်များ ဆောက်လုပ်လှူဒါန်းခဲ့သည့် မြစ်ငယ်ကမ်းနဖူးမှ ဇရပ်တစ်ဆောင်တွင် ကျွန်တော်တို့ ညအိပ် ရပ်နားကြမည်။ ညစာကို စားနေချိန်၌ လတစ်ခြမ်းပဲ့ကလေးသည် အနောက်ဘက်သို့ တရွေ့ရွေ့သွားနေသည်။ သူဖြတ်သန်းသွားခဲ့သည့် ကောင်းကင်တွင် ရွှေကြယ်တို့ မြုပ်ထားသည့်၊ တောက်ပသည့်၊ ရွှန်းလဲ့သည့် မရန်းရောင်လဲ့လဲ့ ပြေးနေသည်။ လေသည် အေးမြပြီး ကျောခိုင်းရက်စရာမရှိအောင် အပြစ်ကင်းလေသည်။ ကျွန်တော်တို့ အလာကောင်းသည်ဟု ဆိုရမည်။ အကြောင်းမူ မတ်လကုန်ခါနီးတွင် အထက်မြန်မာပြည်တွင် ထိုညမျိုးကို တွေ့ရခဲသောကြောင့်ဖြစ်သည်။

ဇရပ်ရှေ့တွင် ကပျဉ်လေးတစ်ခုရှိသည်၊ ဇရပ်ကတုံး တိုင်းလုံးကြီးတွေက ရှည်ပြီး လက်ရန်းများကို ပွတ်လုံးထိုးထားသည်။ ခြသေ့်ရုပ်ကြီးများသည် ကျွန်တော်တို့နှင့် မြစ်ပြင်ကြားတွင် ထီးထီးတည်းကြီး ရပ်နေကြသည်။ ဖုန်မှုန့်နှင့် အသံဗလံတို့သည် လောကကြီးမှ ပျောက်ကွယ်သွားကြလေပြီ။ ကြမ်းပြင်ပေါ်တွင် အနီးရှိရွာများမှ သူကြီးနှစ်ယောက်သည် ကျွန်တော်တို့နှင့် အတူထိုင်ရင်း၊ ဆေးလိပ်ဖွာရင်း စကားပြောနေကြသည်။ လူဖြူနှင့် လူညိုတို့ ယခုကဲ့သို့ ရင်းရင်းနှီးနှီး ;စကားပြောနိုင်သည့်အကြောင်းရင်းမှာ တစ်ချက်သာ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ရှေးခေတ်မြန်မာသည် ဘယ်နေရာ၊ ဘယ်အချိန်မှာ တွေ့တွေ့ စိတ်နှလုံးကောင်းမြတ်သည့် လူကြီးလူကောင်းဖြစ်သောကြောင့် ဖြစ်ပါသည်။

အရုဏ်ကျင်းစပြု၍ ပြိုးပျက်လုပသော တိမ်မျှင်တွေ ယှက်သန်း နေသည့် နီပြေပြေကောင်းကင်၏အလှကို မြင်ရသည့်အခါတွင် ကျွန်တော်တို့ အိပ်ရာမှ နိုးလာခဲ့သည်။ ကျွန်တော်တို့သည် အိပ်ရာမှ မထသေးဘဲ တစ်နာရီလောက် မှေးကာ အရုဏ်ဦး၏အရသာကို ခံစားနေကြသည်။ ခြသေ့်ရုပ်ကြီးများက တဖြည်းဖြည်း ပြူထွက်လာသော နေမင်း၏ ရောင်ခြည်ကို ကွယ်ပေးနေသည်။ ကျွန်တော်တို့လည်း ကူးတို့ဆိပ်သို့ ဆင်းခဲ့ကြသည်။ ထိုနေရာမှာ မြစ်ငယ်မြစ်သည် ဧရာဝတီမြစ်ထဲသို့ စီးဆင်းမသွားမီ မြို့ရိုးအောက်တွင်ရှိသည့် နောက်ဆုံးအကွေ့ဖြစ်သည်။ ကျွန်တော်တို့ကို မနက်စောစောစီးစီး လာရောက် နှုတ်ဆက်ကြသည့် သူကြီးများကလည်း လေ့ထွက်သည်နှင့် ကျွန်တော်တို့ကို ဦးညွှတ်နှုတ်ဆက်ကြပါသည်။ အစမှအဆုံးတိုင် ယဉ်ကျေးသိမ်မွေ့သူများပါပေ။




မြန်မာဝန်ကြီးတစ်ဦးနှင့် သူ၏မိသားစု

ထိုအချိန်မျိုးတွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် အင်းဝမြို့ရိုးအကြားတွင် သောင်တွေ ပေါ်လာတတ်သည်။ ထိုသောင်များသည် အလွန်မြေသြဇာကောင်းသည့် နုန်းမြေများဖြစ်သည်။ နုန်းမြေများပေါ်တွင် ဆေးပင်တွေ ညို့နေအောင် စိုက်ထားကြသည်။ ရှုခင်းသည် နှစ်သက်စဖွယ် ကောင်းလှပါသည်။ ဘယ်အချိန်ကြည့်ကြည့် လှနေပါသည်။ ပထမတွင် မွေးပျံ့သော ပန်းနုရောင်အပွင့်တွေဝေနေသည့် ကိုင်းခင်းများကို မြင်ရသည်။ ထို့နောက် အနောက်ဘက်သို့ ထောင့်မှန်ချိုးသွားသော မြစ်ကို မြင်ရသည်။ အဝေးမြူဝေ့သော လေထဲတွင် ရေးရေးပေါ်နေသည့် စေတီဖြူဖြူများနှင့် မှိုင်းပြာသော စစ်ကိုင်းတောင်ရိုးကို မြင်ရသည်။ ထို့နောက် အနောက်ဘက်သို့ ထောင့်မှန်ချိုးသွားသောမြစ်ကို မြင်ရသည်။ အဝေးမြူဝေ့သော လေထဲတွင် ရေးရေးပေါ်နေသည့် စေတီဖြူဖြူများနှင့် မှိုင်းပြာသော စစ်ကိုင်းတောင်ရိုးကို မြင်ရသည်။

ကျွန်တော်တို့ကို သယ်ဆောင်သွားမည့် မီးသင်္ဘောက ဂျုတ်ဂျုတ်မြည်သံပေးကာ စစ်ကိုင်းဆိပ်ကမ်းသို့ ဝင်နေချိန်၊ အမရပူရဘက်ကမ်းတွင် ရထားများက လူသူတိတ်ဆိတ် ခြောက်သွေ့နေသည့် မြို့ဟောင်းထဲတွင် တဂျုန်းဂျုန်းခုတ်မောင်းနေချိန်၊ ကျွဲရိုင်းစက်ကြီးများက မော်တော်ကားများကို ဆွဲရင်း တဒီးဒီးအသံဖြင့် နံနက်ခင်းကို ညည်းညူကန့်ကွက်နေချိန်တွင် မြို့ရိုးဘေးတွင် လမ်းလျှောက်ရင်း အင်းဝ၏ အတိတ်အကြောင်းကို ဆွေးနွေးချင်ပါသည်။

ရတနာပူရ၊ ရတနာတို့၏ မြို့တော်အင်းဝ သို့မဟုတ် အင်းတို့၏အဝ။ ယင်းတို့မှာ ရာစုနှစ် မြန်မာ့သမိုင်းတွင် အနှစ် လေးရာ့ငါးဆယ်မျှကြာအောင် မြန်မာဘုရင် အဆက်ဆက်တို့၏ မြို့တော်ဖြစ်ခဲ့သည့် အင်းဝကိုခေါ်သည့် အမည်များ ဖြစ်ကြသည်။ ယင်းတို့အနက် အင်းဝဟူသောအမည်မှာ ရတနာပူရ မတွင်ခင် ပဝေသဏီကတည်းက ရှိခဲ့သော အမည်ဖြစ်သည်။


မြန်မာပြည်၏ မြေပုံကိုကြည့်လျှင် မြို့တော်ကို ဘာကြောင့် ထိုနေရာတွင် တည်သည်ကို မေးစရာမလိုပါ။ အင်းဝသည် မြန်မာပြည်အလယ်ကောင်က မြေပြန့်ပေါ်တွင် ရှိပါသည်။ ထိုနေရာသည် လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျယ်ဝန်းသည့် မြေပြန့်လွင်ပြင်တစ်ခု ဖြစ်သည်။ ခမ်းနားလှပသည့် ဧရာဝတီ၊ ကွေ့ကောက်စီးဆင်းနေသည့် မြစ်ငယ်နှင့် နက်ရှိုင်း၍ ရေစီးမြန်သော မြစ်သားမြစ်တို့သည် မြို့တည်သူတစ်ယောက်အဖို့ သဘောကျလောက်သည့် အလှနှင့် ငြိမ်းချမ်းမှုကို ဖန်တီးပေးနေသကဲ့သို့ ရှိသည်။ မြန်မာပြည်တွင်



ကိုင်းတောထဲမှ ဆင်များ

နေရာပြောင်းရွှေ့လိုသော စိတ်ဓာတ်ပေါ်ပေါက်တတ်ခြင်းကို မည်သူကမျှ အရေးတကြီး မထားကြပါ။ မြန်မာတို့သည် ထိုသို့ အကြောင်းခိုင်ခိုင်လုံလုံ နေရာပြောင်းတတ်ကြသဖြင့် မြန်မာပြည်အဖို့ မြို့တော်သစ်တွေ မကြာခဏ ပေါ်ပေါက်နေတတ်ပါသည်။

ရတနာပူရဟုခေါ်သော ပထမအင်းဝမြို့ကြီး၏ မူလအစသည် ပုဂံမြို့ကြီးစုတေချိန်မှအစပြုခဲ့ပါသည်။ ခရစ်နှစ် ၁၂၈၄ ခုနှစ်တွင် နှစ်ပေါင်းတစ်ထောင်ရှည်ကြာခဲ့သည့် ပုဂံမြို့တော်ကြီး မောင်းဂွတ် ကျူးကျော်မှုအောက်သို့ ကျရောက်ခဲ့ပြီး ပုဂံမင်းသည်လည်း အောက်ပြည်အောက်ရွာ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးသွားခဲ့သည်။ သူ့ကို ဆက်ခံသူများသည် မြို့တော်ကြီး၏ လုပတင့်တယ်သော အဆောက်အအုံများကြားမှနေ၍ အပေါ်ယံ နိုင်ငံတော်တစ်ခုကို နှစ်အနည်းငယ်ကြာ ဆက်လက်ထိန်းသိမ်းခဲ့ကြပါသည်။ သို့ရာတွင် ပုဂံ၏ ဂုဏ်ကျက်သရေတို့သည် အဆုံးသတ်ခဲ့လေပြီ။ အာဏာသည် မြန်မာပြည်ရှိ အခြားတစ်ပါးသော ဗဟိုဌာနများသို့ ခြေစကြာဖြန့်သွားခဲ့သည်။ မြန်မာလူမျိုးသည် အကွဲကွဲ အပြားပြားဖြင့်သာ အားကုန်မောပန်းသွားလေသည်။ မြန်မာတို့၏ ပြိုင်ဘက်များဖြစ်သော အခြားလူမျိုးများသည် လွတ်လပ်နိုင်ငံငယ်များ ထူထောင်လာခဲ့ကြကာ အထွတ်အထိပ်သို့ ရောက်လာခဲ့ကြသည်။ တောင်ဘက်တွင် မွန်တို့သည် သူတို့အာဏာစက်ကို ပဲခူးတွင် ထူထောင်ခဲ့ကြသည်။ မြောက်ဘက်တွင် ရှမ်းတို့က ပင်းယနှင့် စစ်ကိုင်းတို့တွင် သူတို့နိုင်ငံများကို ထူထောင်ခဲ့ကြသည်။ ရှမ်းမြို့များသည် နှစ်ငါးဆယ်ကြာမျှ စည်ပင်ဝပြောခဲ့ကြသည်။ ထိုစဉ်က သူတို့၏ ကြီးကျယ်မှု၏ အရိပ်အယောင်များကို ယခုတိုင် တွေ့နိုင်သေးသည်။ ထိုစဉ်တွင် တကောင်းနှင့် စစ်ကိုင်းမင်းဆက်တို့၏အနွယ်ဆိုသူတစ်ဦး ပေါ်ပေါက်လာခဲ့သည်။ သူသည် ရည်မှန်းချက်ကြီးသူတစ်ယောက် ဖြစ်သည့်အလျောက် ၁၃၆၄ ခုနှစ်တွင် အင်းဝကို တည်ထောင်ကာ မြန်မာတို့၏ နိုင်ငံတော်ကြီးကို ပြန်လည်အသက်သွင်းခဲ့သည်။ ထိုမင်းသည် ၄–နှစ်အတွင်း ကွယ်လွန်အနိစ္စရောက်သွားခဲ့သော်လည်း သူ၏ရည်မှန်းချက်ကား မသေမပျောက် ကျန်ရစ်ခဲ့သည်။ သူ၏ စိတ်ဓာတ်အမွေသည် အဟုန်ပြင်းစွာဖြင့် တောက်လောင်လာခဲ့ပြီး တစ်ခါတစ်ရံတွင် အင်းဝ၊ တစ်ခါတစ်ရံတွင် ခမ်းနားလှပသော တောင်ငူနှင့် ပဲခူးတို့အထိ ပြန့်သည်။ သို့ရာတွင် အဆက်မပြတ် မင်းဆက်ထွန်းကားသည်မှာ အလောင်းဘုရားမင်းဆက် လက်ထက်ရောက်မှ ဖြစ်သည်။




အင်းဝတွင် လက်နက်ချအပ်ခြင်း (တတိယစစ်ပွဲ ၁၈၈၅–၈၇)

အင်းဝမြို့တည်မင်းကို ဆက်ခံသူမှာ ပုဂံမင်းဆက် အဆက်အသွယ် ဖြစ်ပြီး အင်းဝ၏ အာဏာစက်ကို ပြည်အထိဖြန့်သည်။ ပဲခူးကိုလည်း ဝင်တိုက်သည်။ နောင်နှစ်များကား တောင်ပိုင်းမွန်များနှင့် တိုက်ခိုက်ကြသည့် တိုက်ပွဲများ၏ မှတ်တမ်းမျှသာ ဖြစ်သည်။ ထိုကြားထဲတွင် မြောက်ဘက် ရှမ်းများနှင့် တရုတ်တို့ကလည်း ဝင်ရောက်တိုက်ခိုက်ကြသေးသည်။ (ခရစ်နှစ် ၁၄၂၂။)

၁၆–ရာစုနှစ်အလယ်တွင်မူ တောင်ဘက် ပဲခူးတွင် ထူးခြားသည့် အဖြစ် အပျက်တစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ယင်းမှာ ပဲခူးကို ဘုရင့်နောင်အမည်ရှိ မြန်မာမင်းတစ်ပါးက ထီးနန်းသိမ်းပိုက်ခြင်းဖြစ်သည်။ ပေါ်တူဂီတို့က အောက်ပိုင်းတွင် ဝင်ရောက်လာခဲ့သဖြင့် အာဏာချိန်ခွင်လျှာသည်လည်း အတွင်းပိုင်းမှ အပြင်ဘက် ပင်လယ်ပိုင်းသို့ စောင်းသွားခဲ့သည်။ ၁၅၅၄ ခုနှစ်တွင်မူ ဘုရင့်နောင်သည် ပေါ်တူဂီစစ်သည်များ၏ အကူအညီဖြင့် အင်းဝကို ဝင်တိုက်ခိုက်ကာ ရှမ်းတို့၏ အာဏာကို ပြိုကွဲစေခဲ့သည်။

အင်းဝထီးနန်းတွင် မြန်မာမင်းသားတစ်ပါးကိုလည်း ပဲခူး၏လက်အောက်ခံအဖြစ် နန်းတင်ပေးခဲ့သည်။ ၁၆၃၅ ခုနှစ်တွင် အင်းဝမြို့သည် မြို့တော်၏ သမိုင်းတွင် ပထမဆုံးအကြိမ် ဧကရာဇ်မင်းနေပြည်တော်ကြီး ဖြစ်လာခဲ့သည်။



ကူးတို့ဆိပ်



သစ်တပ်နှင့်ကင်းရုံ

အင်းဝကို မင်းနေပြည်တော်အဖြစ် ပြောင်းလဲပစ်ခဲ့သည့် သတိုးသုဓမ္မမင်းသည် မြို့တည်အထိမ်းအမှတ်အဖြစ် စစ်ကိုင်းကမ်းခြေတွင် မိုးလျက်ရှိသော ထုထည်ကြီးသည့် ကောင်းမှုတော်ဘုရားကြီးကို တည်ဆောက်ခဲ့သည်။

သို့ရာတွင် အင်းဝဘုရင်များ၏ အာဏာသည် ယိုယွင်းလာခဲ့သည်။ မဏိပူရလို သေးငယ်သည့် ပြည်နယ်ကလေးကပင်လျှင် မခန့်မညားပြုကာ နယ်စွန်နယ်ဖျားကို ထိပါးလာခဲ့ကြသည်။ ကသည်းတို့၏ ကျူးကျော်မှုသည် ကောင်းမှုတော်မုခ်ဝအနီးသို့ပင် ရောက်လာခဲ့သည်၊ ကောင်းမှုတော်မုခ်ဝအထက်မှ ကျောက်ရုပ်ထုများတွင် ထွင်းထုထားသည့် ကသည်းတို့၏ ဓားလွတ်ကိုင်စစ်သည်များ၏ ရုပ်ပုံများကို ယနေ့တိုင် တွေ့နိုင်သေးသည်။ တောင်ဘက်တွင် မွန်တို့ကလည်း ထကြွလာခဲ့ပြန်သည်။ အင်းဝမြို့ကို မွန်တို့က ဝင်ရောက်တိုက်ခိုက်ပြီး အင်းဝမင်းကို ဆောင်ယူသွားခဲ့ကြသည်။ ထို့နောက်တွင် ပုဂံမင်းဆက်ပြတ်ကာ မွန်မြို့ဝန်တစ်ဦးက အင်းဝကို အုပ်စိုးခဲ့သည်။

**အမေ့ဥယျာဉ်စာအုပ်တိုက်**

သို့ဖြင့် ငါးနှစ်ကြာသွားခဲ့သည်။ တောင်ငူမင်းအဆက်ဆက် ထူးခြားစွာ သူကြီးမျိုးရိုးဖြစ်သည့် အလောင်းဘုရားသည် မြန်မာနိုင်ငံ၏ ပြိုင်ဘက်ကင်းသော မင်းတစ်ပါးဖြစ်လာခဲ့ရာတွင် မွန်တို့၏ အာဏာစက်သည်လည်း ပြိုကွဲသွားခဲ့သည်။

အလောင်းဘုရားသည် သူ့နေပြည်တော်ကို သူ့ဇာတိမြို့ဖြစ်သည့် ရွှေဘိုမှာပင် တည်ထောင်သည်။ ၁၇၆၀ ခုနှစ်တွင် သားတော် ဆင်ဖြူရှင်က အင်းဝတွင် ပြောင်းရွှေ့နန်းစံသည်။ အင်းဝမြို့ကို ပြန်လည်တည်ဆောက်သည်။ သို့ဖြင့် ၁၇ နှစ်ပတ်လုံး အင်းဝသည် မြို့တော်အဖြစ် တည်ရှိနေခဲ့သည်။ ထိုနှစ်များအတွင်း၌ အလောင်းဘုရားတည်ဆောက်ခဲ့သည့် အာဏာစက်သည် အရှိန်အဟုန်မပျက် တိုးတက်ကြီးထွားလျက်ရှိသည်။ မဏိပူရ၊ (ထိုင်း) ယိုးဒယား စသည်တို့ကိုပင် ဝင်ရောက်တိုက်ခိုက်ကာ မြို့တော်များကို ဖျက်ပစ်ခဲ့သည်။ တရုတ်တို့ကျူးကျော်မှုများစွာကိုလည်း အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည်။ သို့ရာတွင် မြန်မာတို့သည် ဤတစ်ကြိမ်တွင်လည်း အငြိမ်မနေနိုင်။ မြို့တော်ကို တစ်နေရာသို့ ပြောင်းရွှေ့ပြန်သည်။ ယင်းမှာ အမရပူရ ဖြစ်သည်။

ဤတွင် အင်းဝလည်း မြို့ကောကြီးအဖြစ် ရောက်ရပြန်သည်။ ၁၇၈၃ ခုနှစ်မှ ၁၈၁၉ ခုနှစ်အထိ အနိမ့်အမြင့်တို့ကို ကြုံတွေ့ခဲ့ရာမှ တစ်ဖန် ညှိုးမှိန်ခဲ့ရပြန်သည်။

ဘိုးတော်ဘုရား နတ်ရွာစံသည့်အခါတွင် မြေးတော် ဘကြီးတော် နန်းတတ်သည်။ ဘာမျှ ရေရေခြင်းမရှိသော အကြောင်းများဖြင့် ဘုရင်သစ်သည် ဘိုးတော်၏ မြို့တော်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးနောက် ကုန်လွန်ခဲ့ပြီးသော အင်းဝမြို့၏ ဂုဏ်ကျက်သရေကို ပြန်၍ ထူထောင်သည်။ ရှေးမြို့တော်ဟောင်းကို ပြန်၍ အသစ်ပြန်လည်ထူထောင်ချိန်တွင် မြန်မာဘုရင်တို့၏ နိုင်ငံတော်ကြီး အစီးအပွား ဆုတ်ယုတ်ပျက်စီးချိန်နှင့် တိုက်ဆိုင်နေသည်။ မိမိ နန်းတက်စ အချိန်၌ တိုက်ဆိုင်နေသည်။ မိမိနန်းတက်စအချိန်၌ ဘကြီးတော်သည် မြန်မာတစ်နိုင်ငံလုံးကို စိုးမိုးအုပ်ချုပ် မင်းလုပ်နိုင်ခဲ့ကာ ကျယ်ပြန့်လှသော နိုင်ငံတော်နယ်နိမိတ်ထဲတွင် အာသံပြည်ကိုပါ ထည့်သွင်းနိုင်ခဲ့သည်။ နှစ်အနည်းငယ်အတွင်းတွင် ဗြိတိသျှတို့နှင့် ဖြစ်ပွားသော ဆုတ်ယုတ်ပျက်စီးစေသည့် စစ်ကြောင့် ပင်လယ်ဆိပ်ကမ်းမြို့များ အားလုံးလောက်နှင့်တကွ အာသံနှင့် မဏိပူရတို့ပါ ဆုံးရှုံးသွားခဲ့ရသည်။ ဘကြီးတော်၏ ကိုယ်ပိုင်ပစ္စည်းဥစ္စာတို့မှာ လဝန်းကိုဖမ်း

သည့် ရာဟုသဖွယ် မပျက်မစီး ကျန်ရစ်ခဲ့သည်။ စေ့စပ်သေချာ၍ လောဘကြီးသည့် ဘိုးတော်ဘုရားသည် သူ၏ရှည်ကြာသော နန်းစံသက်အတွင်းတွင် ကျပ်ငွေလေးသန်းကျော်မျှ တန်ဖိုးရှိသော ရတနာများ ကျန်ရစ်ခဲ့သည်။ အင်းဝမြို့သစ်သို့ ရွှေ့ပြောင်းခြင်းသည် အကြီးအကျယ် ခမ်းနားသော်လည်း အခြေမတည်သော နန်းတော်များ ဆောက်လုပ်ခြင်း၊ ဘုရားပုထိုးများ တည်ခြင်းနှင့် ဗြိတိသျှတို့နှင့် ကံမကောင်းသော စစ်ပွဲဖြစ်ရခြင်းတို့ကြောင့် ထိုပစ္စည်းဥစ္စာတို့သည် ချက်ချင်းကုန်ခန်းသွားခဲ့ကြသည်။

ဘကြီးတော်၏ လက်ထက်တော် ရာဇဝင်အတွက် အထောက်အထားမရှားပါ။ ယခုဆောင်းပါးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဘကြီးတော်၏ နန်းတွင်းရေးရာများအတွက်လည်း အထောက်အထား မရှားပါ။ ဘကြီးတော် နန်းတက်ပြီးမကြာမီ အင်းဝရွှေမြို့တော်တွင် ဘုန်းတော်ကြီး အဒိုနီယမ်ဂျပ်ဆင်နှင့် သူ့ဇနီးတို့ ရောက်လာခဲ့ကြသည်။ သူတို့ ကြုံတွေ့ခဲ့ရသည့် ပြဿနာများအကြောင်းနှင့် တကွ ဇနီး၏စာများသည် စစ်မဖြစ်မီနှင့် စစ်အတွင်း အင်းဝရွှေနန်းတော်တွင်ရှိခဲ့သည့် ခမ်းနားမှုများနှင့် နိမ့်ကျမှုများ၊ မောက်မာမှုများနှင့် ထိတ်လန့်မှုများကို ကွက်ကွက်ကွင်းကွင်း ဖော်ပြခဲ့ပါသည်။ ဗြိတိသျှပိုင်နယ်စပ်နှင့် ကာလကတ္တားမြို့ရှိ ကုန်သည်ကြီးများအသင်းတွင် မြန်မာထီးနန်း၏ဓလေ့စရိုက်နှင့် သဘောထားတို့ကို ဘာမျှမသိခဲ့ကြပါ။ သို့ရာတွင် ထိုအချိန်က အင်းဝရွှေမြို့တော်သည် အနောက်တိုင်းသားကုန်သည်များ၊ သာသနာပြုများနှင့် ဘုရင်၏ကျေးတော်မျိုး၊ ကျွန်တော်မျိုးများရှိခဲ့သည့်အတွက် ဖြစ်ပျက်သမျှအခြေအနေတို့ကို သိခွင့်ရခဲ့ပါသည်။

အင်းဝရွှေမြို့တော် ပြောင်းရွှေ့တည်ထောင်နေစဉ် နိုင်ငံခြားခရီးသည်တစ်ဦး ရောက်ရှိလာခဲ့ပါသည်။ သူ၏ မှတ်တမ်း၌ စစ်မဖြစ်မီ မြန်မာထီးနန်းသည် နတ်ဘုံနတ်နန်းတမျှ သာယာလှပပုံအကြောင်း ရေးခြယ်ပြခဲ့ပါသည်။ အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိ ဘုရင်သစ်သည် ပျော်တတ်ပါးတတ်၍ ချစ်ခင်စဖွယ်ကောင်းပြီး သနားကြင်နာတတ်သော စိတ်သဘောထားရှိပါသည်။ သူသည် အသားညိုပြီး အလုံးအဖန် သေးသေးသွယ်သွယ် ဖြစ်ပါသည်။ စိတ်ဓာတ်မတည်ငြိမ်သည့်တိုင် ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းပုံမှာ ထူးခြားလှပါသည်။ မြင်းစီးမကျင့်သည့်နေ့ဆို၍ တစ်နေ့မျှမရှိ။ ဆင်မစီးသည့်နေ့ဆို၍ တစ်နေ့မျှမရှိ။ ဘကြီးတော်သည် ဥရောပတိုက်သားများကို သဘောကျသည်။ သူ့ရှေ့တွင် လာရောက်ခစားသော အနောက်တိုင်းသားများကို ကြင်နာစွာ ဆက်ဆံသည်။

ပထမ အင်္ဂလိပ်–မြန်မာစစ်အတွင်းက အနောက်တိုင်းသားများကို ရက်စက်လျင်မြန်စွာ သတ်ဖြတ်ခဲ့သည့် ပေါ်လစီရှိသည့်တိုင် ဘကြီးတော်ကြောင့် ဥရောပတိုက်သား သုံ့ပန်းအကျဉ်းသား အများအပြား အသက်ချမ်းသာရာ ရခဲ့ကြသည်။ ဘကြီးတော်သည် လုလင်ပျိုတစ်ယောက်ကဲ့သို့ အပျော်အပါးသန်သည်။ စိတ်နှလုံးကောင်း ရှိသည်။ ရက်ရောသည်။ ပျင်းရိသည်။ သို့တိုင် အိမ်နီးချင်းများနှင့် ငြိမ်းချမ်းစွာဆက်ဆံကာ ပျော်ရွှင်စွာ နေထိုင်သည်။ သို့ရာတွင် သူ့နန်းတွင်းက အရှိန်အဝါနှင့် ခေတ်၏အရှိန်အဝါတို့ကို ဘကြီးတော် မလွန်ဆန်နိုင်။ ဘကြီးတော်သည် မိဖုရားခေါင်ကြီးဖြစ်သည့် နန်းမတော် မယ်နုကို အလွန်ချစ်မြတ်နိုးသည်။ မယ်နုသည် သာမန်အညတရမျိုးရိုးမှ လာသူဖြစ်ပြီး ရုပ်ဆင်းရုပကာလည်း များစွာရှိသူ မဟုတ်။ သို့ရာတွင် အမိန့်အာဏာကြီးပြီး လွှမ်းမိုးအနိုင်ယူချင်သည့် သဘာဝရှိသည်။ နန်းတွင်းတွင် ဩဇာအကြီးဆုံးမှာ မောင်တော်ဟု အဆိုရှိသည့် မောင်အိုပင် ဖြစ်သည်။ (မောင်အိုသည် အင်းဝတွင် အုတ်တံတားကြီးကို တည်ဆောက်ခဲ့သူဖြစ်သည်။) မင်းသား မောင်အိုသည် ထောင်လွှားသူ၊ အံ့ပုန်းစိတ်ရှိသူ၊ အသိရခက်သူ၊ ရက်စက်သူ၊ လောဘရမ္မက်ကြီးသူဟု အဆိုရှိသည်။ မင်းသားကြီး မောင်အိုနောက် နန်းတွင်းတွင် ဩဇာရှိသူမှာ အာသံကို အောင်နိုင်ခဲ့သဖြင့် ထင်ရှားလာခဲ့သူ စစ်ဗိုလ်ချုပ် မဟာဗန္ဓုလ ဖြစ်သည်။

မာနကြီး၍ ရည်မှန်းချက်ကြီးသော ထိုသူများ၏စိတ်ဓာတ်သည် စစ်တိုက်ချင်နေကြသည်။ ဤတွင် အာသံကို အောင်နိုင်ခဲ့သဖြင့် တက်ကြွနေသော အမျိုးသားရေးစိတ်ဓာတ်ကိုလည်း ထိုရည်မှန်းချက်သို့ ဦးတည်ပေးလိုက်ကြသည်။

သူတို့အထင်၌ ဗြိတိသျှသည် ဩဇာအာဏာဟူ၍ ဘာမျှမရှိသည့် ဘုရင်ခံတစ်ယောက် ကိုယ်စားပြုထားသည့် မထင်မရှား ကုမ္ပဏီတစ်ခု၏ အောက်တွင်ရှိသည့် လက်တစ်ဆုပ်စာမျှလောက်သာ ဖြစ်သည်ဟု ယူဆကြသည်။ ဥရောပစစ်တပ်ဆိုသည်မှာ သေးငယ်၍ စွမ်းအားမဲ့သည့် တပ်ကလေးတစ်တပ်သာဖြစ်ပြီး မြန်မာပြည်တိုက်ပွဲစဉ်လို ခက်ခဲကြမ်းတမ်းသော စစ်ပွဲမျိုးကို တိုက်နိုင်စွမ်းမရှိ။ မြန်မာတောများထဲမှာ မြန်မာစစ်သားကို ရင်ဆိုင်တိုက်ခိုက်နိုင်ရည်မရှိဟု ထင်ခဲ့ကြသည်။ ဘင်ခရာသံကို နားထောင်ပြီး စစ်မြေပြင်သို့ ချီတက်သည့် ဥရောပစစ်တပ်တို့၏ စစ်ချီနည်းသည်လည်း မိုက်မဲသော နည်းတစ်နည်းဖြစ်ရုံမျှမက ရန်သူ့တိုက်ကွင်း ကောင်းအောင် လုပ်ပေးနိုင်သည့်နှယ်ရှိသည်ဟု ယူဆကြသည်။ အိန္ဒိယစစ်တပ်ကိုပါ မြန်မာတို့က အရာပင်မသွင်းကြ။ မြန်မာတို့သည် ဆင်းရဲ




အင်းဝခံတပ် (၁၈၈၅-ခု)

နွမ်းပါးလှသည့်အတွက် ချမ်းသာသော ဥရောပတိုက်သား မျက်နှာဖြူတို့ကို အလေးဂရုထားသည့်တိုင် အိန္ဒိယတိုင်းသား ကုလားတို့ကိုမူ လွန်စွာအထင်သေး ကြသည်။ ပထမမြန်မာစစ်ပွဲ ဖြစ်သည့်အခါတွင် ထိုအထင်သေးမှုသည် အထွတ် အထိပ်သို့ ရောက်တော့သည်။ မြန်မာတို့က အင်္ဂလိပ်လူမျိုးဆိုသည်မှာ အလွန် သေးငယ်၍ ဝေးလံသီခေါင်သည့် ကျွန်ကလေးတစ်ကျွန်းတွင် နေထိုင်သူများ ဖြစ်ကြရာ အဘယ်ကြောင့် ဝေးလံသောခရီးကို သင်္ဘောများဖြင့် ရောက်လာပြီး ဘုရင်များ၏သရဖူများကို ဖြုတ်ချခဲ့ကြသနည်း။ အဘယ်ကြောင့် မိမိတို့ ပိုင်ခွင့် မရှိသော တိုင်းပြည်များကို သိမ်းပိုက်ရသနည်း။ အင်္ဂလိပ်တို့သည် သတ္တိနည်းသူ၊ သေးကွေးသူ ကုလားတို့ကို အောင်နိုင်ကာ ဇာတ်ခွဲ၍ အုပ်ချုပ်ကြသူများ ဖြစ်သည်။ သူတို့သည် မြန်မာလူမျိုးကဲ့သို့ ခွန်အားရှိ၍ ရဲရင့်သောလူမျိုးနှင့် တစ်ခါမျှ စစ်မတိုက်ဖူးကြသေး။ တစ်ခါ ဘကြီးတော်က ကမ္ဘာ့မြေပုံကို ကြည့်ချင် သည်ဆိုသဖြင့် သူ့ကို ဆွဲပြရာ ဗြိတိသျှအင်ပါယာ၏ မြေပုံကို မြင်သည်၌ အင်္ဂလိပ်လူမျိုးတွေရဲ့နယ်ကို ဘာဖြစ်လို့ အကျယ်ကြီးဆွဲပြထားရသလဲ။ သင်တို့ ပိုင်တဲ့နယ်က မတန်တဆ ကြီးလွန်းနေသည်ဟု ပြောကြောင်း အဆိုရှိသည်။

ထိုစဉ်က မြန်မာနှင့် အင်္ဂလိပ်တို့ကြားတွင် နယ်စပ်ပြဿနာ ရှိနေခဲ့ကြ သည်။ အင်္ဂလိပ်တို့က ရခိုင်မှ ထောင်ပေါင်းများစွာသော ပြေးဝင်ခိုလှုံလာသူများ ကို လက်ခံထားခဲ့ကာ ယင်းတို့အား ပြန်ပို့ပေးရေးအတွက် မြန်မာတို့၏ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့သည်။ ပိုဆိုးသည်မှာ အာသံပြည်ထဲသို့ လာရောက် ခိုလှုံပြီး မြန်မာဘုရင်အား ထောင်ထားခြားနားသည့် တရားမဝင်စစ်ပွဲကို တိုက်ခွင့် ပြုခဲ့ခြင်းဖြစ်သည်။ သူပုန်ခေါင်းဆောင် ချင်းပြန် သေဆုံးသွားသည့်တိုင် ထိုအရေး အခင်းသည် မြန်မာတို့စိတ်ထဲတွင် တအုံနွေးနွေး ဖြစ်နေဆဲဖြစ်သည်။(ချင်းပြန်ကို စကော့အိုကွန်နားက ချင်းဘုရင်ကြီးဟု ရေးပြီး ထိုခေတ်က အင်္ဂလိပ်သတင်းစာ ဖတ်ပရိသတ်က **(KING BERRING)**ဟု ခေါ်ကြသည်ဟု ဆိုသည်။ များမကြာမီ အာသံနယ်စပ်တွင် နောက်ထပ်ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ ဗြိတိသျှ– အိန္ဒိယ အစိုးရ၏ပေါ်လစီသည် ရှေ့နောက်ညီညွတ်ခြင်းမရှိ။ ခိုင်မာပြတ်သားခြင်း မရှိ။ သို့ဖြင့် မြန်မာထီးနန်းကို ဗြိတိသျှအစိုးရပေါ်တွင် အထင်သေးအမြင်သေး ဖြစ်လာခဲ့သည်။ မြန်မာလူမျိုးတို့၏ဘဝတွင် အမျိုးသမီးများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ ဘုရင်၏နမတော်သည် မြန်မာလူထုတို့၏ သဘောထားကို အချုပ်ဖော်ပြသကဲ့သို့ ရှိသည်။

အင်္ဂလိပ်တို့သည် မြန်မာတို့ကို ကြောက်နေကြသည်။ နယ်စပ်ပြဿနာတွင် အင်္ဂလိပ်တို့ ကိုင်တွယ်နေပုံသည် ကောက်ကျစ်စဉ်းလဲရုံမျှမက သူရဲဘောနည်းရာကိုလည်း ပြနေသည်။ အင်္ဂလိပ်တို့သည် ရှေ့တက်တိုက်ဖို့ စိတ်မကူးဘဲ နောက်ပြန်ဆုတ်ဖို့ကိုသာ စိတ်စောနေကြသူများဖြစ်သည်။ ယခုအချိန်မှစ၍ ကျွန်ုပ်တို့အနေဖြင့် အင်္ဂလိပ်တို့ကို တိုက်ခိုက်ဖို့ အချိန်တော်ပြီ။ နောက်ထပ် ဖြားယောင်းသွေးဆောင်ခြင်း မခံသင့်ပြီ။ အင်္ဂလိပ်တို့၏ လက်ရှိဘုရင်ခံချုပ်သည် လူညံ့တစ်ယောက် ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို ကြောက်ရွံ့လျက်ရှိကာ ချော့မော့နေသည်။ သို့တိုင်အောင် အင်္ဂလိပ်ဘုရင်ခံချုပ်သည်း ကျူးကျော်ရန်စမှု လမ်းစဉ်ကို ဆက်လက်ကျင့်သုံးလျက်ရှိသည်” ဟု ပြောခဲ့သည်။ မြန်မာတို့အနေဖြင့် နယ်စပ်ပြဿနာသည် ခုခံရေးကိစ္စသက်သက်တစ်ခုမျှသာ မဟုတ်ဟု ယူဆထားကြသည်။ မြန်မာတို့သည် နယ်ပယ်ကြီးကျယ်ခမ်းနားမှုကို သဘောကျ



အင်္ဂလိပ်မြင်းတပ် (၁၈၈၅–၈၇)

နေကြသည်။ ဒက္ကာနှင့် မာရှိဒဘက်တို့ကို အင်းဝအင်ပါယာထဲသို့ ထည့်သွင်းချင်နေကြသည်။ အိန္ဒိယဘုရင်ခံချုပ်ကို ရွှေလက်ထိပ်ခတ်ပြီး အင်းဝရွှေပြည်တော် လမ်းများတွင် လှည့်လည်ပြသချင်နေကြသည်။ ဤမျှ အသိခေါင်းပါး၍ ဤမျှ ရန်လိုသော လူမျိုးတို့အလယ်တွင် ဘုရင်တစ်ဦးတည်းသာလျှင် အနာဂတ်နှင့် ပတ်သက်၍ သံသယဖြစ်နေသည်။ ဘကြီးတော်သည် အင်္ဂလိပ်မိတ်ဆွေများကို ခင်မင်သည်။ သူတို့ ဦးထုပ်ကို ချွတ်ပစ်သည်။ သူတို့ ဆံပင်ကိုဆွဲ၍ ကျီစယ်ရသည်ကို နှစ်သက်သည်။ သူတို့နှင့် ရယ်စရာမောစရာ ပြောရသည်ကို သဘောကျသည်။ ထိုသို့ ပျော်ပျော်ပါးပါးနေတတ်သော ဘုရင်အဖို့ အင်္ဂလိပ်နှင့် စစ်ဖြစ်ရမည့် အလားအလာသည် စိတ်မချမ်းမြေ့စရာ ကောင်းသည်။ စစ်ဖြစ်လာသည့် အခါတွင်လည်း ဘကြီးတော်သည် များစွာ နောင်တရသည်။ အင်္ဂလိပ်တို့နှင့် စစ်တိုက်ရသည်မှာ ကျားမြီးကို စွဲရသကဲ့သို့ ရှိသည်ဟု ဘကြီးတော်က သူ၏ ပေါ်တူဂီလက်သုံးတော်ကို ပြောဖူးသည်။ လွှတ်ရအခက်၊ ဆက်ကိုင်ထားရ အခက်ဟု ဆိုလိုသည့်သဘောဖြစ်သည်။

ထိုအချိန်က အင်းဝမြို့တော်၏ အခြေအနေကို နည်းနည်းပြော ချင်သေးသည်။ ၁၇၈၃ ခုနှစ်မှစ၍ အင်းဝသည် မြို့ကောမြို့ဟောင်းဖြစ်ခဲ့ရာ ထီးနန်းကို အမရပူရသို့ ပြောင်းရွှေပြီး ဆယ့်သုံးနှစ်အကြာဖြစ်သော ၁၇၉၉ ခုနှစ်တွင် အင်းဝမြို့ကြီး မည်မျှလျှင်မြန်စွာ ပျက်ယွင်းသွားခဲ့ပုံကို အင်္ဂလိပ်သံဗိုလ်မှူးကြီး ဆိုင်းက အောက်ပါအတိုင်း ရေးခဲ့သည်။

"မြို့ရိုးများမှာ ပျက်စီးတိမ်ကောနေလေပြီ။ မြို့ရိုးအောက်ခြေတွင် ချုံတို့ ပိတ်ဖုံးလျက်ရှိပြီး၊ မြို့ရိုးပေါ်တွင်လည်း နွယ်တွေ ယှက်သန်းလျက်ရှိ၏။ မြို့ရိုး နေရာ တော်တော်များများသည် ပြိုကျနေလေပြီ။ သစ်သားအိမ်များကို ဖျက်၍ အမရပူရသို့ ပြောင်းရွှေ့သွားကြသည့်တိုင် အိမ်ရာ၊ အဆောက်အအုံရာ၊ လမ်းရာ များမှာ ယခုတိုင် ကျန်နေသေးသည်။ နန်းတော်ရာ၊ လွှတ်တော်အဆောက်အအုံ နေရာ၊ ပြာသာဒ်တော်နေရာတို့ကို လမ်းညွှန်တစ်ဦးက ကျွန်ုပ်တို့အား လိုက်ပြ၏။ တစ်ခါက စည်ပင်ဝပြောခဲ့သည့် ဘုရင့်ရွှေမြို့တော်ကြီးထဲတွင် ဝါးရုံတောများ၊ ငှက်ပျောတောများနှင့် ဆူးပင်ကြီးများသာ မင်းမူနေကြသည်။ ကျွန်ုပ်တို့သည် အုတ်တိုက်အဆောက်အအုံနှစ်ခုကို ကြည့်ရှုကြသည်။

အထဲသို့ ဝင်လိုက်သည့်အခါတွင် မျက်နှာကို ဝင်တိုးနေကြသော လင်းနို့ အုပ်များမှအပ အခြားဘာမျှ မတွေ့ရ။ စေတီပုထိုးများမှာလည်း ကာလကြာ




ဖောင်တော်

ညောင်းသဖြင့် ပျက်စီးယိုယွင်းမှု၊ လူသူကင်းမဲ့မှုတို့ကို ပြရာတွင် ထို့ထက်ထင်ရှားသည့် ဥဒါဟရဏ် မရှိနိုင်တော့ချေ။”


သို့ဖြင့် အင်းဝရွှေမြို့တော်သည် အနှစ်သုံးဆယ်သုံးနှစ်လုံးလုံး စွန့်ပစ်ခြင်း ခံခဲ့ရသည်။ ထို့နောက်တွင်မှ ဘကြီးတော်က ပြန်လည်တည်ထောင်ခြင်းသာ ဖြစ်သည်။

ဘကြီးတော်၏မိတ်ဆွေ အင်္ဂလိပ်လူမျိုးတစ်ဦးက–

“ကျွန်ုပ်တို့ အမရပူရသို့ ရောက်နေစဉ် ဘုရင်သည် အမရပူရရှိ ခမ်းနားသော နန်းတော်ကြီးကို စွန့်ခွာကာ အင်းဝမြို့ဟောင်းနေရာတွင် ပြန်၍ မြို့သစ်တည်ရန် ဆုံးဖြတ်သည်။ မှူးမတ်များမှာ မြို့အရွှေ့အပြောင်း လုပ်သည့်အခါတွင် မိမိတို့ စည်းစိမ်ဥစ္စာတက်စရာ အခွင့်အလမ်းတို့ကို မြင်သည့်အလျောက် များစွာ ဝမ်းမြောက်ရွှင်လန်းကြသည်။ သို့ရာတွင် အိမ်ရာကလေးများကို စရိတ်အကုန်အကျခံကာ ပင်ပန်းစွာ ပြောင်းရွှေ့ရသည့် သူဆင်းရဲများကို မြင်ရသည်မှာကား လွန်စွာ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ နန်းတော်သစ်ကြီးမှာ ဆောက်လုပ်ပြီးစီးလုနေလေပြီ။ နန်းတော်ပြာသာဒ်တွင်လည်း ထီးတင်ရန် အဆင်သင့် ဖြစ်နေလေပြီ။ တစ်နေ့တွင် မိုးကြိုးခဲ့သဖြင့် ထီးတော်မှာ ကျိုးပဲ့သွားခဲ့သည်။ ဘုရင်သည် နိမိတ်မကောင်းသဖြင့် ကြီးစွာ အမျက်ထွက်သည်။ နန်းတော်ကို ဆောက်သည့် ဗိသုကာကို လိုက်ရှာစေကာ ကုန်းသို့ ပို့သည်။ ဘုရင်သည် တစ်နေကုန် ရာဇဝတ်ကောင်ကို ကွပ်မျက်ပြီးပြီလားဟု တဖွဖွမေးနေသည်။ ပါးကွက်အာဏာသားက ရာဇဝတ်ကောင်ကို မသတ်သေးဘဲ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးလေမည်လောဟု တောင်စွယ်တွင် နေကွယ်ချိန်အထိ စောင့်နေသည်။ သို့ရာတွင် ဘုရင်ကဲ့သို့ပင် စိတ်ဓာတ်ချောက်ချားလျက်ရှိသည့် ဗိသုကာသည် ထိုအခွင့်အရေးကို လက်မခံ။ သူ့ကို အမြန်ဆုံး ကွပ်မျက်ရန်သာ တောင်းဆိုနေသည်။



ဘုရင့်ညောင်စောင်း



ဆင်က

လူသတ် ပါးကွက်သားတို့က သူ့ကို ကွပ်မျက်လိုက်၏။ လွတ်ငြိမ်းချမ်းသာခွင့်သည် အချိန်နှောင်းမှ ရောက်လာခဲ့သည်" ဟု ရေးခဲ့သည်။

ဤသို့ဖြင့် အင်းဝမြို့၏ သမိုင်း၌ အင်းဝသည် ဂုဏ်ယူဝင့်ကြွားဖွယ် နေပြည်တော်အဖြစ်သို့ နောက်ဆုံးအကြိမ် ရောက်လာခဲ့ခြင်းဖြစ်သည်။

မြို့ပြင်၌ ဘုရင်နှင့် မြို့တော်သူမြို့တော်သားများ အပေါင်းတို့သည် ဖမ်းလာခဲ့သော ဆင်များအား ကျုံးထဲသို့သွင်းကာ ယဉ်ပါးအောင် လေ့ကျင့်နေကြသည်ကို တပျော်တပါး ကြည့်နေကြသည်။ ဆင်ကျုံးမှာ အင်းဝမြို့အောက်ဘက် တစ်မိုင်ခန့်အကွာ ဧရာဝတီမြစ်ကမ်းပေါ်တွင် ရှိသည်။ဆင်ကျုံးသည် လေးထောင့်စပ်စပ်ဖြစ်ပြီး ဘေးပတ်လည်တွင် ကျွန်းတိုင်လုံးကြီးများကို နှစ်ထပ်စိုက်ထားသည့် ဝန်းဖြစ်သည်။ သစ်တပ်တစ်ခုနှင့် တစ်ခုအကြားတွင် ပေနှစ်ဆယ်ထု၍ ဆယ့်လေးပေမြင့်သည့် အုတ်ခုံကြီးတစ်ခု ရှိသည်။ ထောင်ပေါင်းများစွာသော ပရိသတ်များသည် ထိုအုတ်ခုံကြီးပေါ်မှ ဆင်ကျုံးသွင်းသည်ကို ကြည့်ကြခြင်းဖြစ်သည်။ ရွှေနှင့် ကျောက်မျက်ရတနာတို့ စီခြယ်သည့် ချွန်းကိုကိုင်လျက် ကိုယ်တော်တိုင် ဆင်းစီး၍ လာကြည့်သော ဘုရင်အတွက် ယာယီစံနန်းတစ်ခုကိုလည်း ဆောက်လုပ်ထားသည်။ ထိုမင်္ဂလာအချိန်မျိုးတွင် ဘုရင်သည် မင်းညီမင်းသားများ၊ မှူးကြီးမတ်ကြီးများ လိုက်ပါကြပြီး ရာပေါင်းများစွာသော သေနတ်ကိုင်သူရဲနှင့် လှံကိုင်သူရဲများလည်း စောင့်ကြပ်လိုက်ပါလာကြသည်။ သို့ရာတွင် ဆင်ဖမ်းပွဲသို့ အမျိုးသမီးများ လာရောက်ခွင့် မရှိချေ။ ဘုရင်ပိုင်ဆင်ကောင်ရေစုစုပေါင်း တစ်ထောင်ခန့်ရှိရာ ဆင်ထီးများကိုသာ ယဉ်ပါးအောင် သွန်သင်ပြီး ခိုင်းသည်။ ဆင်မများကိုမူ တောထဲတွင် လွှတ်ထားသည်။ ဆင်မ

အုပ်ထဲသို့ ဆင်ရိုင်းတစ်ကောင် ရောက်လာလျှင် ထိုဆင်နှင့် ဆင်မအုပ်ကို အင်းဝရှိ ကျုံးထဲသို့ ဖြည်းဖြည်းမောင်းသွင်းလာခဲ့သည်။ ဆင်ကျုံးထဲသို့ ရောက်သည့်အခါတွင်မှ ထိုဆင်ရိုင်းကို ယခင်ဆင်များနည်းတူ ယဉ်ပါးအောင် လေ့ကျင့်ပေးသည်။ ဆင်ရိုင်းက သူ့ဇာတိဖြစ်သည့် တောထဲသို့ပြန်ရန် ကြိုးစားလိုက်၊ ဆင်မအုပ်နှင့် လူများက သူ့ကို ကျုံးထဲရောက်အောင် တဖြည်းဖြည်းမောင်းသွင်းထားလိုက် လုပ်နေသည့် ရှုခင်းသည် အင်းဝမြို့သူမြို့သားတို့အတွက် ပျော်စရာ အားလပ်ရက်ကြီးဖြစ်သည်။ ဆင်ကျုံးထဲသို့ ဝင်သွားသည်နှင့် သူတို့ မျှားခေါ်လာခဲ့ကြသည့် ဆင်မအုပ်များသည် သူ့ကို ရှောင်ခွာသွားကြသည်။ သူ့ကို မာန်ကျသွားအောင်လုပ်သည့် ဆင်ဦးစီးများကြောင့် ဆင်ရိုင်းမှာ အားအင်ကုန်ခန်းနေလေပြီ။ စိတ်လည်း ဆိုးနေပေပြီ။

ပရိသတ်များက အသက်ကိုမှ မရှုနိုင်ဘဲ စောင့်ကြည့်နေကြသည်။ ဆင်ရိုင်းကြီးမှာ အကြီးအကျယ် ဒေါသထွက်ကာ မြင်မြင်သမျှကို တိုက်ခိုက်သည်။ တစ်ခါတစ်ရံတွင် သူ့ရန်သူ ဆင်ဖမ်းသမားတစ်ယောက် လိမ့်ကျသွားသည်။ ထိုအခါမျိုးတွင် ဆင်ကြီးသည် အကြီးအကျယ် ဒေါသထွက်လာကာ ဆင်ဖမ်းကို စက္ကူချပ်လေးတစ်ချပ်လို ပြားသွားအောင် နင်းပစ်လိုက်သည်။ တစ်ခါတစ်ရံတွင်လည်း ချွန်းဖြင့် အစိုက်ခံရသည့် ဆင်ကြီးသည် ဒေါသကြောင့်လည်းကောင်း၊ အားအင်ကုန်ခန်းသွားသောကြောင့်လည်းကောင်း လဲကျ သေဆုံးသွားတတ်သည်။ သို့ရာတွင် အများအားဖြင့်မူ အရာမရောက်သော ရုန်းကန်မှုသည် နောက်ဆုံးတွင် ရပ်တန့်သွားကာ ထူးခတ်ခံလိုက်ရပြီး နှစ်ဝက် သို့မဟုတ် တစ်နှစ်နီးပါးခန့် ကျဉ်းမြောင်းစွာ အကျဉ်းချခံထားရသည်။ သတ်မှတ်သည့် အချိန် ကုန်ဆုံး၍ စိတ်ဓာတ်လုံးလုံးကျသွားသည့်အခါတွင်မှ သူ့ကို ဘုရင်၏ ယဉ်ကျေးသော ဆင်အုပ်များနှင့်အတူ ရောထားလိုက်သည်။

အင်းဝရွှေမြို့တော်တွင် နောက်ထပ် ကြည့်ကောင်းသည့် ရှုခင်းတစ်ခုမှာ အတာရေကစားပွဲတော် ဖြစ်သည်။ အင်းဝသကြၤန်ပွဲတော်ကို မြန်မာနှစ်ကုန်ကာ နှစ်ဆန်းတွင် မြစ်ထဲတွင် ကျင်းပတတ်သည်။ သကြၤန်ပွဲတော်သို့ ဘုရင်နှင့် မိဖုရားပါ ကရဝိတ်ဖောင်ကြီးဖြင့် လာရောက် ရေပက်ကစားကြသည်။ ကရဝိတ်ဖောင်ကြီးမှာ ပေသုံးဆယ်မြင့်ပြီး ရွှေပိန်းချထားသည်။ မင်းညီမင်းသားများနှင့် နန်းတွင်းသူ နန်းတွင်းသားတို့လည်း ရွှေပိန်းချလှေများဖြင့် လာကြသည်။ မြစ်ထဲတွင် ဘုရင်၏ လှေတော်နှင့်တကွ မှူးမတ်တို့၏လှေများ၊ နန်းတွင်းသူ



ဈာန်သမာပတ် ဝင်းစားဟန်


နန်းတွင်းသားတို့၏ လှေများသည် အိုးစည်ဗုံမောင်း တီး၍လည်းကောင်း၊ လှေတော်သားများက သံချပ်များထိုး၍ လည်းကောင်း သုံးရက်လုံးလုံး လှေပြိုင်ပွဲ ကျင်းပကြသည်။ လှော်တက်များမှာလည်း ရွှေပိန်းချထားကြသည်။ တက်ခတ်လိုက်သည့်အခါ ရေစက်ရေမြွှာများသည် တဖွားဖွား ဖြာထွက်ကာ နေရောင်နှင့် ပနံရလှသည်။ သုံးရက်မြောက်သည့်နေ့၌ ဘုရင်၏လှေတော်က လှေတော်များ ခြံရံလျက် ပြိုင်လှေများကြားသို့ ဝင်ရောက်သည့်အခါတွင် အမြောက်ဖောက်သည်။ ဤတွင် သုံးရက်တိုင်တိုင် ဆင်နွှဲခဲ့သော အတာသင်္ကြန်ပွဲ ပြီးဆုံးခြင်းသို့ ရောက်လေပြီ။

"ဝင်လုဆဲ နေခြည်သည် ထူပိန်းနေသည့် ရွှေပြားပေါ်တွင် ဖိတ်ဖိတ်လက်နေသည်။ မြန်မာတို့၏ လှေပွဲသဘင်သည် ကျွန်ုပ်တို့ တွေ့ဖူးသမျှတွင် အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး ဖြစ်ပေ၏" ဟု အင်္ဂလိပ်သံကိုယ်စားလှယ် မိုက်ကယ်ဆိုင်းက ရေးခဲ့သည်။

သတ်မှတ်ထားသည့်နေ့၌ ဘုရင်သည် မြန်မာမင်းတို့၏ အစဉ်အလာ ထုံးစံများဖြင့် ညီလာခံဝင်လေ့ရှိသည်။ ဘုရင်သည် ရွှေပိန်းချတံခါး၊ ရွှေပိန်းချ စင်္ကြံတို့မှတစ်ဆင့် သီဟာသနပလ္လင်ရှေ့ ကြမ်းပြင်တွင် ဝေးလံသော သစ်တောများမှ ခုတ်ယူလာခဲ့သည့် သစ်လုံးကြီးများဖြင့် ဆောက်လုပ်ထားသော ရွှေပိန်းချ တိုင်လုံးကြီးများကြားတွင် မင်းညီမင်းသားများ၊ မှူးမတ်များ၊ နန်းတော်သူ နန်းတော်သားများ၊ လက်အောက်ခံ စော်ဘွားစော်ခံများသည် ပျပ်စပ်ခစားလျက် ရှိကြသည်။ ယနေ့အချိန်ထိ မန္တလေးနန်းတော်တွင် ကျန်ရှိနေသော မြေနန်း ပြသာဒ်ဆောင်ကို ဝင်ကြည့်လိုက်လျှင် ထိုရှုခင်းသည် မည်မျှကြီးကျယ်ခမ်းနားသည်ကို ခန့်မှန်းနိုင်ပေလိမ့်မည်။ အမှန်အားဖြင့် အင်းဝမြို့တော်၏ ဘဝသည် ပုဂံမြို့တော်၏ဘဝ၊ ပဲခူး၊ အမရပူရ၊ မန္တလေးစသည့် မြို့တော်များ၏ ဘဝပင် ဖြစ်သည်။ နန်းတော်ကြီးသည် တိုင်းပြည်ကြီး၏ အချက်အချာဖြစ်သည်။ မြန်မာ့ကမ္ဘာ၏ ဗဟိုဖြစ်သည်။ ဘုရင်သည် သူ့ပြည်သူများအပေါ်တွင် အကြွင်းမဲ့ အုပ်စိုးသူဖြစ်သည်။ ဘာသာရေးနှင့် သက်ဆိုင်သည့် ပစ္စည်းများမှအပ မြန်မာတို့၏အသက်၊ မြန်မာတို့၏ စည်းစိမ်ဥစ္စာသည် ဘုရင့်လက်ထဲတွင် ရှိသည်။ မြန်မာတို့တွင် မှူးမတ်မျိုးရိုးဟူ၍ မရှိ။ မျိုးရိုးစဉ်ဆက် ဆက်ခံရသော မှူးမတ်နွယ်မရှိ။ ငါးစိမ်းသည် သည်လည်း နန်းရင်းဝန်ဖြစ်ရန် မျှော်မှန်းနိုင်သည်။ ဘုရင် ရွှေစိတ်တော်ညိုလျှင် ထိုသူသည် ချက်ချင်း မထင်မရှား အညတရဘဝသို့

လည်း လျှောကျသွားနိုင်သည်။ ဘုရင် အမျက်တော်ရှိ၍ လုံတံကို ကိုင်လိုက်လျှင် နန်းတော်သူ နန်းတော်သားတို့သည် ဦးတည်ရာသို့ ထွက်ပြေးရတော့သည်။ ရွှေစိတ်တော်ညို၊ အလိုတော်မကျ ဖြစ်သည်နှင့် အသက်ဘေးအတွက် စိုးရိမ်ကြတော့သည်။ အတည်ကြည်ဆုံး၊ လေးမြတ်ထားအပ်ဆုံးဆိုသည့် အမျိုးကောင်းသားတို့သည်ပင်လျှင် ဘာမျှမဟုတ်သည့် အကြောင်းကလေးဖြင့် အပြစ်ပေးခံရနိုင်သည်။ နန်းရင်ဝန်တစ်ဦးသည် ဘာမှမဟုတ်သည့် အကြောင်းကလေးဖြင့် နေလှန်းခံရတတ်သည်။ မှူးမတ်တစ်လှေကြီးသည် ဘာမှမဟုတ်သည့်အကြောင်းကလေးဖြင့် သံထမ်းကြရသည်။

ယခုကဲ့သို့ပင် ၁၈၂၀ ခုနှစ်တုန်းကလည်း မြန်မာတို့သည် လူမျိုးတစ်မျိုး အနေဖြင့် ကလေးငယ်များသာ ဖြစ်ကြသည်။ လိမ္မာပါးနပ်ခြင်းအရာတွင် အနီးတစ်ဝိုက်ရှိ အိမ်နီးချင်း လူမျိုးများထက် အများကြီး သာသည်။ စိတ်ခံစားမှုပြင်းထန်ခြင်း၊ အနုပညာဖန်တီးနိုင်ခြင်း၊ သူရသတ္တိ ရှိခြင်း၊ ဂုဏ်သိက္ခာ ရှိခြင်း၊ ကိုယ့်ကိုယ်ကို ယုံကြည်ခြင်း၊ ဓာတိမာန် စိတ်ထက်သန်ခြင်း စသည့် ကောင်းမြတ်သည့် အရည်အချင်းကို ပိုင်ဆိုင်ကြသည်။



မြန်မာသစ်သားပန်းပုရုပ်

ဗြိတိသျှတို့နှင့် ဖြစ်ပွားသောစစ်ပွဲသည် မြန်မာဘုရင်အား စိတ်ထိခိုက်စေသည်။ ဂုဏ်သိက္ခာ ညှိုးငယ်စေသည်။ မိမိပိုင် နယ်မြေတစ်ဝက်ကို ဆုံးရှုံးလိုက်ရခြင်း၊ သူ့လက်ထက်တွင် ကျွန်ဖြစ်ရသည်ဟု နာမည်ညှိုးရခြင်း၊ သူ့ကိုယ်ပိုင်ဥစ္စာရတနာတို့ ကုန်ခန်းရခြင်း စသည်တို့သည် သူ၏စိတ်နေစရိုက်ကို ထိခိုက်စေခဲ့သည်။ နှစ်တွေကြာညောင်းလာသည်နှင့်အမျှ ပျော်ပျော်ပါးပါးနေတတ်ပြီး စိတ်ကောင်းနှလုံးကောင်းရှိသည့် ဘုရင်သည် သုန်မှုန်တိတ်ဆိတ်ကာ စကားနည်းလာခဲ့သည်။ သို့ဖြင့် သူ့တွင် ကိန်းဝပ်နေသော စိတ္တဇရောဂါသည် တဖြည်းဖြည်း ရင့်လာခဲ့သည်။ ယင်းမှာ ၁၈၇၃ ခုနှစ်တွင်ဖြစ်၍ အင်းဝကို တည်ထောင်ပြီး ၁၇ နှစ်အကြာတွင်ဖြစ်သည်။ ထိုအခါ၌ကား ဘကြီးတော်သည်

ဘုရင်အဖြစ်မှ ရွှေ့လျောခဲ့လေပြီ။ သူ့နေရာတွင် သူ့ညီတော်က အုပ်ချုပ်လျက်ရှိသည်။ အင်းဝမြို့၏ နိဂုံးရက်များသည် မဝေးတော့ပြီ။ မြန်မာ့ထီးနန်းကို အမရပူရသို့ ပြန်ပြောင်းလာခဲ့သည့်အခါတွင်မူကား အင်းဝသည် မိမိ၏ ဂုဏ်ယူအပ်သောနေရာမှ ထာဝရမေးမှိန် ပျောက်ကွယ်သွားခဲ့လေပြီ။


*

## သမိုင်းထဲက အမရပူရ
## အမရပူရထဲက သမိုင်း

[၇]

မဟာမြတ်မုနိ ဘုရားကြီးအလွန် မန္တလေးမြို့ပြင်သို့ ထွက်သော လမ်းသည် (မှတ်တမ်းဆရာ)ဟင်နရီယူးလ် မှတ်တမ်းတင်ခဲ့သော လမ်းဖြစ်သည်။ အမရပူရမြို့ကြီး မင်းနေပြည်ဖြစ်ခဲ့စဉ်က ထိုလမ်းတစ်လျှောက်တွင် ပိုးကုန်သည်တို့သည် ဥဒဟို သွားခဲ့လာခဲ့ကြသည်။ အိုမင်းသော မန်ကျည်းပင်များသည် လမ်းမပေါ်သို့ အရိပ်ထိုးကြသည်။ အနောက်ဘက်တွင် ရွှေတစ်ချောင်း ချောင်းရေနှင့် ဧရာဝတီ မြစ်ရေတို့ကို ကာကွယ်ပေးထားသည့် တာရိုးကြီး ရှိသည်။ ထိုအနောက်ဘက် အဝေးတွင်မူ စစ်ကိုင်းတောင်ရိုးသည် ထိုးထွက်နေသည်။ ဖုန်ထ၍ မိုးပါးသည့် ရာသီများမှာပင်လျှင် တာရိုးနှင့် မြစ်ကြားကလွင်ပြင်သည် မျက်စိတွင် စိမ်းစိုတင့်ရှန်းနေသည်။ ပြန့်ပြူးသော ထိုလွင်ပြင်တစ်နေရာတွင် အင်းဝမင်းတို့သည် မြစ်ကို မျက်နှာမူကာ နွေရာသီ စံနန်းများနှင့် ရေကစားရန် နန်းတော်များကို ဆောက်လုပ်ခဲ့ကြသည်။

ဘေးပတ်ပတ်လည်တွင် လေးထောင့်စေတီငယ်များ ခြံရံထားသည့် စန္ဒမုနိဘုရားသို့ ရောက်သည်နှင့် ပေတစ်ရာလမ်းမကြီးသည် အမရပူရ နန်းမြို့ ခံတပ်အတွင်းသို့ ဝင်ရောက်သွားတော့သည်။ ယခုအချိန်၌မူ ခရီးသည်ကို ကြိုဆိုရန် မြို့တံခါးကြီးများ မပွင့်ကြတော့ပြီ။ ကျုံးတွင်လည်း ရေတို့ ခန်းခဲ့ပြီ။ ကြာနီတို့လည်း ဖူးပွင့်လျက် မရှိကြတော့ပြီ။ ကျုံးထဲတွင် ထွန်ရေးကြောင်းများ ထင်နေလေပြီ။ မြို့ရိုးတံတိုင်း၏ အကြွင်းအကျန်ရှိ၍ တဖောင်းချုံတို့ ဖုံးနေသော အုတ်ကျိုး၊အုတ်ပွဲများသာ ရှိတော့သည်။ ဘုရားပြို၊ ဘုရားပျက်၊ အုတ်ကျိုး၊ အုတ်ပွဲတို့ကြားမှ ဖြတ်လာသည့် ဖုန်ထူသည့်လမ်းသည် မြို့ကို ထောင့်ချိုးဖြတ်သန်းလာခဲ့ကာ ကျုံးကို နောက်တစ်ခါ ဖြတ်သန်းလာခဲ့ပြန်သည်။ ဆက်၍ လာခဲ့လျှင် မြစ်နှင့် တစ်ဖက်ရှိ စစ်ကိုင်းတောင်ရိုးပြာပြာကို မျက်နှာမူနေသည့်



အမရပူရဆီသို့

ထုံးဖွေးဖွေးစေတီအနီးရှိ ဝါးကပ်မိုး၊ ထရံကာ ဇရပ်လေးတစ်ဆောင်သို့ ရောက်သည်။ မိန်းမတစ်ယောက်၏ စိတ်ကူးပေါက်မှုကို နှစ်သိမ့်ပေးခဲ့သည့် ထိုရှုခင်းကလေးသည် ယခုချိန်တွင်မူ အများသူငါ အားလုံးကြည့်နိုင်သည့် ရှုခင်းကလေးဖြစ်နေလေပြီ။ ဖုန်အလိမ်းလိမ်းကပ်ကာ ပင်ပန်းနွမ်းနယ်နေသည့် ညနေဆည်းဆာအချိန်များတွင် ထိုဇရပ်ကလေးမှထိုင်၍ ရှုခင်းကို ငေးမောရနိုင်ပေပြီ။

ထို့နောက်တွင်မူ ခရီးသည်သည် မြို့တော်ဟောင်း၏ အစွန်အဖျားသို့ ရောက်လာခဲ့သည်။ ထိုနေရာမှာ ဗရင်ဂျီ ဘုရားရှိခိုးကျောင်းဟောင်းနှင့် များစွာမဝေးလှပါ။ ထိုဘုရားကျောင်းနှင့် မလှမ်းမကမ်းတွင် ဆာဟင်နရီယူးလ်၏ မှတ်တမ်းကို ဖတ်သူတိုင်း သိပြီးဖြစ်ကြသော တရုတ်ဘုံကျောင်းကြီးရှိသည်။ ယခင်က ညနေချမ်းများတွင် ဝဝဖိုင့်ဖိုင့် ကုန်သည်ကြီးများသည် ထိုတရုတ်ဘုံကျောင်းတွင် အပန်းဖြေခဲ့ကြသော်လည်း ယခုမူ ထိုဘုံကျောင်းကို သိပ်အသုံးမပြုကြတော့။ တံခါးများမှာ အမြဲလို ပိတ်နေတတ်ပြီး ဘုံကျောင်းဝင်းမှာလည်း တစ်ခါက ဝတ်ပြုသူများ၏ ခြေသံများဖြင့် ပွဲတင်ထပ်နေသည့်တိုင် ယခုမူ တိတ်ဆိတ်နေလေပြီ။ သို့တိုင်အောင် တရုတ်ဘုံကျောင်းသည် မပျက်မစီးကျန်နေသေးသည်။ ယခင်က မင်းနေပြည်တော်ဖြစ်ခဲ့သည့် မြို့ကြီးထဲတွင် ထင်ထင်ရှားရှား ကျန်ရစ်ခဲ့သည့် အဆောက်အအုံဆို၍ ထိုတရုတ် ဘုံကျောင်းကြီးသာ ရှိတော့သည်။ ဘုံကျောင်းအနီးတစ်ဝိုက်တွင် တရုတ်အမျိုးသားများကို တွေ့ရသေးသည်။ တရုတ်ဘုံကျောင်းထဲကို ဖြတ်သန်းသွားသည့် လမ်းတစ်

လျှောက်တွင် တွေ့ရသည့် အမျိုးသမီးများနှင့် ကလေးငယ်များ၏ မျက်နှာပေါ်တွင် တရုတ်သွေးနှောနေသည်ကို အထင်အရှား မြင်နေရသည်။ တစ်ခါက သံတမန်တို့ ဖြတ်သန်းသွားခဲ့သည့် ထိုလမ်းမကြီးသည် အရိပ်ဆိုင်းဆိုင်းဖြင့်ရှိပြီး တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။ ထိုနေရာသည် အမရပူရတွင် ယခုတိုင် ကျန်ရှိနေသေးသော ပိုးရက်ကန်းလုပ်ငန်း၏ဗဟိုဌာန ဖြစ်လာခဲ့သည်။ အမရပူရတွင်



တရုတ်ဘုံကျောင်း

အိမ်တိုင်း၌ ရက်ကန်းစင်ရှိသည်။ ဖုန်နှင့် ဆင်းရဲမွဲတေမှုများကြား၌ ပိုးထည်များ၏ တောက်ပသော အသွေးအရောင်သည် မျက်စိကို ကျိန်းစေလောက်အောင် ဝင်းလက်ပြိုးပြက်နေကြသည်။ လသာသောညများ၌ ရက်ကန်း ရက်သူများသည် သန်းခေါင်သန်းလွဲထိ အလုပ်လုပ်ကြသည်၊ လင်းလွဲ့လွဲ့ည၏ တိတ်ဆိတ်မှုသည် အဆက်မပြတ်သော လက်ခတ်သံကြောင့် ပြိုကွဲသွားရတော့သည်။ ပိုးရက်ကန်း နှင့်အတူ အတိတ်မှကျန်ရစ်ခဲ့သော အခြားပစ္စည်းတစ်ခုမှာ လွန်ခဲ့သော နှစ်တစ်ရာ လောက်က အီတလီသာသနာပြုတစ်ဦး စိုက်ပျိုးခဲ့သည့် စပျစ်စိုက်ပျိုးရေးလုပ်ငန်း



ဘုံကျောင်းအတွင်း

ဖြစ်သည်။ အိမ်တိုင်းရှေ့တွင် စင် သို့မဟုတ် ကုံး ကလေးများ ထိုးထားပြီး ထိုစင်များပေါ်တွင် လုပသော စပျစ်ရွက်များနှင့် စပျစ်သီးများ၊ ဇာပန်းရက်ထား သည့်နှယ် ရှိနေကြသည်။ ထိုစပျစ်ပင်အောက်တွင် အမျိုးသမီးများ ထိုင်၍ ရက်ကန်းရက်ကြခြင်းဖြစ်သည်။ ပြောက်တိပြောက်ကျား ကျနေသည့် အလင်း ရောင်သည် ပိုးချနေသည့် ရစ်ဘီးပေါ်သို့ ကျလာသည်။

အမေ့ဥယျာဉ်စာအုပ်တိုက်



စပျစ်နွယ်စင်အောက်က ရက္ကန်းစင်



နန်းတော်ရှေ့တံခါး ပျက်စီးနေပြီး

မြို့နေလူထုက စပျစ်လုပ်ငန်းကို ကောင်းစွာ ဂရုမစိုက်ကြတော့သဖြင့် စပျစ်အတွက်တော့ မကောင်းလှပါ။ သို့ရာတွင် ရှေးအတိတ်ကို အောက်မေ့သတိရစရာ ဖြစ်နေသည့်အတွက် စပျစ်ပင်ကိုကြည့်၍ ကြည်နူးရပါသည်။

ထိုအနီးအနားတစ်ဝိုက်တွင် ဘုရားပုထိုးများ၊ ဘုန်းကြီးကျောင်းများဖြင့် ပြည့်လျက်ရှိပါသည်။ အများစုမှာ ပုံစံကောင်းမွန်ပြီး အပြောက်အမွမ်းတို့မှာလည်း လှပကြွယ်ဝပါသည်။ အခိုင်ခံ့ဆုံး၊ အကောင်းဆုံးတို့မှအပ ကျန်အဆောက်အအုံတို့မှာ ပျက်သုဉ်းခဲ့ကြလေပြီ။ ပျက်စီးယိုယွင်းခြင်း၏ လက်ပေါင်း တစ်ထောင်တို့သည် ကနုတ်ပန်းပုတို့ ထုထားသည့် အမိုးများ၊ သစ်သားပန်းပုတို့ ထွင်းထားသည့် တံခါးရွက်ကြီးများ၊ ရွှေပိန်းချတိုင်လုံးကြီးများနှင့် မှန်စီရွှေချတိုင်လုံးကြီးများ၊ ဟသ်ာပြဒါးသုတ် တိုင်လုံးကြီးများနှင့် ဘုရားဆင်းတုတော်စံပယ်တော်မူရာ ပလ္လင်များပေါ်တွင် အလုပ်များနေလေပြီ။ အပျက်အစီးပုံများကြားတွင် မရေမတွက်နိုင်သော ဆင်းတုတော်တို့သည် ပြန့်ကျဲလျက်ရှိကြသည်။ အချို့ဆင်းတုတော်များက အကောင်းပကတိ၊ အချို့က ကျိုးပဲ့ပျက်စီးလျက်။ ရွှေမျက်နှာကြက်တစ်ခုအောက်မှနေ၍ တည်ငြိမ်သောမျက်နှာတော်သည် အနှောင့်



နဂါးရုံဘုရား(အမရပူရ)

အယှက်မရှိ တည်ငြိမ်စွာ ငုံ့၍ ရှုစားလျက်။ ပြိုကျနေသော၊ ပျက်စီးနေသော အိုးတစ်ခုကြားတွင် ဗုဒ္ဓ၏ မျက်နှာသည် ရွှံ့မြေတွေ ပေကျံလျက် ရှိသည်။ အုတ်ကျိုးအုတ်ပဲ့၊ သစ်တိုသစ်စများက နားရွက်တော်အထိရောက်လျက်။ ဗုဒ္ဓ၏ မျက်နှာတော်သည် မှဲ့နေသည့်အသွင်။ တန်ဆောင်းအတွင်းဘက် အပျက်အစီးများ အကြားတွင်မူ မတ်ရပ်ကိုယ်တော်များသည် တည်ငြိမ်စွာ ရပ်တော်မူလျက်။ သင်္ချိုင်းရေမြေ၏ အထိအတွေ့ကို မခံရသေး။

ဘုရားတစ်ဆူမှ တစ်ဆူသို့၊ ပန်းပုလက်ရာ တစ်ခုမှ တစ်ခုသို့၊ လူသူ ကင်းရှင်းသော ပရိဝုဏ်တစ်ခုမှတစ်ခုသို့ လျှောက်ကြည့်သည့်အခါတွင် နေရာ တိုင်း၌ စိတ်ရှည်သောအလုပ်၊ ကျွမ်းကျင်မှုနှင့် အနုပညာတို့ကို တွေ့နေရသည်။ ထိုအရာအားလုံးကို ဆိုးယုတ်စွာ အဆုံးသတ်စေသော လောဘရမ္မက်အား မုန်းတီးစက်ဆုပ်သည့် စိတ်ကိုတွန်းလှန်ခြင်းငှာ မတတ်နိုင်ပါ။

ထို့နောက် ကျွန်တော်တို့သည် နန်းတော်ရာသို့ ရောက်လာခဲ့ကြသည်။ သစ်တပ်ကိုမူ အရိပ်အယောင်မျှပင် မတွေ့ရတော့ပြီ။ အုတ်ပုံတန်း၊ နိမ့်နိမ့်ကလေး ကမူ အတွင်းမြို့ရိုးနေရာ ဖြစ်ဟန်ရှိသည်။ ကြီးမားသော အုတ်တံတိုင်းကြီးနှစ်ခုမှာ အကောင်းပကတိ ကျန်နေသေးသည်။ တစ်ခုမှာ ဘုရင်၏ငွေတိုက်တော်ဖြစ်ပြီး နောက်တစ်ခုမှာ မျှော်စင်ဖြစ်သည်ဟု အရပ်သားများက ပြောကြသည်။ ရာဇ ပလ္လင်များ၊ ပြာသာဒ်များနှင့် ရွှေပိန်းချတိုင်လုံးကြီးများကိုမူ မန္တလေးသို့ သယ်ယူ သွားခဲ့လေပြီ။ ဘုရင့်နန်းတော်အတွင်းသို့ဝင်ရာ အရှေ့တံခါးမှာ သစ်ပင်ချုံနွယ်တို့ ဖုံးနေသည့် လမ်းကျဉ်းကလေးအဖြစ်သာ တွေ့ရတော့သည်။ ထိုတံခါးဘေးတွင် သံတမန်တို့ ဦးညွှတ်ဝင်ရသည့် မလွယ်တံခါး နိမ့်နိမ့်ကလေး တစ်ခုလည်း ရှိသည်။ ဗဟိုစင်နှင့် စွယ်တော်စင်မှာ မြေကြီးပေါ်တွင် အုတ်ကျိုးအပုံအဖြစ်သာ ကျန်တော့သည်။ ရွှေဘိုမင်း၏ သင်္ချိုင်းတော်မှာ ယာခင်းထဲတွင် သစ်သား အမိုးကလေးနှင့်ဖြစ်ပြီး နောက်အစိုးရက ဆောက်လုပ်ထားခြင်းဖြစ်သည်။ နန်းတော်ရာ တစ်ခုလုံးမှာလည်း ယာထွန်ထားသဖြင့် ထွန်ရေးကြောင်း လှိုင်းထ နေသည်။ တစ်နေရာတွင် မီးရထားလမ်းသည် မြို့ဟောင်းအပျက်အစီးများ ကြားမှ ဖြတ်သန်းသွားကာ ဆူညံသောရထားသံများသည် ဘုရင်၏ အတွင်း ဆောင်နှင့် သေနတ်တစ်ပစ်အကွာမှ ဖြတ်သန်းသွားကြသည်။ ဖိနပ်မပါသည့် အင်္ဂလိပ်မှ သံတမန်များကို ထိုနေရာတွင် ဘုရင်ကလက်ခံတွေ့ဆုံခဲ့သည်မှာ အနှစ်ငါးဆယ်မျှ ကြာခဲ့လေပြီ။ ထိုစဉ်ကမူ နန်းရင်ပြင်တွင် ကျွမ်းသမားများ၊

ကချေသည်များသည် ဧည့်သည်တော်များကို ကပြ အသုံးတော်ခံခဲ့ကြသည်။ မင်းညီမင်းသားများသည် နောက်ပါ လူပျိုတော်သား အခြွေအရံတို့ဖြင့် ထိုနေရာမှ ဖြတ်သန်းသွားလာခဲ့ကြသည်။ ထိုစဥ်တုန်းကတော့ မွန်းတည့်နေရောင် အောက်တွင် ရွှေထီးဆောင်းကာ ရတနာတို့ စီခြယ်သည့် ဝေါများကို စီးခဲ့ကြသည်။ ယခုမူ ပြောင်းလဲမှုသည် အပြီးသတ်သွားခဲ့လေပြီ။ ထို့ထက် ပြည့်စုံခြင်း မရှိနိုင်တော့ပြီ။ ထိုအရာများ အားလုံးသည် သက်ရှိပုဂ္ဂိုလ်တို့၏ အလွယ်တကူ သတိရနိုင်သော မှတ်ဉာဏ်ထဲတွင် စွဲထင်ကျန်ရစ်နေဆဲပင် ရှိသေးသည်။

မြို့ရိုးအပြိုအပျက်တို့မှာလည်း အုတ်ကျိုးအုတ်ပဲ့များကို သယ်ဆောင်ရန် ကန်ထရိုက်ရသည့် စူရတီ မီးရထားကန်ထရိုက်တာတစ်ဦးကြောင့် တဖြည်းဖြည်း လုံးပါးပါးခဲ့လေပြီ။ (ယခု ထိုအုတ်ကျိုး၊ အုတ်ပဲ့များ သယ်ယူခွင့်ကန်ထရိုက်ကို ရပ်ဆိုင်းလိုက်ပြီ။) ထိုသို့ ကန်ထရိုက်ပေးလိုက်သဖြင့် အစိုးရကို အပြစ်တင်ဖွယ် မရှိပါ။ အကြောင်းမှာ ထိုမြို့ကို ဖျက်သိမ်းသည့်လုပ်ငန်းမှာ မြန်မာဘုရင် တစ်ပါးကိုယ်တိုင် အစပြုခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံခြားအစိုးရတစ်ခုက ထိုသို့ဖျက်ဆီးနေသည်ကို မြင်ရသည့်အခါတွင်မူကား မြန်မာတို့အထဲမှ မကျေနပ် သံများပေါ် ထွက်လာခဲ့ပါသည်။ အရှေ့တိုင်း၏အမြင်တွင်မူ လုပသော မြို့ရိုး၊ တံတိုင်းများ၊ ခံတပ်ဟောင်းများ သူ့အလိုအလျောက် တဖြည်းဖြည်း ပျက်စီးသွား သည်ကို ဘာမျှအရေးတကြီး မထားကြပါ။ ချုံနွယ်ပိတ်ပေါင်းတွေ၊ ရေညှိတွေ အောက်တွင် ဆွေးမြည့်ပျက်စီးသွားရခြင်းသည် သင်္ခါရသဘောဟုသာ မှတ်ယူကြ ပါသည်။ ပြင်းထန်သည့် ဆန့်ကျင်ဘက်သမားများနှင့် ရတ်တရက် သေပျောက်မှု တို့ကို တွေ့နေရသည့် အရှေ့တိုင်းတွင် သေခြင်းတရားသည်လည်း ဘာမျှ အဆန်းမဟုတ်ပါ။

အမရပူရမြို့ဟောင်းမြို့ပျက်ကြီး၏စည်ပင်ဝပြောပုံကို သိလိုလျှင် လွန်ခဲ့ သည့် နှစ်ပေါင်းတစ်ရာလောက်က ဤနေရာသို့ ရောက်လာခဲ့ကြသည့် အင်္ဂလိပ် တို့၏မှတ်တမ်းများကို ဖတ်ကြည့်နိုင်ပါသည်။ ယင်းတို့မှာ စိတ်အားထက်သန်စွာ ရေးသားခဲ့သော ဗိုလ်မှူးကြီးဆိုင်း၏မှတ်တမ်းနှင့် ဟင်နရီယူးလ်၏ စကားပြေ များ ဖြစ်ပါသည်။ အမရပူရမြို့ကြီး မင်းနေပြည်အဖြစ် ကောင်းစားခဲ့စဉ်က ခမ်းနားကြီးကျယ်ပုံကို သူတို့မှတ်တမ်းများထဲတွင် တွေ့နိုင်ပါသည်။ အမရပူရ မြို့ဟောင်းသို့ရောက်၍ အပင်ပန်းခံစေ့ငုကြည့်လျှင် သူတို့မှတ်တမ်းထဲတွင် ဖော်ပြထားခဲ့သော နေရာများထဲတွင် ဖော်ပြခဲ့သောနေရာများကို ရှာတွေ့နိုင်



အမရပူရမှ အမြောက်ကြီး

လောက်ပါသည်။ ယခုလို မိုးနည်းသောအချိန်မှာပင် မင်္ဂလာကန်တော်ကြီးသည် လှပနေဆဲ ဖြစ်ပါသည်။ ကန်အောက်တွင် ပေါက်နေသော စပါးကွင်းသည် စိမ်းစိုလျက်ရှိကာ ခြောက်သွေ့သည့် ပတ်ဝန်းကျင်နှင့် တခြားစီ ဖြစ်နေပါသည်။ ခရီးသည်သံတမန်တို့အား လာရောက်ကြိုဆိုကြသည့် မြင်းတပ်များနှင့် လက်ဆောင်ပဏ္ဏာများ ဖြတ်သန်းသွားရာ တံတားသည် ယခုတိုင် ကျန်နေပါသေးသည်။ သို့ရာတွင် အတော်ပင် ပျက်စီး၍နေလေပြီ။ ကန်တစ်ဖက် သစ်ပင်အုပ်အုပ်ကလေးရှိသည့်နေရာမှာ တစ်ခါက အင်္ဂလိပ်သံတမန်တို့ နေထိုင်ရာ သံတဲဖြစ်သည်။ တံတားဦးတွင် ဆင်းတုတော်ကြီးကား ယခုတိုင် ပျက်ယွင်းခြင်း မရှိသေး။

အမရပူရ၏ တည်နေရာသည် မန္တလေးတည်နေရာထက်ပို၍ ရှုခင်းရှုကွက်ကောင်းပြီး လှပပါသည်။ ကန်တော်ကြီးတစ်ဝိုက်တွင် လမ်းလျှောက်သည့်အခါတွင်သော်လည်းကောင်း၊ ကန်စပ်တွင်ရှိသည့် မကျည်းပင်အုပ်အုပ်တွေကြားမှ မီးရထားစီးလာသည့်အခါတွင်သော် လည်းကောင်း၊ ကျယ်ပြန့်သည့် မရန်းရောင်မြစ်ပြင်ကြီးနှင့် စစ်ကိုင်းတောင်ရိုးမှ စေတီဖွေးဖွေးတို့ကို မြင်ရသည့်အခါတွင်

သော်လည်းကောင်း ပို၍ခြောက်သွေ့၊ ပို၍ဖုန်ထူ၊ ပို၍ချောင်ကျသော မန္တလေးမြို့သစ်အတွက် အမရပူရကို စွန့်လွှတ်ခဲ့သည်ကို စိတ်မကောင်းဖြစ်နေမိပါသည်။

တိုတောင်း၍ အနိမ့်အမြင့်တို့ ပြည့်နှက်နေသည့် ပုံပြင်တစ်ခု ဖြစ်သည့် အမရပူရ၏သမိုင်းကို အောက်တွင် ကျွန်တော် ရေးပြပါမည်။

၁၇၅၇ ခုနှစ်သည် အိန္ဒိယပြည်တွင် ဗြိတိသျှအင်ပါယာကြီး စတင်တည်ထောင်သည့် နှစ်ဖြစ်သည်ဟု အများက ယူဆလက်ခံထားခဲ့ကြသည်။ ထိုနှစ်သည် မြန်မာ့သမိုင်း မှတ်တမ်းတွင်လည်း ထူးခြားသည့် နှစ်ဟု ဆိုနိုင်သည်။ ရောဘတ်ကလိုက်က ပလာဆေတိုက်ပွဲတွင် ပြင်သစ်တို့နှင့် အပြင်းအထန်တိုက်ကာ အိန္ဒိယပြည်တွင် အာဏာစက်အသစ်ကိုထူထောင်နေချိန်၌ မကြာမီ ဗြိတိသျှတို့နှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားလာမည့် အိမ်နီးချင်းနိုင်ငံတွင်လည်း



ရွှေဘိုမင်း သချိုင်းတော်

ရောဘတ်ကလိုက်လို သူ့နည်းနှင့်သူ ထင်ရှားကြီးကျယ်လာမည့် ပုဂ္ဂိုလ်တစ်ယောက်သည် နိုင်ငံသစ်ကို ထူထောင်နေချိန်ဖြစ်သည်။ ရာဇဝင်တွင် အလောင်းဘုရားဟု ထင်ရှားခဲ့သည့် ထိုပုဂ္ဂိုလ်၏ဘဝသည် မြန်မာ့စရိုက်ကို လေ့လာနေကြသော တုဇနတို့အတွက် အလွန်စိတ်ဝင်စားစရာကောင်းသည်။ အကြောင်းမှာ အလောင်းဘုရားသည် မြန်မာလူမျိုးတို့၏ မီးခဲပြာဖုံးစိတ်ဓာတ်နှင့် ဂုန်းခနဲထတောက်သော ခွန်အားတို့ကို ဖော်ပြနေသောကြောင့်ဖြစ်သည်။ မြန်မာတို့သည် ချစ်ခင်စရာကောင်းသည့် လူမျိုးဖြစ်သော်လည်း ပျင်းရိလေးကန်သော လူမျိုးဖြစ်သည်ဟု ထင်သူများသည် အလောင်းဘုရား၏ ဘဝဖြစ်စဉ်နှင့် မြန်မာရာဇဝင်တွင်ရှိသည့် အခြားသောပုဂ္ဂိုလ်များ၏ဘဝကို လေ့လာဖို့ လိုပါသည်။

အလောင်းဘုရားသည် အနိမ့်ကျဆုံး လယ်သမားဆင်းရဲသားထဲမှ ပေါ်ထွက်လာခဲ့ပြီး သူ့လူမျိုးနှင့် တိုင်းပြည်ကို မွန်တို့လက်ထဲမှ ကယ်တင်ခဲ့ကာ မဏိပူရမှသည် ဗန်ကောက်အထိ ကျယ်ပြန့်သော အင်ပါယာလက်နက် နိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ အလောင်းဘုရားမင်းဆက်သည် နောင်နှစ်ပေါင်း ၁၃ဝ အထိ ရှည်ကြာခဲ့သည်။

အမရပူရ၏ သမိုင်းကို ပြောပြရာတွင် အလောင်းဘုရားနှင့် တိုက်ရိုက်သက်ဆိုင်ခြင်း မရှိတော့ပါ။ သို့ရာတွင် မသေသောမြို့(အမရပူရ)ကို တည်ထောင်သူသည် သူ့သားတော်ဖြစ်သည်ဆိုသည့်အချက်နှင့် အလောင်းဘုရားမင်းနတ်ရွာစံပြီး နှစ်ဆယ့်သုံးနှစ်အကြာတွင် အမရပူရမြို့တော် အုတ်မြစ်ချခဲ့ခြင်းဖြစ်သည်ဆိုသည့် အချက်ကိုမူ ပြောဖို့လိုပါသည်။

ထိုအတောအတွင်း၌ကား အဖြစ်အပျက်များစွာတို့ ဖြစ်ပျက်ခဲ့ကြသည်။ အလောင်းဘုရားသည် အယုဒ္ဓယမြို့ရိုးအောက်တွင် အနာရောဂါ သည်းထန်စွာကျရောက်သဖြင့် မိမိ၏ဇာတိဖြစ်သည့် ရွှေဘိုသို့ အပြန်ဆုံး ဆုတ်ခွာလာခဲ့ရသည်။ သို့ရာတွင် သေခြင်းတရားသည် စိတ်ဓာတ်ခွန်အား ပြင်းထန်သည့် စစ်သည်တော်ကြီးထံသို့ အမီလိုက်လာခဲ့ကာ လမ်းတစ်ဝက်တွင် အနိုင်ယူသွားခဲ့လေပြီ။ သူ့နေရာကို သားတော်ကြီး၊ နောင်တော်ကြီးက ဆက်ခံသည်။ နောင်တော်ကြီးသည် စစ်ကိုင်းတွင် သုံးနှစ်မျှ စိုးစံသည်။ သူ့ကို ဆက်ခံသူဖြစ်သည့် ဆင်ဖြူရှင်လက်ထက် ၁၇၆၄ ခုနှစ်တွင် မြို့တော်ကို အင်းဝသို့ ပြန်လည်ပြောင်းရွှေ့ပြန်သည်။ ထို့နောက်တွင် အဖြစ်အပျက်များစွာ ဖြစ်ပျက်ခဲ့သော်လည်း ယင်းတို့မှာ အင်းဝနှင့်သာ သက်ဆိုင်ပါသည်။ ဆယ့်နှစ်နှစ်အကြာတွင် အလောင်း



အမရပူရမှ ဘိုးတော်မင်း သင်္ချိုင်းတော်

ဘုရား၏ ဒုတိယသားတော်ကြီးဖြစ်သည့် ဆင်ဖြူရှင် နတ်ရွာစံသည်တွင် အရှေ့တိုင်းရာဇပလ္လင်များတွင် ဖြစ်လေ့ရှိသည့် ထုံးစံအတိုင်း ဆက်ခံသူ ရွေးချယ်ရေး၌ အခက်အခဲများစွာနှင့် ကြုံတွေ့သည်။ အလောင်းဘုရားသည် ကံတော်ကုန်ခါနီးတွင် သူ့သားတော်များ အစဉ်အတိုင်း နန်းမွေဆက်ခံကြဖို့ မှာသွားခဲ့သည်။ သားတော်ခြောက်ပါးရှိသည့်အနက် လေးပါးတို့မှာ နန်းမွေဆက်ခံနိုင်သော အနေအထားတွင်ရှိနေကြသည်။ သို့ရာတွင် ဆင်ဖြူရှင်၏ သားတော်ကြီး တစ်ဆယ့်ကိုးနှစ်ရွယ် လူငယ်ကလေးတစ်ဦးဖြစ်သူ စဉ့်ကူးမင်းသည် ထီးနန်းအရိုက်အရာကို ရရှိသွားခဲ့သည်။ စဉ့်ကူးမင်း လုံခြုံရေးအတွက် ဘထွေးတော်အမြင့်မင်းကို ကွပ်မျက်ခဲ့သည်။

အလောင်းမင်းတရား၏ ပဉ္စမမြောက်သားတော် ဗဒုံမင်းကို စစ်ကိုင်းသို့ ပို့သည်။ ဗဒုံမင်းသည် ငယ်ရွယ်၍ မော်မြင်ကင်းသော စဉ့်ကူးမင်း၏လက်မှ အရိုက်အရာကိုယူရန် အခွင့်အခါကို စောင့်သည်။ ဗဒုံမင်းသားသည် အရေးကြီးသည့် မင်းသားတစ်ပါးဖြစ်သည်။ အကြောင်းမူ ထိုမင်းသားသည် အမရပူရမြို့တည်မင်းဖြစ်လာခဲ့ပြီး နှစ်ပေါင်းလေးဆယ်မျှ စိုးစံသွားခဲ့သောကြောင့်ဖြစ်သည်။

ဗဒုံမင်း အရိုက်အရာဆက်ခံပုံနှင့်ပတ်သက်၍ ဤနေရာတွင် အသေးစိတ်ပြောရန်မလိုပါ။ ဗဒုံမင်းသည် မင်းနှစ်ပါးကိုလုပ်ကြံ၍ အရိုက်အရာကို ဆက်ခံရခြင်းဖြစ်သည်။ ပထမတွင် စဉ့်ကူးမင်းကို လုပ်ကြံ၍ နန်းမှချသည်။ ထို့နောက် သူ့အကြံအစည်ကို အကောင်အထည်ဖော်ပေးခဲ့သည့် ဖောင်းကားစားကို နန်းမှချရသည်။ ဗဒုံမင်း လုပ်ကြံသူနှစ်ဦးစလုံးသည် သူ၏တူတော်များဖြစ်ကြပြီး သူငယ်သာသာမျှသာ ရှိကြသေးသည်။ အမှန်အားဖြင့် ထိုမင်းသားငယ်နှစ်ပါးတို့သည် ခမည်းတော်၏ ဘုန်းလက်ရုံးအရှိန်အဝါကို မီလိုက်သည့် ဗဒုံမင်းသားနှင့် မနှိုင်းယှဉ်သာပါ။ အရှေ့တိုင်း မင်းသားတစ်ပါးအနေနှင့် ကြည့်လျှင် နန်းတော်ထဲတွင် မွေးလာရသူ မဟုတ်သဖြင့် ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်တို့ ရှိနေသည်။ ဗဒုံမင်း(ဘိုးတော်ဘုရား)၏ စိတ်နေသဘောထားသည် နိုင်ငံတော်ကို ခမည်းတော် ထူထောင်စဉ် ကြုံတွေ့ရသည့် အကျပ်အတည်း၊ အခက်အခဲများဖြင့် ပုံသွင်းခြင်းခံခဲ့ရခြင်း ဖြစ်သည်။

သူ၏ သက်တမ်းရှည်ကြာလှသော နန်းစံနှစ်အတွင်းတွင် ပေါ်ပေါက်ခဲ့သည့် အဖြစ်အပျက်များကို ကြည့်ခြင်းဖြင့် ဘိုးတော်ဘုရား(ဗဒုံမင်း)သည်

ထက်မြက်သည့် စွမ်းရည်ရှိသူတစ်ဦးဖြစ်ပြီး ကုန်းဘောင်မင်းဆက်များတွင် တွေ့ရတတ်သည့် စိတ်ရောဂါမျိုး တစ်စုံတစ်ရာမရှိကြောင်းကို တွေ့နိုင်သည်။ သူ့အပေါ်တွင် ခေတ်ပြိုင်အနောက်တိုင်းသားများက မြင်သည်ကိုလည်း ဥပမာအဖြစ် ဖော်ပြပါဦးမည်။ သို့ရာတွင် ဘုရင်တစ်ပါး၏ စိတ်နေစိတ်ထားကို အတိအကျသိဖို့ မလွယ်ပါ။ ရာဇပလ္လင်သို့ မရောက်မီ သူ၏ တကယ့်စရိုက်လက္ခဏာ စိတ်နေစရိုက်သဘောထားတို့နှင့် ပတ်သက်လာလျှင်လည်း သဘောထား ကွဲနေတတ်ကြပါသည်။



ဗိုလ်ချုပ် ဒေါ်ရဂေါ်နီ
(အမရပူရရောက် ပြင်သစ်တစ်ဦး)

သူနန်းစံသက် သုံးဆယ့်သုံးနှစ်မြောက်ဖြစ်သည့် ၁၇၉၅ ခုနှစ်တွင် အမရပူရသို့ ရောက်ခဲ့သည့် ဗိုလ်မှူးကြီးဆိုင်းက ဘိုးတော်ဘုရားနှင့်ပတ်သက်၍ ရေးခဲ့ရာ၌ ဘိုးတော်ဘုရားသည် မူလအစတုန်းက စိတ်ကောင်းသဘောကောင်းရှိသူဖြစ်ကြောင်း၊ သို့ရာတွင် မိမိအပေါ်တွင် ကျေးဇူးသစ္စာမဲ့မှုများ၊ မိမိအားလုပ်ကြံရန်ကြိုးစားမှုများကို တွေ့လာရသည့်အခါတွင် ဘိုးတော်ဘုရားသည် စိတ်ထား ခက်ထန်လာခဲ့ကြောင်းဖြင့် ရေးခဲ့ပါသည်။ ဘိုးတော်ဘုရားလက်ထက်တွင် ပေါ်ပေါက်ခဲ့သည့် အရေးအခင်းများကို နှစ်ဆယ့်သုံးနှစ်လုံးလုံး စောင့်ကြည့်နေခဲ့သည့် ဘာနာဘိုက်ဘုန်းတော်ကြီး ဆန်ဂျာမန်နိုကလည်း ဗိုလ်မှူးကြီးဆိုင်းနှင့် သဘောတူသည်။

ဤသို့ဖြင့် အမရပူရမြို့တော်သစ်ကို တည်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့အမြင်တွင် ဂုဏ်ကျက်သရေ ပျက်ခဲ့သည့် မြို့တော်ဟောင်းကို ဘုရင်သစ် မကြိုက်တော့ပြီ။ အချိန်တိုကလေးအတွင်းတွင် နန်းလုလာသူတို့၏ တိုက်ခိုက်မှုကို နှစ်ကြိမ်တိုင် ခံခဲ့ရသည့် နန်းတော်ဟောင်းကို မကြိုက်တော့ပြီ။ အမြောက်ကြီးများနှင့် ချိန်ရွယ်ခံခဲ့ရပြီး သွေးချောင်းစီးခဲ့သည့် နန်းတော်ဟောင်းကို မနှစ်သက်တော့ပြီ။ ဘိုးတော်ဘုရားသည် မည်းမှောင်ဆိုးယုတ်သည့် ခမ်းနား ကြီးကျယ်မှု တိမ်တိုက်အောက်တွင် နန်းတက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် သူ့လမ်းစဉ်သည် ထိုအတိတ်တို့ကို ဖျောက်ဖျက်ပစ်ဖို့ လိုသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးရာနှစ်ဆယ်ခန့်က တည်ဆောက်ခဲ့ပြီး ယခု ကမ္ဘာ့အလယ်တွင် ရပ်နေသည့် အင်းဝမြို့တော်သည် သူ့ခမည်းတော် တည်ထောင်ခဲ့သည့် မင်းဆက်နှင့် ဘာမျှမသက်ဆိုင်။ သူ့ခမည်းတော်၏အလိုနှင့် ဆန့်ကျင့်ကာ မိမိနတ်ရွာစံသည့်အခါတွင် သားတော်များအား ထီးနန်းလွှဲအပ်ပေးရန်လည်း ဆုံးဖြတ်ပြီးပြီ။

အမရပူရမြို့တော်သစ်ကို ရှေးမြန်မာမြို့တော်များ ထုံးစံနှင့်အညီ ကျုံး ပတ်လည်ရံ၍ မြို့ရိုးတံတိုင်းများခြံရံကာ လေးထောင့်စပ်စပ် တည်ရန်ဖြစ်သည်။ မြို့တော်သစ်တည်ရန် ရွေးသည့်နေရာမှာ အင်းဝမှ အနည်းငယ် ကွာဝေးပြီး ၁၇၈၃ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အခြွေအရံ၊ နောက်လိုက် နောက်ပါတို့နှင့် အတူ အခမ်းအနားဖြင့် မြို့တော်သစ်သို့ ပြောင်းရွှေ့စံနေသည်။ သို့ရာတွင် လူထုများမှာ သူတို့အစဉ်အဆက် နေထိုင်ခဲ့သည့်နေရာကို မစွန့်လွှတ်နိုင်ဘဲ နေရာဟောင်းတွင် နောက်ချန် နေရစ်ခဲ့ကြသည်။ ဘိုးတော်ဘုရားသည် လူထုများ က ဝိုင်းဝန်းကန့်ကွက်ကြသည်ကိုလည်း မကြားနိုင်။ လူထုသည် ကျဉ်းမြောင်းသည့် မြို့သစ်နေရာထဲတွင် ဘုရင့်အမိန့်အရ ပြောင်းရွှေ့ကြရသည်။ အမရပူရတွင် လူနေအိမ်ခြေ စည်ကားခဲ့သည့် မြို့တော်ဟောင်းကို စွန့်ပစ်ခဲ့ကြသည်။ လမ်းမများ၌ အရိပ်အာဝါသပေးသည့် အုန်းပင်၊ ထန်းပင်များကို ခုတ်လှဲပစ်ခဲ့ကြသည်။ ရင့်ရော်နေသည့် အုတ်တံတိုင်းများကို ဖြိုဖျက်ပစ်ခဲ့ကြသည်။ တစ်ခါက မြို့တော် ကို အကာအကွယ်ပေးခဲ့သည့် မြစ်ပင်လျှင် အပျက်အစီး မလွတ်။

ဘိုးတော်ဘုရားသည် အကုန်အစင် ရှင်းလင်းရေး ပေါ်လစီအရ နိုင်ငံကို ဆက်လက်အုပ်စိုးသည်။ မြို့တော်သစ်ကို တည်ပြီးနောက် ဘိုးတော်ဘုရားသည် ရခိုင်ကို တိုက်သည်။ တောတောင်များကို ကျော်ဖြတ်ပြီးနောက် ရခိုင်ပြည်တွင်



၂ မရှု။

အမရပူရမှ ဘကြီးတော်၏ သင်္ချိုင်းတော်

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်ကတည်းက စံမြန်းခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပင့်ဆောင်ခဲ့သည်။ ဘိုးတော်ဘုရား၏ အင်ပါယာလက်နက်နိုင်ငံတော်ကြီးသည် လူမျိုးတစ်မျိုးလက်မှ တစ်မျိုးသို့ ပြောင်းခဲ့သည်။ သူ့မြို့တော်ကြီးသည်လည်း ဖုန်အတိ ဖြစ်ခဲ့ရသည်။ သို့ရာတွင် ထိုရုပ်ပွားတော်ကြီး မြင့်မြတ်စင်ကြယ်မှုကား ယုတ်လျော့မသွားခဲ့ပါ။ ယနေ့ထိအောင်ပင်လျှင် ရုပ်ပွားတော်ကြီးသည် မင်းဆက်များနှင့် လောကီထုပ္ပတ်တို့၏အတို့အထိတို့နှင့် ကင်းဝေးသော မြန်မာလူမျိုးတို့၏ မမိုတ်မသုန်သော ယုံကြည်ကိုးကွယ်မှုကို ရမြဲရလျက်ရှိပါသည်။

ဘိုးတော်ဘုရား၏ ဦးနှောက်သည် အလွယ်တကူရသော အောင်ပွဲများကြောင့် ချာချာလည်နေလေသည်။ သူ့မာနသည် အရှေ့ဘက် တိုင်းပြည်များတွင် ရရှိခဲ့သော အောင်မြင်မှုများကြောင့် ငယ်ထိပ်ရောက်နေပြီ။ (အရှေ့ဘက်တိုင်းပြည်သို့ သွားတိုက်ခဲ့စဉ် ဘုရင်တစ်ပါး၊ ဝန်ကြီးများ၊ ဘုရင်၏နန်းတွင်းသူ အချောအလှများ၊ အဖိုးတန်ရတနာများ၊ အခြားအောင်ပွဲရပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့သည်။) သူ့လူမျိုးနေထိုင်ရာ တိုင်းပြည်ကလေးသည် သူ့အဖို့ သေးငယ်ကျဉ်းမြောင်းနေလေပြီ။ သူ၏ပြင်းထန်သော စိတ်ကူးထဲတွင် နပိုလီယံဆန်သော မျှော်မှန်းချက်များသည် တစ်ခုပြီးတစ်ခု ပေါ်နေကြသည်။ ခယဝပ်တွားသလောက်မောက်မာထောင်လွှားသာ အခြွေအရံနောက်လိုက်တို့ကလည်း ထိုမျှော်မှန်းချက်များကို မီးလောင်ရာလေပင့် လုပ်ပေးနေကြသည်။ မြင်းမိုရ်တောင် ဗဟိုပြုကာ ကျွန်းကြီးလေးကျွန်းဖြင့် ဝိုင်းရံထားသည်ဟု သူနားလည်ထားသော ကမ္ဘာကြီးတွင် သူသည် အကြီးဆုံးသော အရှင်သခင် ဖြစ်သည်ဟု အထင်ရောက်သည်။ သူ၏ ယိုးဒယား(ထိုင်း)၊ တရုတ်၊ အိန္ဒိယတို့ ပါဝင်သော သူ၏ ဇမ္ဗူဒီပါကျွန်းတွင် “နေထွက်ဘုရင်”သစ်သည် အထွတ်အထိပ်သို့ရောက်ရန် မျှော်မှန်းသည်။ အေးဆေးတည်ငြိမ်သော စစ်ကိုင်းမှ လူကြီးလူကောင်းသည် ပူနွေးသော ဥတ္တရာခေနေမင်း၏ အောက်တွင် ကြီးမြတ်ခြင်းသို့ ရောက်ခဲ့လေပြီ။

ဝန်ကြီးများနှင့် ညီလာခံဝင်သည့်အခါ၌ ဘိုးတော်ဘုရားသည် သူ၏ရည်မှန်းချက်များကို ဝန်ကြီးများအား ထုတ်ဖော်ပြောဆိုသည်။ ယိုးဒယား(ထိုင်း)ကို သူနှိမ်နင်းချင်သည်။ တရုတ်ပြည်ကို အောင်မြင်ချင်သည်။ အိန္ဒိယတွင် ဗြိတိသျှတို့ကို တော်လှန်ပစ်ချင်သည်။ အရေးနိမ့်သွားသည့် ရခိုင်မင်းကို သူ့ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာသည့်အခါ၌ တာမာလိန်းနှင့် အက္ကဘာဘုရင်



သုဓမ္မာဇရပ်မှ ပန်းရံ ပန်းတမော့ (အမရပူရ)

တို့၏ သားစဉ်မြေးဆက်တို့သည် သူ၏ အောင်ပွဲများကို မွမ်းမံပြင်ဆင်ပေးကြလိမ့်မည်ဟု ဘိုးတော်ဘုရား တွေးမိသည်။

သို့ရာတွင် အချည်းနှီးသာ။ ယင်းတို့သည် ကလေးအိပ်မက်မျှသာ။ တစ်နှစ်အတွင်း၌ သူ့တပ်များသည် ယိုးဒယား(ထိုင်း)နယ်စပ်မှ ထွက်ပြေးလာခဲ့ကြရသည်။ ဘုရင်ကိုယ်တိုင်လည်း ဒဂုံသို့ ထွက်ခွာခဲ့ရသည်။

သို့ရာတွင် မြန်မာစိတ်ဓာတ်သည် မကြာမီ အားသစ်လောင်းလာခဲ့ပါသည်။ အရေးနိမ့်၍ ပြန်ဆုတ်လာခဲ့ပြီးနောက် သီတင်းပတ် အနည်းငယ်အတွင်းမှာပင် ဘိုးတော်ဘုရားသည် ယိုးဒယား(ထိုင်း)ကို တိုက်ခိုက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောခဲ့သည်။ နှစ်အနည်းငယ်အတွင်းမှာပင် ဘိုးတော်ဘုရားသည် ကျူးကျော်မှုပေါ်လစီကို စတင်အကောင်အထည်ဖော်ခဲ့သည်တွင် ထိုပေါ်လစီကြောင့် နောင် သူ့ကို ဆက်ခံသည့် မင်းလက်ထက်တွင် အင်္ဂလိပ်နှင့် ဖြစ်ပွားသော အကျိုးပျက်စီးရာ စစ်ပွဲသုံးပွဲအနက် ပထမတစ်ပွဲ ပေါ်လာခဲ့သည်။

ဘိုးတော်ဘုရား၏စိတ်ဓာတ် ထိုသို့ထက်သန်တက်ကြွနေစဉ် သူ့နန်းတော် ထဲသို့ ဗိုလ်ကြီးမိုက်ကယ်ဆိုင်း ရောက်လာခဲ့သည်။ ဗိုလ်ကြီးဆိုင်းမှာ အိန္ဒိယပြည် ဘုရင်ခံချုပ်က မြန်မာရွှေနန်းတော်သို့ စေလွှတ်လိုက်သော ပထမဆုံးသော သံတမန်ဖြစ်သည်။ သူရောက်ရှိလာခြင်းကြောင့် ၁၇၉၅ ခုနှစ်က အမရပူရ၏ ဘဝကို ကျွန်တော်တို့ ရေးနိုင်ခြင်းဖြစ်သည်။

တစ်ဆယ့်သုံးနှစ်မြောက်သော အချိန်ကာလသည် အင်းဝကို ပျက်သုဉ်းစေပြီး အမရပူရကို ခမ်းနားတောက်ပမှု အထွတ်အထိပ်သို့ ဆောင်ကြဉ်းရန် လုံလောက်ပါသည်။ အမရပူရမှ မြင့်မားခမ်းနားသော ပြာသာဒ်အဆောင်ဆောင်၊ ရွှေရောင်ဝင်းနေသည့် စုလစ်မွမ်းချွန် အမျိုးမျိုး၊ ပြအိုးအသွယ်သွယ်တို့နှင့် မည်းမှောင်၍ လူသူကင်းမဲ့နေသော အင်းဝမြို့ရိုးတို့၏ ခြားနားချက်ကိုကြည့်၍ တအံ့တသြဖြစ်နေသော ရဲရင့်စွန့်စားသည့် ဗိုလ်ကြီးဆိုင်းက ဤသို့ ရေးခဲ့သည်။

ထိုစဉ်က မြင်ကွင်းကို ဗိုလ်ကြီးဆိုင်းက ဤသို့ ရေးခဲ့သည်။

"မျက်နှာချင်းဆိုင် ကမ်းသို့ ကျွန်ုပ်တို့ လှော်ခတ်လာခဲ့သည့်အခါ၌ နေမင်းသည် တောင်ရိုးပေါ်တွင် အစွမ်းကုန် ထွန်းလင်းလျက်ရှိ၏။ မြစ်ပြင်မှ ဟပ်နေသော နေရောင်ကြောင့် ရှုခင်းများသည် လှသည်ထက်လှနေသည်။ မြစ်ရေတက်ချိန် ဖြစ်သဖြင့် မြစ်ပြင်ကြီး တစ်ခုလုံးသည် ကျွန်းငယ်ကလေးများ ပြောက်တိပြောက်ကျားရှိနေသည့် အိုင်ကြီးတစ်ခုသဖွယ်ဖြစ်လျက်ရှိကာ အမရပူရ

မြို့ရိုးအခြေမှာလည်း ရေပြင်နှင့် တစ်ဆက်တည်း ဖြစ်သွားသည့်နှယ် ထင်ရ၏။ အင်းအိုင်ကြီးထဲသို့ ရောက်သွားသည်နှင့် တက်လာသောရေကို ဟန့်တားထားသည့်အနေဖြင့် ဆိုက်ကပ်ထားသော လှေများကို မြင်ရသည်။ လှေများကို တည်ဆောက်ထားပုံ၊ မြို့ကြီးကို ခြိမ်းခြောက်နေသည့် ရေတက်ရေလျှံနှင့် လဟာပြင် ဇာတ်ရုံကြီးမှ ထိုင်ခုံများကဲ့သို့ ကျွန်ုပ်တို့ ဘေးပတ်ပတ်လည်တွင် ဝိုင်းရံ



ကျောက်တော်ကြီး

လျက်ရှိသည့် တောင်စဉ်တောင်တန်းတို့ကို ကြည့်ရသည်မှာ လွန်စွာဆန်းသစ်သော ရှုခင်းကြီးဖြစ်သည့်အလျောက် နိုင်ငံခြားသားတစ်ယောက်အဖို့ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။”

အင်္ဂလိပ်ကိုယ်စားလှယ် ဗိုလ်ကြီးဆိုင်းသည် ထိုမျှဆန်းသစ်သော ရှုခင်းကိုကြည့်ကာ မိမိစခန်းချရာသင်္ဘောမှ ရေခြားနေသော မြို့တော်ထံသို့ ကူးခွင့်မရဘဲ မြန်မာဘုရင်ထံသို့ ဝင်ရောက်တွေ့ဆုံရန် နှစ်လကြာမျှ စိတ်ရှည်စွာ စောင့်ဆိုင်း

နေခဲ့ရသည်။ ထိုအတောအတွင်း၌ ယိုးဒယား(ထိုင်း)မှ ဆုတ်ခွာလာခဲ့သည့် မြန်မာဘုရင်သည် ထိုကဲ့သို့သော ကိုယ်စားလှယ်မျိုးကို လက်ခံတွေ့ဆုံရန် ဘုရင်၏ ရာဇဣန္ဒြေနှင့် ကိုက်ညီခြင်း ရှိမရှိကို မှူးကြီးမတ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးလျက် ရှိသည်။

အနှစ်တစ်ရာ ကြာညောင်းခဲ့သည့် ကာလသည် အကြောင်းအချက်များကို သူ့ပုံမှန်နှင့် အနေအရွယ်အစားသို့ ပြန်ရောက်အောင် လုပ်ပေးခဲ့ပြီးလေပြီ။ မိမိဘုရင်ခံချုပ်၏ဂုဏ်သိက္ခာကို အကျမခံနိုင်သည့် မြန်မာဘုရင်၏မာနတို့သည် ယနေ့အချိန်တွင် ပြန်ကြည့်လိုက်လျှင် ရယ်စရာပြဇာတ်တစ်ပုဒ်ထဲက ပြဇာတ်တစ်ခုနှင့် တူနေသည်။ သို့ရာတွင် အမှတ် ၇၆ ဘုရင့်ခြေလျင်တပ်ရင်းမှ ရဲရင့်စွန့်စားသော ဗိုလ်ကြီးနှင့် အယုဒ္ဓယကို အောင်နိုင်ခဲ့သည်ဟု ဆိုသော မြန်မာဘုရင်အဖို့ကား ထိုအချိန်က ထိုကိစ္စသည် အလွန်လေးနက်သည့် လုပ်ငန်းကြီးတစ်ခု ဖြစ်နေသည်။ စိတ်ရှည်သော သံကိုယ်စားလှယ်၏အဆောင်အယောင်ဟိတ်ဟန်များမှုသည် ကမ္ဘာတွင် အမောက်မာဆုံးသောထီးနန်းတစ်ခုမှ သူငယ်နာမစင်သော ဘဝင်မြင့်မှုကို လိုက်၍ မမီနိုင်ပါ။ သို့ဖြင့် ဗိုလ်ကြီးဆိုင်း၏ သံကိုယ်စားလှယ် လာရောက်မှုသည် အစကတည်းကပင် အဖုအထစ်နှင့် တွေ့ခဲ့ရလေသည်။

တစ်လခွဲမျှ စောင့်ဆိုင်းပြီးနောက်တွင် မိမိတို့အား မြန်မာဘုရင်က လက်ခံတွေ့ဆုံမည်ဟု အကြောင်းကြားခဲ့သည်။ မြန်မာ့နန်းတွင်းတွင် "အပူဇော်ခံနေ့"ဟူသော နေ့တစ်နေ့ရှိရာ သံကိုယ်စားလှယ်ကို အတွေ့ခံမည့် နေ့အဖြစ် ထိုနေ့ကို ရွေးလိုက်သည်။ အခမ်းအနားတက် ဝတ်ရုံကြီးကို ဝတ်ဆင်ထားသော မြင်းစီးအမှုထမ်းများ ရှေ့နောက်လိုက်ပါလျက် သံကိုယ်စားလှယ် ဗိုလ်ကြီးဆိုင်းသည် အမရပူရ ရွှေနန်းတော်သို့ ဝင်လာခဲ့သည်။ သူ့ကို အမရပူရမြို့တွင်းသို့ ခေါ်လာခဲ့ရာတွင် အသုဘများအတွက် အသုံးပြုသည့်တံခါးမှ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ သူ့ကို လာရောက်ကြည့်ရှုကြသည့် မှူးကြီးမတ်ကြီးများ၏ အေးစက်၍ ထက်သန်မှုကင်းသောမျက်နှာများပေါ်တွင် အပြုံးကိုလည်း မတွေ့ရ။ ရာဇမတ်ကာ သဲဖြူခင်းထားသည့် မင်းလမ်းတစ်လျှောက် ဘေးမှ ပရိသတ်ထံမှလည်း ယဉ်ကျေးဖော်ရွေသည့် အမူအရာမျိုးကို မတွေ့ရ။ နန်းတော်ကြီးသို့ မရောက်မီ လမ်းကတည်းကပင်လျှင် သံကိုယ်စားလှယ် ဗိုလ်ကြီးဆိုင်းသည် နန်းတော်ကြီးဆီသို့ ရည်မျှော်ကာ ဦးညွှတ်ပူဇော်ရသည်။ နန်းတော်ကြီးအနီးသို့



အမရပူရ (၁၈၈၅ ခု)

ရောက်သည့်အခါတွင် ဗိုလ်ကြီးဆိုင်းသည် ဆင်ပေါ်မှဆင်းကာ ဖိနပ်မပါ ခြေစွပ်သက်သက်ဖြင့် လွှတ်တော်ဟုခေါ်သည့် ညီလာခံခန်းမသို့ ခြေကျင်လိုက်လာခဲ့ရသည်။

ဗိုလ်ကြီးဆိုင်းက သူသည် နန်းတော်ကြီး၏ ကြီးကျယ်ခမ်းနားမှုကြောင့် အံ့အားသင့်သွားကြောင်း ဝန်ခံသည်။ လွှတ်တော်ကြီးမှာ ကြီးမားသော တိုင်လုံးကြီး ၇၈ တိုင်ဖြင့် ဆောက်ထားပြီး အဆုံးတွင် ရွှေပိန်းချ၊ ရာဇမတ်ကွက်များကာထားသည့် အဆောက်အအုံတစ်ခုကို မြင်ရ၏။ ရာဇမတ်ကွက်များ အလယ်တစ်နေရာတွင် ရွှေပိန်းချတံခါးတစ်ခု ရှိသည်။ တံခါးဖွင့်လိုက်သည့်အခါတွင် ရာဇပလ္လင်ကို မြင်ရ၏။ ခမ်းနားသော ခန်းဆောင်ထဲတွင်မူ မြန်မာလက်နက်နိုင်ငံတော်ကြီး၏ မင်းညီမင်းသားများနှင့် မှူးကြီးမတ်ကြီးများ ထိုင်နေကြသည်။ သံကိုယ်စားလှယ် ဗိုလ်ကြီးဆိုင်းသည် များစွာ အထင်ကြီးသွားသည်။ သို့ရာတွင် အထင်ကြီးမှုသည် မဆုံးသေးပါ။ ဖိနပ်မပါဘဲ ထိုင်ရင်း မိမိတိုင်းပြည်၏ ကိုယ်စားလှယ်အဖြစ် လာရောက်ရသည်ကို ဂုဏ်ယူလျက်ရှိစဉ် မိမိအား ဧည့်ခံကြိုဆိုသည့်အနေဖြင့် မင်းညီမင်းသားတို့က အဆောင်အယောင်များကို စီတန်းခင်းကျင်းပြသကြသည်။ ပထမတွင် လှပသည့် ဆင်ကြီးတစ်ကောင်၏ ဦးကင်းပေါ်တွင် လိုက်ပါလာသော မင်းသားတစ်ဦးကို မြင်ရသည်။ သူ့နောက် ဆင်ကျောပေါ်တွင် အခြွေအရံတစ်ဦး လိုက်ပါလာကာ ရွှေထီးတစ်လက်ကို မိုးပေးထားသည်။ ကတ္တီပါဝတ်ရုံကြီးများကို ဝတ်ဆင်၍ ရွှေချည်ထိုး ဖောင်းကြီးများကို ဆောင်းထားကာ ရွှေစလွယ်ကြီးများကို ဆင်ယင်ထားသည့် အိမ်တော်ဝန်များကနောက်မှ လိုက်ပါလာကြသည်။ ထို့နောက် မင်းခမ်းမင်းနားတွင် စီးရသည့် ဝေါနှင့်အတူ နောက်ထပ် လုံကိုင်တပ်သားများလည်း လိုက်ပါလာကြပြန်သည်။

ထို့နောက်တွင် ထိုထက် ခမ်းနားသော အဆောင်အယောင်တို့ဖြင့် ပုသိမ်မင်း၊ တောင်ငူမင်းနှင့် ပြည်မင်းတို့ လိုက်ပါလာကြသည်။ တောင်ငူမင်းနှင့် ပြည်မင်းတို့မှာ နောက်တက်မည့် ဘုရင်လက်အောက်တော်တွင် ကြမ္မာဆိုးနှင့် တွေ့ရမည်ကို မသိရှာကြသေး။ ဗဟိုစင်မှ ဆယ့်နှစ်မောင်း ရိုက်သည့်အခါတွင်ကား အိမ်ရှေ့ဥပရာဇာမင်းသား ထွက်တော်မူလေသည်။ အိမ်ရှေ့ဥပရာဇာ ထွက်တော်မူပုံမှာ သူ၏မြင့်မားသော အဆင့်အတန်းနှင့်အညီ ခမ်းနားထည်ဝါလှသည်”ဟု ဗိုလ်ကြီး ဆိုင်းက ရေးခဲ့သည်။ အိမ်ရှေ့ဥပရာဇာ နန်းတော်အနီးသို့ ရောက်လာသည့်အခါတွင် သေနတ်ကိုင် စစ်သည်ငါးရာနှင့် မဏ္ဍပ်ပူရကသည်း

မြင်းသည်စု တစ်စုကလည်း အလေးပြု ဆီးကြိုကြသည်။ သူတို့နောက်တွင် ရွှေပိန်းချ ကျိုင်းများကို ကိုင်ဆောင်လာသည့် ကျိုင်းကိုင်နှစ်ကျိပ်။ ရွှေပိန်းချ မောက်လူဆောင်း တပ်ဗိုလ်များက ကတ္တီပါဝတ်ရုံနှင့် ရွှေစလွယ်တို့ ဆင်ယင်ထားသည့် အိမ်တော်ဝန်များ လိုက်ပါလာကြသည်။ အိမ်ရှေ့ဥပရာဇာ မင်းသား



**ဆာအာသာဖယ်ယာ (၁၈၈၅ ခုနှစ် ဗြိတိသျှသံ)**

မှာ ဝေါမျိုးများ ထမ်းလာသည့် ရွှေပိန်းချဝေါပေါ်တွင် လိုက်ပါလာ၏။ အိမ်ရှေ့မင်းသားအား နေရောင်မထိုးစေရန်အတွက် မျိုးမတ်တစ်ဦးက ရွှေပိန်းချ ယက်တစ်လက်ဖြင့် ကာပေးရသည်။ ယင်း၏ ဘေးတစ်ဖက်တစ်ချက်မှ ဝတ်ရုံဖြူ

ရွှေကြယ်ပွင့်တို့ စီခြယ်သော ဖောင်းရစ်တို့ကို ဆောင်းထားသည့် မဏိပူရပုဏ္ဏားဟူးရား ပညာရှိတို့က ခြေကျင်လိုက်ပါလာရသည်။ ထို့နောက်မှ ဆင်များနှင့် ကကြိုးတန်ဆာတို့ ဆင်ယင်ထားသည့် မြင်းများ၊ အပြာ၊ အနီ၊ အစိမ်းတို့ကို ဝတ်ထားသည့် လှံကိုင်တပ်သားများ၊ သေနတ်ကိုင်တပ်သားများ လိုက်ပါကြရသည်။ မြန်မာမင်းခမ်းမင်းနားတို့မှာ အိန္ဒိယတွင် တွေ့ဖူးခဲ့သည့် ဟိန္ဒူမင်းများ၏ အခမ်းအနားထက် များစွာသာလွန်သည်ဟု ဗိုလ်ကြီးဆိုင်း ယူဆသည်။

မြန်မာမင်း၏ ခမ်းနားလှသောအဆောင်အယောင်သည် ထိုက်သင့်သည့် အကျိုးသက်ရောက်မှုကို ရရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။ ဗိုလ်ကြီးဆိုင်းသည် မြန်မာပြည်သို့ ရောက်ကတည်းက မြန်မာလူမျိုးနှင့် မြန်မာလူထုတို့၏ ကြီးကျယ်ခမ်းနားပုံကို မြင်လိုသည်နှင့် အတော်ပင် ဖြစ်သွားသည်။ သူပြန်လာသည့် အခါတွင်လည်း ဗိုလ်ကြီးဆိုင်းသည် မြန်မာတို့အပေါ်တွင် အထင်ကြီး လေးစားစိတ်ဖြင့် ပြန်လာခဲ့ကာ ရွှေရောင်ခြယ်မှုန်းထားသည့် အချက်အလက်များကို ယူဆောင်လာခဲ့သည်။ သို့ဖြင့် မြန်မာပြည်၏ လူဦးရေနှင့် ပတ်သက်၍ သူ၏ ခန့်မှန်းချက်သည် လွဲခြင်းကြီးမကလွဲနေသည်။ သို့ရာတွင် သူ၏ ကောက်ချက်တစ်ခုလုံးကို ခြုံကြည့်သည့်အခါတွင်မူ အတော်အတန် တိကျမှုရှိသည်ကို တွေ့ရသည်။ သူရောက်သွားသည့်အချိန်၌ မြန်မာတို့၏ လက်နက်နိုင်ငံတော်ကြီးသည် ဘုန်းတန်ခိုးအရှိန်အဝါ အမြင့်ဆုံးသို့ ရောက်နေချိန်ဖြစ်သည်။ မြန်မာနယ်နိမိတ်သည် စတုရန်းမိုင် နှစ်သိန်းရှိသော လက်ရှိ မြန်မာနိုင်ငံ၏အကျယ်အဝန်းရှိနေပြီး မကြာမီတွင် အာသံအထိ တိုးချဲ့မည့် လက္ခဏာရှိနေသည်။ ရာဇာပလ္လင်ထက်တွင် ခိုင်ခိုင်မြဲမြဲ ထိုင်နေမိသည့် ဘုရင်သည်လည်း နောင်လာမည့် ရာစုနှစ်တစ်စိတ်မျှ အာဏာစက်ကို ခိုင်မာအောင် လုပ်နိုင်သည့် အနေအထားတွင် ရှိနေသည်။ မိမိတိုင်းပြည်တွင်းတွင် အထူးအခွန်တော်ငွေများ ကောက်ခံသဖြင့် ရွှေတိုက်တွင်းတွင် ပြည့်လျှံနေသည်။ အလောင်းဘုရား၏ သွေးကပြောသည့် ဇာတိမာန်သည် ထက်သန်နေဆဲ ဖြစ်သည်။ ဘိုးတော်ဘုရားတွင် များပြားသည့် ဆန်းကြယ်သော စရိုက်များရှိသည့်တိုင် အရည်အချင်းနှင့် ပြည့်စုံ၍ ဉာဏ်ပညာရှိသော မင်းတစ်ပါးဖြစ်သည်။

သို့သော် ပြိုကွဲပျက်စီးမည့် နိမိတ်လက္ခဏာများကိုမူ မြင်နေရသည်။ မြန်မာတို့၏ အုပ်စိုးမှုတွင် အာဏာတည်တံ့ခိုင်မြဲမှု၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ အင်အားစုတို့၏ လှုပ်ရှားမှုတို့သည် ရှားပါးသည့် လက္ခဏာချက်များ ဖြစ်သည်။




၁၈၈၅ ခုနှစ်က အမရပူရ

အောင်ပွဲကြီးများ၏နောက်တွင် အဖတ်ဆယ်၍ မရသော ပြိုကွဲပျက်စီးမှုများ လိုက်ပါလာတတ်သည်။ အိမ်နီးချင်းနိုင်ငံများကို ဝင်ရောက်တိုက်ခိုက်မှုနောက်တွင် ပြည်တွင်း၌ အပြင်းအထန် လေးကန်ထိုင်းမှိုင်းမှုတို့ လိုက်လာတတ်သည်။ ဆီဇာဖရက်ဒရစ်၏ ခေတ်မှ မြန်မာပြည်သို့ မိုက်ကယ်ဆိုင်းရောက်လာသည့် ခေတ်အထိ တစ်လျှောက်လုံးတွင် ဥရောပတိုက်သားတို့ အံ့သြရလောက်အောင် ရာစုနှစ်များစွာ ကြာသည်အထိ ရှိသောစည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာမှုတို့ နောက်တွင် အလွန်အမင်း ချွတ်ခြုံကျ ဆင်းရဲခြင်းတို့ လိုက်ပါလာတတ်သည်။

ယင်းမှာ မြန်မာ့သမိုင်း၏ ပုံလွှာဖြစ်ပါသည်။

ယခုအချိန် အဝေးမှ လှမ်းမျှော်ကြည့်လိုက်သည့်အခါ၌ မြန်မာထီးနန်း အစဉ်အလာ ပျက်သုဉ်းပြိုလဲရသည့် အကြောင်းအရင်းများကို မိုက်ကယ်ဆိုင်း မြင်ရသည်ထက် ကျွန်တော်တို့အနေဖြင့် ပို၍ မြင်လာနိုင်သည်။ မြန်မာလူမျိုး၏ ဗဟိုချက်မ၌ မြန်မာ့လက်နက်နိုင်ငံတော်ကြီး၏ နယ်နိမိတ်များနှင့်တကွ ဧကသန်းတစ်ရာကျော်မျှရှိသည့် မြေယာတို့ကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သဘောထားနေသော မြန်မာ့ထီးနန်း ရှိနေသည်။ မြန်မာထီးနန်းသည် ထိုနယ်မြေကြီးကို အကျိုးပျက်စီးစေရန်၊ ထင်သလို အုပ်ချုပ်နိုင်ရန် လုံးဝအခွင့်အာဏာ ပိုင်နေပါသည်။ ဘုရင်ဧကရာဇ်သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးသော ဘောဘယ်မျှော်စင်ကြီးကို တည်ဆောက်ချင်သည်ဆိုပါက လူထုများကို တည်ဆောက်ရာနေရာသို့ ခေါ်ဆောင်လာကာ လုပ်အားကို အခမဲ့ပေးခိုင်းသည်။ တည်ဆောက်ရာသို့ လာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ ထိုကိစ္စအတွက် ရန်ပုံငွေများ ထည့်ဝင်ကြရသည်။ အကယ်၍ ဘုရင်ဧကရာဇ်က သူ၏အနောက်ဆောင်တွင် မောင်းမကိုယ်လုပ်တော်တစ်ယောက်၊ နန်းတွင်းသူတစ်ယောက်ယောက်ယူလျှင် ထိုမောင်းမကိုယ်လုပ်တော်၏ထောက်ပံ့ကြေးအတွက် နယ်မြေတစ်စိတ်တစ်ဒေသကို ခွဲဝေပေးလိုက်သည်။ မြန်မာတို့က ဂုဏ်တင်ခေါ်သော အခေါ်အဝေါ်အတိုင်း ဆိုလျှင် ထိုသို့ ထောက်ပံ့ကြေးရသူကို "စားရသူ"(မြို့စား၊ ရွာစား)ဟု ခေါ်ကြသည်။ ဝန်ကြီးများ၊ မှူးမတ်များ၊ အခြားနန်းတော် အမှုထမ်းများသည် သူတို့ကိုယ်ပိုင် ဝေစုများ၊ သူတို့ကိုယ်ပိုင် မြို့များ၊ ရွာများ၊ အင်းအိုင်များကို ရကြပါသည်။ ထိုနယ်ပယ် မြို့ရွာဝေစုသည် ရရှိသူအတွက် ဂုဏ်သိက္ခာ၊ တန်ခိုးအာဏာနှင့် စည်းစိမ်ဥစ္စာတို့ကို ရရှိစေသည့်အတွက် ပထမတွင် ဘုရင့်ငွေတော်တိုက်သို့ ငွေကြေးအမြောက်အမြား ပေးသွင်း၍ ဝယ်ယူရသည်။ မင်းခယောက်ျား ဆိုသည်



ဆင်ဖမ်းခြင်း(ဆရာပန်းချီ)

မှာ တည်မြဲခြင်းမရှိသည့်အတွက် နောက်ထပ် ဆက်သွင်းငွေများဖြင့် မိမိ၏ ဝေစုကို ခိုင်မာအောင် လုပ်ရပြန်သည်။ တစ်ဖန် ဝေစုနယ်စားရသူတို့ကလည်း လူ့ဘဝတိုတိုလေးတွင် ရတုန်းရခိုက် ဆက်သွင်းငွေများကျေအောင် တတ်နိုင်သရွေ့ ရိတ်သိမ်းကြပါသည်။ ထို့သို့လုပ်သည့်အတွက် ကျရောက်မည့်ဒဏ်ကိုမူ မရှောင်မလွှဲသာ ရင်ဆိုင်ကြရပါသည်။ ဤသို့သော စီမံအုပ်ချုပ်ရေး ညံ့ဖျင်းမှုအောက်တွင် တိုင်းပြည်သည် မတိုးတက်နိုင်တော့ပါ။ ကုန်သွယ်မှုသည်လည်း ပုံမှန်မဟုတ်တော့ဘဲ ကြီးထွားမည်ကြံခါရှိသေး လည်မျိုအညှစ်ခံလိုက်ရပါသည်။

မြန်မာတို့၏ စစ်တပ်စနစ်သည်လည်း အောင်ပွဲကို ကြာရှည်ထိန်းသိမ်းထားနိုင်သည့်စနစ်မျိုး မဟုတ်ပါ။ စာအားဖြင့် စစ်သည် စုဆောင်းသည် ဆိုသော်လည်း ဘာမျှ စည်းကမ်းကလနား မရှိပါ။ စစ်လေ့ကျင့် သင်ကြားမှုလည်း မရှိပါ။ လက်နက်ပစ္စည်းရှိသည်ဆိုလျှင်လည်း နည်းနည်းပါးပါး လေ့ကျင့်ရုံမျှသာ ဖြစ်ပါသည်။ ကြီးကျယ်သော အမျိုးသားရေးပြဿနာကြီးများ ပေါ်လာသော အခါတွင် စစ်မလိုလားသော အိမ်နီးချင်းတို့အပေါ်တွင် အုံ့ဩဖွယ်ကောင်းလောက်သည့် အောင်ပွဲကြီးများကိုရအောင် တိုက်နိုင်ပါသည်။ မြန်မာတို့သည် သူတို့ ရင်ဆိုင်ရမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်သော သတ္တိရှိသူများ ဖြစ်ကြသည်။ သို့ရာတွင် စစ်ပွဲကို ရေရှည်တိုက်လာပြီဆိုလျှင် ခုခံနိုင် သည့် အင်အားရှိပြီး လူမသိသူမသိ သတ္တိမျိုးဖြင့် ခုခံပြီဆိုလျှင် မြန်မာတို့၏စစ်ဗျူဟာ စနစ်သည် အဆုံးသို့ ရောက်ပါတော့သည်။ အပြစ်ရှိသော စစ်သား၏သားမယား တို့ကိုပါ အပြစ်ပေးအရေးယူသည့် ကြောက်ဖွယ်ပြစ်ဒဏ်ကို သုံးသည့်တိုင် စစ်တပ်ကို ရှေ့တန်းစစ်မျက်နှာတွင် ဆက်လက် တပ်စွဲထားရန် မထိန်းသိမ်းနိုင်တော့ပါ။

သို့ရာတွင် ဘုရင့်မြို့တော်ကြီး၏ခမ်းနားမှုနှင့် မြန်မာ့စရိုက်၏ အံ့ဩဖွယ် ဂုဏ်သိက္ခာတို့ကို လေးစားအထင်ကြီးခဲ့သည့် ဗြိတိသျှသံကိုယ်စားလှယ် ဗိုလ်ကြီး ဆိုင်းအဖို့သော်မူ မြန်မာနိုင်ငံ၏ အားနည်းချက်တို့ကို တစ်စိတ်တစ်ပိုင်းသာ မြင်ခဲ့ပါသည်။ မိုက်ကယ်ဆိုင်းသည် စစ်သားတစ်ယောက်အနေဖြင့် မြန်မာ စစ်တပ်၏ စနစ်မကျမှုကို သတိပြုမိခဲ့သော်လည်း သံတမန်တစ်ဦးအနေဖြင့်မူ အလိမ်ခံခဲ့ရသည်။ ကျွန်တော်တို့ တွေ့ခဲ့သည့်အတိုင်း သူတင်ပြသွားသည့် ခမ်းနားကြီးကျယ်သော အခမ်းအနား၊ အဆောင်အယောင်များသည် ရက်ဖွယ် ကောင်းသည့် နှိမ့်ချဆက်ဆံမှု၏ ပမာဏမျှသာဖြစ်ပါသည်။ မိုက်ကယ်ဆိုင်းသည်



ကြေးသွန်း ဆင်ရုပ်ကြီး

ဘုရင်နှင့် တွေ့ဆုံခွင့်ရမည်အထင်ဖြင့် ညီလာခံခန်းမ ကြမ်းပြင်တွင်ထိုင်ရင်း၊ မြန်မာနန်းတွင်းထုံးစံအရ ကိုယ့်ခြေဖဝါးကို မပေါ်အောင် အချည်းနှီးကြိုးစားရင်း ဘုရင်ဧကရာဇ် ထွက်တော်မူမည့်အချိန်ကို စောင့်နေခဲ့ပါသည်။ သို့ရာတွင် သူ့ခေါင်းအထက်တွင်မိုးနေသည့် ရွှေရောင် ရာဇပလ္လင်ကြီးသည် ဟာလာဟင်းလင်း ဖြစ်မြဲဖြစ်နေပါသည်။ သူ့အား သံတော်ဆင့်မင်းက ထုံးစံအတိုင်း မေးခွန်းသုံးခုကို စေလွှတ်လိုက်သည့် အိန္ဒိယဘုရင်ခံချုပ်အား လုံး၀ မသိကျိုးကျွန်ပြုရန် ဖြစ်ပါသည်။

ထို ထုံးစံမေးခွန်းသုံးခု မေးပြီးနောက် သူ့ကို နန်းတော်မှ ပြန်လွှတ်လိုက်သည်။

ထိုသို့ ပြုမူဆက်ဆံသည့်အကြောင်းမှာ မြန်မာ့ထီးနန်း၏ မောက်မာမှုနှင့် နိုင်ငံခြားသားတစ်ယောက်အပေါ်တွင်ထားရှိသော ရိုင်းပျသည့် ပကတိစိတ်ကြောင့်ဟု ပြောမည်ဆိုလျှင် ပြောနိုင်သည်။ သို့ရာတွင် ထိုသို့ ဆက်ဆံခြင်းမှာ

လေးနက်၍ တရားမျှတသော အခြားအကြောင်းများလည်း ရှိပါသည်။ မြန်မာ ဧကရာဇ်၏အမြင်၌ ဗြိတိသျှမင်းဧကရာဇ် မဟုတ်ဘဲ လက်အောက်ခံ အရာရှိတစ်ဦးက စေလွှတ်လိုက်သော သံအဖွဲ့တစ်ခုကို လက်ခံရသည်မှာ အောက်ကျနောက်ကျနိုင်လွန်းသည်ဟု ယူဆဟန်ရှိသည်။ အရှင်သခင်နှင့် တိုက်ရိုက်ဆက်ဆံခြင်း မပြုရဘဲ ဘုရင်ခံချုပ်နှင့်သာ ဆက်ဆံရသည်အတွက် မြန်မာဘုရင်တို့သည် မနှစ်မြို့ ဖြစ်နေကြသည်။ အချိန်ကာလညောင်း၍ နာကျင်သောအတွေ့အကြုံတို့ကို တွေ့ခဲ့ပြီးသည့်အခါမှသာလျှင် မြန်မာဘုရင်တို့သည် မိမိတို့အိမ်နီးချင်းဖြစ်သည့် အိန္ဒိယပြည်၏ ရပ်ဝတ္ထုအင်အား သာလွန်မှုကို သဘောပေါက်လာခဲ့ကြကာ အချက်အလက်များ၏ ယုတ္တိဗေဒကျမှုကို လက်ခံလာခဲ့ကြခြင်း ဖြစ်ပါသည်။ မိမိဘိုးဘေးများ၏နိုင်ငံတော် သုံးပုံနှစ်ပုံကို ဗြိတိသျှတို့ကသိမ်းယူပြီးဖြစ်သည့်အချိန်၊ အင်းဝရွှေနန်းတော်သို့ ဆာအာသာဖယ်ယာ၏သံကိုယ်စားလှယ်အဖွဲ့ လာရောက်၍ ပြန်ခါနီးသည့်အချိန်ကျမှသာလျှင် မင်းတုန်းမင်းသည် ဆာအာသာဖယ်ယာ၏သံအဖွဲ့ကို အတိအလင်း တန်းတူရည်တူထား၍ လက်ခံတွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ သို့တိုင်အောင် မင်းဧကရာဇ်၏စိတ်၌ မခံချိမခံသာဖြစ်လျက် ရှိပါသေးသည်။ လူမျိုးအပေါင်းတို့၏ ဂုဏ်ကျက်သရေတည်းဟူသော ကမ္ဘာဟောင်း၏ ဘုရင့်စိတ်ဓာတ်မျိုးကို နားလည်သဘောပေါက်လျှင် မြန်မာထီးနန်း၏ခံစားချက်ကို နားလည်နိုင်မည်သာ ဖြစ်သည်။

နောက်ဆုံး၌ ဗိုလ်ကြီးဆိုင်းသည် ဘုရင်နှင့် တွေ့ဆုံခွင့် ရခဲ့ပါသည်။ သို့ရာတွင် နောက်တစ်ကြိမ် အမရပူရရွှေနန်းသို့ ရောက်သည့်အခါ၌ မိုက်ကယ်ဆိုင်းသည် ရေမရောသော ရိုင်းပျမှုနှင့် လျစ်လျူပြုမှုကို ခံခဲ့ရကာ ဘုရင်၏မျက်နှာတော်ကို မော်ဖူးခွင့် မရခဲ့ပါ။ ထိုနှစ်ကြိမ် အတောအတွင်း၌ ဗိုလ်ကြီးဟီရန်ကောက်စ်၏ သံကိုယ်စားလှယ်အဖွဲ့လည်း ရောက်ရှိသွားခဲ့ရပါသည်။ ကောက်စ်သည်လည်း ရေမရောသည့် ကြေကွဲဝမ်းနည်းဖွယ်ကို ကြုံတွေ့ခဲ့ရသည်။ ကာလကတ္တားရှိ ဘုရင်ခံချုပ်သည် ထိုအရေးကြီးသော အနေအထားကို ကောင်းစွာသဘောမပေါက်ခဲ့ပါ။ အမရပူရရွှေနန်းကို သရော်မော်ကား ပြုမိသူမှာ မိမိ၏သံကိုယ်စားလှယ်အဖွဲ့ မဟုတ်ဘဲ မိမိကိုယ်တိုင် ဖြစ်သည်ဆိုသည့်အချက်ကို ကာလကတ္တားရှိ ဘုရင်ခံချုပ်သည် သဘော မပေါက်ခဲ့ပါ။ သို့ဖြင့် ကံဆိုးသော ဗိုလ်ကြီးကောက်စ်သည် စစ်တကောင်းမှ တောကြီးမျက်မည်းထဲတွင် အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဓားလွယ်ချိတ်ထားသည့် ရဲရင့်စွန့်စားသော

ဗိုလ်ကြီးဆိုင်းမှာမူ အခြားတစ်ယောက်ကို ပျက်စီးဆုံးရှုံးစေခဲ့သောလုပ်ငန်းကို လွဲမှားသော ယုံကြည်မှုဖြင့် ထပ်မံကြိုးစားကြည့်ခဲ့ပြန်သည်။

အမရပူရတွင် ဘိုးတော်ဘုရား နန်းစံနေခိုက်တွင် အချိန်ကာလသည်လည်း စီးဆင်းလျက်ရှိပါသည်။ ထိုအချိန်၌ အိန္ဒိယပြည်တွင်လည်းကောင်း၊ မြန်မာဘုရင်အတွက်သော် လည်းကောင်း ကောက်ချက်များကို ဆွဲထုတ်ရန် အချိန်မဟုတ်ပါ။ မြန်မာဧကရာဇ်အဖို့ သူ့စီမံကိန်းများကို အကောင်အထည် ဖော်ရန် တူးမြောင်းဖောက်လုပ်ခြင်း၊ ဘုရားတည်ခြင်း၊ သာသနာပြုပြင်ပြောင်းလဲ ခြင်း စသည့် ကြီးကျယ်သော စီမံကိန်းကြီးများကို အကောင်အထည်ဖော်ရန် အချိန်ဖြစ်ပါသည်။ သူ၏ကြာရှည်သည့် နန်းစံသက်တွင် မြန်မာလူမျိုးတို့သည်လည်း အေးချမ်းသာယာစွာ နေနိုင်ခဲ့ကြသည်။ ဘိုးတော်ဘုရားသည် အမရပူရ တွင် သုံးဆယ့်ခြောက်နှစ်တိုင်တိုင် နန်းစံခဲ့ပြီးနောက် ၁၈၁၉– ခုနှစ်၊ သက်တော် ရှစ်ဆယ့်တစ်နှစ်အရွယ်တွင် ကံတော်ကုန်ခဲ့ပါသည်။ သူ့ထီးနန်းကို ဆက်ခံသူသည် ဘိုးတော်၏ မြေးမြို့တော်ကို စွန့်ခွာရန် စိတ်ကူးရလာခဲ့ပြန်သည်တွင် အမရပူရမြို့ကြီးသည်လည်း ဆယ့်နှစ်နှစ်မျှ တောကြီး ဖြစ်ခဲ့ရပြန်ပါသည်။

❖

## သမိုင်းထဲက စစ်ကိုင်း
## စစ်ကိုင်းထဲက သမိုင်း

[ ၁ ]

ပုဂံမြို့ကြီး တိမ်ကောဆိတ်သုဉ်းပြီးနောက် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ခန့်က တည်ထောင်ခဲ့သော စစ်ကိုင်းသည် မြန်မာပြည်၏ အတိတ်မြို့တော်ဟောင်းများစွာတို့အနက် တစ်ခုဖြစ်သည်။ စစ်ကိုင်းသည် မြန်မာ့သမိုင်းတွင် အရေးကြီးသည့်နေရာမှ ပါဝင်ခြင်းမရှိဟုဆိုလျှင် စစ်ကိုင်းမြို့၏တည်နေရာ လှပတင့်တယ်ပုံမှာကား ယခုတိုင် ရှိနေပါသေးသည်။ နောင်တွင်လည်း ရှိနေဦးမည်သာဖြစ်ပါသည်။ စစ်ကိုင်းသည် ဧရာဝတီမြစ် အနောက်ဘက်တွင် တည်ထားသည့်မြို့ဖြစ်သည်။ အင်းဝမှ ဆက်လက်စီးဆင်းသွားသော မြစ်ကွေ့ထဲတွင် တည်ရှိသည်။ တည်နေရာ၌ ဧရာနဒီသည် ကျဉ်းမြောင်းသွားကာ ကိုက်တစ်ထောင်ခန့်သာ ကျယ်တော့သည်။ ဘေးတစ်ဖက်တစ်ချက်တွင် တောင်ကမ်းပါးယံတွေရှိပြီး မြန်မာပြည်သူတို့၏ ဗိသုကာစိတ်ဓာတ်သည် ထိုကမ်းပါးယံများကို အဆင့်ဆင့်သော စေတီဖွေးဖွေးတို့ဖြင့် သရဖူဆောင်းပေးလိုက်သည်။ ကမ္ဘာတွင် ထိုနေရာထက် လှပသည့် ရှုခင်းဆို၍ များများမရှိပါ။ ခရီးသည်သည် တစ်ဖက်ကမ်းရှိ အမရပူရမြို့ဟောင်း ချောင်ကျသည့် အပျက်အစီးပုံတွေကြားမှ ရုတ်တရက် မြင်လိုက်ရသည့်အခါ ဖြစ်စေ၊ အနီးရှိ တောင်ထိပ်တစ်ခုပေါ်မှနေ၍ စိန်ပြေနပြေ ကြည့်ရှုနေသည့်အခါ ဖြစ်စေ ထိုရှုခင်းသည် ညှိုးနွမ်းမှေးမှိန်နေခြင်းမရှိသော အလှမြင်ကွင်းတစ်ခု ဖြစ်နေပါသည်။

စစ်ကိုင်းမြို့သည် စစ်ကိုင်းတောင် အနောက်တောင်ခြေရင်းဘက်မှ ဆင်းလာသော ပြန့်ပြူးသည့် မြေပြင်ပေါ်တွင် တည်ထားသည့် မြို့ဖြစ်သည်။ စစ်ကိုင်း ခံတပ်ဟောင်းနှင့် မျက်နှာချင်းဆိုင် မြစ်ကမ်းပါးတစ်လျှောက်တွင် တည်ဆောက်ထားသည့် ရေကာတာကြီးသည် ဧရာဝတီမြစ်ရေကြီးမည့် အန္တရာယ်မှ ကာကွယ်ပေးထားပါသည်။ သို့ရာတွင် စစ်ကိုင်းသည် ရေပတ်လည်ဝိုင်းလျက်ရှိသဖြင့်




စစ်ကိုင်းမှ ဖောင်များ

ရေကြီးမည့် အန္တရာယ်သည် အချိန်မရွေး ရှိနေပါသည်။ နွေပေါက်လာသည့် အခါ၌ မြစ်ကြောင်းသည် ကျဉ်းမြောင်းသွားကာ သောင်ပြင်ကျယ်ကြီးထိုး၍ ကျန်ရစ်ခဲ့ပါသည်။ သောင်ပြင်နှင့် ရေကာတာကြားတွင်မူ အခြောက်သွေ့ဆုံး ရာသီမှာပင် စိမ်းလန်းစိုပြည်နေသော ဆင်ခြေလျှော ကမူစွယ်ကလေးတစ်ခု ရှိပါသည်။ သစ်ပင်များသည် စစ်ကိုင်း၏ ကျက်သရေရှိသော အဆင်အယင် ဖြစ်ပါသည်။ မွန်းတည့်ချိန်မှာပင်လျှင် အတိတ်က အမွေအဖြစ် ကျန်ရစ်ခဲ့သော မန်ကျည်းပင်ကြီးများ၏အရိပ်ကိုခိုကာ မြို့ထဲသို့ လမ်းလျှောက်သွားနိုင်ပါသည်။

တစ်ခါက နေပြည်တော်ကြီးဖြစ်ခဲ့သည့် စစ်ကိုင်းတွင် နန်းတော်ရာ အနည်းငယ်သာ ကျန်ပါတော့သည်။ သို့ရာတွင် စစ်ကိုင်းမြို့ရိုးဟောင်းနှင့် မြို့ကွက်ဟောင်းကိုမူ အလွယ်တကူ ခြေရာခံ၍ ရနိုင်ပါသေးသည်။ မြို့ရိုးများ သည် နောင်ရာစုနှစ်များစွာ ကြာသည်အထိ စစ်ကိုင်း၏အတိတ်ကို သက်သေခံ နေကြမည်သာ ဖြစ်ပါသည်။ မြို့ရိုးအထက်တွင် လမ်းမကြီးများ ဖောက်လုပ်ထား သဖြင့် ထိုလမ်းများပေါ်တွင် ခရီးသွားများ သွားလာနေကြပါသည်။ လူကုံထံများ က ဆေးရောင်စုံခြယ်ထားသည့် ရထားများကို စီးလာကြပါသည်။

စစ်ကိုင်းအတိတ် ရှင်သန်ကျန်ရစ်ခဲ့သော နေရာမှာ စစ်ကိုင်းမှ စေတီ ဘုရားများ ဖြစ်သည်။ စေတီပုထိုးများမှာ အများအားဖြင့် မြို့မြောက်ဘက် တောင်စွယ်များ၊ တောင်ထိပ်များနှင့် တောင်ကြားများတွင်ရှိသည်။ ထုထည်ကြီး သည့် ထုပါကြီးတစ်ဆူဖြစ်သည့် ကောင်းမှုတော်စေတီတော်ကြီးမှာ ခြွင်းချက်



ကောင်းမှုတော်ဘုရား

ဖြစ်သည်။ **ကောင်းမှုတော်ဘုရားကြီးသည် နောင်မှဆောက်သော ရွာထောင်** ဘုတာအနီး မြေပြန့်လွင်ပြင်တွင် ရှိသည်။ ကောင်းမှုတော်စေတီကြီးကို အင်းဝမြို့အား နေပြည်တော်အဖြစ် ပြန်လည်သတ်မှတ်သည့် အထိမ်းအမှတ်ဖြင့် ၁၆၃၆ ခုနှစ်တွင် တည်ခဲ့ခြင်း ဖြစ်သည်။ ကျောက်သားဖြင့်တည်သည့် အောင်မြေလောကာဘုရားကို နန်းမရမီ အိမ်တော်အနီးတွင် ပုဂံရွှေစည်းခုံစေတီတော်ကြီး၏ ပုံစံအတိုင်း ဘိုးတော်ဘုရားက တည်ခဲ့ခြင်းဖြစ်သည်။ အောင်မြေလောကာဘုရား ပတ်လည်တွင် ခြင်္သေ့နှစ်ကောင်စီ စောင့်ကြပ်နေသည့် မုခ်ဦးငါးခု ရှိသည်။ ထိုမုခ်စောင့် ခြင်္သေ့ကြီးများမှာ အလွန်လက်ရာမြောက်သည့် ပန်းတမော့ရုပ်များ ဖြစ်ကြောင်းကို မြန်မာဘုရင်အဆက်ဆက်တို့ အသိအမှတ်ပြုခဲ့ကြသည်။ ထူပါရုံဘုရားမှာ မြန်မာနိုင်ငံတော်တွင် တော်တော်ရှားသည့် ပုံမျိုးဖြစ်ပြီး၊ ဗိသုကာမှုအရ တော်တော်စိတ်ဝင်စားဖွယ်ကောင်းသည့် ဘုရားဖြစ်သည်။ ထူပါရုံဘုရားသည် ထိုထိုသော အဆောက်အအုံမျိုး တိုးတက်ဖွံ့ဖြိုးလာရာတွင် အဆင့်တစ်ရပ်သို့ ကူးပြောင်းလာသည့် သဘောမျိုးကို တွေ့ရသည်။ ရွှေမုဋ္ဌောဘုရား (ရွှေမုဋ္ဌော) သည် ခရစ်မပေါ်မီ သုံးရာစုတွင် အာသောကမင်းကြီး တည်ခဲ့သည့် စေတီဖြစ်ပြီး၊ ထို့နောက်မှစ၍ အဆင့်ဆင့်ပြင်ဆင်မွမ်းမံခဲ့ကြသည်ဟု အဆိုရှိသည်။ မြို့ရိုး၏ အနောက်ဘက်တွင် နှစ်ပေါင်းနှစ်ရာ့ငါးဆယ်ခန့် သက်တမ်းရှိသည့် ကြီးမားသော ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ရှိသည်။ လှပဆန်းကြယ်သာ တန်ဆောင်း၊ အမိုးအောက် အုတ်ဖိနပ် အဆင့်ဆင့်ခံထားသော ရင်ပြင်တွင် ရွှေရောင်တစ်ဝက်၊ ထုံးရောင်တစ်ဝက် ရောနေသည့် ရုပ်ပွားတော်ကြီးဖြစ်သည်။ ထိုတန်ဆောင်း ပတ်ပတ်လည်တွင် ပြိုပျက်နေသော တံတိုင်းအတွင်း အပြည့်ခင်းထားသည့် သမံတလင်း ရှိသည်။ နွေရာသီညနေခင်း အနောက်ဘက်ကောင်းကင်တွင် ဝင်လုဆဲ နေရောင်ကြောင့် တိမ်တောက်နေချိန်တွင် ဘုရားဖူး ဥပသကာတို့ ရောက်လာတတ်ကြသည်။ ထိုရှုခင်းကို မှန်း၍ ကြည့်ပါလေ။ ယင်းသို့သော ရှုခင်းမျိုးမှာ မြန်မာ့ရှုခင်းစစ်စစ် ဖြစ်ပါသည်။ ဘုရားဖူး ဥပသကာတစ်ဦးသည် ကျယ်ပြန့်သော စေတီတော်ရင်ပြင်တွင် ဒူးထောက်ထိုင်ကာ အထက်တွင် မိုးနေသည့် ရုပ်ပွားတော်ကြီးကို ဦးချကန်တော့နေသည်။ လက်နှစ်ဖက်က ဖူးမြော်မာန်လျှော့ထားသည့်ဟန် လက်အုပ်ချီလျက်။ အနီးတစ်ဝိုက်တွင် လေတိုက်သံနှင့် ဘုရားဖူး ဥပသကာ၏ ဘုရားရှိခိုးသံမှအပ ဘာမျှ မကြားရ။ ခြောက်သွေ့ကာ ရောင်စုံပြိုးပြက်၍ ဂမ္ဘီရဆန်သော ညနေခင်းကြောင့် ရှုခင်းသည် ပို၍ လေးနက်



စစ်ကိုင်းသပိတ်

ခမ်းနားသွားတော့သည်။ ထိုသို့သော ရှုခင်းမျိုးကို မြန်မာပြည်မှအပ အခြား ဘယ်နေရာတွင်မှာမှ မတွေ့နိုင်ပါ။ မြန်မာတို့တွင် မသိနိုင်၊ မမြင်နိုင်သော ကြီးမြတ်သည့် အရည်အသွေးတို့ရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ထိုအရည် အသွေးမျိုးသည် သူတို့တွင်သာ ရှိနိုင်ပါသည်။

ယခုအချိန်ထိ စစ်ကိုင်းတွင် စိတ်ဝင်စားဖွယ် အကောင်းဆုံးနေရာမှာ အရည၀ါသီတော်မှီသူတော်စင်တို့ သီတင်းသုံးရာ စစ်ကိုင်းမြို့အထက်ရှိ စစ်ကိုင်း တောင်ရိုးဖြစ်သည်။ တောင်ထိပ်တိုင်းသည် ရှေးမြန်မာဘုရင်များနှင့် ရှေးမြန်မာ လူမျိုးတို့ ဘာသာတရား မည်မျှကိုင်းရှိုင်းကြပုံကို ထင်ရှားစွာ သက်သေထူနေ ကြသည်။ မြစ်ရေမကြီးမီ နွေရာသီဆိုလျှင် စစ်ကိုင်းတောင်ရိုး တောင်ခြေ မြစ်ဆိပ်ကမ်းသည် သဲသောင်တို့ဖြင့် ပြန့်ပြူးသည်။ မြင်းစီးယောက်ျား တစ်ယောက်သည် ထိုကမ်းခြေက လမ်းကလေးအတိုင်း မင်းကွန်းခေါင်းလောင်း ကြီးသို့ သွားရောက်နိုင်သည်။ ကမ်းခြေမြေအပြင်မှာ သဲသောင်ပြန့်သည့် နေရာ လည်း ပါသည်။ ဒီလုံးကလေးတွေ တင်နေသည့် နေရာလည်း ရှိသည်။ မြက်တောကလေးတွေ ထနေသည့်နေရာလည်း ရှိသည်။ တစ်ဖက်တွင် ခရမ်း ရောင်မြစ်ကြီးစီးဆင်းလျက်ရှိသည်။ အခြားတစ်ဖက်တွင် တန်ဆောင်းပြာသာဒ်ပင် များ၊ ကျားလျှာချွန်များ ပေါက်နေသည့် တောင်တန်းများရှိသည်။ တစ်ခါတစ်ရံ တွင်လည်း မြစ်ဘေးတွင် မြင်းစီးသွားရသည်မထင်။ ပင်လယ်ကမ်းခြေတွင် မြင်းစီး၍ ခရီးသွားနေရသည်နှင့် တူသည်။ အချို့နေရာများတွင် ကမ်းကွေ့ ကလေးများနှင့် သစ်ပင်တောတောင်တို့ ဖုံးနေသည့် လျှိုမြောင်ကလေးများ ရှိသည်။ ထိုချောင်းကလေးများထဲတွင် ရွာကလေးများနှင့် ဘုန်းကြီးကျောင်းများ ရှိသည်။ ဝါးချက်ရွာအနီးတွင်မူ သီလရှင်ကျောင်းတိုက်အစုများ ရှိသည်။

ဝါးချက်တွင် သီလရှင်ကျောင်းတိုက်များအပြင် ဗိသုကာမှုနှင့် အရှယ် အစားကြောင့် နာမည်ကျော်ကြားသည့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း လည်း ရှိသည်။ ထိုကျောင်းမှာ ရှေးဟောင်း သစ်သားဗိသုကာပညာနှင့် ခေတ်သစ် ပန်းရန်ပညာတို့ကို အောင်မြင်စွာ ပေါင်းစပ်ပြုလုပ်ထားသော ကျောင်း ဖြစ်သည်။ ပင်မကျောင်းဆောင်ကြီးမှာ သစ်သားဖြင့် ဆောက်လုပ်ထားပြီး အမိုးတွင် အဆောင်တွေထုတ်ကာ ပန်းပုတွေ ရေးထွင်းထားသည်။ အလယ်က ပြာသာဒ်တန်ဆောင်းကြီးအနီးသို့ ရောက်သွားသည်အထိ သစ်သားအမိုးကို ပန်းပုလက်ရာတို့ဖြင့် မွမ်းမံထားသည်။ အမိုး၏ တောက်ပသည့် အနီရောင်သည်

နောက်မှ တောင်တန်းများ၏ ပြာမှိုင်းသောအရောင်နှင့် ဆန့်ကျင်ဘက်ဖြစ်လျက်ရှိကာ တစ်မျိုးတစ်ဖုံ လှပနေသည်။ ထိုကျောင်းကြီးမှာ အုတ်ခံကျောင်း တိုက်ကြီးဖြစ်ပြီး ကျောင်းပရိဝုဏ်ပတ်ပတ်လည်တွင် လှပသည့် အုတ်တံတိုင်း ကာရံထားသည်။ အချို့နေရာများတွင် မြေပြင်သည် မညီညာသည့်အလျောက် ထိုနေရာများသို့အရောက်တွင် တံတိုင်းကို အင်္ဂတေထောက်များ၊ ဖို့မြေများဖြင့် ကျားကန်ပေးထားသည်။ မြစ်ကြောင်းအတိုင်း ဘေးချင်းယှဉ်လျက် အမိုးမိုးထားသော စောင်းတန်းများ သွယ်ထားသည်။ မြစ်ကမ်းမှ ထိုစောင်းတန်းများအတိုင်း တက်လာခဲ့လျှင် ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်သည်။ တံတိုင်းများနှင့် အုတ်ရိုးများမှာ ရိုးရိုးဖြစ်သော်လည်း အချောကိုင်၍ သေသေသပ်သပ် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းဝင်းနှင့် တလင်းပြင်များတွင် နွယ်ပင်များနှင့် ဗိုလ်ကတော်မျက်ခုံးပင်များကို စိုက်ထားသည်။ တိုက်ကပ်နွယ်များနှင့် ဗိုလ်ကတော်မျက်ခုံးပင်များသည် သစ်ဝါးဖြင့် ရက်ထားသည့် ပေါင်းကူးကလေးများပေါ်တွင် တွယ်တက်နေကြသည်။ နွယ်တက်ကာ အဖျားတွင် အပွတ်လိုက် သီးနေကြသည့် စပျစ်ပင်များမှာ ယခင်က မြန်မာပြည်တွင် မတွေ့ဖူးသူတို့အဖို့ အသစ်အဆန်း ဖြစ်လျက်ရှိသည်။ ဘုန်းကြီးကျောင်းပရိဝုဏ် အုတ်ရိုးအပြင်ဘက် အောက်ခြေတွင် စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးသည် ရေတက်ချိန်ဆိုလျှင် တစ်ဖက်ကမ်း ဆယ်မိုင်လောက် အကွာအဝေးအထိ တစ်မျှော်တစ်ခေါ်ကြီး ဖြစ်နေတော့သည်။

ဝါးချက်ရွာသို့ ကျွန်တော် ပထမဆုံးရောက်သည့်အချိန်၌ ညနေဆည်းဆာ၏ ငြိမ်းချမ်းမှုသည် တဖြည်းဖြည်း ဖြန့်ကျင်းစပြုနေလေပြီ။ ရွာလမ်းကလေးထဲမှ နွားနီတစ်အုပ်သည် မြစ်ဆိပ်ဆီသို့ ရေသောက်ဆင်းလာကြ၏။ သူငယ်ကလေးများက နွားများ၏ကျောပေါ်တွင် စီးလိုက်လာကြသည်။ ရေစပ်တွင် အမျိုးသမီးများနှင့် လုံမငယ်များသည် ရေထဲတွင် ကူးခပ်ကစားရင်း ရယ်မောလျက်ရှိကြသည်။ မြစ်လယ်တွင်မူ လှေများသည် ခရီးသည်များကို တင်ဆောင်ကာ အရပ်အသီးသီးသို့ သွားလျက်ရှိကြ၏။အချို့လှေများမှာ အောက်ပြည်အောက်ရွာခရီးဝေးသို့ စုန်ဆင်းနေကြပြီး အချို့လှေများမှာ စစ်ကိုင်းဘက်ရှိ ဘုရားပွဲတော်သို့ လာကြခြင်း ဖြစ်သည်။ ထိုလှေများ၏ လျင်မြန်သော ရွေ့လျားမှုသည် မြစ်၏ ရေစီးဟုန်ကို ပြောပြနေသကဲ့သို့ရှိသည်။ အပွင့်ဝါဝါများ ဖုံးနေသည့် သောင်ပြင်တစ်နေရာတွင်မူ လှည်းများ ဖြတ်မောင်းလျက်ရှိသဖြင့် ဖုန်တွေ အလိပ်လိပ်




လေးကျွန်းမာန်အောင် စေတီတော်

ထလျက်ရှိသည်။ တစ်ခါတစ်ခါတွင်လည်း ဖိနပ်ကိုချွတ်၍ လက်တွင် ကိုင်ထားကာ တက်သုတ် ရိုက်နေသော ခရီးသည် တစ်ယောက်တလေကို မြင်ရတတ်သည်။ သင်္ကန်းဝါဝါကို စည်းထားသည့် ဘုန်းတော်ကြီးများကမူ အလောသုံးဆယ် ဖြစ်ခြင်းမရှိဘဲ၊ တည်ငြိမ်သော ဣန္ဒြေ သိက္ခာဖြင့် ကြွသွားကြသည်။ ကျောင်းဝင်း တလင်းပြင်တွင် ကစားနေကြသည့် ကိုရင်ကလေးများသည် ကျောင်းအနီးမှ ဖြတ်သန်းသွားသော ကမ္ဘာကြီးကို ပျင်းရိပျင်းတွဲဖြင့် ငေးကြည့်နေကြသည်။ ဝင်လုဆဲ နေရောင်ကြောင့် အနည်းငယ် နေရောင်ရင့်နေသည့် သင်္ကန်းတို့ကို စည်းထားသည့် သီလရှင်များသည် ရေအိုးကိုယ်စီဖြင့် မြစ်ဆိပ်ဆီသို့ သွားနေကြ သည်။ လောကဟောင်းမှဘာဝသည် လှုပ်ရှားစပြုလျက်ရှိလေသည်။ ကျွန်တော့် ရှေ့တွင် မြင်ရသည့်ရှုခင်းသည် မြန်မာပြည်၏ အလယ်ဗဟိုကျနေသော နေရာမှ ရှုခင်းဖြစ်သည်။

ဝါးချက်ရွာမရောက်မီနှင့် ဝါးချက်ရွာအလွန် လမ်းမတစ်လျှောက်လုံး စေတီပုထိုးတွေ အစီအရီ ရှိနေသည်။ အချို့စေတီများမှာ ခြသေ့်နှစ်ကောင်ရံထားသည့် လှေကားအတိုင်း ဆင်းလာလျှင် ရေဆိပ်သို့ ရောက်သည်။ အချို့စေတီများမှာလည်း တောင်ပေါ်တွင် သရုပ်ဖော်ထားသည့်နှယ် ရှိနေကြသည်။ ယင်းတို့အနက် အသပ္ပါယ်ဆုံးသော ဘုရားမှာ လေးကျွန်းမာန်အောင်ဘုရား ဖြစ်ပြီး စစ်ကိုင်းကူးတို့ဆိပ်နှင့် တစ်မိုင်ခန့်အကွာ ချောင်းကလေးတစ်ခုက သစ်ပင်တန်းများကြားထဲတွင် ရှိသည်။

စေတီတော်ပုံမှာ ကမုန်းဥပုံသဏ္ဍာန်ရှိပြီး ပစ္စယာအဆင့်များအတိုင်း အထက်သို့ တဖြည်းဖြည်း သွယ်သွားသည့် ပုံတော်မျိုး ဖြစ်သည်။ အောက်ခံ အုတ်ခုံမှာ ဆဋ္ဌဂံဖြစ်ပြီး စေတီထဲတွင် ဂေါတမဗုဒ္ဓ၏ပုံတော်ကို ထားရှိသည်။ ရုပ်ပွားတော်ဘေးပတ်လည်တွင် ရှည်လျားသော ဆံပင်တို့ရှိသည့် ကြေးဖြင့်သွန်းလုပ်ထားသော ရုပ်တုများရှိသည်။ တံခါးမုခ်ဦးတွင် တပ်ဆင်ထားသော တံခါးများမှာ ပန်းပုရုပ်ကြွများ အဆန်းဆန်းထုထားသည့် နန်းတော်မှ တံခါးများ ပုံသဏ္ဍာန်ဖြစ်သည်။ စေတီရင်ပြင်တော်ဘေး မဟာရံတံတိုင်းမှာ လှပသေသပ်သည့် တံတိုင်းတစ်ခုဖြစ်ပြီး ဘီလူးရုပ်များကို ရုပ်ကြွ၍ထားသည်။ တံတိုင်း တစ်ခုလုံး၏ ပုံသဏ္ဍာန်ကိုမူ ကြွင်းကျန်ရစ်သည့် တံတိုင်းအခန်း၏ နှစ်ခန်း သုံးခန်းကိုကြည့်၍ ဆုံးဖြတ်ရခြင်း ဖြစ်သည်။ နေရာတော်တော်များများတွင်မူ ဘီလူးရုပ်များကို ထုထားသည့် အင်္ဂတေများမှာ ကွာကျလျက်ရှိပြီး၊ တံတိုင်း မှာလည်း ပြိုပျက်လျက်ရှိလေပြီ။ မြစ်ဘက်သို့ မျက်နှာမူထားသည့် ခြင်္သေ့ကြီး နှစ်ကောင်ကမူ အကောင်းပကတိ ကျန်ပါသေး၏။



ကြာဖူးဘုရား

ထိုရုပ်ကြီးများ၏ အာခံတွင်းနှင့် အစွယ်များမှာ မြင်ရသူတို့ကို ကြောက်အောင် ဖန်တီးထားခြင်းဖြစ်သော်လည်း ယခုမူ ထိုအာခံတွင်းများမှာ ခိုများ၏ အသိုက် ဖြစ်နေလေပြီ။




စစ်ကိုင်းမှ ခြင်္သေ့ကြီးများ




ကျောက်ဆင်းတုတော်

စိတ်ဝင်စားဖွယ်ကောင်းသည့် ထိုဘုရားအနီးတွင်ခပ်သေးသေး စေတီ တစ်ဆူ ရှိသေးသည်။ ထိုစေတီ၏ပုံမှာ တစ်ဝက်ပွင့်နေသောကြာပွင့်ပုံဖြစ်ပြီး၊ ထောင့်လေးထောင့်တွင် မနုသီဟရုပ်များစောင့်ကြပ်လျက်ရှိ၏။ခပ်လှမ်းလှမ်းတောင်စွယ်နိမ့်နိမ့်ကလေးပေါ်တွင်မူ ကောင်းမှုတော်ဘုရားပုံသဏ္ဍာန် စေတီ နှစ်ဆူကို တွေ့ရသည်။ ယင်းတို့အနက် ဒုတိယအဆူမှာ သပ္ပာယ်လှစွာတည် ထား သည့်အတွက် ကောင်းမှုတော်စေတီတော်၏ ပုံသဏ္ဍာန်နှင့် ပတ်သက်၍ ကျေးလက်တွင် ပြောဆိုနေကြသည့် ပုံပြင်သည် မှန်သည်ဟု ယူဆဖွယ် ဖြစ်နေသည်။ အနီးကပ်၍ ကြည့်သည့်အခါတွင် စေတီတော်၏ခပ်ခုံးခုံးပုံသဏ္ဍာန်သည် မုခ်ဦးပုံသဏ္ဍာန်အဖြစ်သို့ ဖြစ်သွားသည်ကို တွေ့ရသည်။ စေတီအထွတ်သည် ပန်းပုလက်ရာ အပြောက်အမွမ်းတို့ဖြင့် ရေးခြယ်ထားသည့် ပစ္စယာအဆင့် သုံးဆင့်အထက်သို့အရောက်တွင် တဖြည်းဖြည်း သွယ်သွားသည်။



မြစ်ဘေးမှ ဘုရား



ပန်းတမော့လက်ရာ



နဂါးရုံဘုရား

ယခင်ကမူ စစ်ကိုင်းက စေတီပုထိုးများကို သေသေချာချာ သတိမပြုမိခဲ့။

သို့ရာတွင် စေတီပုထိုးတည် သည့်စနစ် ဗိသုကာဖြစ်ပေါ် တိုး တက်လာမှု ကို လေ့လာလိုသည်ဆို လျှင်ကား စစ်ကိုင်းမှ စေတီပုထိုး များ၏ ဗိသုကာမှုကို လေ့လာဖို့ လို ပေလိမ့်မည်။ အထူးသဖြင့် ပန်းရန် အတတ်နှင့် ပန်းတမော့ အတတ်တို့ တွင် ပုဂံခေတ်နှင့် ယှဉ်ပြိုင်နိုင်သည်။ ယခု ခေတ်သစ်ပန်းရန်ပညာနှင့် ပန်းတမော့ပညာတို့ထက် များစွာ သာလွန်ကြောင်း တွေ့ရသည်။

မြစ်ဆိပ်မှ ဘုရားသို့ဆက် လာသော လှေကားရင်းများတွင် ကျောက်ဖြူ သား မျက်လုံးများရှိ သည့် ခြင်္သေ့ငယ်များ စောင့်ကြပ် နေကြသည်။ ထိုလှေကား အတိုင်း တက်လာခဲ့၍ အထက်သို့ရောက် လျှင် နံရံဆေးရေးပန်းချီတို့ လှပစွာ ရေးခြယ်ထားသည့် သိမ်များရှိ သည်။ သိမ်များမှာ အချိန်ကာလ၏ ရွေ့လျောင်းမှုဖြင့် အိုမင်းဟောင်းနွမ်း နေကြလေသည်။ သို့ရာတွင် သမိုင်း တန်ဖိုး ဗိသုကာတန်ဖိုးများစွာ ကျန် ရှိနေသေးသည်။ နံရံဆေးရေးပန်းချီ တိုင်းတွင် အုတ်ရိုးနံရံ အဆင့်ဆင့် နှင့် ပြအိုးများရှိပြီး အလယ်တွင်


(မန္တလေးမှာကဲ့သို့ပင်) အမရပူရနှင့် အင်းဝမြို့တော်ခေတ်များ၏ ထုံးစံအတိုင်း စွယ်တော်စင်တစ်ခုလည်း ရှိနေတတ် သည်။ မြို့တော်ဝင်းထဲက သစ်ပင်များတွင် ပန်းတွေပွင့်နေပြီး၊ သရက်ပင်များ ထန်းပင်များကိုလည်း မြင်ရသည်။ နန်းဆောင်အမိုးပေါ်တွင် ကျီးကန်းတွေ နားနေကြပြီး အစောင့်များက သေနတ်များကိုထမ်းကာ မြို့ရိုးပေါ်တွင် လျှောက် နေကြသည်။

မန္တလေးနန်းတော်ထဲမှာကဲ့သို့ပင် နန်းမြို့ထဲသို့ဝင်လာသော မြို့တံခါးများကိုလည်း တွေ့ရသည်။ နောက် နံရံဆေးရေးပန်းချီကားပုံတစ်ပုံမှာ နန်းတော်ကို



ဥမင်သုံးဆယ်

ရန်သူများက ဝိုင်းဝန်းတိုက်ခိုက်နေကြသည့် ပုံဖြစ်သည်။ အလယ်ကောင်တွင် ဘုရင်စိုးစံသည့် နန်းဆောင်အသီးသီးတို့၏ပုံကို ရေးဆွဲထားပြီး နန်းဆောင်တစ်ဆောင်ထဲတွင်မူ ဘုရင်သည် ဝန်ကြီး၊ မှူးကြီးမတ်ကြီးများခြံရံကာ ညီလာခံသဘင် ကျင်းပလျက်ရှိသည်။ ထိုအထက်တွင် ဝင်းထရံများ ကာရံထားသည့် ဝင်းတစ်ခုထဲတွင် ဓားများကိုင်ဆောင်ထားသည့် အစောင့်များ၊ အင်္ကျီရှည်များနှင့် ဦးဖောင်း ပေါင်းထားသည့် ဝန်ကြီးပုံများကို ရေးခြယ်ထားသည်။ စိတ်ဝင်စားဖွယ် အကောင်းဆုံးမှာ ဦးထုပ်မြင့်မြင့်ကြီးကို ဆောင်းကာ ဘောင်းဘီရှည်များကို




စစ်ကိုင်းဆိပ်ကမ်း

ဝတ်လျက် မြင်းစီးသေနတ်များကို ကိုင်ထားကြသည့် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာက အင်္ဂလိပ်လူမျိုးတစ်ဦး၏ ပုံဖြစ်သည်။ ဝင်း၏အပြင်ဘက် အဆင့်ဆင့် တည်ဆောက်ထားသော အနီရောင်မြို့ရိုးကြီးပေါ်တွင် နန်းမြို့ကို ကာကွယ်နေသူများကို တွေ့ရသည်။ ယင်းတို့မှာ မြန်မာစစ်သည်များ ဖြစ်ဟန်တူသည်။ သူတို့အား ထီးနီဆောင်းထားသည့် စစ်ဗိုလ်ချုပ်တစ်ဦးက ကွပ်ကဲလျက်ရှိ၏။ အမြောက်ကြီးများနှင့် မြင်းစီးသေနတ်များ၊ ကာစင်များ၊ သေနတ်ပစ်ပေါက်များမှ နေ၍ အပြင်သို့ လှမ်းပစ်နေကြသည်။ အပြင်ဘက်တွင်မူ ကျူးကျော်သူများအား လိုက်လံတိုက်ခိုက်နေသူများကို တွေ့ရသည်။ အချို့မှာ ဒဏ်ရာဖြင့် သေလုဆဲဆဲ၊ အချို့က ဓားများ၊ သေနတ်များကို ဝှေ့ယမ်းကာ မြင်းဖြင့် ကဆုန်စိုင်းလျက်။ ယင်းတို့အားလုံးသည် ဥရောပတိုက်သားများ ဦးစီးကွပ်ကဲနေသော အခြား တစ်ဖက်ကို ဝင်ရောက်တိုက်ခိုက်နေကြခြင်းဖြစ်သည်။ ပန်းချီကား၏ အထက် ထောင့် တစ်နေရာတွင် အင်္ကျီဝတ်ထားသည့် ဥရောပတိုက်သား မြင်းသည်



သီလရှင်ကျောင်းများ



သီလရှင်ဆရာကလေး

တစ်ဦးက မြင်းကို ကဆုန်စိုင်းလျက်၊ ပန်းပွားတပ်ထားသည့် လှံများ၊ ဆင်က တင်ထားသည့် တိုက်ဆင်များ၊ မျက်စိလည်၍ ရောက်လာသည့် ကျားတစ်ကောင်နှင့် လှေတော်သားများက မြူးတူးကခုန်နေကြသည့် လှေများ၊ စသည်တို့မှာ ပန်းချီကား၏ ကျန်ရှုခင်းများ ဖြစ်ကြသည်။ တောမှီသည့် ရသေ့ရဟန်းများသာ ရံဖန်ရံခါ လာရောက်လေ့ရှိသော တောမြိုင်ချောင်က သိမ်ထဲတွင် လွှန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်က ဦးထုပ်နီနီနှင့် ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည့်



မင်းကွန်းခေါင်းလောင်း

ဥရောပစစ်သည် (ကြည့်ရသည်မှာ အင်္ဂလိပ်နှင့်တူသည်။) ပန်းချီကားကို တွေ့လိုက်ရသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

တောင်ပေါ်က ဘုရားများ၊ သိမ်များသို့ တက်ကြည့်လျှင် အလားတူ နံရံဆေးရေးပန်းချီများကို တွေ့ရပေလိမ့်မည်။ အင်္ဂတေတို့မှာ ကြွေကျနေသည့် တိုင် ဆေးရောင်များမှာ ယခုတိုင် စိုပြည်တောက်ပလျက်ရှိကာ လက်ရှိ မြန်မာ ပန်းချီဆရာတို့အသုံးပြုသည့် ပန်းချီဆေးများထက် အများကြီးသာသည်ကို တွေ့ရ




နေရာဟောင်းက မင်းကွန်းခေါင်းလောင်းကြီး

သည်။ တံခါးပေါက်များအနီးက နံရံများပေါ်တွင် တရုတ်လူမျိုး၊ ရှမ်းလူမျိုး၊ ချင်းလူမျိုး စသည့်ပုံများကို ရေးထားသည်။

စစ်ကိုင်းတောင်ရိုး တောင်ထိပ်တစ်ခုပေါ်မှ တက်၍ကြည့်လျှင် တောမှီ ရသေ့ရဟန်းတို့ပျော်မွေ့ရာ စေတီပုထိုးဟောင်းများ၊ ဘုန်းကြီးကျောင်းများကို မြင်ရသည်။ စင်စစ် စစ်ကိုင်းချောင်သည် တရားအားထုတ်ရာ နေရာပေ။

ငြွးၼွၵ်းပၢးထၢပ်ၼ္ ၵ်းႁႂ်ယဝ



ရပ်ဝေးရပ်နီးမှ ဉပသကာအပေါင်းတို့သည် တောင်စောင်းမှ မည်းမှောင်သော လိုဏ်ဂူများကို ကြည့်ရန်၊ သူတော်စင်များထံမှ တရားရေအေးကို နာယူရန်၊ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ရန် လာရောက်သည့်နေရာပေ။ ပုဂံခေတ်တုန်းက တောမီရဟန်း၏ ဘဝကျင့်စဉ်တို့ကို ဤနေရာတွင်လည်း ထပ်မံတွေ့ရပြန်သဖြင့် ဗုဒ္ဓဘာသာကို လေ့လာသည့် သောတုဇနပုဂ္ဂိုလ်တို့အတွက် စိတ်ဝင်စားဖွယ် အပြည့် ဖြစ်နေသည်။

အချုပ်ဆိုရလျှင် ဤနေရာသည် အမရပူရ၊ အင်းဝနှင့် မန္တလေးမှ စုလစ်မွမ်းချွန် အဆောင်ဆောင်တို့ တည်ရှိရာ အရှေ့ဘက်ကမ်းအထိ တစ်ဝန်းတစ်လျားကြီး တည်ရှိနေပေသည်။

ထိုရှုခင်းသည် ထူးခြားဆန်းကြယ်သော ခမ်းနားတင့်တယ်မှုနှင့် အလှကို ဆောင်လျက်ရှိသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်း စစ်ကိုင်းအထက်နားတွင်ရှိသည့် မင်းကွန်းသည် မပြီးသေးသော ပုထိုးတော်ကြီးနှင့် ခေါင်းလောင်းကြီးကြောင့် နာမည်ကြီးသည်။

မြစ်ကမ်းပါးရှိ ညို့မှိုင်းသော သစ်ပင်ကြီးများအောက် သီလရှင်ကျောင်းကြီးတစ်ကျောင်းလည်း ရှိသည်။ သီလရှင်များသည် အုတ်လှေကားလေးအတိုင်း ဆင်းလာကာ မြစ်ဆိပ်တွင် ရေချိုးတတ်ကြသည်။ ဆံတိုနှင့် သာသနာ့ဝန်ဆောင်တို့၏ဝတ်ရုံသည် အမိမြေ၏ သမီးပျိုများ၏ ချွဲလမ်းနှစ်သက်ဖွယ်တို့ကို ဖုံးကွယ်မထားနိုင်ကြပါ။ သီလရှင်များသည် လူဝတ်ကြောင်အမျိုးသမီးများ ရေချိုးသကဲ့သို့ပင် ပီရိသေသပ်စွာ ရေချိုးကြသည်။ ပျူရီတန်စိတ်ဓာတ်သည် သူတို့သွေးထဲတွင် မရှိပါ။ သူတို့အား ငေးမောကြည့်ရှုခြင်း၊ သူတို့နှင့် စကားပြောခြင်းတို့ကိုလည်း မငြင်းဆန်ပါ။ ပြုံးရန်လည်း အဆင်သင့်ရှိကြပါသည်။ ချုပ်၍ပြောရလျှင် သူတို့ဘဝသည် လောကီကိစ္စများနှင့် ကင်းဝေးသည့်တိုင် သူတို့၏ ဝိနည်းများမှာ များစွာ တင်းကျပ်လှခြင်း မရှိပါ။

ကျွန်းသားပန်ပုတို့ဖြင့် ထုထားသည့် အမိုးသစ်ကြီးအောက်တွင်ရှိသည့် မင်းကွန်းခေါင်းလောင်းကြီးမှာ သီလရှင်ကျောင်းတိုက် အနောက်ဘက်တွင် ရှိသည်။ သစ်သားလက်ရိုက်ဖြင့် ထိုးလိုက်သည့်အခါတွင် ခေါင်းလောင်းသံသည် တလွင်လွင်မြည်၍ ဟိန်းနေတော့သည်။ သစ်ပင်တွေကြားထဲမှ ပေါ်ထွက်လာ

သော ခေါင်းလောင်းသံကို ကြားသည်နှင့် ရပ်ကာ အသံကို စူးစမ်းမိတတ်သည်။ အသံမှာ တစ်သံတည်းမဟုတ်ဘဲ ပဲ့တင်ထေ့ဝဲကျန်ရစ်ခဲ့သော အသံမျိုးဖြစ်ပြီး၊ အသံလှိုင်းများသည် လေထဲတွင် မျောပါနေသည်ဟုပင် ထင်ရတော့သည်။ မှန်ပါသည်။ ခေါင်းလောင်းသံသည် ကြီးကျယ်ခမ်းနားသည့် အသံဖြစ်ပါသည်။ ထိုအသံကို ခေါင်းလောင်း၏ တိုးညင်းသည့် တီးတိုးသံများထဲတွင်သာ ကြားနိုင်ပါသည်။ ခေါင်းလောင်း၏ ဂီတသံကို အပြည့်ကြားနိုင်ရန်အတွက် အဝကို ကောင်းစွာတိုင်းထွာ၍ သွန်းလောင်းရပါသည်။ မင်းကွန်းခေါင်းလောင်းကြီးသည်




မင်းကွန်းက ဘုရား

တန်ကိုးဆယ်လေးပြီး ကမ္ဘာ့ရှိ အသံမြည်သော ခေါင်းလောင်းထဲတွင် အကြီးဆုံး ဖြစ်ပါသည်။ အနီးတွင်ရှိသည့် ဝတ်ကျောင်းကြီးနှင့်လည်း လိုက်လျောပါသည်။

မင်းကွန်းပုထိုးတော်ကြီးပြီးလျှင် မည်မျှပြီးသည်ကို မြစ်ကမ်းအနီးရှိ သရက်ပင်အောက်တွင် ပုံတူစေတီငယ်ကလေးကို ကြည့်လျှင် သိနိုင်ပါသည်။ မင်းကွန်းစေတီတော်ကြီးကို တည်ခဲ့သည့် ဘိုးတော်ဘုရားသည် ၁၈၁၉–ခုနှစ်တွင် နတ်ရွာစံခဲ့ရာ ထိုအချိန်တွင် စေတီတော်ကြီးမှာ သုံးပုံတစ်ပုံသာ ပြီးသေးသည်။

ထိုစေတီတော်ကြီးကိုတည်ရာတွင် လုပ်ခမပေးရသောအလုပ်သမား ထောင်ပေါင်းများစွာကို အသုံးပြုခဲ့ပြီး ဘုရင်ကိုယ်တိုင် နှစ်ပေါင်းနှစ်ဆယ်မျှ ကြီးကြပ်ခဲ့သည်။ နတ်ရွာစံချိန်အထိ ဘိုးတော်ဘုရားသည် ထိုစေတီအနီးတစ်ဝိုက်တွင်ရှိသည့် ယာယီစံနန်းသို့ မကြာခဏ ပြောင်းရွှေ့စံနေတတ်သည်။ ထို့ကြောင့်ပင်လျှင် ထိုနေရာကို မင်းကွန်းဟု ခေါ်ခဲ့ခြင်းဖြစ်သည်။ ၁၇၉၇ ခု ဧရာဝတီမြစ်လယ်မှ ကျွန်းတစ်ကျွန်းပေါ်တွင် ယာယီစံနေစဉ် ဘိုးတော်ဘုရားထံသို့ အင်္ဂလိပ်သံကိုယ်စားလှယ် ဗိုလ်ကြီးဟီရန်ကောက်စ် ရောက်လာခဲ့သည်။ ကောက်စ်မှာ နှစ်ပေါင်းတစ်ရာကျော်ကြာခဲ့သော အင်္ဂလိပ်မြန်မာ ဆက်ဆံရေးတွင် အနိမ့်ခံခဲ့ရသော အင်္ဂလိပ်သံတမန်များအနက် တစ်ဦးဖြစ်ပါသည်။ သံအမတ် ကောက်စ်သည် ဘိုးတော်ဘုရားကို ဖူးမြော်ခစားရန်အတွက် နေပူထဲတွင် ဖိနပ်ချွတ်၍ လာခဲ့ရသည်။ ယာယီတဲနန်းထဲသို့အဝင် ဦးထုပ်ကိုလည်း ချွတ်ရသည်။ ယင်းနှင့်ပက်သက်၍ ဘိုးတော်ဘုရားက သူ့အားလက်ခံတွေ့ဆုံပုံကို အောက်ပါအတိုင်း ရေးခဲ့သည်။

"ကျွန်ုပ်ရောက်၍ ခြေဆန့်ကာ လက်ထောက်ပြီး ထိုင်နေစဉ် မိနစ်နှစ်ဆယ်အကြာ၌ ဘုရင်မင်းမြတ် ဝင်ရောက်လာကာ ပလ္လင်ထက်တွင် နေရာယူသည်။ ဘုရင်မင်းမြတ်မှာ ရွှေနားသတ်ဖျင်အင်္ကျီဖြူကို ဝတ်ထားသည်။ ခေါင်းပေါ်တွင် ဆယ့်ငါးလက်မခန့်မြင့်သည့် ဂိုဏ်းချုပ်၏ ဦးပေါင်းထုပ်နှင့်ဆင်တူသော သရဖူတစ်ခုကို ဆောင်းထားသည်။ ဝေးလွန်းသဖြင့် ထိုသရဖူတွင် မည်သည့် ရတနာတို့ စီခြယ်ထားသည်ကိုမူ ကောင်းစွာသဲကွဲခြင်း မရှိလှပါ။ လက်ထဲတွင် ဒေါင်းတောင်တို့ဖြင့်လုပ်ထားသော ယပ်တောင်တစ်ချောင်း ကိုင်ထားပြီး ခြင်များ၊ ယင်များကို ထိုယပ်တောင်ဖြင့် မောင်းထုတ်လျက်ရှိ၏။ ပလ္လင်ပေါ်တွင် သူနှင့်အတူ မည်သူမျှမရှိချေ။ ဘိုးတော်ဘုရားသည် ရုပ်မှုကြီးဟန်ရှိပြီး မျက်နှာထားမှာ ပွင့်လင်းသော သဘောကိုဆောင်၏။ အသားမှာ သာမန်မြန်မာတို့လောက် မညိုဘဲ ဖြူသည်ဟု ခေါ်နိုင်သည်။ နှုတ်ခမ်းပေါ်တွင် နှုတ်ခမ်းမွှေးရေးရေး ပေါက်လျက်ရှိကာ တရုတ်ပြည်တောင်ပိုင်းမှ တရုတ်တစ်ယောက်နှင့် ခပ်ဆင်ဆင်တူနေသည်။ ကျွန်ုပ်အား အနည်းငယ် မေးပြီးနောက် ကျေနပ်သွားဟန်ဖြင့် ကျွန်ုပ်သည် အမြော်အမြင်ရှိပြီး၊ ယဉ်ကျေးသည့် လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခြင်းပြုသည်။ ကျွန်ုပ်က လက်ကို ကျွန်ုပ်ရင်ဘတ်



မင်းကွန်းကျောင်းတော်ကြီး

ပေါ်တွင်တင်ကာ ဦးညွှတ်ပြသည်။ ဘိုးတော်ဘုရားက "ဩော်– မောင်မင်းတို့ ဥရောပတိုက်မှာ ကိုယ့်အရှင်ကို အရိုအသေပေးရင် ဒီလိုပဲ ပေးရသလား။ ရင်ဘတ်ပေါ်မှာ လက်တင်ရတယ်ဆိုတော့ ရိုသေကိုင်းရှိုင်းမှုဟာ နှလုံးသားက စီးဆင်းလာရတယ်ဆိုတဲ့ သဘောပေါ့"ဟု ပြောပါသည်။ မြို့ဝန်က ဟုတ်မှန်ကြောင်း ဖြေသည်။ ဆာဘိုဝန်က သုံးကြိမ်ဦးချပြီးနောက် ပေစာရွက်တစ်ရွက်ကို ကိုင်ကာ လက်ဆောင်ပစ္စည်းစာရင်းကို ဖတ်ပြနေပါသည်။ ဘိုးတော်ဘုရားသည် မိနစ်နှစ်ဆယ်မျှ လက်ခံတွေ့ဆုံပြီးနောက် "ရာသီအလွန်ပူတယ်၊ ငါ နားမယ်၊ ဧည့်သည်ကိုလည်း ဂရုစိုက်ကြ"ဟု ပြောပါသည်။

မိမိအား လက်အောက်ခံလူမျိုးတစ်ဦးသဖွယ် ဆက်ဆံသော မြန်မာ ထီးနန်းကို အာခံဆန့်ကျင်ပြီးနောက် ဗိုလ်ကြီးဟီရန်ကောက်စ်သည် နာမည်ပျက်လျက် အိန္ဒိယသို့ ပြန်လာခဲ့ရသည်။ နောင် ငါးနှစ်ကြာသည့်အခါတွင်မှ သူ၏ တကယ့်အခြေအနေမှန်ကို သိလာခဲ့ရသည်။ ထိုစဉ်က ဗိုလ်ကြီးဆိုင်းသည် မြန်မာပြည်သို့ ဒုတိယအကြိမ် ရောက်လာခဲ့စဉ် နန်းတော်ကြီးမှမသိဘဲ မင်းကွန်း အနီးရှိ လူသေများမီးရှို့ရာ၊ ရာဇဝတ်ကောင်များကို သုတ်သင်နေရာ ကျွန်းထဲတွင် ရက်ပေါင်းလေးဆယ်မျှ အချုပ်အနှောင်ခံခဲ့ရသေးသည်။

မပြီးသေးသည့်တိုင် ကမ္ဘာတွင်အကြီးဆုံးသော အုတ်အဆောက်အအုံကြီးကို ဆောက်လုပ်ခဲ့သည့် ဘိုးတော်ဘုရားသည် မျှော်မှန်းချက် လွန်စွာကြီးသူဖြစ်သည်။ သို့ရာတွင် သူ၏ မျှော်မှန်းချက်များသည် တစ်ခုမျှ အကောင်အထည် မပေါ်ခဲ့ပါ။ သူ၏ ဘဝလမ်းကြောင်းနှင့် ပတ်သက်၍ အမရပူရမြို့အကြောင်း ဆောင်းပါးထဲတွင် အကျယ်ဖော်ပြခဲ့ပြီးပါပြီ။ သို့ရာတွင် နပိုလီယံဆန်သော ဘိုးတော်ဘုရား မျှော်မှန်းသည့် မျှော်မှန်းချက်များမှာ လောကီရည်မှန်းချက်သက်သက်မျှသာ မကပါ။ ဘာသာတရားကိုင်းရှိုင်းသည့် ခရစ်ယာန်ဘုန်းကြီးဆာဂျာမန်နိုက "ဘိုးတော်ဘုရားဟာ ဘုရားအဖြစ်ကို ရအောင်ကြိုးပမ်းမယ်လို့ ကြံစည်စိတ်ကူးထားသူဖြစ်သည်။ သူလည်း ဂေါတမအလောင်းအလျာလို ဘုရားမဖြစ်မီမှာ နတ်ဒေဝါအဖြစ်ကိုရအောင် အားထုတ်မယ်ဆိုပြီး နန်းတော်ကြီးနှင့် တကွ မိဖုရားတွေ၊ မောင်းမမိဿံတွေကို စွန့်ပစ်ခဲ့တာပဲ။ ဘိုးတော်ဘုရားဟာ နန်းတော်ကြီးမှ ထွက်လာပြီး မင်းကွန်းကို လာစံနေတယ်။ အဲဒီမှာ နှစ်ပေါင်း များစွာ နေပြီး သူ့နိုင်ငံမှာ အကြီးဆုံးဘုရားကြီးကို သူကိုယ်တိုင် ကြီးကြပ် တည်တယ်။"



အပျက်အစီးများကြားမှ ရုပ်တု

ဘိုးတော်ဘုရားသည် ထို ယာယီနန်းမှာပင် ပုဏ္ဏားပညာရှိများနှင့် တိုင်ပင်ဆွေးနွေးသည်။ ဘုရားရှင် သာသနာငါးထောင်ကျော်သည့်အခါတွင် သူသည်နောက်ပွင့်မည် ဘုရားလောင်းလျာဖြစ်သည်ဟု မိန့်သည်။ သို့ရာတွင် ပညာရှိတို့က ယင်းနှင့်ဆန့်ကျင်ဘက် အဟောထွက်သဖြင့် ဘိုးတော်ဘုရား စိတ်အပျက်ကြီး ပျက်ရသည်။ သို့ဖြင့် အာဏာကိုမက်မောသော ဘိုးတော်ဘုရားသည်နန်းဆောင်မှ စည်းစိမ်ဥစ္စာတို့နှင့် ကြာရှည်စွာ ခွဲမနေနိုင်သည့်အလျောက်ဘုရားအလောင်းအလျာဖြစ်သည်ဆိုသည့် အစွဲသည် မေးမှိန်ပျောက်ကွယ်သွားကာရွှေနန်းတော်သို့ ပြန်ကြွခဲ့သည်။

ဘိုးတော်ဘုရားအား အလောင်းအလျာအဖြစ် ပြည်သူလူထုက ယုံကြည်ရန်ခက်ခဲသည့်အကြောင်းကို မှတ်တမ်းဆရာ ပါဒရေ၏မှတ်တမ်းကို ဖတ်ကြည့်

လျှင် သိနိုင်သည်။ "ဘိုးတော်ဘုရားသည် ရက်စက်ကြမ်းကြုတ်သည့်အရာတွင် သူ့ဘေးတော်၊ ဘိုးတော်များထက် သာသည်။ ကြားရသူတို့အဖို့ ကြက်သီးထဖွယ်ကောင်းသည်။ သူ၏မျက်နှာထားသည် ရက်စက်ကြမ်းကြုတ်၍ လူမဆန်သော စိတ်ထားရှိခြင်းကို အထင်အရှား ဖော်ပြလျက်ရှိသည်။ သေးဖွဲသည့် ပြစ်မှုကလေးများကြောင့် သူ၏ ရည်မှန်းချက်အတွက် အသက်စွန့်လွှတ်ခဲ့ရသူပေါင်းမှာလည်း များလှလေပြီ။ သူ့လက်ထက်တွင် ရန်သူ၏ဓားဖြင့် သေရသည်ထက် ပါးကွက်အာဏာသား၏ လက်ချက်ဖြင့် သေရသည့် သားကောင်တို့က များသည်ဟုဆိုလျှင်" အကျယ်ချဲ့၍ ပြောရာရောက်မည်မဟုတ်ပါဟု သူက ရေးခဲ့သည်။

၁၈၃၉ ခုနှစ်တွင် ငလျင်ကြီးလှုပ်သဖြင့် ဘိုးတော်ဘုရား၏ အပြီးမသတ်သော ပုထိုးတော်ကြီးသည် နှစ်ခြမ်းကွဲအက်သွားခဲ့သည်။ နောင်တွင် ခြေကျင်တက်၍ ကြည့်သူများကြောင့် ထိုအကွဲထဲတွင် လမ်းကြောင်းစ ထင်လျက်ရှိလေပြီ။ ထိုလမ်းကြောင်းအတိုင်း ထိပ်သို့ တက်ကြည့်နိုင်သည်။ ရာသီဥတုသာယာသည့် နေ့များတွင် ဧရာဝတီမြစ်ကြီးနှင့် စဉ်ဆက်မပြတ် လှုပ်ရှားနေသော မြစ်ကြီး၏ဘဝကို မြင်ရသည်။ အဝေးတွင်ရှိသည့် ပြာမှိုင်းသော ရှမ်းရိုးမတောင်တန်းများကိုလည်း မြင်ရသည်။ ထို့နောက်တွင်မူ သစ်ဝါးတို့ ကင်းမဲ့သည့် စစ်ကိုင်းတောင်ရိုး အဆင့်ဆင့်တို့ကို မြင်ရ၏။ ပြိုပျက်စီးနေပြီဖြစ်သည့် ခြင်္သေ့ကြီးနှစ်ကောင် (တစ်ကောင်မှာ ဆယ့်ငါးပေ မြင့်သည်။) သည် စစ်ကိုင်းတောင်ရိုးနှင့် မြစ်ကြားတွင် မားမားကြီးရပ်လျက်ရှိကြသည်။ မြေငလျင်ကြီးသည် ထိုခြင်္သေ့ရုပ်ကြီးနှစ်ရုပ်ကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။ ထိုအရုပ်ကြီးများသည် ကြီးကျယ်သော်လည်း အပြီးမသတ်ခဲ့သည့် ထိုဝန်းကျင်နှင့် လိုက်လျောပါပေ၏။

မြန်မာမှတ်တမ်းများအရ ဘုရားထဲတွင်မူ ရွှေဆင်းတု၊ ရွှေရုပ် ၁၅၀၀၊ ငွေစင်းတု ငွေရုပ် ၂၅၃၄ နှင့် အခြားသောပစ္စည်းများဖြင့် လုပ်ထားသည့် ဆင်းတုရုပ် ၃၆၉၄၇ ရုပ်တု ရှိသည်ဟု သိရသည်။ သို့ရာတွင် ခရီးသည်၏ လောဘကို နှိုးဆွလိုလျှင်မူ ထိုပစ္စည်းများကို ဌာပနာခဲ့စဉ်က အနီးတွင် ကိုယ်တိုင်ရှိခဲ့သည့် ဗိုလ်ကြီး ဟီရန်ကောက်စ်၏မှတ်တမ်းကို ပေး၍ ဖတ်ပါလေ။ ။

မြသန်းတင့်

စုဖုရားလတ်မှာ ရှုခွင်မတတ် မနာလိုဝန်တိုအား ကြီးကြောင်းဖြင့် ပြောကြသည်။ တိုကားသည် ဖြစ်နိုင်ဖွယ်ရှိသည်။ သီပေါမင်းနှင့် စုလျားရစ်ပတ်စဉ်က စုဖုရားလတ်သည် တောက်ပ နက်မှောင်သောမျက်လုံးများဖြင့် လှပ နွေးမောသော မိန်းမပျိုတစ်ယောက်ဖြစ်သည်။ သူ့တွင် အခြားချို့ယွင်းချက်များ ရှိသည့်တိုင် သူ့အပျိုတော်များနှင့်သူ့ သနားကြင်နာလိုသူ အားလုံး ခွဲမက်စေသည့် ညှို့ဓာတ်ရှိသည်။ စိတ်ဓာတ်မှာပြင်းထန်ပြီး အမျက်တောင်းမာန် ကြီးလွန်းသည်။ စုဖုရားလတ်သည် ချစ်တတ်သော မိန်းမတစ်ယောက် ဖြစ်သည်ဆိုသည့် အချက်ကို သံသယဖြစ်သူမှာ တစ်ယောက်မျှရှိမည်မထင်။ စုဖုရားလတ်သည် ဣန္ဒြေသိက္ခာကြီးစွာဖြင့် နေထိုင်တတ်သည်။ သူ့နှင့်သိကျွမ်းသူများ၏ အဆိုအရ အနီးတွင် စုဖုရားလတ် [illegible] သည် [illegible] မြို့မှာ အမျိုးသမီး တက်ကြွ [illegible] မတွေ့ [illegible] ထူးခြားသည်ဟု ဆိုသည်။





သမိုင်းထဲက

# MANDALAY

## AND OTHER CITIES OF THE PAST IN BURMA[MYANMAR]